www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

ချင်းချင်းယွင်၏ ဝမ်းယန်ကျန့်

## အာမုန်း၏နိဂုံး

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၂၅၄၀၇၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၂၆၄၀၇၁၁

၂၀၁၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် ၃၆၀၊ ဗိုလ်အောင်ကျော်လမ်း။
ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း။ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း။
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောအိပ်မက်ကြီး

နေဝန်းနီမှာ အနောက်ဘက်သို့ တိမ်းစောင်းစပြုနေပြီ ဖြစ်သည်။ ညနေခင်းလေပြည်သည် သုန်သုန်ညင်းညင်း တိုက်ခတ်နေသည်။

မွှေးကြိုင်သင်းပျံ့သော တောပန်းရနံ့များ လွင့်ပျံ့လာသလို အဝေးမှ ကျေးငှက်ကလေးများ၏ တေးဆိုသံလည်း ထွက်ပေါ်နေ၏။ သာယာလှပသော ညနေခင်းဖြစ်ပါသည်။ ထိုအချိန်တွင်

'ခွပ် ... ခွပ် ... ခွပ် ... ခွပ်'

'ကျီကျလီ ... ကျီကျလီ'

မြင်းခွာသံများ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာလေသည်။ မြင်းစီးသမားတစ်စုသည် မြင်းလှည်းတစ်စီးကို ခြံရံကာ တောလမ်းအတိုင်း ခရီးနှင်လာလေသည်။

ထိုမြင်းစီးသမားများသည် ငွေရောင်အဝတ်အစားများ ကိုယ်စီဝတ်ဆင်ထားကြလေသည်။ ဓား၊ လှံ၊ လက်နက် ကိုယ်စီ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထားကြသည်။

သူတို့၏အသွင်သည် ရဲရုံပြီး သတ္တိဗျတ္တိရှိကြောင်း အတိုင်းသား ပေါ်လွင်နေသည်။ အခက်အခဲ အန္တရာယ်ဟူသမျှကို ရင်ဆိုင်ကျော်ဖြတ်သွားမည့် ခွဲသတ္တိရှိသူများ ဖြစ်လေသည်။

ထို့ကြောင့်လည်း သူတို့လူစု တာဝန်ထမ်းဆောင်သော 'ငွေကြွယ်' အာမခံဌာနသည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေရသည် မဟုတ်ပါလား။

ကျင်းစုဦးဆောင်သော ငွေကြွယ်အာမခံဌာနအဖွဲ့သားများသည် အဖိုးတန် အာမခံပစ္စည်းများကို သယ်ဆောင်ကာ ရွက်ယင်ဒေသမှ တောအုပ်တစ်ခုအား ဖြတ်သန်းခရီးနှင်နေကြခြင်း ဖြစ်ပေတော့သည်။

✲

'ခွပ် ... ခွပ် ... ခွပ်'

မြင်းခွာသံ မှန်မှန်ထွက်ပေါ်နေသည်။ ကျင်းစုသည် အာမခံပစ္စည်းသယ်ဆောင်လာသော မြင်းလှည်းပေါ်တွင် မြင်းလှည်းမောင်း



သူနှင့်အတူ ယှဉ်တွဲကာ ထိုင်ရင်း လိုက်ပါလာလေသည်။

ကျင်းစုသည် အသက်လေးဆယ်ကျော်ခဲ့ပြီ ဖြစ်သည်။ ဥပဓိရုပ် တည်ကြည်ခန့်ညားပြီး လူချစ်လူခင်ပေါများသူ ဖြစ်သည်။ ငွေကြွယ် အာမခံဌာနအား တည်ထောင်ခဲ့သူမှာ ကျင်းစု မဟုတ်ဘဲ သူ၏အစ်ကို ကျင်းထုံဖြစ်သည်။

ကျင်းယုသည် ငွေကြွယ်အာမခံဌာနကို ထူထောင်ချိန်၌ ကျင်းစုသည် သိုင်းလောကတစ်နံတစ်လျားသို့ လှည့်လည်သွားလာကာ ကျင်လည်ကျက်စားနေခဲ့ပေသည်။

အစ်ကိုဖြစ်သူကျင်းထုံသည် တစ်နေ့တွင် အာမခံပစ္စည်း ပို့ဆောင်ရေး လမ်းစားပြများနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားပြီး လုပ်ကြံခံလိုက်ရလေသည်။

အာမခံပစ္စည်းများလည်း ဆုံးရှုံးသွားခဲ့သည်။ ကျင်းစုသည် အစ်ကိုဖြစ်သူ၏ သတင်းဆိုးကိုကြားလျှင် ငွေကြွယ်အာမခံဌာနသို့ ချက်ချင်း ရောက်လာခဲ့လေသည်။

လုယက်တိုက်ခိုက်ခဲ့သော ဓားပြများကို လိုက်လံရှာဖွေကာ ချေမှုန်းသုတ်သင်ပစ်လိုက်သည်။ ဆုံးရှုံးသွားသော အာမခံပစ္စည်းများကို ပြန်လည်ရယူပေးနိုင်ခဲ့သည်။

ကျင်းထုံသေဆုံးသွားသော်လည်း ငွေကြွယ်အာမခံဌာန

www.burmeseclassic.com

www.burmeseclassic.com



သည် လျှမ်းလျှမ်းတောက် ကျော်ကြားသွားခဲ့လေသည်။ ကျင်းစုသည် သိုင်းလောကသို့ ပြန်မသွားတော့ဘဲ အဖွဲ့ကို မှီခိုနေကြသော အဖွဲ့သားများ၏ စားဝတ်နေရေးကို တာဝန်ယူကာ အာမခံလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့လေသည်။

ကျင်းစု၏လက်ထက်တွင် ငွေကြယ်အာမခံဌာနသည် ပို၍ အင်အားတောင့်တင်းခိုင်မာလာသည်၊ ထင်ရှားကျော်ကြားလာလေသည်။

ယခု ကျင်းစုသည် ရတနာကုန်သည်ကြီးတစ်ဦး၏ အဖိုးတန်ကျောက်မျက်ရတနာများကို တောင်ပိုင်းသို့ ပို့ဆောင်ပေးရန် တာဝန်ယူခဲ့လေသည်။

အဖိုးတန်ရတနာပစ္စည်းများကို လူဆိုးဓားပြများ မျက်စိကျမည်မှာ သေချာပေသည်။ အခွင့်သာလျှင် သာသလို လုယက်တိုက်ခိုက်ဖို့ ကြိုးစားကြမည်သာ ဖြစ်လေသည်။

ထို့ကြောင့် ကျင်းစုသည် သူ၏လက်ရုံးများဖြစ်သော ချောင်ဟိုးနှင့် ရှမ်းကုံးတို့အပြင် ငွေကြယ်အာမခံဌာနမှ အတော်ဆုံး လက်ရွေးစင် သိုင်းသမားများကို ခေါ်ဆောင်ကာ အင်အားအလုံးအရင်းဖြင့် ခရီးထွက်လာခြင်း ဖြစ်လေသည်။

လမ်းခရီးတစ်လျှောက်လုံး နှောင့်ယှက်လုယက်မည့်သူမတွေ့ရဘဲ ချောချောမောမောပင် ခရီးနှင်လာနိုင်ခဲ့သည်။ သို့သော် ငှက်မျော်ချောင်းသို့ ရောက်သောအခါ မမျှော်လင့်သော ပြဿနာတစ်ရပ်နှင့် တွေ့ကြုံလိုက်ရလေသည်။



✻

ငွေကြယ်အဖွဲ့သားများသည် တောလမ်းခရီးမှ သွက်သွက်ခရီးနှင်နေကြလေသည်။ ရှေ့ဆုံးတွင် အလံကိုင်အဖွဲ့သားတစ်ယောက်က ဦးဆောင်ထား၏။

သူတို့နှင့်ကပ်လျက် ကျင်းစု၏ညာလက်ရုံး ရှမ်းကုံးက လိုက်ပါလာ၏။ ရှမ်းကုံးသည် အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်သလို သိုင်းသမားတစ်ယောက်လည်း ဖြစ်သည်။

ပတ်ဝန်းကျင်အခြေအနေနှင့် ရန်သူ့အခြေအနေကို ကြိုတင်အကဲခတ်သိရှိနိုင်ရန် ရှေ့မှသွားခြင်း ဖြစ်လေသည်။

ရှမ်းကုံး၏ အနောက်ဘက်တွင် လက်ရွေးစင်သိုင်းသမားဆယ်ယောက်က နှစ်ယောက်တစ်တွဲ မြင်းကို ယှဉ်တွဲစီးနှင်လိုက်ပါလာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလက်ရွေးစင်သိုင်းသမားဆယ်ယောက်၏ အနောက်ဘက်တွင် အာမခံပစ္စည်းတင်ထားပြီး ကျင်းစုကိုယ်တိုင် လိုက်ပါလာသည့် မြင်းလှည်းဖြစ်လေသည်။

ထိုမြင်းလှည်း၏အနောက်ဘက်တွင် လက်ရွေးစင် သိုင်းသမားဆယ်ယောက် ခြံရံလိုက်ပါလာပြီး ကျင်းစု၏ ဘယ်လက်ရုံး ချောင်ဟိုးက နောက်ဆုံးမှ လိုက်ပါလာလေသည်။

ရန်သူများ နောက်ယောင်ခံလိုက်လာခြင်း ရှိမရှိ၊ တိတ်တဆိတ် ချောင်မြောင်းနေခြင်း ရှိမရှိ၊ မျက်ခြည်မပြတ် အကဲခတ်ရန် ချောင်ဟိုးက တာဝန်ယူရလေသည်။

ကျင်းစုသည် တောင်ပိုင်းသို့ ခရီးမထွက်မီကပင် လမ်းပန်းခရီးဆက်သွယ်ရေး၊ သူတို့ဖြတ်သန်းသွားမည့် အရပ်ဒေသများမှ လူယက်တိုက်ခိုက်တတ်သူများ၊ အနက်ရောင် သိုင်းသမားများ၊ နာမည်ပျက်ရှိသူများ၊ သူတို့စခန်းချရပ်နားရမည့်နေရာများနှင့် အကူအညီပေးနိုင်မည့်သူများ၊ မိတ်ဆွေများ စသည် စသည့် အခြေအနေအရပ်ရပ်ကို သေသေချာချာ လေ့လာသုံးသပ်ထားခဲ့လေသည်။

ယခုလည်း တောအုပ်ကို ဖြတ်ကျော်ပြီးလျှင် ရှေ့တွင် ချောင်းတစ်ခု ရှိနေမည်ဖြစ်ပြီး ထိုချောင်းကို ဖြတ်သန်းကာ ထမင်းတစ်အိုးချက်ခန့် ဆက်လက်ခရီးနှင်လိုက်လျှင် လုံကွီးမြို့သို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း သိထားလေသည်။



လုံကွီးမြို့တွင် သူတို့ တစ်ညတာ ခရီးတစ်ထောက်ရပ်နားဖို့လည်း ကြိုတင်စီစဉ်ထားပြီး ဖြစ်လေသည်။ ကျင်းစုသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီးလျှင် ...

"တို့ မြန်မြန်ခရီးထွက်ကြမယ်ဟေ့"

ဟု အော်ပြောလိုက်လေသည်။ သူ၏အသံ ကျယ်လောင်စွာ ထွက်လာလေသည်။ ထို့နောက်တွင် အော်ငေါက်သံများကို ဟိုမှသည်မှ ထွက်ပေါ်လာပြီး မြင်းများကို အရှိန်မြှင့်ကာ ခရီးနှင်လိုက်ကြလေသည်။

'ခွပ် ... ခွပ် ... ခွပ်'

'ဟီး ... ဟီး ... ဟီး'

မြင်းခွာသံ၊ မြင်းဟီသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ကျင်းစု ဦးဆောင်သော ငွေကြေးအာမခံအဖွဲ့သားများ ခရီးပြင်နှင်သွားကြရာ မကြာပါချေ။ အဟုန်ပြင်းစွာ စီးဆင်းနေသော ချောင်းတစ်ခုအနီးသို့ ရောက်ရှိသွားလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ချောင်းရေသည် တဝေါဝေါ မြည်ဟည်းကာ အရှိန်ပြင်းစွာ စီးဆင်းနေလေသည်။ ကြီးမားသော ချောင်းတစ်ခုဖြစ်ပြီး ကိုက်သုံးရာခန့် အကျယ်ရှိလေသည်။

ထိုချောင်းမှာ ငှက်မျှော့ချောင်းဟု အမည်ရှိသည်။ ငှက်မျှော့ချောင်းကို ဖြတ်သန်းရန် တံတားတစ်ခု တည်ဆောက်ထားလေသည်။

ကျင်းစုဦးဆောင်သော ငွေကြွယ်အာမခံဌာနအဖွဲ့သားများသည် ငှက်ပျော့ချောင်းရှေ့သို့ ရောက်ရှိလာကြလေသည်။

ထိုစဉ် ...

'ခွပ် ... ခွပ် ... ခွပ်'

ကျယ်လောင်သော မြင်းခွာသံများ ထွက်ပေါ်လာလေသည်။ ရှေ့ဆုံးမှဦးဆောင်နေသော ရှမ်းကုံးက မြင်းကို နောက်ကြောင်းလှည့်ကာ စီးနင်းလာရင်း ကျင်းစုလိုက်ပါလာသော မြင်းလှည်းအနီးသို့ ရောက်ရှိလာလေသည်။

အကြောင်းထူး တစ်စုံတစ်ခုရှိနေပြီဖြစ်ကြောင်း ကျင်းစု ချက်ချင်း သဘောပေါက်လိုက်သည်။

"ဘာဖြစ်တာလဲဟေ့"



ဟု လှမ်းမေးလိုက်လေသည်။ ရှမ်းကုံးက ဦးညွှတ်လိုက်သည်။

"ရှေ့မှာ အခက်အခဲတစ်ခု ဖြစ်ပေါ်နေပါတယ် ဆရာကျင်း၊ ချောင်းကူးတံတားဟာ ချောင်းအလယ်မှာ ကိုက်တစ်ရာလောက် ကျိုးပြတ်နေပါတယ်"

ဟု အခြေအနေကို အစီရင်ခံလိုက်လေသည်။ ကျင်းစု မျက်မှောင်ကြုတ်သွားလေသည်။

"ချောင်းကူးတံတားဟာ ရေတိုက်စားလို့ ကျိုးသွားတာလား၊ ကျိုးသွားအောင် တမင်ဖျက်ဆီးထားတာလား"

ဟု ရေရွတ်လိုက်လေသည်။ ထို့နောက် မြင်းလှည်းပေါ်မှ ပေါ့ပါးစွာ ခုန်ဆင်းလိုက်ပြီး ...

"လာ ... သွားကြည့်ရအောင်"

ဟု ရှမ်းကုံးအား ပြောလိုက်၏။ ချောင်ဟိုးသည်လည်း မြင်းလှည်းတန်း ရပ်တန့်သွားသဖြင့် မြင်းလှည်းအနီးသို့ ချက်ချင်းရောက်လာပြီး ဖြစ်လေသည်။ ကျင်းစုက ...

"ချောင်းဟိုး ... မင်းနေခဲ့၊ လမ်းဘေးဝဲယာကို သတိထား"

ဟု အမိန့်ပေးကာ ရှမ်းကုံးနှင့်အတူ ထွက်သွားလေသည်။ ချောင်ဟိုးနှင့် လက်ရွေးစင်သိုင်းသမားများသည် လမ်းဘေးဝဲယာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တစ်ချက်သို့ မျက်နှာမူကာ ရပ်လိုက်ကြသည်။

ရန်သူထွက်ပေါ်လာပါက တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။ ကျင်းစုနှင့် ရှမ်းကုံးတို့သည် ချောင်းကူးတံတားရှေ့သို့ ရောက်ရှိသွားကြ၏။

ကျင်းစုက ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်ပြန်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး အေးချမ်းသာယာပြီး အန္တရာယ်ရှိသည့် အရိပ်အယောင် မတွေ့ရပါချေ။

ထူးခြားမှုဟူ၍ အရှိန်ပြင်းစွာ ဝါးလုံးထိုး စီးဆင်းနေသော ချောင်းရေပြင်သာလျှင် ရှိလေသည်။ ကျင်းစု သက်ပြင်းချလိုက်သည်။

"ဒီငှက်မျောချောင်းက အတော့်ကို နာမည်ကြီးတဲ့ ချောင်းတစ်ခုပဲ၊ ရာသီးသုံးပါးမရွေး ရေစပ်စပ်သာရှိတတ်တဲ့ သဲချောင်းတစ်ခုပဲ၊ ဒါပေမဲ့ ... ချောင်းအထက်ပိုင်းမှာ မိုးရွာပြီဆိုရင်တော့ တောင်ကျချောင်းရေတွေဟာ ကြောက်မက်ဖွယ်ကောင်းတဲ့ အရှိန်အဟုန်နဲ့ စီးဆင်းကျလာတတ်တယ်၊ ရေအားကောင်းရင် ကောင်းသလို သုံးလေးရက် ဆက်တိုက်စီးဆင်းနေတတ်တယ်၊ တောင်ကျရေ မကုန်မချင်း ဆိုပါတော့၊ တောင်ရေကျလာပြီဆိုရင် ချောင်းရေစပ်စပ်မှာ ငါးရှာနေတဲ့ ငှက်တွေတောင် လွတ်အောင် မပျံနိုင်ဘူးလို့ အဆိုရှိ



တယ်၊ မနေ့က မိုးရွာခဲ့သေးတယ် မဟုတ်လား"

ရှမ်းကုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာကျင်း၊ ကျုပ်တို့ကြားစခန်းမှာ ရပ်နားနေတုန်း မိုးအတော်သည်းသည်း ရွာချခဲ့ပါသေးတယ်"

ကျင်းစုက ...

"လာ ... တံတားပေါ် သွားကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာကျင်း"

ရှမ်းကုံးက ဦးညွှတ်လိုက်သည်။ ထို့နောက် နှစ်ယောက်သား တံတားပေါ်သို့ တက်သွားကြလေသည်။ တံတားသည် သစ်သား တံတားတစ်ခု ဖြစ်သည်။

တံတားတိုင်များကို သစ်လုံးများဖြင့် ပြုလုပ်ထားသည်။ အလွန်ခိုင်ခံ့သော တံတားတစ်ခုဖြစ်သည်။ သို့သော် ထိုတံတား တည်ဆောက်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီ ဖြစ်ပါသည်။

တချို့နေရာများ၌ ခင်းထားသော ပျဉ်ချပ်များသည် လည်းကောင်း၊ တိုင်လုံးများသည် လည်းကောင်း ဆွေးမြည့်နေပြီဖြစ်သည်ကို တွေ့ရလေသည်။

တံတားအလယ်ပိုင်းတွင် ကိုက်တစ်ရာခန့် ကျိုးပဲ့ပျက်စီးနေသည်။ တံတားမှာ ချောင်းအလယ်တည့်တည့်သို့ ရောက်မှ တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်ဖက် အဆက်ပြတ်နေခြင်း ဖြစ်သည်။

ကျိုးပဲ့သွားသော အခင်းဖျဉ်များသည် လည်းကောင်း၊ တိုင်များသည် လည်းကောင်း ရေစီးနှင့်အတူ မျောပါသွားပြီဖြစ်ကြောင်း ထင်ရှားလေသည်။

ကျင်းစုသည် အပျက်အစီး အပိုင်းအစများကို သေသေချာချာ စစ်ဆေးကြည့်လိုက်ပြီးမှ သက်ပြင်းချလိုက်သည်။

"ချောင်းရေ တစ်ဟုန်ထိုး စီးဆင်းလာပြီး တံတားကို တိုက်စားသွားတာပဲ"

ဟုလည်း မှတ်ချက်ချလိုက်လေသည်။ ရှမ်းကုံးက ...

"ဒီတံတားက ဖြတ်သွားလို့ မဖြစ်တော့ဘူး ဆရာကျင်း"

ဟုပြောရာ ကျင်းစုက ...

"ဟုတ်တယ်၊ ငှက်မျောချောင်းကို ခုချိန်မှ မဖြတ်နိုင်ရင် မိုးမချုပ်ခင် လုံကွီးမြို့ကို ရောက်သွားဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး"

ရှမ်းကုံးက ...

"ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ ဆရာကျင်း"

ကျင်းစုက ချက်ချင်း အဖြေမပေးချေ။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီး တစ်စုံတစ်ခုကို တွေးတောစဉ်းစားနေ၏။

ရှမ်းကုံးက အလိုက်သိစွာဖြင့် ဘာမှ ထပ်မမေးဘဲ နေလိုက်၏။ ကျင်းစုသည် ကြုံတွေ့နေရသည့် အခက်အခဲကို ဖြေရှင်းရန် အကြံထုတ်နေသည် မဟုတ်ပါလား မကြာပါချေ။



"ချောင်းအောက်ပိုင်းမှာ ကျယ်ဝန်းပေမယ့် ချောင်းအထက်ပိုင်းမှာတော့ ကျဉ်းမြောင်းတဲ့နေရာတွေ ရှိတယ်၊ ချောင်းရေကို ကြည့်ရတာ တစ်ရက်နှစ်ရက်နဲ့ အရှိန်လျော့သွားမယ့်ပုံ မရဘူး၊ ဒါကြောင့် ချောင်းကျဉ်းတဲ့နေရာကိုသွားပြီး သစ်ဝါးတွေနဲ့ ယာယီတံတား ဆောက်နိုင်အောင်ကြိုးစားရမယ်၊ ဒီအစီအစဉ် မအောင်မြင်ဘူးဆိုရင်တောင် နွယ်ကြိုးတွေ၊ ဝါးဖောင်တွေကိုအသုံးပြုပြီး တစ်ဖက်ကမ်းကို လူချည်းရောက်အောင် ကူးနိုင်အောင် ကြိုးစားရမှာပဲ၊ မြင်းလှည်းနဲ့ မြင်းတွေအတွက် အစောင့်တစ်ယောက်လောက် ချန်ထားပြီး ရတနာပစ္စည်းတွေကို ကျန်တဲ့လူတွေ ခွဲဝေသယ်ဆောင်သွားကြတာပေါ့၊ အန္တရာယ်အနည်းအကျဉ်း ရှိနိုင်ပေမယ့် လုံကွီးမြို့ကို အမြန်ဆုံး ရောက်သွားနိုင်တယ်၊ အဲဒီမှာ မြင်းနဲ့မြင်းလှည်းရှာပြီး ခရီးဆက်ကြတာပေါ့"

ကျင်းစုက သူ၏အစီအစဉ်ကိုပြောပြလာလေသည်။ အခက်အခဲ ကြုံလေတိုင်း ကျင်းစု၏ ဆုံးဖြတ်ချက်သည် မှန်ကန်ခဲ့သည်ချည်း ဖြစ်သည်။ အာမခံလုပ်ငန်းတွင် အချိန်သည် အလွန်အရေးကြီးကြောင်း ရှမ်းကုံးနားလည်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သယ်ယူပို့ဆောင်သည့်အချိန် ကြာလေလေ အခက်အခဲ အန္တရာယ်များလေလေမှာ အာမခံလုပ်ငန်း၏ သဘာဝပင် ဖြစ်လေသည်။ ရှမ်းကုံးက ဦးညွတ်လိုက်သည်။

"ကောင်းပါပြီ ဆရာကျင်း"

ကျင်းစုက ...

"သွားစို့"

ဟုပြောကာ နောက်ကြောင်းပြန်လှည့်သွား၏။ ရှမ်းကုံးက ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

✵



•

ရှမ်းကုံးသည် လက်ရွေးစင်သိုင်းသမားငါးယောက်နှင့် အတူ တောအုပ်ကိုဖြတ်ကာ ရှေ့ဆုံးမှ ဦးဆောင်နေသည်။ ကျင်းစုနှင့် ချောင်ဟိုးတို့က ရှမ်းကုံးတို့ သမီးထွင်သွားသည့်အတိုင်း လိုက်လာကြလေသည်။

သို့သော် သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းနေရသဖြင့် ခရီးမတွင်ဘဲ ဖြစ်နေ၏။ ထို့အပြင် ရန်သူ၏ ချောင်းမြောင်း တိုက်ခိုက်ခြင်း ခံရမည့် အရေးကို စိုးရိမ်နေရသေးသဖြင့် ပတ်ဝန်း ကျင်ကို အလွှတ်မပေးပဲ့ချေ။

ကျင်းစု၏ အစီအစဉ်အတိုင်း ချောင်းအထက်ပိုင်းသို့ ထွက် လာနိုင်ကြခြင်း ဖြစ်လေသည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား သည်။

အလင်းရောင်သည် တစ်စထက်တစ်စ အားလျော့သွားပြီး အမှောင်ထု ချဉ်းနင်းဝင်ရောက်လာလေသည်။ မကြာမီ နေဝင်မိုးချုပ် သွားတော့မည် ဖြစ်လေသည်။

ကျင်းစုသည် ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ...

"ဒီအတိုင်းဆက်သွားနေလို့ မဖြစ်တော့ဘူး၊ မှောင်လာရင် ဘာမှ လုပ်လို့ရတော့မှာမဟုတ်ဘူး၊ ဒါကြောင့် ... ဒီမှာပဲရပ်ပြီး မမှောင်ခင် တစ်ညတာ စခန်းချနိုင်အောင် ပြင်ဆင်ကြရမယ်"

ဟု အမိန့်ထုတ်လိုက်လေသည်။ သူတို့ ရပ်နားခြင်းမပြုဘဲ ရှေ့ဆက်သွားမည်ဆိုလျှင်လည်း သွားရုံဖြင့် မပြီးသေးဘဲ ရေစီးသန်သော ချောင်းကို ဖြတ်ကူးဖို့ ခဲခဲယဉ်းယဉ်း ကြိုးစားရဦးမည် ဖြစ်လေသည်။

ယနေ့ညအဖို့ မည်သို့မျှမဖြစ်နိုင်တော့မှန်း အားလုံးသဘော ပေါက်ထားကြသဖြင့် ကျောင်းစု၏အမိန့်အတိုင်း လိုက်နာဆောင်ရွက် လိုက်ကြလေသည်။

ချက်ချင်းပင် အနားယူရန် သင့်လျော်သည့် မြေကွက်လပ်တစ်ခုကို ရှင်းလင်းလိုက်ကြသည်။ မီးပုံများပြုလုပ်ရန် ထင်းများ ရှာဖွေလိုက်ကြသည်။

အဖွဲ့သားအားလုံး တက်ညီလက်ညီ ဆောင်ရွက်လိုက်ကြရာ တစ်ခဏအတွင်းမှာပင် တစ်ညတာ စခန်းချနိုင်ရန် နေရာတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

ကျောင်းစုက အခြေအနေ အရပ်ရပ်ကို သုံးသပ်ကာ ရှမ်းကုံး



နှင့် ချောင်းပိုးတို့အား ခေါ်ယူလိုက်ပြီး ...

"မင်းတို့နှစ်ယောက် အဖွဲ့သားနှစ်ယောက်စီ ခေါ်သွားပြီး ဒီအနီးတစ်ဝိုက်မှာ ဘာတွေ ထူးခြားသလဲဆိုတာ ရှာဖွေကြည့်ကြရမယ်"

ဟု အမိန့်ပေးလိုက်သည်။

"ကောင်းပါပြီ ဆရာကျောင်း"

ချောင်းပိုးနှင့်ရှမ်းကုံးတို့သည် အဖွဲ့သားနှစ်ယောက် အဖော်ခေါ်ကာ ချက်ချင်းထွက်သွားကြ၏။ သူတို့သည် သစ်ပင်ချုံနွယ်များကြားသို့ တိုးဝှေ့ဝင်ရောက်သွားကြပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

✱

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်လေသည်။ နေရောင်ခြည်ပျောက်ကွယ်သွားသည်နှင့် အမှောင်ထုက အစားထိုးနေရာယူလာ၏။

နေလုံးပျောက်သွားပြီး လမထွက်မီစပ်ကြား ဝန်းကျင်တစ်ခုလုံး ဝိန်းပိတ်အောင် မှောင်မိုက်နေလေတော့သည်။ ည၏ ပိုးကောင်မွှားကောင်လေးများ၏ အော်မြည်သံများ ထွက်ပေါ်နေသည်။

အဝေးမှ တောတိရစ္ဆာန်များ၏ အသံမျိုးစုံကိုလည်း ကြားနေရ၏။ ကျင်းစုတို့လူစု စခန်းချနေသည့် မြေကွက်လပ်တွင် မီးပုံကြီးလေးခုဖိုထားရာ အလင်းရောင် ကောင်းစွာရနေပါသည်။

ည၏ အေးမြမှုကိုလည်း မီးပုံမှ ထွက်ပေါ်လာသော အနွေးဓာတ်က အကာအကွယ်ပေးထားလေသည်။ ငွေကြယ်အာမခံအဖွဲ့သားအချို့သည် အနားယူနေကြပြီး အချို့က ညစာစားသောက်ရန် အသင့်ယူလာသော စားနပ်ရိက္ခာများကို ပြင်ဆင်နေကြ၏။

အချို့က လက်နက်ကိုယ်စီ ဆွဲကိုင်ကာ ကင်းစောင့်နေကြလေသည်။ ကျင်းစုကမူ လက်နှစ်ဖက်နောက်ပစ်ကာ ခေါက်တုံ့ခေါက်



...မ်းလျှောက်နေ၏။

တောထဲတောင်ထဲ၌ ယခုရှိသည့်အချိန် ခရီးတစ်ထောက်နား... စခန်းချရလိမ့်မည်ဟု သူ၏အစီအစဉ်တွင် မပါဝင်ချေ။ သဘာဝ... ကြောင့် ခရီးဆက်မသွားနိုင်အောင် ဖြစ်ခဲ့ရသည်။

မည်သို့ဆိုစေ၊ အာမခံပစ္စည်းများ တစ်စုံတစ်ခု မဖြစ်ရေးအတွက် အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်သွားရန် သန္နိဋ္ဌာန်ချထားလေသည်။

ယခု သူက ... ကိုးနှင့် ချောင်ဟိုးတို့အား စောင့်မျှော်နေ... ဖြစ်သည်။ သူတို့... သွား... ခဲ့သည်မှာ အတော်ကလေး ကြာသွားပြီ ဖြစ်လေသည်။

ထို့ကြောင့် ကျင်းစု စိတ်ပူမိလေသည်။ တောထဲတောင်ထဲ၌ အန္တရာယ်အမျိုးမျိုး ကြုံတွေ့နိုင်သည် မဟုတ်ပါလား။ ကျင်းစု စောင့်မျှော်နေစဉ် မလှမ်းမကမ်းမှ ခြေသံများ ထွက်ပေါ်လာပြီး ...

"ရပ် ... ဘယ်သူလဲ"

ကင်းသမား၏ အော်ပြောသံကို ကြားရလေသည်။ ကျင်းစုက ကမျာကယာ လှမ်းကြည့်လိုက်သည်။ ထိုအခါ ...

"ငါတို့ပေါ့"

ကျယ်လောင်သောအသံနှင့်အတူ ချောင်ဟိုးနှင့်အဖွဲ့သား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် အမှောင်ထုထဲမှ ထွက်ပေါ်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။ ကျောင်းစုက ...

"ဘာထူးသလဲဟေ့"

ဟု မေးလိုက်သည်။ ချောင်ဟိုးသည် ကျောင်းစုရှေ့သို့ ချက်ချင်းရောက်လာပြီး ...

"ကျုပ်တို့ အရှေ့ဘက်ပတ်ဝန်းကျင်ကို အတော်လေး နှံ့နှံ့စပ်စပ် ရှာဖွေကြည့်ခဲ့ပါတယ်၊ ထူးခြားတာဆိုလို့ ဘာမှ မတွေ့ခဲ့ရပါဘူး ဆရာကျောင်း"

ဟု ပြောလေသည်။ ကျောင်းစု ကျေနပ်သွားလေသည်။ တစ်ညတာ အနားယူရတော့မည်ဖြစ်ရာ အနီးတစ်ဝိုက်တွင် အန္တရာယ်ကင်းရှင်းနေဖို့ လိုအပ်ပေသည်။

"ရှမ်းကုံးတို့တော့ ရောက်မလာသေးဘူး၊ ဒီအတိုင်းဆိုရင် ပတ်ဝန်းကျင်မှာ လူသူမရှိတာ သေချာပါတယ်"

ဟု မှတ်ချက်ချလိုက်သည်။ လူသူကင်းဝေးသည့် တောထဲသို့ ရောက်နေခြင်းမှာ တစ်မျိုးကောင်းသည်ဟု ယူဆမိလေသည်။ သားရဲ တိရစ္ဆာန်တို့ထက် တိုက်ခိုက်လုယက်မည့်သူများက ပို၍ ကြောက်စရာကောင်းပြီး ပို၍ အန္တရာယ်ပေးနိုင်မည်ဟု နားလည်ထားသည် မဟုတ်ပါလား။



သို့သော် ရှမ်းကုံးရောက်မလာသေးပါ။ ရှမ်းကုံးရောက်လာပြီး အခြေအနေ အေးချမ်းသည်ဆိုမှသာလျှင် စိတ်တုံးတုံး ချနိုင်မည်ဖြစ်လေသည်။ ကျောင်းစုက လက်ဇွေ့ယမ်းပြကာ ...

"မင်းတို့လည်း ပင်ပန်းနေပြီ၊ အနားယူလိုက်ကြဦး"

ဟု ပြောလိုက်သည်။ ချောင်ဟိုး ဦးညွတ်လိုက်သည်။

"ကောင်းပါပြီ ဆရာကျောင်း"

ချောင်ဟိုးနှင့်အလုပ်သမားနှစ်ယောက်သည် မီးပုံနံဘေးသို့ သွားကာ အနားယူလိုက်ကြသည်။ အသင့်ပါလာသော မုန့်ခြောက်များကို ထုတ်ယူကာ စားသောက်လိုက်ကြလေသည်။

သူတို့ စားသောက်ပြီးစီးသွားသည်အထိ ရှမ်းကုံးတို့ ရောက်မလာကြသေးပါချေ။ ကျောင်းစုသာမက အဖွဲ့သားအားလုံး စိတ်ပူလာကြလေတော့သည်။ ချောင်ဟိုးသည် မနေနိုင်တော့ဘဲ ကျောင်းစုအနီးသို့ ချဉ်းကပ်သွားလိုက်ပြီး ...

"ဆရာကျောင်း"

ဟု ခေါ်လိုက်၏။ အတွေးလွန်နေသော ကျောင်းစု၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ ချက်ချင်း သတိဝင်လာကာ ချောင်ဟိုးကို လှည့်ကြည့်ပြီး ...

"မင်း ဘာပြောချင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလေသည်။ ချောင်ဟိုးက ...

"ဆရာကျင်း ရှမ်းကုံးတို့ ခုထိပြန်ရောက်မလာကြသေးဘူး"

ကျင်းစု ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ချောင်ဟိုးက ...

"ကျုပ်က သူတို့နောက်ကို လိုက်သွားရင် ကောင်းမလား"

ဟု စိတ်ပူသောလေသံဖြင့် မေးသည်။ ကျင်းစု ရုတ်ချင်း အဖြေမပေးနိုင်ဘဲ ဖြစ်သွား၏။ ထိုစဉ် ကင်းသမားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျင်းစုနှင့်ချောင်ဟိုးတို့ လှမ်းကြည့်လိုက်ကြလေသည်။ ရှမ်းကုံးပြန်လာပြီဟုလည်း ထင်မိ၏။ သို့သော် ရှမ်းကုံး၏ အရိပ်အယောင်ပင် မတွေ့ရချေ။

ကင်းသမားများသည် တစ်နေရာသို့ညွှန်ပြကာ တစ်စုံတစ်ခု ပြောဆိုနေကြလေသည်။ ကျင်းစု မနေနိုင်တော့ဘဲ ...

"ဘာဖြစ်တာလဲဟေ့"

ဟု လှမ်းမေးလိုက်၏။ ကင်းသမားတစ်ယောက်က ချက်ချင်းပြေးလာပါသည်။

"ဆရာကျင်း ... အနောက်ဘက်အရပ်မှ မီးရောင်တွေကို



တွေ့မြင်နေရပါတယ်"

ဟု သတင်းပို့လာလေသည်။

"ဟင်"

ကျင်းစု အံ့သြသွားသည်။

"ဘယ်မှာလဲ"

ဟု မေးရင်း ကင်းသမားနောက်သို့ လိုက်သွားလေသည်။ သူတို့ ရပ်နေခဲ့သောနေရာမှကြည့်လျှင် သစ်ပင်ချုံနွယ်များ ကွယ်နေသဖြင့် မတွေ့ရပါချေ။

ကင်းသမားများ ရှိနေသောနေရာသို့ ရောက်သွားတော့မှ အနောက်ဘက်အရပ်၏ ခပ်လှမ်းလှမ်းတွင် မီးရောင်များထွက်ပေါ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။ ကျင်းစု ရင်ထိတ်သွားသည်။

"တောထဲတောင်ထဲမှာ မီးရောင်တွေ ထွက်ပေါ်နေတာ ဘယ်လိုသဘောပါလိမ့်"

ဟု စိတ်ထဲမှ ရေရွတ်လိုက်လေသည်။ သူ၏အဖွဲ့သားများကိုမူ ...

"အားလုံး သတိဝီရိယရှိကြဟေ့၊ အနားယူနေတဲ့လူတွေလည်း ထကြတော့"

ဟု လှမ်းပြောလိုက်လေသည်။ အားလုံး လှုပ်လှုပ်ရှားရှား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြလေသည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း အာမခံ ပစ္စည်း တင်ဆောင်ထားသော မြင်းလှည်းကို ဗိုင်းရံကာ တိုက်ပွဲဝင်ရန် အသင့်ပြင်ထားလိုက်လေသည်။ ထိုအချိန်မှာပင် ...

"ဆရာကျင်း ... ဆရာကျင်း"

ခေါ်သံနှင့်အတူ ပြေးလွှားလာသော ရှမ်းကိုးနှင့်အဖွဲ့သား နှစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။ ကျင်းစု ဝမ်းသာသွား သည်။

ရှမ်းကိုးသည် မီးရောင်များ ထွက်ပေါ်လာသည့် အနောက် ဘက် အရပ်သို့ သွားရောက်စနည်းနာခဲ့သူ မဟုတ်ပါလား။

"ရှမ်းကိုး ... ဘာထူးသလဲဟေ့"

ဟု လှမ်းမေးလိုက်လေသည်။ ရှမ်းကိုးမှာ အလွန်အရေးကြီး သည့်အသွင် ရှိနေသည်ကို တွေ့ရလေသည်။

"ဆရာကျင်း ... အရှေ့ဘက်မှာ ထူးခြားတဲ့ အိမ်ကြီးတစ်လုံး ကို တွေ့ခဲ့ရတယ်"

ဟုလည်း ပြောလာလေသည်။

"ဟာ"

"ဟင်"

မမျှော်လင့်သောစကား ကြားလိုက်ရသောအခါ ကျင်းစု



အပါအဝင် အဖွဲ့သားအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားလေ တော့သည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## အခေါင်းနှစ်လုံး

လေအေးတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသည်။ သို့တိုင် ရှမ်းကုံးသည် နဖူးပေါ်မှ စီးကျလာသော ချွေးများကို သုတ်ပစ်လိုက်ရလေသည်။

သူနှင့်အတူ လိုက်ပါသွားသော အဖွဲ့သားနှစ်ယောက်သည်လည်း မျက်စိမျက်နှာပျက်နေကြသည်။

'ဂစ်'

ညဉ့်ငှက်တစ်ကောင်သည် စူးစူးရှရှ အော်မြည်ကာ မလှမ်းမကမ်းမှ ပျံသန်းသွားလေသည်။ ကျင်းစုနှင့် အဖွဲ့သားများ သတိဝင်လာကြလေသည်။ ကျင်းစုက ရှမ်းကုံးအား စိုက်ကြည့်လိုက်ပြီး ...

"လူသူမနီးတဲ့ တောတောင်ထဲမှာ အိမ်ကြီးတစ်လုံးကို တွေ့ခဲ့ရတယ် ဟုတ်လား"

ဟု မေးလိုက်သည်။ ရှမ်းကုံးက ...

"ဟုတ်ပါတယ် ဆရာကျင်း၊ ဒီနေရာနဲ့ မိုင်ဝက်လောက်ပဲ



ဝေးပါတယ်"

ကျင်းစုက ...

"ကောင်းပြီ၊ မင်း ဘယ်လို တွေ့ခဲ့ရသလဲဆိုတာ ပြောပါဦး"

ရှမ်းကုံးက အံ့ဩနေသောလေသံဖြင့် ...

"ကျုပ်တို့က ပတ်ဝန်းကျင်မှာ ထူးခြားမှု ရှိ့မရှိ စစ်ဆေးကြည့်ရင်း မိုင်ဝက်ခရီးလောက်ရောက်တော့ ချုံနွယ်ပိတ်ပေါင်းတွေကြားမှာ အိမ်ကြီးတစ်လုံး ရှိနေတာကို ဘွားခနဲ တွေ့လိုက်ရပါတယ်၊ ကျုပ်တို့ အံ့ဩနေတုန်း အိမ်ထဲက မီးရောင်တွေ ထွက်ပေါ်လာပါတယ်၊ တောထဲတောင်ထဲမှာ တွေ့ရတာမို့ မရိုးသားဘူး ထင်မိပေမယ့် ဆရာကျင်းကို အကျိုးအကြောင်း ပြောပြသင့်တယ်လို့ တွေးမိတာကြောင့် ချက်ချင်း ပြန်လာခဲ့ကြတာပါ"

ဟု ပြောလေသည်။ ကျင်းစုက ...

"ဒါဖြင့် မင်းတို့က အဲဒီအိမ်ကြီးကို သွားမကြည့်ခဲ့ကြဘူးပေါ့"

ရှမ်းကုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ မလှမ်းမကမ်းကနေ အကဲခတ်ပြီး အသာအလေး လှည့်ထွက်လာခဲ့ကြတာပါ ဆရာကျင်း"

ကျင်းစုက ...

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲမှာ လူရိပ်လူခြည်တွေ့သလား"

ရှမ်းကိုးက ...

"မတွေ့ဘူး၊ ဒါပေမဲ့ မီးရောင်ရှိတယ်ဆိုတော့ လူရှိမှာ သေချာပါတယ်"

ကျင်းစု သက်ပြင်းချကာ ...

"ရှမ်းကိုး ... ခုလိုအချိန်မျိုးမှာ မင်းသတိရှိဖို့လိုတယ်၊ တကယ်ဆို အဖွဲ့သားတစ်ယောက်ကို ချန်ထားပြီး အခြေအနေ စောင့်ကြည့်နိုင်းဖို့ ကောင်းတယ်၊ ဒါမှမဟုတ်ရင်လည်း မင်းကိုယ်တိုင် နေခဲ့ပြီး အဖွဲ့သားတွေကို ပြန်လွှတ်ပြီး သတင်းပို့ခိုင်းဖို့ ကောင်းတယ်၊ ထူးခြားမှုတွေ့ရင် မျက်ခြည်ပြတ်မခံရဘူးလို့ မင်းကို ငါမှာထားတယ် မဟုတ်လား"

ဟု အပြစ်တင်လိုက်လေသည်။ ရှမ်းကိုး မျက်နှာပျက်သွားသည်။

"ကျွန်တော် သတိလက်လွတ်ဖြစ်သွားတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် ဆရာကျင်း"

အပြစ်ကို ဝန်ခံရင်း တောင်းပန်လိုက်လေသည်။ ကျင်းစုက မီးရောင်များ ထွက်ပေါ်နေရာဆီသို့ လှမ်းကြည့်လိုက်လေသည်။ မီးရောင် ထွက်ပေါ်နေသောနေရာနှင့် သူတို့ ရောက်ရှိနေသောနေရာ၏



အကွာအဝေးကို တွက်ချက်ချိန်ဆနေခြင်း ဖြစ်သည်။

သူကိုယ်တိုင် ထိုထူးဆန်းသော အိမ်ကြီးဆီသို့ သွားရောက်ကြည့်ရှုနေစဉ် သူ၏လူများအား ရန်သူက တိုက်ခိုက်လိုက်ပါက အချိန်မီ ပြန်လာနိုင်ခြင်း ရှိ၊မရှိ တွက်ဆနေခြင်းလည်း ဖြစ်ပေတော့သည်။

သူ၏လူများသည် လက်ရွေးစင်များချည်းဖြစ်ပြီး အစွမ်းထက်သော ရန်သူဆိုလျှင်ပင် အနည်းဆုံး ထမင်းတစ်အိုးချက်ခန့် အချိန်ကြာအောင် ခုခံပေးနိုင်မည့်သူများ ဖြစ်သည်ဟု ယုံကြည်မိထား၏။

သူကိုယ်တိုင်လည်း အချိန်မီ ပြန်ရောက်လာနိုင်မည်ဟု ယုံကြည်၏။ ထို့ကြောင့် ...

"ချောင်ဟိုး ... မင်းက ဒီနေရာရဲ့ လုံခြုံရေးကို တာဝန်ယူပါ၊ ငါနဲ့ရှမ်းကိုးက မီးရောင်ထွက်နေတဲ့ အိမ်ကြီးကိုသွားပြီး အကဲခတ်မယ်၊ အခြေအနေထူးခြားရင် တို့ အသင့်ဆောင်ထားတဲ့ ယမ်းထုပ်တစ်ထုပ်ကို ဖောက်ခွဲလိုက်ပါ"

ဟု မှာကြားလိုက်လေသည်။ ချောင်ဟိုးက ဦးညွှတ်လိုက်သည်။

"စိတ်ချပါ ဆရာကျင်း၊ အာမခံပစ္စည်းတွေကို ကျွန်ုပ် အသက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့လဲပြီး ကာကွယ်စောင့်ရှောက်မယ်လို့ ကတိပေးပါတယ်"

"ကောင်းပြီ၊ မင်းကို ငါစိတ်ချမယ်"

ကျောင်းစုသည် ရှမ်းကုံးအားကြည့်ကာ ...

"သွားစို့"

ဟု ပြောလိုက်သည်။

"ဟုတ်ကဲ့ ဆရာကျောင်း"

ရှမ်းကုံးက ချက်ချင်းပင် လမ်းပြခေါ်ဆောင်သွားလေတော့သည်။

✸



•

ရှမ်းကုံးနှင့်ကျောင်းစုတို့သည် ကိုယ်ဖော့ပညာ အသုံးပြု၍ ပြေးလွှားလာခဲ့ကြရာ မျှားမကြာမီ မီးရောင်များ ထွက်ပေါ်နေသော နေရာအနီးသို့ ရောက်ရှိသွားကြလေသည်။

နှစ်ယောက်သား ခြေလှမ်းရပ်ကာ ချုံပုတ်ကြီးတစ်ခုနောက်ကွယ်မှနေပြီး အခြေအနေကို အကဲခတ်ကြည့်လိုက်ကြလေသည်။ သစ်ပင်ချုံပုတ်များကြား၌ ကြီးမားသော နှစ်ဆောင်ပြိုင်အိမ်ကြီး တစ်ဆောင်ရှိနေသည်ကို တွေ့ရလေသည်။

ထိုအိမ်ကြီးသည် ကျွန်းသားများအသုံးပြုကာ စုလစ်မွန်းချွန်များ တန်ဆာဆင်၍ ဆောက်လုပ်ထားခြင်းကြောင့် အလွန်ရှေးကျသော အိမ်ကြီးတစ်လုံးဖြစ်ကြောင်း ပေါ်လွင်နေ၏။

ထိုအိမ်ကြီး၏အောက်ထပ်မှ မီးရောင်များ ထွက်ပေါ်နေ၏။ အိမ်တံခါးမကြီးကိုလည်းကောင်း၊ ပြတင်းတံခါးများကို လည်းကောင်း ဟာလာဟင်းလင်း ဖွင့်ထားသည်။

သို့သော် လူရိပ်လူယောင်ပင် မတွေ့ရပါချေ။ ကျောင်းစုကို ကြည့်နေသော နေရာမှဆိုလျှင် အိမ်ထဲ၌ ပရိဘောဂပစ္စည်းအချို့

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်ကို မသဲမကွဲ တွေ့ရ၏။

ကျင်းစုက ...

"မီးရောင်ရှိရင် လူရှိရမယ်၊ ဒါပေမဲ့ လူရိပ်လူယောင် မတွေ့ရတာ ထူးခြားတာပဲ"

ဟု မှတ်ချက်ချလိုက်လေသည်။ ရှမ်းကုံးက ...

"မြို့နဲ့ဝေးပြီး တောထဲတောင်ထဲမှာ လာပြီးနေကြတာကို ကြည့်ရင် ဒီအိမ်ကလူတွေဟာ မရိုးသားဘူးထင်တယ်၊ ဆရာကျင်းကော ဘယ်လိုသဘောရသလဲ"

ဟု မေးလာလေသည်။ ကျင်းစု ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့"

အိမ်ကြီးဆီသို့ တစ်ချက်လှမ်းကြည့်ပြီးမှ စကားဆက်လိုက်လေသည်။

"တကယ်လို့ ဒီအိမ်က လူတွေဟာ လူကောင်းတွေ မဟုတ်ကြဘူးဆိုရင်တောင်မှ သူတို့ဘာသာ နေကြပါစေ၊ တို့ကိုလာပြီး ဒုက္ခမပေးရင် ပြီးတာပဲ မဟုတ်လား"

ထိုစကားကြောင့် ရှမ်းကုံးက အံ့ဩသောအကြည့်ဖြင့် ကျင်းစုကို ကြည့်လိုက်မိလေသည်။

ကျင်းစုက ...



"သူတို့ဘာသာ နေပါစေ၊ တို့ပြန်ရအောင်"

ဟု ဆက်ပြောလေသည်။ ရှမ်းကုံးက ...

"ကောင်းပါပြီ ... ဆရာကျျင်း"

သူတို့သည် ထူးဆန်းသောအိမ်ကြီးကို ကျောခိုင်းလိုက်ကြ၏။ သို့သော် ခြေသုံးလေးလှမ်း လှမ်းပြီးလျှင် နှစ်ယောက်သား ခြေလှမ်းပြိုင်တူ ရပ်တန့်သွားကြလေသည်။

တစ်ယောက်ကိုတစ်ယောက်လည်း ကြည့်လိုက်မိကြသည်။ ကျင်းစုက ...

"တို့ဘာသာနေကြမယ်ဆိုပေမယ့် သူတို့က တို့ကို လာပြီး ပတ်သက်ရင်ကော ဘယ်လိုလုပ်မလဲလို့ မင်း တွေးနေတာ မဟုတ်လား"

ဟု မေးလိုက်လေသည်။ ရှမ်းကုံး ခေါင်းညိတ်ဝန်ခံလိုက်လေသည်။

"ဟုတ်ပါတယ် ဆရာကျင်း၊ ကျုပ်တို့ဟာ အာမခံပစ္စည်းတွေနဲ့အတူ တောထဲမှာ စခန်းချနေကြတာကို သိသွားကြမယ်ဆိုရင် ဘာဖြစ်လာမယ်ဆိုတာ မှန်းဆလို့ မရပါဘူး"

ကျင်းစု သက်ပြင်းချလိုက်သည်။

"အင်း ... အိမ်ပိုင်ရှင်က ဘယ်သူလဲ၊ ဘာကြောင့် တောထဲ

www.burmeseclassic.com

www.burmeseclassic.com



တောင်ထဲမှာ လာနေရသလဲဆိုတာ သိရမှဖြစ်တော့မယ်”

ဟုပြောလေသည်။ သူပြောသည့်အတိုင်း သိလိုလျှင် ထူးဆန်းသော အိမ်ကြီးအတွင်းသို့ ဝင်ရောက်စုံစမ်းမှ သိရမည်ဖြစ်လေသည်။

ကျင်းစုက သွားရောက်စုံစမ်းရန် ဆုံးဖြတ်လိုက်ကြောင်း ရှမ်းကိုး နားလည်လိုက်လေသည်။

ထူးခြားမှုတွေ့ရလျှင် စုံစမ်းကြည့်လိုသော သိုင်းသမားတို့၏ ဉာဉ်ပေါ်လာကာ ...

“ဟုတ်ပါတယ် ဆရာကျင်း ... ကျုပ်တို့ သွားပြီးစုံစမ်းကြတာပေါ့”

ဟုပြောလိုက်၏။ ကျင်းစုက ...

“မင်း လိုက်လို့မဖြစ်ဘူး”

“ဗျာ”

မမျှော်လင့်သောစကားကြောင့် ရှမ်းကိုး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ ကျင်းစုက ...

“အခြေအနေ ဘယ်လိုရှိမယ်ဆိုတာ မသိရသေးဘူး၊ ငါက အိမ်ထဲဝင်သွားပြီး ပြန်ထွက်မလာနိုင်တော့ဘူးဆိုရင် မင်းက ချောင်ဟိုးတို့ဆီကို အမြန်ဆုံး ပြန်သွားရမယ်၊ အာမခံပစ္စည်းတွေကို ကာကွယ်စောင့်ရှောက်ပြီး ဒီနေရာနဲ့ ဝေးရာကို ချက်ချင်းထွက်သွားရမယ်”



“ဆရာကျင်း”

ရှမ်းကိုးက လွှတ်ခနဲ ခေါ်လိုက်လေသည်။ ကျင်းစု လက်ကာပြလိုက်သည်။

“ရှမ်းကိုး ... ငါတောင်မှ ပြန်ထွက်မလာနိုင်ဘူးဆိုရင် မင်းတို့ကကော ဘာများတတ်နိုင်မှာမို့လဲ၊ တို့အားလုံးရဲ့ အသက်နဲ့ အာမခံပစ္စည်း ဘယ်ဟာက ပိုပြီးအရေးကြီးသလဲ”

ရှမ်းကိုးက ...

“အာမခံပစ္စည်းက ပိုပြီးအရေးကြီးပါတယ် ဆရာကျင်း”

မှန်ပေသည်။ သူတို့သည် အသက်ထက် နာမည်နှင့်ဂုဏ်သိက္ခာကို ပိုပြီး တန်ဖိုးထားကြသည့် သိုင်းသမားများ ဖြစ်ကြသည် မဟုတ်ပါလား။

ကျင်းစုက ...

“မင်းက ငါ့ရဲ့စကားကို တစ်သဝေမတိမ်း လိုက်နာရလိမ့်မယ်”

ဟု ပြောလိုက်သည်။ ရှမ်းကိုး ခေါင်းငိုက်စိုက်ကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစုက ထူးဆန်းသောအိမ်ကြီးဆီသို့ လှမ်းကြည့်လိုက်ပြီး ...

"ဒီအိမ်ပိုင်ရှင်နဲ့ပတ်သက်ပြီး ဘယ်လိုသုံးသပ်ရမယ်ဆိုတာ ငါလည်း မပြောနိုင်ဘူး။ သူဟာ လူကောင်းတစ်ယောက် ဖြစ်ချင်ဖြစ်မယ်၊ လူဆိုးတစ်ယောက် ဖြစ်ချင်ဖြစ်မယ်၊ သိုင်းပညာတော်တဲ့လူဖြစ်နိုင်သလို သိုင်းလောကနဲ့ မပတ်သက်တဲ့ လူလည်း ဖြစ်နိုင်တယ်၊ အိမ်ထဲကို ရောက်သွားပြီး သူနဲ့တွေ့ရမှ ဘယ်လိုလူစားမျိုးဆိုတာ ပြောနိုင်မှာပဲ၊ ဘာပဲဖြစ်ဖြစ် အန္တရာယ်ကြုံလာရင်တောင် တို့လူတွေဆီကို မင်းပြန်ရောက်သွားတဲ့အထိ ငါက အချိန်ဆွဲထားနိုင်မယ်လို့ ယုံကြည်တယ်"

ဟု ပြောလေသည်။ ရှမ်းကုံးက ကျင်းစုအား ကြည်ညိုလေးစားစွာ ကြည့်လိုက်၏။ ကျင်းစုသည် ခေါင်းဆောင်ကောင်း ပီသသူ တစ်ယောက်မဟုတ်ပါလား။ ကျင်းစုက ဆက်ပြောသည်။

"တစ်ကနေ တစ်ရာပြည့်အောင် မင်းရဲ့စိတ်ထဲက ရေတွက်ပါ၊ တစ်ရာပြည့်လို့ ငါ ပြန်ထွက်မလာနိုင်ဘူးဆိုရင် မင်း ပြေးပေတော့"

ရှမ်းကုံးက ...

"ကျုပ်က ဆရာကျင်းရဲ့ အမိန့်အတိုင်း တစ်သဝေမတိမ်း



ဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်"

ကျင်းစုက ...

"ကောင်းပြီ ... မင်း စပြီး ရေတွက်ပေတော့"

စကားဆုံးလျှင် ရှေ့သို့ လှမ်းထွက်သွားလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပေါ်တွင် လဝန်းထွက်ပေါ်လာပြီဖြစ်သည်။ လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာသာယာယာဖြစ်လာလေသည်။ ထူးဆန်းသော အိမ်ကြီးဆီသို့ လှမ်းသွားနေသည့် ကျင်းစုကိုလည်း အတိုင်းသားမြင်နေရ၏။

ကျင်းစု၏ လှုပ်ရှားပုံမှာ ကြောင်တစ်ကောင်နှယ် ပေါ့ပါးသွက်လက်၍ နေလေသည်။ ရှမ်းကိုးက ကျင်းစုအား မျက်တောင်မခတ် ကြည့်နေ၏။ သူ၏စိတ်ထဲမှလည်း ရေတွက်နေမိလေသည်။

"တစ် ... နှစ် ... သုံး ... လေး"

"ဆယ့်ငါး ... ဆယ့်ခြောက် ... ဆယ့်ခုနစ်"

သူက နှစ်ဆယ်ပြည့်အောင် ရေတွက်ပြီးချိန်၌ ကျင်းစုသည် အိမ်ကြီးအတွင်းသို့ လှမ်းဝင်သွားပြီ ဖြစ်လေသည်။

"နှစ်ဆယ့်နှစ် ... နှစ်ဆယ့်သုံး"

ကျင်းစု မြင်ကွင်းမှ ပျောက်ကွယ်သွား၏။ ရှမ်းကိုး၏ရင်ထဲ တထိတ်ထိတ် ခုန်လာသည်။ စိတ်လှုပ်ရှားမှုကြောင့် ချွေးပျံလာသည်။



စိတ်ထဲမှ မဟုတ်တော့ဘဲ တီးတိုးအသံထွက်ကာ ရေတွက်နေမိတော့၏။

"သုံးဆယ့်ငါး၊ သုံးဆယ့်ခြောက်"

ရေတွက်ခြင်း မမှားရလေအောင်လည်း မနည်းပင် ဂရုစိုက်နေရလေသည်။ ကျင်းစုက အိမ်ကြီးအတွင်းသို့ ဝင်ရောက်သွားပြီဖြစ်သော်လည်း ထူးခြားမှုတစ်စုံတစ်ရာ ဖြစ်ပေါ်လာသည်ကို မတွေ့ရချေ။

ပကတိ တိတ်ဆိတ်ငြိမ်သက်၍နေသည်။

"ငါးဆယ့်ရှစ် ... ငါးဆယ့်ကိုး"

ရှမ်းကိုးက ဆက်ပြီးရေတွက်နေသည်။ သူ၏အသံ အနည်းငယ် တုန်တုန်ယင်ယင် ဖြစ်နေသည်။ အချိန်များ တဖြည်းဖြည်း ကုန်ဆုံးသွား၏။

ရုတ်တရက် အိမ်ကြီးအတွင်းမှ အသံဗလံတချို့ မသဲမကွဲ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ရှမ်းကိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ရှေ့သို့ ခြေတစ်လှမ်းတိုးကာ နားစွင့်လိုက်သော်လည်း မည်သို့သော အသံမျိုးဖြစ်ကြောင်း မဝေခွဲတတ်ပေ။ ထိုအသံဗလံများသည် ချက်ချင်းပင် ပြန်လည်ပျောက်ကွယ်သွားလေသည်။ ရှမ်းကိုး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ မရိုးမရွ ဖြစ်လာသည်။

ကျင်းစုနောက်သို့ လိုက်သွားလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာလေသည်။

"ကိုးဆယ့်တစ် ... ကိုးဆယ့်နှစ်"

ရေတွက်မှုမှာလည်း တစ်ရာပြည့်ဖို့ နီးကပ်လာ၏။ အိမ်ကြီးမှ ထူးခြားသည့် အရိပ်အယောင် မမြင်ရသေးပါ။ ရှမ်းကုံးက ဆက်ပြီး ရေတွက်လိုက်ရာ ...

"ကိုးဆယ့်ကိုး ... တစ်ရာ"

ကျင်းစု သတ်မှတ်ပေးထားသည့်အတိုင်း ပြည့်သွားလေသည်။ ရှမ်းကုံး သက်ပြင်းချလိုက်သည်။ ကျင်းစု၏ အရိပ်အယောင်ပင် မတွေ့ရသဖြင့် ထပ်မံရေတွက်စရာ မလိုဘဲ အမြန်ဆုံး ထွက်သွားရတော့မည် ဖြစ်လေသည်။

ကျင်းစုကို ထားပစ်ခဲ့ပြီး ထွက်မသွားလိုပါ။ ပြန်ထွက်မလာနိုင်သည်ကို တွေးပြီး ကျင်းစု ဒုက္ခရောက်သွားပြီဟု ယုံကြည်မိလိုက်လေသည်။

သူက နောက်မလှည့်ဘဲ ရှေ့တိုးသွား၏။ ကျင်းစု၏ စကားကို နားမထောင်တော့ဘဲ အိမ်ကြီးအတွင်းသို့ လိုက်သွားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။ ထိုစဉ် ...



"ရှမ်းကုံး"

ခေါ်သံနှင့်အတူ အိမ်ထဲမှ လှမ်းထွက်လာသော ကျင်းစုအား တွေ့မြင်လိုက်ရလေတော့သည်။

"ဆရာကျင်း"

ရှမ်းကုံး ဝမ်းသာအားရ ခေါ်လိုက်သည်။ ကျင်းစုအနီးသို့ မည်သို့မည်ပုံ ရောက်သွားသည်ကိုပင် မသိလိုက်တော့ချေ။ ကျင်းစုသည် ဘေးမသီရန်မခဘဲ အိမ်ကြီးအတွင်းမှ ပြန်ထွက်လာနိုင်ခဲ့လေသည်။

ရှမ်းကုံးက ကျင်းစုကိုကြည့်ရင်း ဝမ်းသာလုံးဆို့ကာ စကားမပြောနိုင်ဘဲ ဖြစ်နေ၏။ ကျင်းစု မျက်နှာထားတင်းတင်းဖြင့် ...

"တစ်ရာကျော်သွားပြီ"

ဟု ပြောလေသည်။

"ဗျာ"

ရှမ်းကုံး ကြောင်အမ်းအမ်း ဖြစ်သွား၏။ ကျင်းစုက ...

"မင်းကို ရေတွက်နိုင်းသလို ငါလည်း ရေတွက်ခဲ့တာပဲ။ တစ်ရာကျော်မှ ငါပြန်ထွက်လာခဲ့တာ"

"ကျူပ် ... ကျူပ်"

"မင်း ငါ့စကားနားမထောင်ဘူး မဟုတ်လား၊ တစ်ရာပြည့်

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ထွက်သွားရမယ်ဆိုတာ ဘာကြောင့် ထွက်မသွားတာလဲ"

ရှမ်းကိုး ခေါင်းခါယမ်းလိုက်သည်။

"တစ်ရာမပြည့်သေးပါဘူး ဆရာကျင်း"

"ဘာကွ"

"ကျုပ် ရေတွက်နေတာ တစ်ရာမပြည့်သေးဘူး၊ ဒါကြောင့် ထွက်မသွားတာပါ"

ရှမ်းကိုးက ပြောင်လိမ်နေမှန်း ကျင်းစု ရိပ်မိလိုက်လေသည်။ ရှမ်းကိုးက ဆင်ခြေပေးပြန်သည်။

"ကျုပ်က ဖြည်းဖြည်းမှန်မှန် ရေတွက်ခဲ့တာပါ၊ စိတ်လှုပ်ရှားနေတာကြောင့် ရေတွက်ပုံ မမှားရအောင် သေသေချာချာ ဂရုစိုက်ပြီး ရေတွက်နေလို့ပါ၊ ခပ်လောလော ရေတွက်မယ်ဆိုရင် တစ်ရာပြည့်သွားတာ ကြာပါပြီ"

ကျင်းစု သက်ပြင်းချလိုက်လေသည်။ တည်ကြည်သောမျက်နှာထားဖြင့် ရှမ်းကိုးကို ကြည့်ရင်း ...

"ကျုပ်က အရေးမကြီးဘူး၊ အာမခံပစ္စည်းတွေက ပိုပြီးအရေးကြီးတယ်၊ မင်းလုပ်ပုံနဲ့ တစ်စုံတစ်ခု ဖြစ်ခဲ့မယ်ဆိုရင် ချောင်ဟိုးတို့ဆီကို မင်း အချိန်မီ ပြန်ရောက်သွားနိုင်မှာ မဟုတ်တော့ဘူး"

ဟု အပြစ်တင်လိုက်လေသည်။ ရှမ်းကိုးက လက်နှစ်ဖက်



ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

"ဆရာကျင်း ... ကျုပ်တို့ရဲ့ သိုင်းပညာဟာ ဆရာကျင်းရဲ့ တစ်ဝက်တောင် မမီပါဘူး၊ ဆရာကျင်း တစ်စုံတစ်ရာဖြစ်သွားမယ်ဆိုရင် ကျုပ်တို့ကော ထွက်ပြေးလို့ လွတ်နိုင်တော့မှာ မဟုတ်ပါဘူး"

သူ၏စကားမှာ သဘာဝကျလှသဖြင့် ကျင်းစု ဘာမှမပြောသာတော့ပေ။ ရှမ်းကိုးက ...

"ဆရာကျင်း ... အိမ်ကြီးထဲမှာ လူရှိသလားဟင်"

ဟု မေးလိုက်သည်။ ကျင်းစု သက်ပြင်းချကာ ...

"လူတော့ မရှိဘူး၊ ဒါပေမဲ့ ... လူသေအလောင်းတွေ ထည့်တဲ့ အခေါင်းတွေတော့ ရှိတယ်"

ဟု ပြောလေသည်။ မမျှော်လင့်သော စကားကြားရလျှင် ရှမ်းကိုး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



## အသက်ရှင်နေသည့် လူသေများ

ညသည် ပို၍ အေးစိမ့်လာလေသည်။ လေတိုးသောကြောင့် ဖယောင်းတိုင်မီးများက လှုပ်ယမ်းသွားပြီး ရှည်မျောမျော အရိပ်သဏ္ဍာန်များ ဖြစ်ပေါ်လာသည်။

ဖယောင်းတိုင်မီးရောင်အောက်တွင် အနက်ရောင်အခေါင်းများ အစီအရီ ရှိနေလေသည်။ ကျင်းစုနှင့်ရှမ်းကုံးတို့သည် အိမ်ကြီးထဲသို့ ရောက်လာကြပြီဖြစ်သည်။ အိမ်ကြီး၏ ဧည့်ခန်းမှာ ကျယ်ဝန်းသော အခန်းကျယ်ကြီး ဖြစ်လေသည်။

ဧည့်ခန်းအတွင်း၌ အခေါင်းခုနစ်လုံးကို ယှဉ်၍ထား၏။ အပြင်ဘက်မှ ကြည့်သောအခါ တွေ့မြင်ခဲ့ရသည့် အိမ်ထောင်ပရိဘောဂနှင့်တူသော အရာဝတ္ထုများသည် အမှန်တော့ အခေါင်းများ ဖြစ်နေသည်။

ထိုအခေါင်းများမှလွဲပြီး အခြားပစ္စည်း ဘာတစ်ခုမှမရှိချေ။

"အခေါင်းတွေပါလား"



ရှမ်းကုံး တီးတိုးရေရွတ်လိုက်၏။ ကျင်းစုက ...

"ဟုတ်တယ်၊ ငါက အပေါ်ထပ်ကိုလည်း တက်ရှာပြီးပြီ၊ ပရိဘောဂပစ္စည်း ဘာမှမရှိဘူး၊ လူလည်းမရှိဘူး၊ ဒီတစ်အိမ်လုံးမှာ အခေါင်းခုနစ်လုံးပဲ ရှိနေတယ်"

ရှမ်းကုံးက ...

"ဒါ ဘယ်သူ့အိမ်လဲ၊ အခေါင်းတွေကို ဘယ်သူက လာထားတာလဲ"

ဟု မေးလိုက်သည်။ ကျင်းစုက မဖြေပါ။ သူကိုယ်တိုင်လည်း ထိုအဖြေကို သိလိုနေသည် မဟုတ်ပါလား။ ရှမ်းကုံးက ...

"လူမတွေ့ရပေမယ့် မီးရောင်တွေ့ရတာ ထူးခြားတယ်၊ ကျုပ်တို့ရောက်လာတာကိုသိလို့ ရှောင်ထွက်သွားတာပဲဖြစ်မယ် ဆရာကျင်း"

ထိုစကားကိုမူ ကျင်းစုက သဘောတူလိုက်လေသည်။ သူတို့အား ရှောင်သွားသည် ဆိုကတည်းက ဒုက္ခမပေးလိုကြောင်း ထင်ရှားနေပါသည်။

ထိုအချက်ကို တွေးမိသဖြင့် ကျင်းစုက အေးအေးဆေးဆေး ဖြစ်နေ၏။ ရှမ်းကုံးက ကျင်းစုကိုကြည့်ရင်း ...

"အခေါင်းထဲမှာ ဘယ်သူတွေရှိသလဲဆိုတာကို စစ်ဆေး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြရင် မကောင်းဘူးလား ဆရာကျင်း"

ဟု မေးပြန်သည်။ ကျင်းစုက ...

"ကျုပ်လည်း ဒါကိုပဲ စဉ်းစားနေတာ၊ ဒါပေမဲ့ ... ကိုယ်မဆိုင်တဲ့ကိစ္စထဲ ဝင်ရှုပ်မိမှာ စိုးရိမ်ရသေးတယ်"

သိုင်းလောကသည် ရှုပ်ထွေးပွေလီကာ ပြဿနာအမျိုးမျိုးဖြစ်ပေါ်နေတတ်သည့်သဘော ရှိလေသည်။ ကိုယ်နှင့်မဆိုင်သောကိစ္စ၊ မိမိအား ဒုက္ခပေးခြင်း၊ အန္တရာယ်ပြုခြင်း မရှိလျှင် ဝေးဝေးရှောင်ခြင်းက အကောင်းဆုံးဟု နားလည်ထား၏။ သူတို့၏ အမိကအလုပ်မှာ အာမခံပစ္စည်းများအား လိုရာခရီးသို့ ပို့ဆောင်ပေးဖို့မဟုတ်ပါလား။

ရှမ်းကုံးကမူ အခေါင်းများကို ကွက်ကြည့်ကွက်ကြည့်လုပ်နေ၏။ ကျင်းစုက ဆုံးဖြတ်ချက်ချလိုက်သည့်သဘောဖြင့် ...

"တို့ သွားကြစို့"

ဟုပြောကာ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။ ရှမ်းကုံးအားမလိုအားမရ ဖြစ်သွားလေသည်။ မည်သို့ဆိုစေ၊ ယခုတစ်ကြိမ်တွင် ကျင်းစု၏ စကားကို မနာခံလို့ မဖြစ်တော့မှန်း သိထား၍ လိုက်သွားရ၏။

သူတို့ လှမ်းထွက်ခိုက်မှာပင် လေပြင်းတစ်ချက် တိုးဝင်လာ



၏။ အခေါင်းပေါ်မှ ပစ္စည်းတစ်ခုသည် လေနှင့်အတူ လွင့်ပါလာပြီးသူတို့နှစ်ယောက် ရှေ့ကြမ်းပြင်ပေါ်သို့ ကျသွား၏။

ကျင်းစုနှင့်ရှမ်းကုံးတို့နှစ်ယောက် ခြေလှမ်းရပ်သွားကြလေသည်။ ကြမ်းပြင်ပေါ်မှ အရာဝတ္ထုကို ငြိုငြင်တူငုံ့ကြည့်လိုက်ကြသည်။ ထိုပစ္စည်းမှာ စာရွက်တစ်ရွက် ဖြစ်ပါသည်။ တစ်ပေပတ်လည်ခန့်ရှိပြီး မင်နီဖြင့် စာလုံးခပ်ကြီးကြီး ရေးထားသည်ကို တွေ့ရ၏။

ရှမ်းကုံးက ခြေမြန်လက်မြန်ဖြင့် ဖျတ်ခနဲ ကောက်ယူကာဖတ်ကြည့်လိုက်လေသည်။ စာရွက်ပေါ်၌ ...

"ရွှေဓားချန် ခွန်း၏ ရုပ်ကလာပ်"

ဟု ရေးထားသည်ကို အတိုင်းသား တွေ့မြင်ရလေသည်။

"ဟင်"

"ဟာ"

ရှမ်းကုံးသာမက ကျင်းစုပါ လွှတ်ခနဲ ရေရွတ်လိုက်မိလေသည်။ ယှဉ်လျက်ချထားသော အခေါင်းခုနစ်လုံးကို ပြန်လှည့်ကြည့်လိုက်မိကြ၏။

ထိုစာရွက်သည် ဝဲဘက်အစွန်ဆုံး အခေါင်းပေါ်၌ ကပ်ထားရာမှ လေတိုက်သဖြင့် ကွာကျလာခဲ့သည် မဟုတ်ပါလား။ ရှမ်းကုံးကမယုံကြည်နိုင်သောလေသံဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



“ရွှေဓားချန်ခွန်း ဘယ်တုန်းက သေသွားပါလိမ့်”

ဟု ပြောလေသည်။ ကျင်းစုက ...

“မဖြစ်နိုင်တာဘဲ၊ ငါတို့ ခရီးထွက်ခါနီးလေးမှာ တယန်းမြို့ဝန်ရဲ့ ညွှန့်ခံပွဲကိုတက်ဖို့ သူရောက်လာတာ တွေ့ခဲ့ရသေးတာပဲ”

ရှမ်းကုံးက ...

“ဆရာကျင်း ... သူဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ သိုင်းသမားကြီးတစ်ယောက်ပါနော်၊ သူ့ကို ရှင်းပစ်ဖို့ မလွယ်ဘူး ထင်ပါတယ်”

ဟုပြောရင်း ထင်မြင်ချက် တောင်းခံလိုက်လေသည်။ ကျင်းစု ခေါင်းညိတ်လိုက်သည်။

“ဒါ အမှန်ပဲ၊ သူ့ကို ရှင်းပစ်ဖို့မပြောနဲ့ သူ့အနားကို ကပ်ဖို့တောင် မလွယ်လှဘူး၊ ကျုပ်သာ သူနဲ့ယှဉ်ပြိုင်ရမယ်ဆိုရင် သိုင်းကွက်သုံးကွက်တောင် ခံနိုင်မှာ မဟုတ်ဘူး”

သူတို့သည် ဝဲဘက်အစွန်ဆုံးရှိ အခေါင်းကို တစ်ကျော့ပြန် ကြည့်လိုက်မိကြလေသည်။ ထိုအခေါင်းအတွင်း၌ သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေသည့် ရွှေဓားချန်ခွန်း၏အလောင်း ရှိနေသည်လော။

ရှမ်းကုံးက ...



“ရွှေဓားချန်ခွန်းရဲ့အခေါင်းက ဒီမှာ ရှိနေတယ်ဆိုရင် အခြားအခေါင်းတွေဟာ ဘယ်သူဘယ်ဝါတွေရဲ့ အခေါင်းတွေ ဖြစ်နေမလဲ မသိဘူးနော် ဆရာကျင်း”

ကျင်းစုက အနည်းငယ် စဉ်းစားလိုက်ပြီးမှ ကိုယ်နှင့်မဆိုင်သော်လည်း စုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်လေတော့သည်။ ဖယောင်း တိုင် တစ်ချောင်းကို သွားယူလာပြီး ယှဉ်၍ ချထားသော အခေါင်း များကို ကြည့်လိုက်၏။

ရွှေဓားချန်ခွန်း၏ အခေါင်းနှင့်ယှဉ်လျက်ရှိသော အခေါင်းပေါ်တွင်လည်း စာရွက်တစ်ရွက်ကပ်ထားပြီး မင်နီဖြင့် စာလုံးခပ်ကြီးကြီး ရေးထား၏။

စာရွက်ပေါ်၌ ရေးထားသော မင်နီစာလုံးမှာ ...

“ဖျိုင်းဖြူကျောက်ဖုံး”

ဟူ၍ ဖြစ်လေသည်။ ကျင်းစု မျက်လုံးပြူးသွားသည်။ ရှမ်းကုံးက ...

“မယုံနိုင်စရာကောင်းလိုက်တာ၊ ဖျိုင်းဖြူကျောက်ဖုံးဟာ နေပြည်တော်က ကျင်းပတဲ့ သိုင်းပြိုင်ပွဲမှာ ကိုယ်ဖော့ပညာနဲ့ ပတ်သက်ပြီး ပထမရခဲ့တာကြောင့် ဆုလာဘ်တွေရပြီး နေပြည်တော်မှာ အပန်းဖြေအနားယူနေတာ လူတိုင်းအသိပဲ”

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို ကျင်းစုလည်းသိထားပါသည်။ ဖျိုင်းဖြူကျောက်ဖုံးသည် ကိုယ်ဖော့ပညာနှင့် ပတ်သက်လာလျှင် ပြိုင်စံရှားသူဖြစ်ကြောင်း သိုင်းလောကတစ်ခုလုံးက အသိအမှတ်ပြုထားသူဖြစ်လေသည်။ ကျင်းစုက ...

"ရွှေဓားချန်ခွန်း၊ ဖျိုင်းဖြူကျောက်ဖုံး၊ နောက်တစ်ယောက်ကကော"

ဟု တွေးကာ တတိယအခေါင်းကို ကြည့်လိုက်၏။ ထိုအခေါင်းပေါ်၌ ကပ်ထားသော စာရွက်ပေါ်တွင် ...

"ခြသေ့်ကြီးထိချူး"

ဟု ရေးထားလေသည်။

"ဒါ မဖြစ်နိုင်ဘူး"

ကျင်းစုက ကျန်အခေါင်းများကို ဆက်လက်စစ်ဆေးကြည့်လိုက်၏။

"ရဟတ်ရဲတိုက်ပိုင်ရှင် ကျိုသန်း"

"မိုးကြိုးလက်ဝါးကွမ်းကြိုးလု"

"မီးလျှံရှောင်အင်း"

"ရေလှိုင်းရှောင်ချင်း"

ကျင်းစု မှင်တက်မိသွား၏။ သို့သော် ချက်ချင်းပင် သိုင်း



လောက၏ အလွန်ကြောက်မက်ဖွယ်ကောင်းသော ကိစ္စကြီးတစ်ခုနှင့် မမျှော်လင့်ဘဲ ကြုံတွေ့မိပြီးဖြစ်ကြောင်း သတိဝင်လာသည်။ ကျင်းစုသည် အချိန်မဆိုင်းတော့ဘဲ ...

"လာခဲ့"

ရှမ်းကုံး၏ လက်ကိုဆွဲကာ အိမ်ကြီးအပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

✽

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကတွင် ထင်ရှားသော သိုင်းသမား အများအပြား ရှိကြလေသည်။ ထိုထင်ရှားသော သိုင်းသမားများအနက် မသိသူမရှိသလောက် ကျော်ကြားသည့် သိုင်းသမားကြီးများ ရှိကြလေသည်။

လှည်းနေလှေအောင်း မြင်းဇောင်းမကျန်အောင် လူသိများထင်ရှားသော သိုင်းသမားကြီးများတွင် ရွှေဓား ချန်ခွန်း၊ ဖျိုင်းဖြူကျောက်ဖုံး၊ ရဟတ်ရဲတိုက်ပိုင်ရှင် ကျိုသန်း၊ မိုးကြိုးလက်ဝါး ကွမ်းကြိုးလု၊ မီးလျှံရှောင်အင်း၊ ရေလှိုင်း ရှောင်ချင်း ... စသော သိုင်းသမားကြီး ခုနစ်ယောက်သည်လည်း ပါဝင်လျက်ရှိလေသည်။

ထိုသိုင်းသမားကြီး ခုနစ်ယောက်သည် သိုင်းလောကအကျိုးကို သယ်ပိုးဆောင်ရွက်နေကြသော အဖြူရောင်သိုင်းသမားကြီးများလည်းဖြစ်၍ လူအများ၏ ချစ်ခင်ကြည်ညိုလေးစားခြင်းကို ခံကြရလေသည်။

ယခု ငှက်မျောချောင်းအနီး တောအုပ်ထဲရှိ အိမ်ကြီးတစ်လုံးအတွင်း၌ ထိုသိုင်းသမားကြီးခုနစ်ယောက်၏ အမည်တပ်ထားသော



အခေါင်းခုနစ်လုံး ရှိနေသည်။

အဘယ်ကြောင့်ပါနည်း။

သိုင်းလောက၌ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော အမှုကြီးများ ဖြစ်ပေါ်လာတော့မည်လော။

ထူးခြားသည်မှာ ထိုသိုင်းသမားကြီးများသည် တစ်ယောက်မှ သေဆုံးသွားခြင်းမရှိသေးဘဲ ခုနစ်ယောက်စလုံး သက်ရှိထင်ရှားရှိနေကြသေးခြင်း ဖြစ်ပေတော့သည်။

အသက်ရှင်နေသူများ၏ အမည်ကို အခေါင်းများ၌ ကပ်ထားခြင်းကြောင့် ထိုသူများသည် မကြာမီ သေဆုံးသွားကြရမည့်သူများ ဖြစ်နေကြသည်လော။

ကျန်းကျန်းမာမာဖြင့် အသက်ရှင်နေကြသူများအတွက် အခေါင်းများ အဆင်သင့်ပြင်ဆင်ထားသည်မှာ ရိုးသားသောကိစ္စမဖြစ်နိုင်တော့ပေ။

တစ်စုံတစ်ယောက်သည် ထိပ်သီးသိုင်းသမားကြီး ခုနစ်ယောက်အား အန္တရာယ်ပြုတော့မည့်သဘော ဆောင်နေပါသည်။

ထိုသူမှာ မည်သူဖြစ်ပါသနည်း။

အဘယ်ကြောင့် ထိပ်သီးသိုင်းပညာရှင် ခုနစ်ယောက်ကို အန္တရာယ်ပြုလိုရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ငွေကြယ်အာမခံဌာနခေါင်းဆောင် ကျင်းစုသည် အခေါင်းခုနစ်လုံးနှင့် အခေါင်းပေါ်တွင် ကပ်ထားသောစာရွက်များပေါ်မှ အမည်များကို တွေ့ရလျှင် ထိုသိုင်းသမားခုနစ်ယောက်သည် အပြင်လောက၌ အသက်ရှင်လျက်ရှိနေကြသေးကြောင်း သိထားပြီး တစ်စုံတစ်ယောက်က လုပ်ကြံသတ်ဖြတ်ရန် ကြံစည်နေကြောင်း ရိပ်မိသွားကာ ညာလက်ရုံး ရှမ်းကုံးကိုခေါ်ပြီး အလျှင်အမြန် ထွက်ပြေးသွားခြင်း ဖြစ်ပေတော့သည်။

ငွေကြယ်အာမခံဌာနသည် ထူးခြားပြီး လျှို့ဝှက်ဆန်းကြယ်သော ကိစ္စတစ်ခုနှင့် ကြုံတွေ့ခဲ့ရပြီး သူတို့ထံမှ တစ်ဆင့် ထူးခြားသည့် အိမ်ကြီးအကြောင်းသည် သိုင်းလောက၌ သတင်းပျံ့နှံ့သွားတော့သည်။

များမကြာမီ ကာယကံရှင် သိုင်းသမားကြီး ခုနစ်ယောက်သည် ထိုသတင်းကို ကြားသိသွားခဲ့ကြလေတော့သည်။

✱✱✱



## ပဟေဠိ

သုံးရက်။ ငွေကြယ်အာမခံဌာနမှ ကျင်းစုနှင့်ရှမ်းကုံးတို့ ရောက်ရှိခဲ့ကြပြီး နောက်သုံးရက်အကြာတွင် သိုင်းလောက ထိပ်သီး သိုင်းသမားကြီးများသည် ငှက်ပျောချောင်းဘေးရှိ အိမ်ကြီးဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာကြလေသည်။

✱

www.burmeseclassic.com

www.burmeseclassic.com



ငှက်မျောချောင်း …။

ယခု ငှက်မျောချောင်းအတွင်း၌ ရေစပ်စပ်သာ ရှိတော့လေသည်။ ချောင်းတစ်ခုလုံး သဲပြင်ကြီးဖြစ်နေသည်ဟု ဆိုရမည်။

အရှိန်အဟုန်ပြင်းစွာ ဝါးလုံးထိုးစီးဆင်းခဲ့သော ချောင်းရေများသည် ဘယ်ရပ်ဘယ်ဝယ် ရောက်ရှိသွားပြီ မသိပါ။ အကယ်၍ ချောင်းကူးတံတား ပျက်စီးသွားခြင်းမရှိပါက ရေကြီးခဲ့သည်ဟု ထင်စရာရှိမည် မဟုတ်ပေ။

သဘာဝတရားသည် ဆန်းကြယ်လှပေသည်။ သဘာဝတရားထက် ပို၍အံ့သြစရာကောင်းအောင် ဆန်းကြယ်သည်မှာ လူသားတို့၏ စိတ်အစဉ် ဖြစ်လေသည်။

ငှက်မျောချောင်းနှင့် မလှမ်းမကမ်းတွင်ရှိသော တောအုပ်ထဲ၌ အိမ်ကြီးတစ်လုံး ရှိသည်။ ထိုအိမ်ကြီးအတွင်း၌ ထိပ်သီးသိုင်းသမားကြီး ခုနစ်ယောက်အတွက် ရည်စူးထားသော အခေါင်းများရှိနေသည်ဟူသော သတင်းများ ထွက်ပေါ်လာသဖြင့် စိတ်ဝင်စားသူများကလည်း လာရောက်ကြည့်ရှုကြလေတော့သည်။



•

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်လေသည်။ နံနက်ခင်း နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပ၍ နေလေသည်။

ကျေးငှက်ကလေးများသည် ဘာသာဘာဝ တေးကို သီဆိုလျက်ရှိကြသည်။ ရောင်စုံတောပန်းများကလည်း ငွားငွားစွင့်စွင့် ဖူးပွင့်နေကြသည်။

ရေမြေတောတောင် သဘာဝအလှအပများသည် ဆေးရေးခြယ်၍ မမီအောင် သာယာလှပနေလေသည်။ ထိုစဉ် လူနှစ်ယောက်သည် တောလမ်းကလေးအတိုင်း လျှောက်လှမ်းလာနေကြလေသည်။

ထိုလူနှစ်ယောက်မှာ တစ်ယောက်က ဝဝပုပု၊ ထိပ်ပြောင်ပြောင်ရှိသည်။ သူ၏နဖူးအရေပြားမှာ နီရဲ၍နေလေသည်။ ထို့ကြောင့်လည်း ထိုလူအား အပေါင်းအဖော်များက ထိပ်နီဟု ခေါ်ကြသည်မှာ မဆန်းလှချေ။

ကျန်တစ်ယောက်မှာ ခန္ဓာကိုယ်ပိန်ပိန်ပါးပါး၊ မျက်လုံးပြူး

www.burmeseclassic.com

www.burmeseclassic.com



ပြုံး ရှိသူဖြစ်လေသည်။ သူ၏အမည်မှာလည်း မျက်ပြုံးဖြစ်သည်။ ထိပ်နီနှင့်မျက်ပြုံးသည် အလွန်ချစ်ခင်ကြသော သူငယ်ချင်းများ ဖြစ်လေသည်။ သူတို့သည် တစ်နေ့တွင် နာမည်ကျော် သိုင်းသမားများ ဖြစ်လာရန် မျှော်လင့်ထားကြသူများ ဖြစ်ကြသည်။

ငယ်ရွယ်စဉ်ကပင် သိုင်းဆရာကြီးများထံတွင် တပည့်ခံရင်း သိုင်းပညာ သင်ယူခဲ့လေသည်။ သို့သော် သူတို့သည် ဝီရိယရှိသော်လည်း ဉာဏ်ရည်ဉာဏ်သွေး ညံ့ဖျင်းသဖြင့် ခက်ခဲနက်နဲသော သိုင်းပညာရပ်များကို လေ့လာမှတ်သားရန် မစွမ်းသာခဲ့ကြပါချေ။

ထို့ကြောင့်လည်း ဆရာတစ်ယောက်ပြီး တစ်ယောက် ပြောင်း ကာ သင်ကြားခဲ့ကြသော်လည်း သိုင်းပညာ အနည်းအကျဉ်း တတ် မြောက်ခဲ့ကြရုံမှလွဲပြီး ထိပ်တန်းအဆင့်သို့ မရောက်ခဲ့ကြပေ။

မည်သို့ဆိုစေ သူတို့သည် ကိုယ့်ကိုယ်ကိုယ် သိုင်းသမားများ ဖြစ်သည်ဟု ခံယူထားပြီးကြလေသည်။ သိုင်းလောက၏ကိစ္စများသည် သူတို့နှစ်ယောက်နှင့် ပတ်သက်နေသည်ဟုလည်း ခံယူထားကြသည်။

သို့ဖြစ်၍ ငှက်မျောချောင်းအနီးမှ အိမ်အိုကြီး၏သတင်းကို ကြားရလေသောအခါ နှစ်ယောက်သား ချက်ချင်း လာခဲ့ကြခြင်း ဖြစ်ပေတော့သည်။



ထိပ်နီဖြင့်မျက်ပြုံးသည် တောလမ်းအတိုင်း ခပ်သုတ်သုတ် လျှောက်လာကြရင်း ...

"အိမ်ကြီးထဲမှာ အခေါင်းခုနစ်လုံးယှဉ်ပြီး ချထားတယ်၊ အခေါင်းတွေပေါ်မှာ ထိပ်သီးသိုင်းသမားကြီးတွေရဲ့ နာမည်တွေကို စာရွက်ပေါ်မှာ ရေးပြီး ကပ်ထားတယ်ဆိုတော့ အတော် ထူးဆန်းတဲ့ ကိစ္စပဲကွ"

မျက်ပြုံးက ပြောလေသည်။ ထိပ်နီက ...

"အေး ... အဲဒီသိုင်းသမားကြီးတွေသာ တစ်ယောက်မှ သေဆုံးမသွားကြသေးဘူး၊ အားလုံး သက်ရှိထင်ရှား သိုင်းလောကမှာ ရှိနေကြသေးတယ်ကွ၊ ဒါကြောင့် အိမ်ကြီးထဲက လူဟာ ထိပ်သီး သိုင်းဆရာကြီးတွေအပေါ် မကောင်းကြံမယ့် စိတ်ထားရှိသလို အကောက်ကြံဖို့ စီစဉ်ထားတယ်ဆိုတာ ထင်ရှားနေတာပေါ့၊ ငွေကြယ် အာမခံဌာနက လူတွေသာ မတော်တဆ မတွေ့ခဲ့ဘူးဆိုရင်တော့ ဒီကိစ္စကို ဘယ်သူမှတောင် သိလိုက်ကြမှာမဟုတ်ဘူး"

မျက်ပြုံးက ...

"အိမ်ကြီးပိုင်ရှင် ဘယ်သူလဲ၊ ဘာကြောင့် သိုင်းသမားကြီးတွေကို ဒုက္ခပေးချင်ရတာလဲဆိုတာ သိရရင် သိပ်ကောင်းမှာပဲ"

ထိပ်နီက ...

www.burmeseclassic.com

www.burmeseclassic.com



"ခက်ပါလား၊ တို့က ဒီကိစ္စကို စုံစမ်းဖော်ထုတ်ဖို့ လာခဲ့ကြတာပဲ မဟုတ်လား၊ တို့သာ ဖော်ထုတ်ဖြေရှင်းနိုင်မယ်ဆိုရင် တို့နှစ်ယောက်စလုံး သိုင်းလောကမှာ နေ့ချင်းညချင်း နာမည်ကြီးသွားကြတော့မှာပဲကွ"

မျက်ပြူးက ရယ်မောလိုက်လေသည်။

"ဟဲ ဟဲ ဟဲ၊ တို့က သိုင်းလောကမှာ ထင်ပေါ်ကျော်ကြားနိုင်အောင် ကြိုးစားခဲ့ကြတာ ဘယ်လောက်ကြာပြီလဲ၊ ခုမှပဲ အခွင့်အရေးရတော့တယ်၊ တို့နှစ်ယောက်စလုံး မကြာခင် အားလုံးရဲ့ လေးစားမှုကို ခံရတော့မယ်"

"ဒါပေါ့ကွ"

ထိပ်နီက ထောက်ခံလိုက်သည်။ နှစ်ယောက်သား စကားတပြောပြောဖြင့် လျှောက်လာကြရာ အိမ်ကြီးအနီးသို့ပင် ရောက်လာကြလေတော့သည်။

နှစ်ယောက်သား ခြေလှမ်းရပ်လိုက်ကြသည်။ အိမ်ကြီးကို လှမ်းကြည့်လိုက်ကြသည်။ အိမ်ကြီးမှာ ရှေးဟောင်းလက်ရာဖြစ်ပြီး တစ်ချိန်က ခမ်းနားထည်ဝါခဲ့မည်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေလေသည်။

ကျွန်းသစ်များဖြင့် အခိုင်အခံ့ဆောက်လုပ်ထားခြင်းကြောင့်



ယခုတိုင် ပျက်စီးယိုယွင်းခြင်း မရှိသေးချေ။ ထိပ်နီနှင့် မျက်လုံးပြူးတို့သည် အိမ်ကြီးကို အကဲခတ်ကြည့်ကြရာတွင် တံခါးမကြီးသည် လည်းကောင်း၊ ပြတင်းတံခါးများသည်လည်းကောင်း၊ ဟာလာဟင်းလင်းဖွင့်ထားသည်ဖြစ်၍ ထိပ်နီက ...

"တံခါးတွေ ဖွင့်ထားတာကိုကြည့်ရင်း အိမ်ထဲမှာ လူရှိနေလိမ့်မယ်"

ဟု ပြောလေသည်။ မျက်ပြူးက ...

"ဟုတ်တယ်၊ အခေါင်းတွေကိုလည်း သူကပဲ စီစဉ်ထားတာဖြစ်လိမ့်မယ်"

သူတို့ ဉာဏ်မီသလောက် ဝေဖန်လိုက်ကြလေသည်။ ထိုစဉ်မလှမ်းမကမ်းတစ်နေရာမှနေပြီး လူတစ်ယောက် ထွက်ပေါ်လာကာ အိမ်ကြီးအတွင်းသို့ ဝင်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟင်"

ထိပ်နီနှင့် မျက်ပြူးတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"လူတစ်ယောက်ပါလား"

"ဟုတ်တယ်"

သူတို့ပြောဆိုနေကြစဉ် အိမ်ထဲသို့ဝင်သွားသူသည် မြင်

www.burmeseclassic.com

www.burmeseclassic.com



ကွင်းမှ ပျောက်ကွယ်သွားလေသည်။ ထိပ်နီက ...

"အိမ်ရှင်ဟာ သူပဲဖြစ်ရမယ်"

မျက်ပြူးက ...

"ဟုတ်ပြီ ... ကျုပ်တို့တွေ့ရမှာ သူပေါ့"

"ဟုတ်တယ်"

"ဒါဖြင့် ဘာကြောင့် အချိန်ဖြုန်းနေရတာလဲ"

နှစ်ယောက်သားအိမ်ကြီးဆီသို့ ပြိုင်တူပြေးလွှားသွားလိုက်ကြလေတော့သည်။

✸



•

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ပြေးလွှားလာသော ခြေသံများ ထွက်ပေါ်လာမှ ဆူဆူညံညံ ဖြစ်သွားလေသည်။

ထိပ်နီနှင့်မျက်ပြူးတို့ တစ်ဟုန်ထိုး ပြေးလွှားသွားကြရာ တစ်ခဏအတွင်းမှာပင် အိမ်ကြီးအတွင်းသို့ ရောက်ရှိသွားကြလေသည်။

အိမ်ထဲသို့ရောက်လျှင် ကျယ်ဝန်းသောဧည့်ခန်းအတွင်း၌ ယှဉ်တွဲ၍ ချထားသော အခေါင်းများကို တွေ့မြင်လိုက်ရလေသည်။ ကြားခဲ့ရသည့် သတင်းအတိုင်း ဖြစ်နေပြီ မဟုတ်ပါလား။

အခေါင်းများအနီး၌ လူတစ်ယောက် ရှိနေသည်ကိုလည်း တွေ့ရလေသည်။ ထိုလူမှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး အသက်လေးဆယ်ခန့်ရှိသူ ဖြစ်လေသည်။

ထိပ်နီနှင့်မျက်ပြူးတို့သည် ချက်ချင်းပင် ခါး၌ ချိတ်ဆွဲထားသော ဓားများကို ဆွဲထုတ်လိုက်ကြလေသည်။

'ခြွမ်း ... ခြွမ်း'

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။ အဖြူ ရောင်ဝတ်ထားသူက လှည့်ကြည့်လာသည်။ ဓားကိုင်ကာ ပြေးဝင်လာကြသည့် ထိပ်နီနှင့် မျက်ပြူးကို အံ့သြစွာ ကြည့်လာလေသည်။

ထိပ်နီနှင့် မျက်ပြူးတို့သည် ထိုလူအနီးသို့ ရောက်ရှိသွားကြပြီး ရှေ့နောက်ညှပ်ကာ ဝိုင်းရံထားလိုက်ကြလေသည်။

ထိပ်နီက ...

"မပြေးနဲ့"

ဟု ပေါက်လိုက်ပြီး မျက်ပြူးက ...

"ခင်ဗျား ဘာတတ်နိုင်သေးလဲ၊ ခင်ဗျားရဲ့ မကောင်းတဲ့ အကြံအစည်တွေကို ဟန့်တားဖို့ ကျုပ်တို့ လာခဲ့ကြတာပဲ"

ဟု ပြောပြလေသည်။ ထိုလူက ...

"မင်းတို့ ဘာတွေပြောနေကြတာလဲ"

ထိပ်နီက ...

"ခင်ဗျား မသိချင်ယောင် ဆောင်မနေပါနဲ့ဗျာ၊ ဒီအခေါင်းတွေဟာ ခင်ဗျားအတွက် ဖြစ်သွားလိမ့်မယ်"

"ဘာ"

"ခင်ဗျား အေးအေးဆေးဆေး အဖမ်းခံမလား၊ ဒါမှမဟုတ် ကျုပ်တို့က ဆုံးမရမလား"



ထိပ်နီသည် ပြောပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ ထိုလူက မဲ့ပြုံးပြုံးလိုက်သည်။

"ဩော် ... ကျုပ်ကို ဆုံးမမလို့ကိုး၊ ကောင်းပြီလေ၊ မင်းတို့ ဘယ်လောက် အစွမ်းအစမရှိသလဲ ကြည့်သေးတာပေါ့"

ဟုပြောကာ လက်နှစ်ဖက် နောက်ပစ်လျက် အေးအေးဆေးဆေး ရပ်နေလိုက်လေသည်။ ထိပ်နီက နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျားကကော ဘယ်လောက်တတ်နိုင်မှာမို့လဲ"

စကားဆုံးလျှင် ဓားရွှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

"ယား"

မျက်ပြူးကလည်း အားကျမခံ ဝင်ရောက်တိုက်ခိုက်လေသည်။ သူတို့သည် တတ်မြောက်ထားသော သိုင်းကွက်များ ထုတ်ဖော်ကာ အသုံးပြုတိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

သူတို့၏လက်ချက်ကြောင့် အဖြူရောင်ဝတ်ထားသူ အရေးနိမ့်ကာ မရှုမလှ ခံလိုက်ရမည်ဟု ယုံကြည်ထားကြလေသည်။

သို့သော် ...

'ခြွမ်း'

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီး ဓားနှစ်လက် ပြင်းထန်စွာခုတ်မိကြလေသည်။ ထိပ်နီ၏လက် ထုံကျဉ်သွားကာ ...

"ဟေ့ ... ဘယ်လိုလုပ်တာလဲ"

ဟုအော်ပြောရင်း ဓားကို ရုပ်သိမ်းလိုက်၏။ မျက်ပြူးက လည်း ...

"မင်းက ရန်သူကိုတော့ မတိုက်ဘဲ ဘာကြောင့် ငါ့ကိုတိုက် ရတာလဲကွ"

ဟု အော်လိုက်သည်။ ထိပ်နီက ...

"မင်းကကော ငါ့ကို တိုက်ခိုက်တာပဲ မဟုတ်လား"

"မင်းကို ငါ မတိုက်ဘူး"

"ငါလည်း မတိုက်ဘူး"

နှစ်ယောက်သား အချင်းများနေကြတော့သည်။ အမှန် တော့ သူတို့သည် အဖြူရောင် ဝတ်ဆင်ထားသူအား ရှေ့နောက် နှစ်ဖက်ညှပ်ကာ တိုက်ခိုက်ကြရာတွင် အဖြူရောင် ဝတ်ထားသူက အသာအယာ ရှောင်ထွက်သွားသဖြင့် အချင်းချင်း တိုက်ခိုက်မိလိုက် ကြခြင်း ဖြစ်ပေတော့သည်။

နှစ်ယောက်သား ငြင်းခုံနေကြပြီးမှ အဖြူရောင် ဝတ်ထား သူ သတိရလာပြီး ရှာဖွေကြည့်လိုက်သောအခါ ထိုလူမှာ မလှမ်း



မကမ်းသို့ ရောက်ရှိနေပြီး အခြားလူတစ်ယောက်နှင့် စကားပြောနေ သည်ကို တွေ့ရလေသည်။ အဖြူရောင်ဝတ်ထားသူကား သူနှင့် စကားပြောဆိုနေသူသာမက ဟိုနားသည်နားတွင် လူအချို့ရှိနေ သည်ကို တွေ့ရ၏။

"တစ် ... နှစ် ... သုံး ... လေး"

ထိပ်နီက ရေတွက်ကြည့်လိုက်သောအခါ အိမ်ကြီးအတွင်း၌ လူလေးယောက်ခန့် ရောက်ရှိနေကြသည်ကို တွေ့ရလေသည်။ ထိပ်နီနှင့် မျက်ပြူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ လေသည်။

"ဘာတွေဖြစ်ကုန်ပြီလဲ"

ဟု ညည်းတွားမိလိုက်ကြလေသည်။ မှန်ပေသည်။ မည်သို့ ဖြစ်ပျက်နေသည်ကို သူတို့ မသိနိုင်ကြပါတော့ချေ။ အိမ်ကြီးအတွင်း၌ ရောက်ရှိနေကြသူများသည် လည်းကောင်း၊ အဖြူရောင်ဝတ်ဆင် ထားသူသည် လည်းကောင်း သူတို့အား ဂရုမစိုက်ကြချေ။

အချင်းချင်း ပြောဆိုနေကြလေသည်။

"ဘယ်လိုလဲ ... ထူးခြားမှုကို တွေ့သလား"

"ကျုပ်တို့ တစ်အိမ်လုံး နှံ့အောင်ရှာပြီးပြီ၊ အိမ်အပြင်ဘက် အနီးပတ်ဝန်းကျင်မှာလည်း ရှာဖွေကြည့်ပြီးပြီ ထူးခြားတာ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူး”

“သူ့ကို မတွေ့ရဘူးဆိုတော့ ရှောင်တိမ်းသွားတာပဲ ဖြစ်မယ်၊ ဒါပေမဲ့ ... ကျုပ်တို့ ဒီမှာ ဖွဲ့ရှိရှိနဲ့ စောင့်နေကြရင် သူပြန်ရောက်လာတဲ့အခါ တွေ့ရမှာပဲ”

“သူပြန်လာမယ် ထင်လို့လား”

“ဒီအိမ်ထဲမှာ အခေါင်းတွေပြင်ထားတာကိုကြည့်ရင် သူပြန်လာလိမ့်မယ်ဆိုတာ ထင်ရှားနေတာပဲ”

“ကောင်းပြီလေ၊ ကျုပ်တို့ ဒီမှာပဲ စခန်းချနေလိုက်ကြတော့ပေါ့ဗျာ”

ထိပ်နီနှင့်မျက်ပြူးတို့သည် နားမလည်နိုင်စွာဖြင့် အချင်းချင်း ကြားလိုက်ကြလေသည်။ ထိပ်နီသည် စိတ်မြန်လက်မြန်ဖြင့် အဖြူရောင်ဝတ်ထားသူအနီးသို့ လှမ်းသွားလိုက်ပြီး ...

“ခင်ဗျားဟာ ဒီအိမ်ပိုင်ရှင် မဟုတ်ဘူးလားဗျာ”

ဟု မေးလိုက်လေသည်။ ထိုလူက ...

“ကျုပ်နာမည် ပါစုလို့ ခေါ်ပါတယ်၊ ထူးခြားလှတဲ့ ဒီအိမ်ရဲ့ အကြောင်းကို လာပြီးစုံစမ်းဘာပါ”

“ဗျာ”

မမျှော်လင့်သောစကား ကြားလိုက်ရလျှင် ထိပ်နီ ပါးစပ်



အဟောင်းသား ဖြစ်သွားလေတော့သည်။ အနီးသို့ ရောက်လာသော မျက်ပြူးက ...

“ခင်ဗျားက အိမ်ရှင်မဟုတ်ဘူးပေါ့”

ဟု ပြောလေသည်။ အဖြူရောင်ဝတ်ထားသူ (ဝါ) ပါစုက ခေါင်းခါယမ်းလိုက်သည်။

“မဟုတ်ပါဘူးဗျာ၊ ကျုပ်ဟာ ကျင်းလိန်မြို့က လာခဲ့တာပါ”

ထိပ်နီနှင့်မျက်ပြူးတို့သည် ပါစုအား အထင်မှားကာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်ကြလေတော့သည်။ ပါစုက ပြုံးလိုက်သည်။

“ကျုပ်ကို အိမ်ရှင်မှတ်ပြီး မင်းတို့ တိုက်ခိုက်ခဲ့ကြတာ မဟုတ်လား”

“ဟုတ်ပါတယ်ဗျာ”

“ကျုပ်တို့ မှားသွားပါတယ်”

ထိပ်နီတို့က ဝန်ခံလိုက်ကြလေသည်။ ပါစုက ...

“ကျုပ်တို့ကလည်း အိမ်ရှင်ဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်၊ အခေါင်းတွေကို ဘာကြောင့် ပြင်ဆင်ထားရတယ်ဆိုတာ စုံစမ်း ဖော်ထုတ်ဖို့ လာခဲ့တာပါပဲ”

www.burmeseclassic.com

www.burmeseclassic.com



ထိပ်နီက ...

"ထူးခြားမှုတွေ့ပြီလားဗျာ"

ပါစုက ခေါင်းခါယမ်းလိုက်လေသည်။

"အခုထိတော့ ဘာမှမထူးသေးပါဘူး၊ ဒါပေမဲ့ မကြာခင် ထူးခြားလာမှာ သေချာပါတယ်"

ထိပ်နီက ...

"ကျုပ်တို့ကော နောင်ကြီးနဲ့အတူ ဝိုင်းဝန်းကူညီဆောင်ရွက်လို့ မရဘူးလားဗျာ"

ဟု မေးလိုက်လေသည်။ ပါစုက ရယ်မောလိုက်လေသည်။

"ရပါတယ်ဗျာ၊ ရပါတယ်"

ထိုစဉ် ...

"မင်းတို့ ဒီမှာနေလို့ မရဘူး"

အေးတိအေးစက် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ အားလုံး လှည့်ကြည့်လိုက်ကြလေသည်။ ထိုအခါ အဘိုးအိုတစ်ယောက်က အိမ်ထဲ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိပ်နီနှင့်မျက်ပြူးတို့ မကျေမနပ် ဖြစ်သွားကြလေသည်။ ထိပ်နီက ...



"ဒီအဘိုးကြီးက ဘယ်လိုသဘောလဲ"

မျက်ပြူးက ...

"ကျုပ်တို့ကိုတောင် မောင်းထုတ်ချင်နေပါလား"

ထိပ်နီက ...

"နောက်မှလည်း ရောက်လာသေးတယ်၊ သူကပဲ ကြီးကြီးကျယ်ကျယ် ကျုပ်တို့ ဘာကြောင့် ထွက်သွားရမှာလဲ"

သူတို့သည် အိမ်ကြီးထဲသို့ လှမ်းဝင်လာသည့် အဘိုးအိုအား အော်ငေါက်မောင်းထုတ်ရန် ဟန်ပြင်လိုက်ကြလေသည်။ ထိုစဉ် ...

"မင်းတို့ပါးစပ်တွေ ပိတ်ထားလိုက်ကြစမ်း"

ပါစုက ငေါက်လိုက်လေသည်။ ထိပ်နီနှင့်မျက်ပြူးတို့ အံ့ဩသွားကြ၏။ သူတို့က ပါးစပ်ပိတ်မထားလျှင် ပါစုသည် ရိုက်နှက်တော့မည့်အသွင်ပင် ရှိနေသည် မဟုတ်ပါလား။

ပါစုသည် မျက်ပြူးတို့အား အော်ငေါက်လိုက်သော်လည်း အိမ်ကြီးထဲ ဝင်လာသည့် အဘိုးအိုကိုမူ ချက်ချင်းဦးညွတ် ဂါရဝပြုလိုက်လေသည်။

"ဆရာကြီး ချန်ခွန်းကို ဂါရဝပြုပါတယ် ခင်ဗျာ"

ဟု ပြောလိုက်လေသည်။ ထိပ်နီနှင့်မျက်ပြူးတို့ ထိတ်လန့်သွားကြသည်။ ထိပ်နီက ...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးချန်ခွန်းဆိုပါလား။ ရွှေဓားချန်ခွန်းကို ပြောတာများလား"

"ဟုတ်လိမ့်မယ်၊ ဒီအဘိုးကြီးက ရွှေရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားတယ်၊ ခါးမှာ ရွှေဓားတစ်လက် ချိတ်ဆွဲထားတယ်၊ သေချာပါတယ်၊ သူဟာ ရွှေဓားချန်ခွန်းပါပဲ"

သူတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။ ချက်ချင်းပင် ရှေ့တိုးသွားကြပြီး ...

"ဆရာကြီး ချန်ခွန်းကို ဂါရဝပြုပါတယ် ခင်ဗျာ"

ဟု ပြိုင်တူပြောလိုက်ကြလေသည်။ အဘိုးအိုက သူတို့အား မျက်မှောင်ကြုတ်၍ ကြည့်ပြီး ...

"မင်းတို့ ထွက်မသွားကြသေးဘူးလား။ ဒီနေရာမှ မဆိုင်တဲ့ လူတွေ ရှိမနေသင့်ဘူး"

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။ ပါစုက ...

"ကောင်းပါပြီခင်ဗျာ၊ ဆရာကြီးတို့ သဘောမကျဘူးဆိုရင် ကျုပ်တို့ ထွက်သွားပါတော့မယ်"

စကားဆုံးလျှင် အိမ်ကြီးထဲမှ ထွက်သွားလေသည်။ အခြားသူများလည်း လိုက်သွားကြလေသည်။ နောက်ဆုံး ထိပ်နီနှင့်မျက်ပြူးတို့ နှစ်ယောက်သာလျှင် ကျန်ရစ်ခဲ့ကြလေသည်။ အဘိုးအိုက ...



"မင်းတို့ မသွားသေးဘူးလား"

ဟု ငေါက်လိုက်လေသည်။ ထိပ်နီနှင့်မျက်ပြူးတို့ မနေဝံ့ကြတော့ဘဲ ချက်ချင်းပြေးထွက်သွားကြလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ရွှေဓားချန်ခွန်း ...၊

ရွှေဓားချန်ခွန်းသည် ထူးဆန်းသောအိမ်ကြီးသို့ ရောက်လာပြီဖြစ်လေသည်။ မဆိုင်ဘဲနှင့် စပ်စပ်စုစုရောက်လာခဲ့ကြသူများ ထွက်သွားကြပြီမို့ အိမ်ကြီးအတွင်း၌ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ချန်ခွန်းသည် ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ ဧည့်ခန်းအလယ်တွင် ယှဉ်တွဲချထားသော ခေါင်းခုနစ်လုံးက ကျက်သရေမင်္ဂလာကင်းမဲ့စွာ ရှိနေပါသည်။

ချန်ခွန်းသည် အခေါင်းခုနစ်လုံးအနက် ဝဲဘက်အစွန်ဆုံးမှ ခေါင်းကို ကြည့်လိုက်လေသည်။ ထိုအခေါင်းပေါ်တွင် ...

"ရွှေဓားချန်ခွန်း"

ဟု ရေးထားသော စာရွက်ကပ်ထားသည် မဟုတ်ပါလား။ ချန်ခွန်း မဲ့ပြုံးပြုံးလိုက်လေသည်။ သူ့အတွက် ရည်စူးကာထားရှိသော အခေါင်းဆီသို့ လှမ်းသွားလိုက်သည်။ ထို့နောက် ...

"ဒီအခေါင်းဟာ ကျုပ်အတွက်တဲ့လား"



ဟုပြောကာ ဟားတိုက်ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ပြင်းထန်သော လေလှိုင်းများ ဖြစ်ပေါ်လာကာ တစ်အိမ်လုံး တုန်ခါသွားလေတော့သည်။

ရွှေဓားချန်ခွန်းသည် ဟားတိုက်ရယ်မောလိုက်ပြီးနောက် သူ၏ လက်တစ်ဖက်သည် ခါး၌ချိတ်ဆွဲထားသော ဓားဆီသို့ ရောက်ရှိသွားလေသည်။

'ရှပ်'

ဓားဆွဲထုတ်လိုက်သော မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်။ ချန်ခွန်းက ဓားကို ဝှေ့ယမ်းလိုက်သောအခါ ဝင်းလက်တောက်ပသော ရွှေရောင်အလင်းတန်းများ ဖြစ်ပေါ်လာလေသည်။ ဤတွင် ...

'ခွမ်း ... ခွမ်း ... ခွမ်း'

ရွှေဓားချန်ခွန်းဟု ရေးထားသောအခေါင်းမှာ အစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားလေတော့သည်။

'ခြွမ်း'

ရွှေဓားသည် ဓားအိမ်ထဲသို့ ပြန်လည်ရောက်ရှိသွားလေသည်။ ရွှေရောင်အလင်းတန်းများ ပျောက်ကွယ်သွားသည်။ ရွှေဓား

www.burmeseclassic.com

www.burmeseclassic.com



ချန်ခွန်း ကျေနပ်သွားလေသည်။

"ဒါ ... ပဏာမပဲ ရှိသေးတယ်၊ နောက်တစ်ခါဆိုရင် ရွှေမား ဟာ ကျုပ်ကိုစော်ကားတဲ့လူအတွက်ပဲ ဖြစ်ရမယ်"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားရန် ဟန်ပြင် လိုက်လေသည်။ ထိုစဉ် ခြေသံများ ထွက်ပေါ်လာပြီး အိမ်ကြီးထဲသို့ လူတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ချန်ခွန်းက ချက်ချင်းရင်ဆိုင်ရန် ဟန်ပြင်လိုက်၏။ သို့သော် ဝင်လာသူအား သေသေချာချာ တွေ့မြင်လိုက်ရသောအခါ သက်ပြင်း ချလိုက်လေသည်။

"မိတ်ဆွေကြီး ကျောက်ဖုံးကိုး"

ဟု ပြောလိုက်လေသည်။ ဝင်လာသူမှာ အဖြူရောင် ဝတ် ဆင်ထားသော ပိန်ပိန်ရှည်ရှည် အဘိုးအိုတစ်ယောက် ဖြစ်လေသည်။ ထိုအဘိုးအိုသည် ကိုယ်ဖော့ပညာနှင့်ပတ်သက်လျှင် သိုင်းလောကၡ ပြိုင်စံရှားသော ဖျိုင်းဖြူကျောက်ဖုံး ဖြစ်ပေတော့သည်။

ကျောက်ဖုံးသည် ရွှေမားချန်ခွန်း ရောက်နှင့်နေသည်ကို တွေ့လျှင် ...

"ဩော် ... ရွှေမားတောင် ရောက်နှင့်နေမှကိုး၊ ကျုပ်က နေပြည်တော်မှာ ကောင်းကောင်း အနားမယူလိုက်ရပါဘူးဗျာ၊



သတင်းဆိုးကြားတာနဲ့ ချက်ချင်း ထွက်လာခဲ့ရတာပဲ၊ ဘာတွေ ဖြစ်နေ တာလဲဗျ"

ဟု အကျိုးအကြောင်း မေးလေသည်။

ရွှေမားချန်ခွန်းက ...

"ကျုပ်လည်း ဘာမှမသိဘူး၊ ခင်ဗျား သတင်းကြားရသလို ကျုပ်လည်း သတင်းကြားရတာပဲ၊ ကျုပ်တို့က အသက်ရှင်လျက် ရှိ နေသေးပေမယ့် ကျုပ်တို့အတွက် အခေါင်းတွေ ဒီနေရာမှာ ရှိနေတာ တော့ မကောင်းဘူးလို့ ထင်တယ်"

ဖျိုင်းဖြူကျောက်ဖုံးက ...

"တစ်ယောက်ယောက်က ကျုပ်တို့ကို မကောင်းကြံစည်နေ တာတော့ ထင်ရှားတယ်၊ အဲဒီလူဟာ ဘယ်သူလဲဆိုတာ ဖော်ထုတ် ဆုံးမရလိမ့်မယ်"

ထိုစဉ် ...

"ဒီကိစ္စကို ကျုပ် တာဝန်ယူပါ့မယ်ဗျာ"

စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။ အိမ်ထဲသို့ လူ တစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ ထိုလူ မှာ သိုင်းလောကၡ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော မိုးကြိုး လက်ဝါး ကွမ်းကြိုးလု ဖြစ်လေသည်။ ကျောက်ဖုံးက ...

www.burmeseclassic.com

"မိတ်ဆွေကွမ်းကြိုးလုတောင် ရောက်လာပြီကိုး"

ဟု နှုတ်ဆက်လိုက်သည်။ ကွမ်းကြိုးလုသည် စိတ်ဆိုးသည့် အသွင် အထင်းသား ပေါ်လွင်နေ၏။

"ကျုပ်တို့ကို စော်ကားတဲ့လူကို တွေ့ပြီးလားဗျ"

ဟု မေးလေသည်။ ရွှေစားချန်ခွန်းက ...

"ကျုပ်တို့လည်း ခုမှရောက်လာကြတာဗျ၊ ရှာလို့မတွေ့ သေးဘူး"

ဟု ပြောလိုက်၏။ ကွမ်းကြိုးလုက ...

"ဒါဆို ... သူ့အတွက် ကျုပ်ကပဲ တာဝန်ယူလိုက်ပါ့မယ်"

စကားဆုံးလျှင် သူ၏အမည်ကို ရေးသားထားသော ခေါင်း ဆီသို့ လှမ်းသွားပြီး ...

"မိုးကြိုးလက်ဝါးကို လွယ်လွယ်နဲ့ မရဘူးဆိုတာ မှတ်ထား"

ဟု ကြိုးဝါးရင်း အခေါင်းကို လက်ဝါးဖြင့် ရိုက်ချလိုက်လေ သည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။ အခေါင်းမှာ အစိတ်စိတ်အမြွာမြွာ ပျက်စီးကြေမွသွားလေတော့သည်။ ကွမ်းကြိုး လုသည် ဒေါသစိတ်ကို လက်ဝါးတစ်ချက်ရိုက်ကာ ဖြေသိမ့်လိုက်ပြီး



လျှင်, ...

"မိတ်ဆွေတို့ စိတ်ရှင်းလက်ချပြန်နိုင်ကြပါပြီ၊ ကျုပ်က မသမာသူကို ဖော်ထုတ်ဆုံးမလိုက်ပါ့မယ်ဗျာ"

ထိုအခိုက်မှာပင် ...

"ရှင် ... ဒီလို လက်ဝါးကြီးအုပ်လို့ ဘယ်ရပါ့မလဲ"

စကားသံတစ်ချက် ထွက်ပေါ်လာသည်။ လူရိပ်နှစ်ခုသည် အိမ်ကြီးအတွင်းသို့ ရိပ်ခနဲ ရိပ်ခနဲ ခုန်ပျံကာ ပင်ရောက်လာကြသည် ကို တွေ့မြင်လိုက်ရလေသည်။

အသက်ငါးဆယ်ခန့်ရှိသော အဘိုးအိုတစ်ယောက်နှင့် အဘွားအိုတို့ ရောက်ရှိလာကြခြင်း ဖြစ်ပေတော့သည်။ အဘိုးအို သည် အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး အဘွားအိုမှာ အစိမ်းရောင် အဝတ်အစားများ ဝတ်ထားလေသည်။

သူတို့သည် မောင်နှမများဖြစ်ကြပြီး အဘိုးအိုသည် မီးလျှံ ရောင်အင်းဟု ယင်ရှားပြီး အဘွားအိုမှာ ရေလှိုင်းရှောင်ချင်းဟု ထင် ရှားသူ ဖြစ်သည်။

သူတို့နှစ်ယောက်အပြောက် ရည်စူးထားသော အခေါင်းနှစ် လုံး ရှိနေ၍လည်း သူတို့ရောက်လာကြခြင်း ဖြစ်ပေတော့သည်။ ကွမ်းကြိုးလုက ...

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရေမီးမောင်နှမ ရောက်လာကြပြီကိုး၊ ခင်ဗျား တို့အတွက် ရည်စူးထားတဲ့ အခေါင်းတွေ ရှိနေတယ်ဆိုတဲ့ သတင်းကို ကြားခဲ့ပြီးပြီထင်တယ်"

အဘွားအို (ဝါ) ရေလှိုင်းရှောင်ချင်းက ...

"ဟုတ်တယ်၊ ကျွန်မတို့ကို ဒီကိုလာပြီး စော်ကားလို့မရဘူး ရှင့်"

မီးလျှံရှောင်အင်းက ...

"ကျုပ်တို့ မောင်နှမအပေါ် စော်ကားတဲ့လူကို ကောင်း ကောင်းကြီး ဒဏ်ခတ်ရမယ်"

ဟု ဝင်ပြောလေသည်။ ကွမ်းကြိုးလုက ...

"ဒီကိစ္စဟာ အရူးတစ်ယောက်က လုပ်တာပဲ ဖြစ်မှာပါ၊ ဒါ ကြောင့် ခင်ဗျားတို့ အပင်ပန်းခံမနေကြပါနဲ့တော့၊ ကျုပ်ပဲ တာဝန် ယူလိုက်ပါ့မယ်"

ဟု ပြောလိုက်၏။ ရှောင်ချင်းက ...

"ဒီလို ဘယ်ရပ့ါမလဲရှင့်"

ကွမ်းကြိုးလုက မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက ဘယ်လိုလုပ်ချင်လို့လဲ"

"သူ့ကို ကျွန်မလက်ထဲ အပ်ရမယ်"



ထိုစကားကြားလျှင် ရွှေဓားချန်ခွန်း၊ ဖျိုင်းဖြူကျောက်ဖုံးနှင့် ကွမ်းကြိုးလုတို့ ပြုံးစေ့စေ့ ဖြစ်သွားကြလေသည်။ ရှောင်ချင်းက မကျေမနပ်ဖြင့် ...

"ရှင်တို့ ဘာပြုံးနေကြတာလဲ"

ဟု ပြောလေသည်။ ရွှေဓားချန်ခွန်းက ...

"ဒီအခေါင်းတွေရဲ့ကိစ္စဟာ ဘယ်သူ့လက်ချက်ဆိုတာ ခုထိ မသိရသေးပါဘူးဗျာ၊ တကယ်လို့ ခင်ဗျားတို့ တာဝန်ယူကြမယ်ဆိုရင် လည်း ကျုပ်က စိတ်အေးသွားပြီ၊ ကဲ ... ကျုပ်ကို ခွင့်ပြုကြဦးဗျာ"

စကားဆုံးလျှင် အိမ်ကြီးထဲ ထွက်သွားလေသည်။ ဖျိုင်းဖြူ ကျောက်ဖုံးက ...

"ဟုတ်တယ် ... ကျုပ်လည်း ဒီမှာ အချိန်ဖြုန်းနေသလို ဖြစ်နေတော့မယ်၊ ခွင့်ပြုပါဦးဗျာ"

စကားသံဆုံးလျှင် အိမ်ကြီးထဲမှ ထွက်သွားလေသည်။ ရွှေ ဓား ချန်ခွန်းနှင့် ဖျိုင်းဖြူကျောက်ဖုံးတို့ ထွက်သွားကြပြီဖြစ်လေသည်။ ကွမ်းကြိုးလုသည် မကျေမနပ်ဖြစ်နေသော ရှောင်ချင်းကို ကြည့်ကာ

"တရားခံကို ခင်ဗျား ဖော်ထုတ်မယ် ... ဟုတ်လား"

ဟု မေးလိုက်၏။ ရှောင်ချင်းက ရင်ကော့လိုက်ပြီး ...

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။ ကွမ်းကြိုးလှက …

"ကောင်းပြီ … ခင်ဗျားတို့ ဖော်ထုတ်နိုင်ပါစေလို့ ဆု တောင်းပါတယ်ဗျာ"

ထို့နောက် အိမ်ကြီးထဲမှ လက်နှစ်ဖက်နောက်ပစ်ကာ အေး အေးဆေးဆေးပင် ထွက်သွားလေတော့သည်။

✱✱✱



●

## ရည်ရွယ်သည့်အတိုင်း

အိမ်ကြီးအတွင်း၌ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ ဓွေ ဓား ချန်ခွန်း၊ ဗိုလ်မှူးဖြူကျောက်ဖုံးနှင့် မိုးကြိုးလက်ဝါး ကွမ်းကြိုးလှတို့ ထွက်သွားကြပြီ ဖြစ်လေသည်။

အိမ်ကြီးအတွင်း၌ မီးလျှံရှောင်အင်းနှင့် ရေလှိုင်းရှောင်ချင်း တို့ မောင်နှမနှစ်ယောက်သာလျှင် ကျန်ရစ်ခဲ့ကြလေသည်။ ရှောင် ချင်းက မျက်မှောင်ကုတ်ရင်း …

"သူတို့ ဘာကြောင့် ထွက်သွားကြတာလဲ"

ဟု ရေရွတ်လိုက်လေသည်။ ရှောင်အင်း ပြုံးလိုက်သည်။

"ငါ့ညီမကို ကြောက်လို့ဖြစ်မှာပေါ့"

ရှောင်ချင်း နှာခေါင်းရှုံ့လိုက်သည်။

"ဟွန်း … သူတို့လား ကျွန်မကိုကြောက်မှာ"

"မသိဘူးလေ"

"အစ်ကိုကြီး … ဒီကိစ္စဟာ နောက်ပြောင်ကြတယ်ရမ

www.burmeseclassic.com

www.burmeseclassic.com



မျိုးမဟုတ်ဘူး၊ တစ်စုံတစ်ယောက်က ကျွန်မတို့မောင်နှမနှစ်ယောက်ကို သတ်ပစ်ချင်နေတယ်ဆိုတာ အစ်ကိုကြီးတွေ့တဲ့အတိုင်းပဲ"

သူတို့၏ အမည်မျှားရေးဆွဲကာ ယှဉ်တွဲချထားသော အခေါင်းနှစ်လုံးကိုညွှန်ပြကာ ပြောလိုက်လေသည်။ ရှောင်အင်းက ...

"အင်း ... သူက သိုင်းလောကရဲ့ ထိပ်ထိပ်ကျဲ သိုင်းသမားကြီး ခုနစ်ယောက်ကိုမှ ရွေးပြီး ဒုက္ခပေးချင်တာ နည်းတဲ့သတ္တိမဟုတ်ဘူး၊ ဒါပေမဲ့ ကိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ်နေပြီဆိုတာ မသိသေးဘူး ထင်တယ်"

ရှောင်ချင်းက ...

"ကျွန်မတို့ကို တမင်သက်သက်စော်ကားတာတော့ ကျွန်မတော့ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး"

ရှောင်အင်းက ...

"ကျုပ်လည်း ခွင့်မလွှတ်နိုင်ပါဘူးလေ၊ သူ့ကိုတွေ့အောင် ရှာကြတာပေါ့၊ ဒါပေမဲ့ သူက ဒီအိမ်ထဲမှာ မရှိတော့ဘူး ထင်တယ်၊ ရှိရင် ကွမ်းကြိုးလုတို့ ရှာလို့တွေ့မှာပေါ့၊ ဒီအိမ်ကိုလည်း ပြန်လာမှာ မဟုတ်တော့ဘူး ထင်တယ်"

ရှောင်ချင်းက ...

"အစ်ကိုကြီးက ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"



ဟု မေးလေသည်။ ရှောင်အင်းက ...

"သူက ပြန်လာစရာအကြောင်း တစ်စုံတစ်ရာ ရှိမယ်ဆိုရင် ကွမ်းကြိုးလုတို့က ခုလို ထွက်သွားကြမှာ မဟုတ်ဘူး"

ရှောင်ချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဒါဖြင့် ကျွန်မတို့ ဒီမှာနေလို့လည်း အပိုပဲပေါ့"

"ဟုတ်တယ်လေ"

"ကျွန်မတို့ သွားစို့"

ရှောင်ချင်းက လှမ်းထွက်သွားလေသည်။ သူမသည် စိတ်မြန်လက်မြန်ရှိသလို ကြက်ခေါင်းဆိတ်မခံသော လူစားမျိုး ဖြစ်လေသည်။

ကွမ်းကြိုးလုတို့က ဤအိမ်ကြီးအတွင်း၌ မျှော်လင့်ချက် မရှိတော့သဖြင့် ထွက်သွားကြပြီဖြစ်၍ ဆက်၍နေလျှင် သူမသည် ထုံအသူတစ်ယောက်ဟု အပြောခံရမည်ဖြစ်ရာ ထိုအဖြစ်မျိုးကို မလိုလားပါချေ။

ရှောင်အင်းသည် ခပ်သုတ်သုတ် ထွက်သွားသော ညီမဖြစ်သူကို ကြည့်ကာ သက်ပြင်းချလိုက်သည်။ ရှောင်ချင်းနောက်သို့ လိုက်သွားလေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



လုံကွီးမြို့ ...။

လုံကွီးမြို့သည် စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ဖြစ်သည်။ စားသောက်ဆိုင်၊ တည်းခိုခန်း၊ ဈေးဆိုင်၊ အာမခံဌာန၊ အပေါင်ဆိုင် စသည် စသည့် ဆိုင်များဖြင့် မင်းလမ်းမတစ်လျှောက် စည်ကား၍ နေလေသည်။

အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများကလည်း ဥဒဟိုသွားလာနေကြပါသည်။ ကွမ်းကြိုးလုသည် လုံကွီးမြို့သို့ ရောက်လာပြီဖြစ်လေသည်။ သူက မင်းလမ်းမကြီးအတိုင်း အေးအေးလူလူပင် လျှောက်လာခဲ့လေသည်။ ယခုအချိန်တွင် ဘာကိုမှ အလောတကြီး လုပ်စရာမလိုကြောင်း နားလည်ထားလေသည်။

သူ့အား ရန်မူမည့်သူတစ်ယောက် ရှိနေပြီဆိုသည်မှာ ထင်ရှားလှပေသည်။

ထိုလူ မည်သူမည်ဝါဖြစ်ကြောင်း မသိရသေးပါ။ ထိုလူအကြောင်းကို စုံစမ်းဖော်ထုတ်ရမည်သာ ဖြစ်လေသည်။

ထို့အတူ ရွှေဓားချန်ခွန်း၊ ဗျိုင်းဖြူကျောက်ဖုံးတို့ကလည်း



ဖော်ထုတ်ကြမည်ဟု သေချာလှပေသည်။ သူတို့သည် အချင်းချင်းသိကျွမ်းရင်းနှီးမှု ရှိကြသော်လည်း သူတို့၏ သိုင်းပညာနှင့် ပတ်သက်ပြီး မိမိကိုယ်ကို အတော်ဆုံးဟု ယူဆထားကြသူများ ဖြစ်လေသည်။

ပညာချင်းပြိုင်၊ ဂုဏ်ချင်းပြိုင်လိုစိတ်များ ရှိနေကြသဖြင့် မည်သည့်နည်းနှင့်မျှ အစေးမကပ်တော့ချေ။ သူတို့၏ ဆက်ဆံမှုသည် လူမှုရေးအရ ဟန်ဆောင်ဆက်ဆံရေးပင် ဖြစ်နေပါတော့သည်။

ကွမ်းကြိုးလုသည် ရွှေဓားချန်ခွန်းတို့ထက် ရန်သူကို ဦးစွာဖော်ထုတ်ရန် ဆုံးဖြတ်ထားလေသည်။ ထိုသို့ ဖော်ထုတ်နိုင်မှသာလျှင် သူ၏ဂုဏ်သိက္ခာကို ဆယ်တင်နိုင်မည်ဟု ယုံကြည်ထားလေသည်။

ရန်သူ၏လုပ်ရပ်သည် သူတို့အား ဂုဏ်သိက္ခာကျဆင်းသွားစေသည် မဟုတ်ပါလား။

ငှက်မျောချောင်းအနီး၌ တောအုပ်ထဲမှ အိမ်ကြီးတွင် နေထိုင်သူသည် မည်သည့်နည်းနှင့်မဆို လုံကွီးမြို့ကို ရောက်ဖူးရမည် ဖြစ်သည်။

ထို့ကြောင့် သတင်းစုံစမ်းရန် လုံကွီးမြို့သို့ လာခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြိုးလုသည် လုံကွီးမြို့သို့ရောက်လျှင် မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့ပြီးမှ လမ်းသွားလမ်းလာတစ်ယောက်အား မေးလိုက်လေသည်။

"ဌါတူ ... ဒီမြို့မှာ အခေါင်းရောင်းတဲ့ဆိုင် မရှိဘူးလားကွဲ့"

ဟု မေးလိုက်လေသည်။ ထိုလူမှာ လူရွယ်တစ်ယောက် ဖြစ်ပါသည်။ ကွမ်းကြိုးလု၏စကားကြားလျှင် ...

"ဟာ"

လွှတ်ခနဲ အော်လိုက်သည်။ အဖြေမပေး၊ စကားမပြောဘဲ ချက်ချင်း ထွက်သွားလေသည်။ ကွမ်းကြိုးလု သက်ပြင်းချလိုက်သည်။

"လူဆိုတာ မွေးလာပြီးတဲ့နောက် တစ်နေ့သေရမှာပဲ၊ မွေးတာ သေတာ ဘာများဆန်းလို့လဲ၊ အခေါင်းဆိုင်လို့ မေးလိုက်တာနဲ့ ဒီလောက် ရွံ့ရှာကြောက်ရွံ့သွားစရာ အကြောင်းမရှိပါဘူး"

ဟု ရေရွတ်လိုက်သည်။ ထို့နောက် ရှေ့ဆက်လျှောက်လာခဲ့လေသည်။ မကြာပါချေ။ လမ်းဘေးသစ်ပင်တစ်ပင်အောက်၌ ထိုင်ကာ တောင်းရမ်းနေသော သူတောင်းစားကြီးက လမ်းကြားလေးတစ်ခုအား ညွှန်ပြလိုက်သည်။

"ခေါင်းဆိုင် လမ်းကြားထဲမှာရှိတယ်"



ကွမ်းကြိုးလု ပြုံးလိုက်သည်။ သူသိလိုသောအဖြေကို ကြားသိလိုက်ရပြီ မဟုတ်ပါလား။ ချက်ချင်းပင် ခြေလှမ်းကျဲကျဲလှမ်းကာ ခပ်သွက်သွက် လာခဲ့လေတော့သည်။

✽

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြားလေး ...။

လမ်းကြားလေးအတွင်း၌ အခေါင်းဆိုင်တစ်ဆိုင် ရှိနေပါသည်။ ကွမ်းကြိုးလုသည် အခေါင်းဆိုင်ရှေ့သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ဆိုင်ရှင်မရှိဘဲ အသက်သုံးဆယ်ခန့် လူရွယ်တစ်ယောက် ရှိလေသည်။ ကွမ်းကြိုးလုက အခေါင်းဆိုင်ကို အကဲခတ်ကြည့်လိုက်ပြီး ...

"သူငယ် ... ဆိုင်ရှင်ရော့ကွဲ့"

ဟု မေးလိုက်လေသည်။ လူရွယ်မှာ အပေါ်ပိုင်းအကျီမပါဗလာကျင်းလျက်ရှိသဖြင့် ဖုထစ်နေသော ရင်အုပ်ကြွက်သားများကို အတိုင်းသား တွေ့မြင်နေရလေသည်။

ယောက်ျားပီသပြီး ချောမောခန့်ညားသူတစ်ယောက် ဖြစ်သည်။ သူ၏လက်ထဲ၌ တူနှင့်သံများ ကိုင်ဆောင်ထားခြင်းကြောင့်သာလျှင် အခေါင်းဆိုင်မှ အလုပ်သမားတစ်ယောက် ဖြစ်သည်ဟုကွမ်းကြိုးလုက ထင်မှတ်လိုက်ခြင်း ဖြစ်လေသည်။ လူရွယ်က ...



"ဆိုင်ရှင် အပြင်သွားပါတယ် ခင်ဗျာ၊ ဘာကိစ္စများ ရှိလို့ပါလဲ ခင်ဗျာ"

ဟု ရိုရိုသေသေ မေးလာလေသည်။ ကွမ်းကြိုးလုက ...

"ကျုပ်မှာ ကိစ္စလေးတစ်ခု ရှိလို့ပါကွယ်"

လူရွယ်က ...

"ဟုတ်ကဲ့၊ ပြောပြနိုင်ရင် ပြောပြပါလားခင်ဗျာ"

ကွမ်းကြိုးလုံက ...

"ကျုပ်က အခေါင်းဝယ်သွားတဲ့ လူတစ်ယောက်အကြောင်း စုံစမ်းချင်လို့ပါ"

လူရွယ်က ...

"ဘယ်သူများပါလိမ့်"

ဟု မေးလေသည်။ ကွမ်းကြိုးလုက ...

"အဲဒီလူက အခေါင်းခုနစ်လုံးတောင် ဝယ်သွားတယ်ကွဲ့"

လူရွယ်က ...

"ဩော် ... အခေါင်းခုနစ်လုံးဆိုတော့ လူခုနစ်ယောက်ပေါ့နော်"

"ဒါပေါ့၊ အဲဒီလူဟာ မင်းတို့ဆိုင်ကနေ အခေါင်းတွေ ဝယ်သွားတယ်လို့ ကျုပ်ထင်မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က ...

"အခေါင်းကတော့ ရောင်းနေရတာပါပဲ၊ လူဆိုတာ သေမျိုးပဲ မဟုတ်လားဗျာ၊ ကျွန်တော်တို့ဆိုင်က ဘယ်လောက်ရောင်းလိုက်ရတယ်ဆိုတာကို စာရင်းနဲ့ မှတ်ထားပါတယ်၊ ကျွန်တော် စာရင်းပြန်ကြည့်ပေးပါ့မယ်"

ကွမ်းကြိုးလု ဝမ်းသာသွားလေသည်။

"ကျေးဇူးပါပဲကွယ်"

လူရွယ်က ...

"ကျွန်တော့်နောက်ကို လိုက်ခဲ့ပါဗျ"

"ကောင်းပြီ"

ကွမ်းကြိုးလုသည် လူရွယ်ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွား၏။ အခေါင်းဆိုင်ထဲ၌ အခေါင်းများ အစီအရီ ထပ်ထားသည်ကို တွေ့မြင်ရလေသည်။

အချို့အခေါင်းများသည် အကြမ်းထည်များ ဖြစ်ပြီး အချို့သော အခေါင်းများကား အသင့်ရောင်းချနိုင်ပြီဖြစ်သည်။ သစ်သားပျဉ်ပြား အပိုင်းအစများနှင့် လွှစာများလည်း ရှိနေ၏။ လူရွယ်က ထိုင်ခုံတစ်လုံး၌ ချိတ်ထားသော စာရွက်တစ်ထပ်ကြီးကို လှန်လှော ကြည့်လိုက်လေသည်။



ကွမ်းကြိုးလုက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။ ဤအခေါင်းဆိုင်မှ ရောင်းချသော အခေါင်းများနှင့် အိမ်ကြီး၌ တွေ့ရသောအခေါင်းများ တူညီချင်း ရှိ မရှိ စစ်ဆေးကြည့်နေခြင်း ဖြစ်ပေတော့သည်။ ထိုစဉ် ...

"ကျွန်တော် ရှာလို့မတွေ့ဘူး"

ဟု လူရွယ်က ပြောလာလေသည်။ ကွမ်းကြိုးလုက ...

"သေသေချာချာ ရှာကြည့်ပါဦးကွဲ့"

လူရွယ်က ...

"ဟုတ်ကဲ့ ... ကျွန်တော် ရှာပြီးပါပြီ၊ မတွေ့လို့ပါ"

ကွမ်းကြိုးလု မျက်မှောင်ကြုတ်သွားလေသည်။

"နေပါဦး ... ဒီမြို့မှာ အခေါင်းရောင်းတာ မင်းတို့ဆိုင်အပြင် နောက်ထပ်ဆိုင် ရှိသေးသလား"

ဟု မေးလိုက်လေသည်။ လူရွယ် ခေါင်းခါယမ်းလိုက်သည်။

"မရှိတော့ပါဘူး၊ ကျွန်တော်တို့ တစ်ဆိုင်တည်းပဲ ရှိပါတယ်ခင်ဗျာ"

ကွမ်းကြိုးလုက ...

"ဒီမြို့တစ်ဝိုက် လူသေပြီဆိုရင် မင်းတို့ရဲ့ဆိုင်က အခေါင်းလာဝယ်ကြတာချည်းပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



လူရှယ်က …

"ဟုတ်ပါတယ်ခင်ဗျာ"

ကွမ်းကြိုးလုက …

"ဒါဖြင့် သေသေချာချာ ရှာကြည့်ပါဦးကွယ်၊ သူဟာ အခေါင်း ခုနစ်လုံးတောင် ဝယ်ယူခဲ့တာဆိုတော့ အမှတ်များစရာ အကြောင်း မရှိဘူး ထင်ပါတယ်"

လူရှယ်က …

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော် ထပ်ပြီးရှာဖွေကြည့်ပါဦးမယ်"

ချက်ချင်းပင် စာရင်းစာရွက်များကို ထပ်မံလှန်လှောကာ ရှာဖွေကြည့်လိုက်လေသည်။ လူရှယ်က လိုလိုလားလားပင် အကူအညီပေးသဖြင့် ကွမ်းကြိုးလု ကျေးဇူးတင်မိလေသည်။

သို့သော် အခေါင်းဆိုင်ထဲ၌ နေရသည်မှာ အသက်ရှူမွန်းကျပ်သလို ခံစားလာရလေသည်။ ဦးခေါင်းထဲ ငြီးစီစီ ဖြစ်လာသည်။ ချွေးများလည်း စို့လာသည်။

တဖြည်းဖြည်းနှင့် ဝန်းကျင်တစ်ခုလုံး ပူလောင်လာသည်။ ခံစားလာရလေသည်။ ရုတ်တရက် မလှမ်းမကမ်းတစ်နေရာ၌ထောင်ထားသော အခေါင်းတစ်လုံးကို သတိပြုမိလိုက်လေသည်။



ကွမ်းကြိုးလု မျက်မှောင်ကြုတ်သွားသည်။ ထိုသို့သော အခေါင်းမျိုးကို တွေ့ဖူးသည် ထင်မိလေသည်။ သေသေချာချာ စဉ်းစားလိုက်သောအခါ ငှက်မျောချောင်းနဲ့ဘေးရှိ အိမ်ကြီးအတွင်း၌ တွေ့ခဲ့ရသော အခေါင်းများနှင့် တစ်ပုံစံတည်း ဖြစ်နေသည်ကို အမှတ်ရလာလေတော့သည်။

ကွမ်းကြိုးလု ရင်ထဲ လှုပ်ရှားလာလေသည်။ ထိုစဉ် …

"ဟောဒီမှာ ကျွန်တော် တွေ့ပြီ"

လူရှယ်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကွမ်းကြိုးလုက လှမ်းကြည့်လိုက်လေသည်။ လူရှယ်က စာရွက်တစ်ထပ်ကို ယူလာသည်။

"ဦးမေးတာက အခေါင်းခုနစ်လုံး ဝယ်ယူသွားတဲ့လူနော်"

ဟု ပြောလေသည်။ ကွမ်းကြိုးလုက …

"ဟုတ်တယ်"

လူရှယ်က …

"ဒီမှာကတော့ အခေါင်းခုနစ်လုံး ဝယ်သွားတာ မှန်တယ်၊ ဒါပေမဲ့ … တစ်ခါတည်း ဝယ်တာမဟုတ်ဘူး၊ တစ်ရက်ကို အခေါင်းတစ်လုံးကျနဲ့ ခုနစ်ရက်ဆက်တိုက် ဝယ်သွားတာကို တွေ့ရပါတယ်"

သဲလွန်စ ရှာဖွေတွေ့ရှိလိုက်ပြီဖြစ်၍ ကွမ်းကြိုးလု အား

www.burmeseclassic.com

www.burmeseclassic.com



တက်သွား၏။ အခေါင်းဝယ်ယူသူကိုသိရလျှင် ထိပ်သီးသိုင်းသမားကြီး ခုနစ်ယောက်အပေါ် အန္တရာယ်ပြုရန် ရည်ရွယ်နေသည့်လူကို ဆက်လက် စုံစမ်းသိရှိနိုင်သည် မဟုတ်ပါလား။

"ဘယ်သူက ဝယ်သွားတာများလဲကွဲ့"

ဟု မေးလိုက်လေသည်။ လူရွယ်က ...

"ချင်းသက်မဲ့ဆိုတဲ့လူက ဝယ်သွားတာပါ။ သူ တစ်ယောက်တည်းကပဲ တစ်ရက်ကို အခေါင်းတစ်လုံးကျနဲ့ ခုနစ်ရက်ဆက်တိုက် ဝယ်သွားတာပါ"

ကျွမ်းကြိုးလုက ...

"ချင်းသက်မဲ့ ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ကောင်းပြီ၊ သူ့ရဲ့လိပ်စာကကော"

"လိပ်စာတော့ ပေးမထားပါဘူး"

ကွမ်းကြိုးလု မျက်မှောင်ကြုတ်သွားပြီး ...

"ဒီမြို့မှာ ချင်းသက်မဲ့ဆိုတဲ့ လူတစ်ယောက်ရှိသလား၊ သူ့ကိုကော မင်းသိသလား"

ဟု မေးလိုက်လေသည်။ လူရွယ်က ...

"ကျွန်တော်မသိပါဘူး ခင်ဗျာ"



ယခု သဲလွန်စပျောက်သွားပြန်ပြီ ဖြစ်လေသည်။

ကွမ်းကြိုးလုသည် နံရံကိုမှီကာ ထောင်ထားသော အခေါင်းကို ညွှန်ပြလိုက်ပြီး ...

"ဒီအခေါင်းကကော ရောင်းဖို့လား"

ဟု မေးလိုက်လေသည်။ လူရွယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

"ဘယ်သူမှာထားတာလဲ"

လူရွယ်က ...

"ခဏလေး၊ ကျွန်တော် ကြည့်လိုက်ဦးမယ်"

ချက်ချင်းပင် စာရင်းစာရွက်များကို လှန်လှောကြည့်လိုက်သည်။ မကြာပါချေ။

"ဟောဒီမှာ တွေ့ပါပြီ၊ ဟင် ... ဒါလည်း ချင်းသက်မဲ့ပဲ မှာထားတာ ခင်ဗျ"

ကွမ်းကြိုးလု ဝမ်းသာသွားလေသည်။

"ချင်းသက်မဲ့မှာထားတာ ... ဟုတ်လား"

ဟု သေချာအောင် မေးလိုက်သည်။ လူရွယ် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ် ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"သူက ငွေချေပြီးပြီလား"

လူရွယ်က ...

"ဘာလဲ ... ဒီအခေါင်းကို ဦးက ကြိုက်လို့လား"

"ဘာကွ"

ကွမ်းကြိုးလု၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ လူရွယ်က ...

"ချင်းသက်မှဲ့က ဒီကနေ့လာယူမယ်လို့ ရက်ချိန်းပေးထားပါတယ်ခင်ဗျာ၊ ဒါကြောင့် ဘယ်သူ့ကိုမှ ရောင်းလို့မဖြစ်လို့ပါ"

ကွမ်းကြိုးလု သက်ပြင်းချလိုက်သည်။

"ငါက ချင်းသက်မှဲ့ဆိုတဲ့လူကို တွေ့ချင်တာကွ"

"ဩော်"

"သူက ဒီကနေ့ အခေါင်းလာယူမယ်ဆိုတာ သေချာတယ်နော်"

"ဟုတ်ကဲ့ သေချာပါတယ်"

"ကောင်းပြီ၊ တွေ့ကြသေးတာပေါ့"

ကွမ်းကြိုးလု၏ ကြုံးဝါးမှုကြောင့် လူရွယ်က ...

"ဦးက ဒီအခေါင်းနဲ့ပတ်သက်နေလို့လားဗျ၊ အင်း ... ကျွန်တော်လည်း ဦးနဲ့စကားပြောနေတာနဲ့ အခေါင်းပေါ်မှာ စာရွက်ကပ်ဖို့တောင် မေ့နေတယ်၊ ခဏလေးနော်"

ဟုပြောကာ စာရွက်လေးတစ်ရွက်ယူကာ ခေါင်းကို လှဲချပြီး အခေါင်းအဖုံးပေါ်၌ ကပ်လိုက်လေသည်။ ကွမ်းကြိုးလုက အကဲခတ်ကြည့်နေ၏။

တဖြည်းဖြည်း သူ၏မျက်လုံးများ ပြူးကျယ်လာသည်။ နောက်ဆုံးမနေနိုင်တော့ဘဲ ...

"ဟာ"

လွှတ်ခနဲ အော်လိုက်လေသည်။ အကြောင်းကား အခေါင်းပေါ် ကပ်လိုက်သော စာရွက်ပေါ်၌ ရေးထားသည်မှာ ...

"မိုးကြိုးလက်ဝါး ကွမ်းကြိုးလု၏ ရုပ်ကလာပ်"

ဟူ၍ ဖြစ်နေခြင်းကြောင့်တည်း။ အိမ်ကြီးအတွင်းမှအခေါင်းကို ကွမ်းကြိုးလုက ဖျက်ဆီးပစ်ခဲ့လေသည်။ ထို့ကြောင့် ရန်သူက အခေါင်းအသစ်တစ်လုံး ထပ်မံ၍ မှာယူလိုက်ခြင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ကွမ်းကြိုးလု ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

"ရုပ်လိုက်စမ်း"

ဟု ငေါက်လိုက်သည်။ လူရွယ်က လှမ်းကြည့်လာပြီး ...

"ဘာဖြစ်လို့လဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြိုးလုက ...

"ဒီအခေါင်းကို မရောင်းရဘူး"

"ဦးက"

"ငါက ကွမ်းကြိုးလုပဲ၊ ဒီအခေါင်းကိုပဲ ငါ ဖျက်ဆီးပစ်မယ်"

ကွမ်းကြိုးလုသည် အော်ပြောရင်း ရှေ့တိုးသွားလိုက်၏။ ထိုစဉ် သူ၏ ခြေထောက်တစ်ဖက်သည် သစ်သားတန်း တစ်ခုကို ဝင်တိုက်မိကာ ဟန်ချက်ပျက်သွားလေသည်။

'ဝုန်း'

ရှေ့သို့ ဟပ်ထိုးလဲကျသွား၏။ ကွမ်းကြိုးလုသည် ထိပ်သီး သိုင်းသမားကြီးတစ်ယောက် ဖြစ်၍ သူက ကြမ်းပြင်ပေါ်မှ သစ်သား ချောင်းတစ်ခုကို ယခုကဲ့သို့ ဝင်တိုက်မိစရာမလို။

ဝင်တိုက်မိလျှင်လည်း ဟပ်ထိုးလဲကျသွားစရာမလိုပါ။ သိုင်း သမားပီပီ မိမိကိုယ်ကို အချိန်မီ ထိန်းသိမ်းနိုင်ရမည် ဖြစ်လေသည်။ သို့သော် ကွမ်းကြိုးလုသည် ခွန်အားများ ပျောက်ကွယ်နေသည်ဟု ခံစားရ၏။ ဦးခေါင်းထဲ၌လည်း မူးနောက်ရီဝေနေသည်။

မည်သို့မျှ မဟန်နိုင်တော့ဘဲ လဲကျသွားခြင်း ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် လူရှယ်က စာရွက်ကပ်ရန် အဖုံးဖွင့်ထား သော အခေါင်းထဲသို့ ထိုးကျသွားခြင်း ဖြစ်လေတော့သည်။



ကွမ်းကြိုးလုသည် ခွန်အားများ ပျောက်ကွယ်နေသည်ဟု ခံစားရ၏။ ဦးခေါင်းထဲ၌လည် မူးနောက်ရီဝေနေသည်။ မည်သို့မျှ မဟန်နိုင်တော့ဘဲ လဲကျသွားခြင်း ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် လူရှယ်က စာရွက်ကပ်ရန် အဖုံးဖွင့်ထားသော အခေါင်းထဲသို့ ထိုးကျ သွားခြင်း ဖြစ်လေတော့သည်။

✽

www.burmeseclassic.com

www.burmeseclassic.com



အသစ်စက်စက် အခေါင်းဖြစ်လေသည်။ သစ်သားနံ့များက ကြိုင်လှိုင်နေသည်။ ကွမ်းကြိုးလုသည် အခေါင်းထဲ၌ ရောက်ရှိနေပြီ ဖြစ်သည်။

သို့သော် သူက အခေါင်းထဲမှ ပြန်ထွက်ဖို့ မကြိုးစားနိုင်ပါ။ သူ၏တစ်ကိုယ်လုံး လှုပ်ရှားမရအောင် ဖြစ်နေသည် မဟုတ်ပါလား။ ကွမ်းကြိုးလုသည် အသက်ကို ကြိုးစား၍ ရှူရှိုက်ရင်း ဆက်ပြီး လဲလျောင်းနေလိုက်၏။

ဦးခေါင်းထဲ မူးနောက်ကာ မျက်လုံးများ ပြာဝေနေ၏။ ရင်ထဲ၌ မီးကျည်မီးခဲ မျိုထားရသလို ပူလောင်နေ၏။ ခွန်အားများ ပျောက်ကွယ်ကာ တစ်ကိုယ်လုံး ပျော့ခွေနေသည်။ အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသနည်း။

ကွမ်းကြိုးလုသည် အသက်ကို ခဲယဉ်းစွာ ရှူရှိုက်ရင်း ...

"မင်း ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။ လူရွယ် သက်ပြင်းချလိုက်သည်။

"ခင်ဗျားရှာနေတဲ့ ချင်းသက်မဲ့ဟာ ကျုပ်ပါပဲဗျာ"



ဟု ပြောလေသည်။ ကွမ်းကြိုးလုက ...

"မင်းက ချင်းသက်မဲ့ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"မင်းကို ငါမသိဘူး၊ မင်းက ဘာကြောင့် ငါ့ကို ဒုက္ခပေးချင်ရတာလဲ"

လူရွယ် (ဝါ) ချင်းသက်မဲ့က ...

"ခင်ဗျားက ကျုပ်ကိုမသိပေမယ့် ကျုပ်က ခင်ဗျားကို သိတယ်၊ ပြီးတော့ ခင်ဗျား ဒီကိုရောက်လာလိမ့်မယ်ဆိုတာ ကျုပ် သိနေတယ်လေ"

ကွမ်းကြိုးလုက ...

"မင်း"

ချင်းသက်မဲ့က ...

"တကယ်တော့ ခင်ဗျားက ကျုပ်ကိုသိပါတယ်၊ ခင်ဗျား မေ့နေလို့ ဖြစ်မှာပါ"

ဟု ပြောလေသည်။ ကွမ်းကြိုးလုက ...

"မင်း ဘယ်သူလဲ၊ ကျုပ်မသိဘူး၊ ဘာကြောင့် ကျုပ်ကို ဒုက္ခပေးချင်ရတာလဲ"

ချင်းသက်မဲ့က ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ကျုပ်တို့ကို ဒုက္ခပေးခဲ့တာကိုး"

"ဘာကွ"

ချင်းသက်မှဲက ...

"ခင်ဗျားက ကျုပ်တို့ကို ဒုက္ခပေးခဲ့တဲ့လူဆိုတော့ မေ့နေနိုင်တာပေါ့ဗျာ၊ ခံလိုက်ရတဲ့ ကျုပ်တို့ကတော့ တစ်သက်လုံး ဘယ်မေ့နိုင်ပါတော့မလဲဗျ"

ကွမ်းကြိုးလုက ...

"မင်း ဘာတွေ ပြောနေတာလဲ၊ ငါ ဘာမှ နားမလည်နိုင်တော့ဘူ"

ချင်းသက်မှဲက ...

"ခင်ဗျားနားမလည်ရင် ကျုပ် ရှင်းပြပေးမယ်၊ ခင်ဗျားက ဝမ်းလုံမြို့က သိုင်းသမားချင်းလီကို သိမှာပေါ့၊ ဒါမှမဟုတ်ရင်လည်း သူ့ဌေးကြီးထန်ကို သိမှာပေါ့"

ကွမ်းကြိုလု ငိုင်သွားလေသည်။

"ခင်ဗျားဟာ အဖြူရောင်သိုင်းသမားကြီးတစ်ယောက်ပါ၊ ဒါပေမဲ့ သူ့ဌေးထန်ကြောင့် သိုင်းသမားချင်းလီအပေါ်မှာ မကောင်းကြံခဲ့တဲ့ ဒီကိစ္စကို ကျုပ် ဘယ်လိုလုပ် မေ့ပျောက်နိုင်တော့မှာလဲဗျာ"

ကွမ်းကြိုးလု၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။



ရုတ်တရက် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်က အဖြစ်အပျက်တစ်ခုကို အမှတ်မထင် သတိရလိုက်လေသည်။ ထိုစဉ်က။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ဝမ်းလုံးမြို့ …။

ဝမ်းလုံးမြို့သည် ထုံးစံအတိုင်း စည်ကားသိုက်မြိုက်နေသည်။ ချင်းသက်မွဲနှင့် ဖခင်ဖြစ်သူ ချင်းလီတို့သည် နံနက်စောစောပင် လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့လေသည်။

သူတို့၏အိမ်သည် မြို့စွန်တွင် တည်ရှိလေသည်။ ချင်းလီနှင့် ကျင်းကျင်းတို့ ဇနီးမောင်နှံတွင် ချင်းသက်မွဲနှင့် ချင်းချင်းဆိုသော သားသမီးနှစ်ယောက်ရှိပြီး ပျော်ရွှင်သော အေးချမ်းသာယာသော မိသားစုလေးအဖြစ် အများ၏ ချီးကျူးမှုခံရပေသည်။

မိခင်ဖြစ်သူနှင့် အစ်မချင်းချင်းတို့ကား ဝေလီဝေလင်းအချိန်မို့ အိပ်ပျော်နေကြဆဲ။ ချင်းသက်မွဲသာလျှင် နံနက်ဝေလီဝေလင်းအချိန်တွင် မြို့လယ်ရှိ လက်ဖက်ရည်ဆိုင်သို့သွားကာ လက်ဖက်ရည်သောက်တတ်သော ဖခင်နှင့် လိုက်ပါနေကျ အကျင့်ဖြစ်နေသည်မို့ စောစောနိုးနေကာ လိုက်လာခဲ့ခြင်းဖြစ်သည်။



ချင်းသက်မွဲသည် အသက်ဆယ်နှစ်ခန့်သာရှိသေးပြီး ချစ်စရာကောင်းသော ကလေးငယ်တစ်ယောက် ဖြစ်လေသည်။ ဖခင်ချင်းလီ၏ အလိုလိုက်ခြင်းခံရသူလည်း ဖြစ်သည်။

ယနေ့ သားအဖနှစ်ယောက်သည် လူရှင်းသော မြို့ပတ်လမ်းမှ တစ်ဆင့် လက်ဖက်ရည်ဆိုင်လေးသို့ လာခဲ့ကြလေသည်။ ထိုလမ်းသည် နေ့စဉ်နှင့်အမျှ သူတို့သွားနေကြသော လမ်းဖြစ်လေသည်။

သားအဖနှစ်ယောက် လက်တွဲလျှောက်လာကြရင်း တစ်နေရာသို့အရောက်တွင် …

"ကယ်တော်မူကြပါရှင်"

စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ချင်းသက်မွဲ ထိတ်လန့်သွား၏။ ဖခင်၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ပြီး …

"ဖေဖေ"

ဟု ခေါ်လိုက်မိလေသည်။ ချင်းလီက …

"တစ်ယောက်ယောက်တော့ ဒုက္ခရောက်နေပြီ သားရဲ့"

ချင်းသက်မွဲက …

"ဒုက္ခရောက်တဲ့လူကိုတွေ့ရင် ကူညီရမယ်လို့ ဖေဖေပြောဖူး

www.burmeseclassic.com

www.burmeseclassic.com



တယ်နော်"

"ဟုတ်တယ်လေ၊ ကဲ ... ဖေဖေ သွားပြီး ကူညီလိုက်ဦးမယ်၊ သား ... ဒီအနားမှာ နေခဲ့နော်"

"ဖေဖေ ... ကျွန်တော်"

"ဖေဖေ ... အခုပဲ ပြန်လာခဲ့မယ်"

ချင်းလီသည် မည်သို့သော အန္တရာယ်ရှိမှန်း မသိနိုင်သဖြင့် ချင်းသက်မဲ့လေးကို ခေါ်မသွားလိုသဖြင့် လမ်းဘေးရှိ သစ်ပင်ကြီးတစ်ပင်အောက်၌ ထားရစ်ခဲ့လေသည်။

ချင်းလီသည် ဝမ်းလုံမြို့မှ ထင်ရှားသော သိုင်းသမား တစ်ယောက် ဖြစ်လေသည်။ မကောင်းသူပယ် ကောင်းသူကယ်သည့် အဖြူရောင်သိုင်းသမားလည်း ဖြစ်သည်။

ဝမ်းလုံမြို့တွင် လူကြီးလူကောင်း ဟန်ဆောင်မျက်နှာဖုံးစွပ်ကာ နောက်ကွယ်တွင် မကောင်းမှုလုပ်နေသည့် သူဌေးကြီး ထန်ကိုချင်းနှင့်ဆိုလျှင် တစောင်းစေးနှင့်မျက်ချေးပမာ ဘယ်တုန်းကမှ အစေးမကပ်ခဲ့ချေ။

သူဌေးကြီးထန်၏ မကောင်းသော လုပ်ရပ်များကို ချင်းလီက စက်ဆုတ်ဖျက်ဆီးပစ်ခဲ့သည်မှာ အကြိမ်ကြိမ်ပင်။ ထို့ကြောင့် သူဌေးကြီးထန်သည် ချင်းလီအား အမြိုးထားကာ ဒုက္ခပေးဖို့ ကြံစည်



ကြိုးစားနေလေတော့သည်။

သူဌေးကြီးထန်အား သတိထားရန် ဇနီးသည်ကျင်းကျင်းက အမြဲတမ်းပင် သတိပေးခဲ့သည်။ သို့သော် ...

"ညီမရယ် ... ကျုပ်က ကောင်းတဲ့အလုပ် မှန်တဲ့အလုပ်ကို လုပ်နေတာပဲ၊ သူဌေးကြီးထန် ဘယ်လောက်ပဲမုန်းပါစေ အစ်ကို့ကို ဘာမှလုပ်လို့ မရပါဘူး"

ဟု ချင်းလီက နှစ်သိမ့်ခဲ့လေသည်။ သူ၏သိုင်းပညာသည် ဝမ်းလုံမြို့၌သာမက အနီးတစ်ဝိုက်ရှိ မြို့ရွာများ၌ပါ ယှဉ်နိုင်သူ မရှိသဖြင့် ကျင်းကျင်းသည် ချင်းလီကို စိတ်ချထားလိုက်လေတော့သည်။

ယခု ချင်းသက်မဲ့လေးသည် ဖခင်ထွက်ခွာသွားသည်ကို ငေးကြည့်ကာ ကျန်ရစ်ခဲ့လေသည်။ သူ၏ဖခင်သည် အော်ဟစ်သံကြားရသည့် တောအုပ်ထဲသို့ ပြေးဝင်ပျောက်ကွယ်သွားလေသည်။

ချင်းလီသည် အော်ဟစ်သံထွက်ပေါ်လာရာ တောအုပ်ထဲသို့ ရောက်လာပြီဖြစ်လေသည်။ ထိုအခါ မိန်းကလေးတစ်ယောက်အား လူတစ်ယောက်က ဓားဖြင့် တိုက်ခိုက်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူ၏ရက်စက်မှုကြောင့် မိန်းကလေး၏ တစ်ကိုယ်လုံးသွေးချင်းခြင်းနီရဲနေသည်ကို တွေ့မြင်ရလေသည်။ မိန်းကလေးသည်

www.burmeseclassic.com

www.burmeseclassic.com



ချင်းလီ ပြေးလွှားရောက်ရှိလာသည်ကို တွေ့ရလျှင် ...

"ကယ်တော်မူပါရှင်"

ဟု အော်ဟစ်အကူအညီတောင်းလေသည်။ ချင်းလီသည် မတရားမှုကိုမြင်လျှင် လက်ပိုက်ကြည့်မနေနိုင်သဖြင့် ...

"ရပ်လိုက်"

ဟု အော်ငေါက်ပြေးဝင်ဟန့်တားလိုက်၏။ ထိုလူက ...

"ခင်ဗျား ... ဘာလာရှုပ်တာလဲ"

ဟုပြောရင်း ဓားဖြင့် တိုက်ခိုက်လိုက်လေသည်။ ချင်းလီက

"သွားစမ်း"

လက်ဖှေ့ယမ်းကာ ဓားကို လုယူလိုက်ပြီး ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။ ထိုလူမရှောင်နိုင်တော့ပါ။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။ ထိုလူသည် မသဲမကွဲ ညည်းတွားရင်း အဝေးသို့ လွင့်စဉ်သွား၏။ ချင်းလီက ထိုလူအား ဂရုမစိုက်တော့ဘဲ မြေပေါ်လဲကျနေသော မိန်းကလေးအား ပြေး၍ ဖေးမလိုက်လေသည်။

မိန်းကလေး၏ တစ်ကိုယ်လုံး ဓားဒဏ်ရာများရထားပြီး တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေလေသည်။ ကြောက်လန့်စိတ်



ကြောင့် သတိမေ့နေ၏။

"မိန်းကလေး မိန်းကလေး"

ချင်းလီက ခေါ်လိုက်သော်လည်း မိန်းကလေး သတိရမလာချေ။ ထိုစဉ် ...

"သေပေတော့"

မိန်းကလေးအား တိုက်ခိုက်ခဲ့သူက အော်ငေါက်ကာ ပြေးဝင်လာပြန်သည်။ ချင်းလီ မကျေမနပ် ဖြစ်သွားလေသည်။

"မိန်းကလေးတစ်ယောက်ကို ဒီလောက်တောင် ရက်ရက်စက်စက်လုပ်တဲ့သူ သိကြသေးတာပေါ့"

ဟု ကြုံးဝါးလိုက်ကာ မိန်းကလေးကို မြေပေါ်ချထားပြီး ထိုလူနှင့် ရင်ဆိုင်လိုက်လေသည်။ ထိုလူသည ဒေါသတကြီးဖြင့် တရကြမ်း တိုက်ခိုက်လာလေသည်။

ချင်းလီလည်း ဆုံးမမည်ဟု ကြံစည်ထား၍ ပြန်လည်တိုက်ခိုက်လိုက်လေသည်။ နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်။

'ဝုန်း'

"အား"

ထိုလူမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။ ချင်းလီက ထိုလူနောက်သို့ လိုက်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်း ... မင်းက ဘာကြောင့် ဒီလောက်တောင် ရက်ရက်စက်စက် တိုက်ခိုက်ရတာလဲ"

ထိုလူက ...

"ကျုပ် ... ကျုပ်"

ထိုစဉ် ...

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများထွက်ပေါ်လာပြီး မြင်းစီးသမားတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။ ဤတွင် အခြေအနေမှာ အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲသွားလေတော့သည်။

❋



•

မြင်းစီးသမားတစ်ယောက် ရောက်ရှိလာသည်။ ထိုမြင်းစီးသမားကို တွေ့မြင်လိုက်ရသည်နှင့် ...

"ကယ်တော်မူပါဗျာ"

မိန်းကလေးအား တိုက်ခိုက်ခဲ့သူက အော်ဟစ်အကူအညီတောင်းလိုက်လေသည်။

"ဟင်"

ချင်းလီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ မြင်းစီးသမားသည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလာလေသည်။

ထိုလူက ...

"ကယ်တော်မူပါဗျာ၊ ကျုပ်တို့ဓနီးမောင်နှံနှစ်ယောက်ကို သူက လုယက်ဖို့ကြိုးစားနေပါတယ်"

ဟု လီဆယ်ပြောကာ ချင်းလီကို ညွှန်ပြလိုက်လေသည်။ ချင်းလီက ...

"ဟေ့လူ ... မဟုတ်တာမပြောနဲ့"

ဟု ငေါက်လိုက်၏။ ထိုအချိန်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

ဒဏ်ရာရထားသော မိန်းကလေးသည် သတိရလာသည်။ သူမသည် မြေပေါ်မှ လူးလိမ့်ထလာလေသည်။ ချင်းလီ ဝမ်းသာသွား၏။

သို့သော် ...

"အစ်ကို"

မိန်းကလေးသည် ငိုကြွေးရင်း သူမအားတိုက်ခိုက်ခဲ့သူထံသို့ ပြေးသွားသည်ကို တွေ့မြင်လိုက်ရသောအခါ ချင်းလီ ပါးစပ်အဟောင်း သား ဖြစ်သွားလေတော့သည်။

"ညီမရယ်"

ထိုလူက မိန်းကလေးအား ကြင်ကြင်နာနာ ပွေ့ဖက်ထားလိုက်၏။ နှစ်ယောက်သား ငိုကြွေးနေသည်ကိုကြည့်ရင်း ထောင်ချောက်တစ်ခုအတွင်းသို့ သက်ဆင်းမိပြီဖြစ်ကြောင်း ချင်းလီ နားလည်လိုက်လေသည်။ မြင်းစီးသမားက ...

"ကျုပ်ရောက်လာမှတော့ ဘာမှမစိုးရိမ်ပါနဲ့တော့၊ မိန်းကလေးကို ဆေးကုဖို့ အရေးကြီးတာမို့ သူ့ကိုခေါ်ပြီး ထွက်သွားပါ။ ကျုပ်က ဒီလူယုတ်မာကို ဆုံးမလိုက်ပါ့မယ်"

ဟု ပြောလေသည်။



"ကျေးဇူးပါပဲဗျာ"

အကောက်ကြံသည့် မိန်းကလေးနှင့် သူမ၏အဖော်သည် ချက်ချင်းပင် ထွက်သွားကြလေသည်။

✵

www.burmeseclassic.com

www.burmeseclassic.com



ချင်းလီ ခံပြင်းဒေါသထွက်နေ၏။ မိန်းကလေးတို့နောက်သို့ လိုက်သွားရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်"

မြင်းစီးသမားက ဟန့်တားလိုက်လေသည်။ ချင်းလီက ...

"ခင်ဗျား"

မြင်းစီးသမားက ...

"ကျုပ်က ... မင်းကို မှတ်လောက်သားလောက်အောင် ဆုံးမရမယ်"

"ဩော်"

ချင်းလီ ခံပြင်းသွားလေသည်။

"ခင်ဗျားတို့က ဘာကြောင့်ကျုပ်ကို အကောက်ကြံရတာလဲ၊ ကျုပ်က ခေါင်းငုံ့နေမယ့်လူ မဟုတ်ဘူး၊ အဖြစ်မှန်ကို ဖော်ထုတ်ပြမယ်"

စကားဆုံးလျှင် လက်ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေသည်။ မြင်းစီးသမားသည်လည်း မိန်းကလေးတို့နှင့် တစ်ဖွဲ့



တည်းသား ဖြစ်ရမည်ဟု ယူဆကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

မြင်းစီးသမားကလည်း ချက်ချင်းပြန်လည်တိုက်ခိုက်လိုက်လေသည်။

"မင်းပညာ ဒါအကုန်ပဲလား"

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်။ မြင်းစီး သမားသည် ချင်းလီ၏ တိုက်ခိုက်မှု၊ အသာအယာ ရှောင်တိမ်းပြီး ချင်းလီ၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ချင်းလီရင်ထိတ်သွားပြီး ကပျာကယာ ရှောင်တိမ်းလိုက်၏။ သို့တိုင် မြင်းစီးသမား၏ လက်ဝါးရိုက်ချက်သည် အံ့သြဖွယ် ကောင်းအောင် လျှင်မြန်နေသည်ဖြစ်ရကား မည်သို့မျှ ရှောင်မလွှတ်တော့ဘဲ ရင်ဝသို့တည့်တည့်မတ်မတ် ရိုက်ချခံလိုက်ရလေတော့သည်။

'ဝုန်း'

"အား"

စူးရှကျယ်လောင်သော အသံများထွက်ပေါ်လာလေသည်။ ချင်းလီသည်စူးရှစွာအော်ဟစ်လိုက်ပြီး အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

✵

www.burmeseclassic.com

www.burmeseclassic.com



'ဟီး ဟီး ဟီး'

မြင်းဟီသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ချင်းသက်မှဲ့ရင်ထိတ်ကာ ခြေလှမ်းရပ်သွားလေသည်။ ပြူးကျယ်သော မျက်လုံးများဖြင့် ဟိုဟိုသည်သည် ကြည့်လိုက်သည်။

မကြာသေးမီကပင် သူ့ဖခင်ချင်းလီ၏ စူးရှသော အော်သံကို ကြားလိုက်ရသေးသည် မဟုတ်ပါလား။

"ဖေဖေ ... ဘာမှ မဖြစ်ပါစေနဲ့"

ချင်းသက်မှဲ့ ငိုသံပါလေးဖြင့် ဆုတောင်းမိလိုက်လေသည်။ သို့သော် သူ၏ဆုတောင်း မပြည့်ခဲ့ပါချေ။ သစ်ပင်များကြားသို့ တိုးဝင်လိုက်သည်နှင့် မလှမ်းမကမ်း တစ်နေရာ၌ မြေပေါ်တွင် ခြေပစ်လက်ပစ် လဲကျနေသည့်ဖခင်ဖြစ်သူအား တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

ချင်းလီသည် မြေပေါ်မှ လူးလိမ့်ထလာသည်။ သူ၏ခန္ဓာကိုယ်မှာ ဒယီးဒယိုင် ဖြစ်နေပြီ။

'ဝေါ့'



ပါးစပ်မှ သွေးများ အန်ထုတ်လိုက်လေသည်။ ဒဏ်ရာပြင်းစွာ ရရှိသွားပြီဖြစ်ကြောင်း ထင်ရှားနေပါသည်။ မြင်းစီးသမားက လက်နှစ်ဖက် နောက်ပစ်ကာ •အေးအေးလူလူပင် ရပ်၍နေလေသည်။

ချင်းလီအား လုံးဝအမှုမထားသည့်သဘော ဖြစ်လေသည်။ ချင်းလီသည် ယခုကဲ့သို့ အဖြစ်မျိုးနှင့် ကြုံတွေ့ရမည်ကို မယုံကြည်နိုင်အောင် ဖြစ်နေသလို ခံပြင်းဒေါသထွက်နေမိလေသည်။

"ခင် ... ခင်ဗျား ... လူယုတ်မာ၊ သတ္တိရှိရင် ခင်ဗျားနာမည် ပြောစမ်း"

မြင်းစီးသမား မဲ့ပြုံးပြုံးလိုက်သည်။

"မင်းလိုလူစားမျိုးကို ကျုပ်ရဲ့နာမည် ပြောပြဖို့ မတန်သေးဘူး။ ဒါပေမဲ့ ... သေရတော့မယ့်လူတစ်ယောက်ရဲ့ ဆန္ဒပြည့်ဝအောင် ပြောပြလိုက်ပါ့မယ်၊ ကျုပ်နာမည် ကွမ်းကြိုးလုလို့ ခေါ်တယ်၊ မှတ်ထားပါ"

ချင်းလီ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

"ကွမ်းကြိုးလု၊ မိုးကြိုးလက်ဝါးကွမ်းကြိုးလု ဟုတ်လား"

မြင်းစီးသမား ခေါင်းညိတ်လိုက်သည်။

"မင်းမဆိုးဘူး၊ ကျုပ်နာမည် ကြားဖူးသားပဲ၊ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



လူယုတ်မာတွေကို ပြတ်ပြတ်သားသား ဆုံးမတတ်တယ်ဆိုတာလည်း ကြားထားပြီး ဖြစ်မှာပေါ့”

ချင်းလီက ...

“ခင်ဗျားမှားပြီ၊ ကျုပ်ဟာ”

သူ စကားဆုံးအောင်တောင် မပြောနိုင်တော့ဘဲ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာသည်။ ဒူးများ ကွေးညွတ်ကာ ...

‘ဝုန်း’

မြေပေါ် လဲကျသွားလေသည်။ မြင်းစီးသမား (ဝါ) မိုးကြိုးလက်ဝါး ကွမ်းကြိုးလုက ကျောခိုင်းလိုက်လေသည်။ သူ၏လက်ဝါးရိုက်ချက်ကို သူ ယုံကြည်ထားပါသည်။

မိုးကြိုးပစ်သည့်နှယ် တစ်ချက်ဆိုသလောက် ပြင်းထန်ပြီး လက်ဝါးရိုက်ချက် ခံလိုက်ရပြီဆိုသည်နှင့် အသက်ရှင်ဖို့လမ်း မရှိတော့ပေ။

ကွမ်းကြိုးလုသည် မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။ မြင်းကို ဒေါက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင် ...

“ဖေဖေ”

အော်ဟစ်ခေါ်သံနှင့်အတူ ကလေးတစ်ယောက် ပြေးလွှားလာသည်ကို တွေ့မြင်လိုက်ရလေသည်။



“ဖေဖေ ... ဖေဖေ”

ကလေးသည် မြေပေါ်တွင် လဲကျနေသည့် ချင်းလီကို ပြေး၍ ပွေ့ဖက်လိုက်လေသည်။ ထိုမြင်ကွင်းကြောင့် ကွမ်းကြိုးလု မျက်မှောင်ကုတ်သွား၏။

သို့သော် ချက်ချင်းပင် လှစ်လျူရှုကာ မြင်းကို အော်ဒေါက်မောင်းနှင်လျက် ထွက်ခွာသွားလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



သာယာချမ်းမြေ့မှုအပေါင်း ဆိတ်သုဉ်းပျောက်ကွယ်သွားပြီ ဖြစ်လေသည်။ ချင်းလီ၏အိမ်တွင် ငိုရှိုက်သံများ ထွက်ပေါ်နေ၏။ ချင်းလီသည် ခုတင်ပေါ်တွင် လဲလျောင်းနေသည်။ သူ၏ အသားအရေသည် ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး ချောင်းဆိုးလိုက်တိုင်း သွေးများ ပါလာသည်။

ဇနီးသည်ကျင်းကျင်းက သမားတော်ပင့်ကာ ဆေးကုသပေးသော်လည်း သမားတော်သည် ချင်းလီ၏ ဝေဒနာကို စစ်ဆေးကြည့်ရှုပြီးသည်နှင့် လက်လျှော့ကာ ပြန်သွားလေသည်။

အလွန်ဆိုးဝါးသော အခြေအနေနှင့် ရင်ဆိုင်လိုက်ရပြီဖြစ်ကြောင်း ကျင်းကျင်း သိလိုက်ရသောအခါ သူမသည် စိတ်မထိန်းနိုင်ဘဲ ငိုချလိုက်လေသည်။

ဤတွင် သားသမီးများဖြစ်ကြသော ချင်းချင်းနှင့် ချင်းသက်မွဲတို့သည်လည်း ငိုကြွေးကြလေတော့သည်။ ချင်းလီ၏ အခြေအနေသည် တစ်စတစ်စ ဆိုးရွားလာ၏။

ကွမ်းကြိုးလု၏ မိုးကြိုးလက်ဝါးရိုက်ချက်ကြောင့် သူ၏ရင်



ထဲမှ ကလီစာများ ပျက်စီးသွားခဲ့ရပြီဖြစ်သည်။ ချင်းလီသည် မည်သည့်နည်းနှင့်မျှ အသက်ရှင်တော့မည် မဟုတ်ပေ။ ချောင်းတဟွပ်ဟွပ်ဆိုးရင်း၊ သွေးများအန်ထုတ်ရင်းမှ အားယူ၍ ...

"ကွမ်းကြိုးလုရဲ့ မိုးကြိုးလက်ဝါးဟာ အတော်ကို ကြောက်စရာကောင်းတာပဲ၊ သူဟာ လူကောင်းတစ်ယောက်ဖြစ်ပေမယ့် ဒေါသကြီးပြီး မဆင်မခြင်လုပ်တတ်ကာ အတော်ကို ဆိုးတာပဲ"

ဟု ရေရွတ်လိုက်လေသည်။ သူ့အား ပြင်းထန်စွာ တိုက်ခိုက်ခဲ့သည်တိုင် ကွမ်းကြိုးလုအပေါ်တွင် စိတ်ဆိုးခြင်းရှိပုံ မပေါ်ချေ။ အလွန် အံ့ဩစရာကောင်းသော သိုင်းသမားတို့၏ စိတ်ဓာတ်ပင် ဖြစ်ပေတော့သည်။

မိန်းမသားများဖြစ်ကြသော ကျင်းကျင်းနှင့် ချင်းချင်းတို့က ငိုကြွေးဖို့သာ သိကြလေသည်။ ယောကျ်ားလေးဖြစ်သော ချင်းသက်မွဲမှာမူ ငိုရှိုက်ရင်း ...

"ကွမ်းကြိုးလု ... သင်းကြောင့် ငါ့အဖေ ခုလိုဖြစ်ရတာ"

ဟု အံကြိတ်ကြုံးဝါးနေလေတော့သည်။ ထိုအချိန်မှာပင် ချင်းလီ အဘယ်ကြောင့် အဖြစ်ဆိုးနှင့် ကြုံရသည်ဟူသော အဖြေ ထွက်ပေါ်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေသံများ ထွက်ပေါ်လာလေသည်။ လူတစ်စုသည် အိမ်ထဲသို့ ခွင့်မတောင်းဘဲ ဝင်ရောက်လာကြလေသည်။ ထိုလူစုအား ဦးဆောင်လာသူမှာ နာမည်ကျော်သူဌေးကြီး ထန် ဖြစ်ပေတော့သည်။

သူဌေးထန်သည် ချင်းလီတို့မိသားစု၏ ကြေကွဲဖွယ်မြင်ကွင်း ကို တွေ့မြင်လိုက်လျှင် ...

"ဟား ဟား ဟား"

ကျေနပ်စွာဖြင့် ဟားတိုက်ရယ်မောလိုက်လေသည်။ ငှက်ဆိုးထိုးသံအလား စူးရှကျယ်လောင်သော အသံကြီးသည် အိမ်ထဲလွှမ်းမိုးသွားလေသည်။ ကျင်းကျင်းက ...

"ရှင် ... ရှင် ဘာလာလုပ်တာလဲ၊ ခုချက်ချင်း ကျွန်မအိမ်ထဲက ထွက်သွားစမ်း"

ဟု အော်ငေါက်လိုက်လေသည်။ သူဌေးထန်က ...

"ကျင်းမိန်းကလေးရယ်၊ ကိုယ့်အိမ်မှာ လူနာလာကြည့်တဲ့လူကို ဒီလိုပဲ မောင်းထုတ်ရသလား"



"ဘာရှင့် ... ရှင်တို့ ခုချက်ချင်း ထွက်သွားမလား၊ မသွားဘူးလားဆိုတာ ပြောပါ"

ခင်ပွန်းသည်နှင့် သူဌေးထန်သည် တစောင်းစေးနှင့်မျက်ချေးပမာ ရှိနေကြောင်း ကျင်းကျင်းသိထားပြီး သူမကိုယ်တိုင်လည်း အကျင့်မကောင်းသော သူဌေးထန်ကု အမုန်းကြီး မုန်းနေသည်ဖြစ်၍ အိမ်ထဲမှ နှင်ထုတ်လိုက်ခြင်း ဖြစ်ပေတော့သည်။

ဝေဒနာခံစားနေရသည့် ချင်းလီ၏စကားသံ ထွက်ပေါ်လာလေသည်။

"ညီမ ... သူ ဝင်လာပါစေ"

ကျင်းကျင်းသည် ခင်ပွန်းသည်ကို လှည့်ကြည့်လိုက်ပြီးမှ ဘာမှ မပြောတော့ဘဲ နောက်ဆုတ်လိုက်လေသည်။

"ဟဲ ဟဲ ဟဲ"

သူဌေးထန်က တဟဲဟဲ ရယ်မောကာ ရှေ့သို့ လှမ်းလာပြီးလျှင် ...

"မင်း အတော့်ကို ခံစားနေရတယ် ထင်ပါရဲ့"

ဟု ပြောလေသည်။ ချင်းလီက ...

"ဒါ ... ခင်ဗျားရဲ့လက်ချက် မဟုတ်လား"

ဟု မေးလိုက်လေသည်။ သူဌေးထန်က မငြင်းဘဲ ဝန်ခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဟုတ်တယ်၊ မင်းက မနက်တိုင်း ခပ်စောစောထပြီး လက်ဖက်ရည်ဆိုင် သွားလေ့ရှိတယ်ဆိုတာကို ကျုပ်သိတယ်၊ ဒီကနေ့ မနက်ပိုင်း သိုင်းလောကမှာ ထင်ရှားတဲ့ မိုးကြိုးလက်ဝါး ကွမ်းကြိုးလုဟာ မင်းသွားနေကျ လမ်းကနေပြီး ကိစ္စတစ်ခုနဲ့ ဖြတ်သွားစရာရှိနေတယ်ဆိုတာပဲ ကျုပ်သိတယ်၊ ဒါကြောင့် ... မင်းတို့ချင်း ဆုံတွေ့မိအောင် စီစဉ်ပေးလိုက်ရတာပေါ့"

ချင်းလီ ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

"လူယုတ်မာကြီး"

ဟု အော်ဟစ်လိုက်၏။ လှုပ်လှုပ်ရှားရှား လုပ်လိုက်သဖြင့် ...

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ချလိုက်ရလေသည်။

"အစ်ကို"

"ဖေဖေ"

ကျင်းကျင်းတို့သားအမိ အထိတ်တလန့် ခေါ်လိုက်ကြလေသည်။

"ဟား ဟား ဟား"



သူဌေးထန်က ဟားတိုက်ရယ်မောလိုက်လေသည်။

"ချင်းလီ ... ချင်းလီ ... ငါ့ကို အန်တုရင် ဘယ်လိုဖြစ်ရမယ်ဆိုတာကို မင်းသိပြီ မဟုတ်လား၊ ခုတော့ ... မင်း ဘာတတ်နိုင်သေးသလဲ"

ဟု ဝင့်ကြွားစွာ ပြောလေသည်။ ကျင်းကျင်း သည်းမခံနိုင်တော့ပါချေ။ ခုံတစ်လုံးကို ဆွဲယူကာ ရိုက်နှက်ရန် ဟန်ပြင်ရင်း ...

"ရှင်တို့ ခုချက်ချင်း ထွက်သွားကြစမ်း"

ဟု အော်ငေါက်မောင်းထုတ်လိုက်လေသည်။ သူဌေးထန်က

"စိတ်ချ ... ကျက်သရေမရှိတဲ့ ဒီအိမ်ထဲမှာ ကျုပ်က တစ်စက်လေးတောင် မနေချင်ဘူးဆိုတာ မှတ်ထား၊ လာဟေ့ ... သွားကြမယ်"

သူ၏လူများကို လက်ဖွေ့ယမ်းပြပြီး အိမ်ထဲမှ ထွက်သွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



သူဌေးထန် ထွက်သွားပြီ ဖြစ်လေသည်။

"အဟွပ် အဟွပ်"

ချင်းလီ၏ ချောင်းဆိုးသံများသည် တစ်စထက်တစ်စ ပြင်းထန်လာလေသည်၊ ကျင်းကျင်းတို့ သားအမိများကား ကျိတ်၍ ငိုရှိုက်နေကြလေသည်။ ချင်းလီသည် ချောင်းဆိုးလိုက်တိုင်း သွေးများ အန်ထုတ်နေ၏။

ဖခင်ခံစားနေရသော ဝေဒနာဆိုးကိုကြည့်ကာ ချင်းသက်မှဲ၏ရင်ထဲ မချိအောင် ဖြစ်ရလေသည်။

"ငါ့အဖေ ခံစားရသလို သင်းလည်း တစ်နေ့ခံစားစေရမယ်"

ဟု ကြုံးဝါးလိုက်လေသည်။ ချင်းလီသည် ချောင်းဆိုးရပ်သွားသည်နှင့် အားယူကာ ...

"ညီမ ... အစ်ကိုမရှိတော့ရင် ဒီမြို့မှာ ဆက်မနေကြနဲ့တော့၊ ဆက်နေရင် သူဌေးထန်က ဒုက္ခပေးလိမ့်မယ်၊ အစ်ကို့စကားကို နားထောင်နော်၊ သားနဲ့သမီးကို ဂရုစိုက်ပါ၊ အစ်ကိုကတော့ နေရတော့မယ် မထင်ဘူး"



ဟု ပြောလေသည်။ ကျင်းကျင်း ဘာမှ မပြောနိုင်တော့ပါ။ သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ ထိန်းမရ သိမ်းမရ စီးကျနေလေတော့သည်။ ချင်းလီက ...

"ညီမ ... ဒီမြို့က အမြန်ဆုံးထွက်သွား သွား"

စကားဆုံးအောင် မပြောနိုင်တော့ဘဲ ဇက်ကျိုးကျသွား၏။ ချင်းလီ သေဆုံးသွားခဲ့ရှာပြီ ဖြစ်ပါသည်။

"ဖေဖေ"

ချင်းချင်းနှင့်ချင်းသက်မှဲတို့မောင်နှမသည် ဖခင်၏အလောင်းကို ပွေ့ဖက်ကာ အော်ဟစ်ငိုကြွေးလိုက်ကြလေတော့သည်။

✱

www.burmeseclassic.com

www.burmeseclassic.com



"အဟွပ် အဟွပ်"

ကွမ်းကြိုးလု ချောင်းတဟွပ်ဟွပ် ဆိုးလာလေသည်။ ရင်ထဲ၌ မခံမရပ်နိုင်အောင် ပူလောင်နေပြီး သွေးအသည်းကလီစာများ တစ်စစီ ပွဲကြွေကျကုန်ပြီဟု မှတ်ထင်ခံစားနေရလေသည်။

သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားသော သိုင်းသမားကြီးတစ်ယောက် ဖြစ်ပါလျက် အဘယ်ကြောင့် ယခုလို ဝေဒနာဆိုးတစ်ရပ်ကို ခံစားနေရပါသနည်း။

ခန္ဓာကိုယ်ထဲ၌ ခွန်အားများ ကုန်ခန်းပျောက်ကွယ်နေသကဲ့သို့ အသက်ရှူမွန်းကျပ်နေသည်။ ရင်ထဲ လှိုက်ခနဲ လှိုက်ခနဲ ဖြစ်လာရာ သက်သာလိုသက်သာငြား ချောင်းဆိုးလိုက်လျှင် ...

ပါးစပ်ထဲမှသွေးများ ထွက်ကျလာသည်။ ချင်းသက်မွဲသည် အခေါင်းအတွင်း၌ ရောက်ရှိနေပြီး ဝေဒနာခံစားနေရသော ကွမ်းကြိုးလုကို ကြည့်ကာ သက်ပြင်းချလိုက်လေသည်။

"ကျုပ်အဖေ ကံကောင်းတယ်ဆိုရမယ်၊ ခင်ဗျားလောက် ဝေဒနာ မခံစားခဲ့ရဘူး"



ဟု ပြောလိုက်သည်။ ကွမ်းကြိုးလုက ...

"အဲဒီအချိန်က သူဌေးထန်က လှည့်ကွက်ဆင်ထားတာကို ကျုပ် မသိခဲ့ဘူး။ မိန်းကလေးကလည်း တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေတော့ မင်းအဖေဟာ လူမဆန်အောင် ရက်စက်ခဲ့သူ လူတစ်ယောက်လို့ ကျုပ်ထင်လိုက်မိတယ်၊ ဒါကြောင့် ကျုပ်က တိုက်ခိုက်လိုက်တာပဲ"

ချင်းသက်မွဲက ...

"ခင်ဗျားဟာ ဝါရင့်သိုင်းသမားကြီးတစ်ယောက် ဖြစ်ပေမယ့် အယုံလွယ်တယ်၊ ပြင်းထန်တဲ့ မိုးကြိုးလက်ဝါးသိုင်းကွက်ကို မဆင်မခြင် အသုံးပြုလေ့ရှိတယ်ဆိုတာ ကျုပ် သိပါတယ်၊ ခင်ဗျားကသာ ကျုပ်အဖေကို ဖမ်းဆီးစစ်ဆေးမယ်ဆိုရင် ကျုပ်အဖေ သေရမှာမဟုတ်ပါဘူး၊ အဖြစ်မှန်ပေါ်ပေါက်လာအောင် ဖြေရှင်းနိုင်မှာပါ။ ခုတော့ ခင်ဗျားက ပညာဂုဏ်မောက်ပြီး လက်လွတ်စပယ် တိုက်ခိုက်ခဲ့တာကြောင့် ကျုပ်အဖေ သေသွားရတာ မဟုတ်လားဗျာ"

ကွမ်းကြိုးလုက ...

"ဒီလိုဖြစ်လာလိမ့်မယ်လို့ ကျုပ် ဘယ်တုန်းကမှ မတွေးခဲ့မိဘူး။ မင်းက သူဌေးထန်နဲ့ ဖြေရှင်းဖို့ကောင်းတာ၊ ဒါ ... သူ့အဖော်တဲ့ပြဿနာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ချင်းသက်မှဲ ပြုံးလိုက်သည်။

"မပူပါနဲ့ဗျာ၊ ကျုပ်တို့မိသားစုကို ဒုက္ခရောက်အောင် လုပ်ခဲ့ကြသူတွေ အားလုံးကို ကျုပ်က ရင်ဆိုင်ဖြေရှင်းပြီး ဆုံးမသွားမှာပါ၊ နောင်ဘဝကျရင်သာ စိတ်လိုက်မာန်ပါ မလုပ်မိအောင် ဂရုစိုက်ပေါ့ဗျာ"

စကားဆုံးလျှင် အခေါင်းအဖုံးကို ကောက်ကိုင်လိုက်သည်။ အခေါင်းအဖုံး ပိတ်လိုက်တော့မည့်သဘော ဖြစ်လေသည်။ သေခြင်းနှင့် နီးကပ်စွာ တွေ့ထိလိုက်သောအခါ ကွမ်းကြိုးလုမှာ ကြောက်ရွံ့ခြင်းကြီးစွာ ဖြစ်ခဲ့လေသည်။

သို့သော် သူအား မည်သူကမျှ ကယ်တင်နိုင်ကြတော့မည် မဟုတ်သလို မုချမသွေ သေဆုံးသွားရတော့မည်ဖြစ်ကြောင်း သိလာရသောအခါ ကြောက်ရွံ့စိတ်များ ပျောက်ကွယ်သွားတော့သည်။

သူ၏ရင်ထဲ မရှင်းမလင်းဖြစ်နေသော အချက်တစ်ချက်ကို မေးမြန်းလိုက်လေသည်။

"မင်းက ကျုပ်ကို ဘယ်လိုနည်းနဲ့ ထောင်ဖမ်းခဲ့တာလဲ၊ ကျုပ် ခုလို ခံလိုက်ရမယ်လို့ မမျှော်လင့်ဘူး၊ တကယ်တမ်း ယှဉ်ပြိုင်ကြမယ်ဆိုရင်လည်း မင်းက ကျုပ်ကို ဘယ်လိုနည်းနဲ့မှ မယှဉ်နိုင်ပါဘူး"



ချင်းသက်မှဲက ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

"ခင်ဗျားက ခုထိတောင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတုန်းပဲကိုး၊ ခင်ဗျားမှာ အဲဒီစိတ်ထားရှိတာကြောင့် ခုလို ခံလိုက်ရတာပဲ၊ ခင်ဗျားဟာ အမြဲတမ်း စိတ်လိုက်မာန်ပါ လုပ်တတ်တယ်၊ မဆင်မခြင်လုပ်တတ်တယ်ဆိုတာ ကျုပ်သိတယ်၊ ဒါကြောင့် ငှက်ချောချောင်းနားက အိမ်ကြီးမှာ အခေါင်းတွေကို နေရာချထားတဲ့အခါ ခင်ဗျားရဲ့အခေါင်းမှာ ကြိုတင်ပြီး အဆိပ်သုတ်လိမ်းထားလိုက်တယ်၊ အခေါင်းကို မြင်လိုက်တာနဲ့ ခင်ဗျားရဲ့ မိုးကြိုးလက်ဝါးသိုင်းကွက်ကို အသုံးပြုပြီး ဖျက်ဆီးပစ်လိမ့်မယ်ဆိုတာ ကျုပ်က ကြိုတင်တွေးမိထားတာပေါ့ဗျာ"

ကွမ်းကြိုးလုက ...

"လက်စသတ်တော့ ကျုပ် အဆိပ်မိသွားတာကိုး"

ချင်းသက်မှဲက ...

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားဟာ အခေါင်းဆိုင်ကိုလာပြီး စုံစမ်းမယ်ဆိုတာလည်း ကျုပ် တွေးမိထားတယ်၊ ခုတော့ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



အံ့ဝင်ခွင်ကျဖြစ်လာတာပဲ မဟုတ်လား”

ကွမ်းကြိုးလု ဘာမှမပြောနိုင်တော့ပါ။

“အဟွပ် အဟွပ်”

အဆက်မပြတ် ချောင်းဆိုးလိုက်သလို နှုတ်ခမ်းထောင့်မှ လည်းကောင်း၊ နှာခေါင်းနှင့်နားထဲမှ လည်းကောင်း သွေးများ တစ်မှိုစ်မှိုယိုစီးကျလာလေသည်။

ချင်းသက်မှဲသည် ကွမ်းကြိုးလု ဝေဒနာ အပြင်းအထန် ခံနေရသည်ကို အရသာခံကာ ကြည့်နေ၏။

မ်ကြာပါချေ ...။

ကွမ်းကြိုးလု၏မျက်နှာကြီးရှုံ့မဲ့ကာ ခြေလက်များ အကြောဆွဲလိုက်ပြီး ခေါက်ခနဲ ဇက်ကျိုးကျသွား၏။

လှုမ်းလှုမ်းတောက် ကျော်ကြားခဲ့သော သိုင်းသမားကြီး တစ်ယောက်သည် လောကကြီးအား မျက်ကွယ်ပြုသွားခဲ့ပြီ ဖြစ်လေသည်။

ချင်းသက်မှဲက အခေါင်းကို အဖုံးပိတ်လိုက်ပြီးလျှင် အခေါင်းကို မယူကာ ပခုံးပေါ်ထမ်းပြီး ဆိုင်အနောက်ဘက် အပေါက်မှ ထွက်သွားလေတော့သည်။

❋❋❋



## လှည့်ကွက်

နေဝန်းနီမှာ ဦးခေါင်းအပေါ်တည့်တည့်သို့ ရောက်ရှိနေပြီ ဖြစ်သည်။ နံနက်စာစားချိန်ကို ကျော်လွန်သွားပြီး နေမွမ်းတည့်အချိန်ကို ရောက်ရှိနေပြီဖြစ်ရာ စားသောက်ဆိုင်ထဲ၌ လူရှင်းသွားလေသည်။

ထိုအချိန်တွင် လူနှစ်ယောက်က စားသောက်ဆိုင်ထဲသို့ ရောက်ရှိလာကြလေသည်။ ထိုလူနှစ်ယောက်မှာ ရွှေဓားချန်ခွင်းနှင့် ဖျိုင်းဖြူကျောက်ဖုံးတို့ ဖြစ်ကြလေသည်။

သူတို့သည် ပြတင်းပေါက်နှင့်ကပ်လျှက်ရှိသော စားပွဲတစ်လုံး၌ နေရာယူလိုက်ကြပြီး စားသောက်ဖွယ်ရာများ မှာကြားကာ စားသောက်လိုက်ကြ၏။

အခေါင်းများတွေ့ရသော အိမ်ကြီးသို့ မီးလျှံရှောင်အင်းနှင့် ရေလှိုင်းရှောင်ချင်းတို့ ရောက်လာကြပြီးနောက် ချက်ချင်း ထွက်လာခဲ့ကြခြင်းဖြစ်သည်။ ရှောင်အင်းနှင့်ရှောင်ချင်းတို့မောင်နှမသည် ခေါင်း

www.burmeseclassic.com



မာသော တစ်ဇွတ်ထိုးသမားများ ဖြစ်ကြလေသည်။

အဖြူရောင်သိုင်းသမားလည်း မကျ၊ အနက်ရောင်သိုင်းသမားလည်း မကျသူများ ဖြစ်သည်။ သူတစ်ပါး မှန်သည်ထင်သော ကိစ္စအား မှားသည်ထင်ချင်ထင်သည်။ မှားသည်ဆိုသောကိစ္စကို မှန်သည်ဟု ပြောချင်ပြောကြသူများ ဖြစ်သည်။

အချေအတင် ငြင်းခုံကြဖို့လည်း ဝန်မလေးသည့်အပြင် ထစ်ခနဲဆိုလျှင် တိုက်ခိုက်လိုကြသူများ ဖြစ်လေသည်။ ထို့ကြောင့်လည်း အကြောင်းသိသူများက သူတို့အား ဝေးဝေးမှ ရှောင်ကြသည်။ ခပ်ကင်းကင်း နေကြလေသည်။

ရွှေမားချန်ခွင်းနှင့် ဗျိုင်းဖြူကျောက်ဖုံးတို့သည် ရှောင်အင်းတို့ မောင်နှမနှစ်ယောက်အကြောင်းကို သိထားခြင်းကြောင့် တမင်ရှောင်ထွက်လာခဲ့ကြခြင်း ဖြစ်လေသည်။

ရွှေမားချန်ခွန်းသည် အရက်တစ်ခွက် ငုံ့သောက်လိုက်ပြီးလျှင် ...

"အင်း ... နောက်ထပ် ထမင်းတစ်အိုးကျက်လောက် ကြာအောင် အချိန်ဖြုန်းနေရဦးမှာပါလား"

ဟု ညည်းတွားလိုက်လေသည်။ ဗျိုင်းဖြူကျောက်ဖုံးက —

"အချိန်ဖြုန်းနေရဦးမယ် မဟုတ်လား၊ ဘာဖြစ်လို့လဲ"



ဟု မေးလိုက်သည်။ ချန်ခွင်းက ...

"ဟိုမောင်နှမကြောင့်ပေါ့"

"ဪ"

"သူတို့ထွက်သွားလောက်မှ အဲဒီအိမ်ကြီးကို ပြန်သွားရမယ်"

ကျောက်ဖုံး မျက်မှောင်ကုတ်သွားလေသည်။

"ခင်ဗျား ... ပြန်သွားဦးမယ်ဟုတ်လား"

ချန်ခွန်းခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်လေ၊ သဲလွန်စရှာရဦးမှာပေါ့"

"ဘာထူးမှာမို့လဲ၊ ဒီအိမ်ကြီးအကြောင်း သတင်းပေါက်ကြားသွားမှတော့ တိတ်တဆိတ်ကြံစည်နေတဲ့လူက နေဝံ့ပါတော့မလားဗျာ"

ချန်ခွန်းက ...

"မပြောတတ်ဘူးဗျ၊ ကျုပ်ကတော့ တစ်ခေါက်ပြန်သွားပြီး သဲလွန်စလိုက်ရှာကြည့်မယ်"

ပြောပြောဆိုဆို တိုင်ရာမှ ထလိုက်လေသည်။ ချန်ခွန်းက

"ခင်ဗျား သွားတော့မလို့လား"

"ဟုတ်တယ် ... နောက်မှ တွေ့ကြသေးတာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံးသည် နှုတ်ဆက်ပြီး အမှန်တကယ် ထွက်သွားလေသည်။ ဆိုင်အပြင်ဘက် ရောက်သွားပြီး မြင်ကွင်းမှ ပျောက်သွားတော့မှ ချမ်းခွန်းပြုံးလိုက်သည်။

"ကျက်သရေကင်းမဲ့တဲ့ အိမ်ကြီးကို နောက်တစ်ခေါက် ပြန်သွားရလောက်အောင် ကျုပ်က မမိုက်မဲသေးပါဘူးလေ၊ အကြံသမားကို တွေ့ချင်ရင် ကိုယ့်ဘာသာကြိုးစားကြည့်ပေါ့ဗျာ"

ဟု ရေရွတ်လိုက်၏။ ထို့နောက် ဆိုင်လုလင်တစ်ယောက်ကို ခေါ်ယူ၍ အနည်းငယ်စုံစမ်းမေးမြန်းပြီး ကျသင့်ငွေပေးချေကာ ဆိုင်ထဲမှ ထွက်လာခဲ့သည်။ သူ၏ခြေလှမ်းများသည် မြို့အနောက်ဘက်သို့ ဦးတည်နေလေတော့သည်။



'ဒုန်း ဒုန်း ဒုန်း ဒုန်း'

အခေါင်းဆိုင်လေးမှ ထုရိုက်သံများ တဒုန်းဒုန်းမြည်ကာ ထွက်ပေါ်နေ၏။ ချင်းသက်မှဲသည် တူတစ်လက်ဖြင့် အလုပ်ရှုပ်နေသည်။

အသင့်ဖြတ်တောက်ပြီးသော ပျဉ်ချပ်များဖြင့် အခေါင်းတစ်လုံး ရိုက်နေခြင်း ဖြစ်လေသည်။ ထိုစဉ် ...

"ဆိုင်ရှင်တို့ ... ဆိုင်ရှင်တို့"

ခေါ်သံများနှင့်အတူ လူတစ်ယောက်ဝင်ရောက်လာလေသည်။

ရွှေဓားချမ်းခွန်း ရောက်လာခြင်း ဖြစ်ပေတော့သည်။ ချင်းသက်မှဲက လုပ်လက်စအလုပ်ကို ရပ်တန့်ကာ ခရီးဦးကြိုပြုလိုက်သည်။

"ကြွပါခင်ဗျာ ကြွပါ၊ အခေါင်းတစ်လုံးလောက် ဝယ်မလို့လားခင်ဗျာ၊ ကျွန်တော်တို့ဆိုင်က"

သူ၏စကားမဆုံးမီ ရွှေဓားချမ်းခွန်းက ကြားဖြတ်ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"နေ ... နေ၊ ကျုပ်က အခေါင်းဝယ်ဖို့လာတာ မဟုတ်ဘူး"

"ဗြော်"

ချင်းသက်မှဲ့သည် ရွှေစားချန်ခွန်းအား အကဲခတ်လိုက်ပြီး ...

"ကျွန်တော် ဘာများ အကူအညီပေးရမယ်ဆိုတာ အမိန့်ရှိပါ ခင်ဗျာ"

ဟု မေးလိုက်ပြန်လေသည်။ ချန်ခွန်းက ချင်းသက်မှဲ့၏ ယဉ်ကျေးပျူငှာပုံကို သဘောကျသွားလေသည်။

"တခြားတော့ မဟုတ်ပါဘူးကွယ်၊ မောင်ရင်လေးဆီမှာ အကူအညီတောင်းချင်လို့ပါ"

ချင်းသက်မှဲ့က ...

"ဟုတ်ကဲ့ ... ပြောပါဗျာ"

ချန်ခွန်းက ...

"မကြာသေးခင်က ဒီမြို့အနီးတစ်ဝိုက်မှာ ထူးခြားတဲ့ သတင်းတစ်ခု ထွက်ပေါ်လာခဲ့တယ်၊ အဲဒီသတင်းကို မင်းကြားမိလိုက်မှာပေါ့"

ချင်းသက်မှဲ့က မျက်မှောင်ကုတ်ရင်း ...



"ဦးက ဘယ်လိုသတင်းမျိုးကို ဆိုလိုတာလဲဗျာ"

ဟု မေးလိုက်လေသည်။ ချန်ခွန်းက ...

"ငှက်မျောချောင်းနံဘေးက အမင်္ဂလာအိမ်ကြီးအကြောင်း ပေါ့ကွယ်"

"ဗြော်"

ချင်းသက်မှဲ့ ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်လေသည်။

"ကျွန်တော် သတင်းကြားပါတယ်၊ ဒါပေမဲ့ ... ကျွန်တော်တို့နဲ့ ဘာမှမပတ်သက်ဘူး ထင်ပါတယ်"

ချန်ခွန်းက ...

"မင်း မှားနေပြီ၊ မင်းတို့နဲ့ ပတ်သက်နေတယ်"

"ဗျာ"

"အမင်္ဂလာအိမ်ကြီးထဲမှာ အခေါင်းခုနစ်လုံးရှိနေတယ်၊ အဲဒီအခေါင်းတွေဟာ မင်းတို့ဆိုင်က ဝယ်ယူသွားတဲ့ အခေါင်းတွေပဲ"

အမှန်တော့ ဤအရပ်ဒေသတွင် အခေါင်းရောင်းသည့် ဆိုင်တစ်ဆိုင်တည်းသာရှိနေသဖြင့် ဤဆိုင်မှ ဝယ်ယူသွားခဲ့ခြင်းသာ ဖြစ်ရမည်ဟု သူက တစ်ထစ်ချ ယုံကြည်ထားပြီး မင်သေသေဖြင့် ပြောလိုက်ခြင်း ဖြစ်လေသည်။ ချင်းသက်မှဲ့က ...

"ဒုက္ခပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းတွားလိုက်လေသည်။ ချန်ခွန်းက ...

"ဘာဖြစ်လို့လဲကွ"

ချင်းသက်မှဲက ထိတ်လန့်ဟန်ဖြင့် ...

"ဟို ... ဟို ... ဒီကိစ္စကို လူမသိဘူးလို့ ကျွန်တော်ထင်နေတာ"

"အေး ... မင်းတို့ဆိုင်က လက်ရာဆိုတာ အခေါင်းတွေမှာ ဖော်ပြနေတာပဲ၊ သေသေချာချာ စစ်ဆေးကြည့်ရင် ဘယ်သူမဆို သိနိုင်တာပေါ့ကွာ၊ ဘာလဲ ... အဲဒီအခေါင်းတွေကို မင်းက သွားပို့ခဲ့ရလို့လား"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး"

ချင်းသက်မှဲ ကပျာကယာ လက်ကာပြကာ ပြောလိုက်လေသည်။ ချန်ခွန်းက ...

"မကြောက်ပါနဲ့ကွာ၊ ငါက မင်းကို ဘာမှမလုပ်ပါဘူး၊ အခေါင်းတွေကို ဘယ်သူက ဝယ်သွားသလဲ၊ ဘယ်သူက ယူသွားတာလဲဆိုတာကို သိရရင်တော်ပါပြီ"

"ကျွန် ... ကျွန်တော်"

ချင်းသက်မှဲ စကားထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။ ချန်ခွန်းက အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်သည်။ လက်ပြန်ထုတ်လိုက်သောအခါ



ငွေစက္ကူများ ပါလာလေသည်။

ချန်ခွန်းက ငွေစက္ကူများကို ချင်းသက်မှဲရှေ့တွင် ချပေးလိုက်ပြီး ...

"ဘာမှမကြောက်နဲ့၊ မင်း ဘာမှ မဖြစ်စေရဘူးလို့ ကျုပ်တာဝန်ယူတယ်၊ ကျုပ် မေးတာကို ဖြေရင် ဟောဒီငွေကို မင်းရမယ်"

တစ်ဖန် ချန်ခွန်းကို ကြည့်လိုက်ပြီး ...

"ဦး ... တကယ်ပြောတာလား"

"တကယ်ပေါ့"

"ကောင်းပါပြီဗျာ ... ကျွန်တော်ပြောပြပါ့မယ်၊ လူတစ်ယောက်က အခေါင်းခုနစ်လုံး လာမှာပါတယ်၊ ပြီးတော့ တစ်ရက်ကို အခေါင်းတစ်လုံးကျလာပြီး ယူသွားပါတယ်၊ အဲ ... ကျွန်တော် မှားသွားတယ်၊ သူ ဝယ်သွားတာ အခေါင်းရှစ်လုံးပါ"

"ရှစ်လုံး"

"ဟုတ်ပါတယ် ခင်ဗျာ"

ချန်ခွန်း မျက်မှောင်ကုတ်သွားလေသည်။ သူက အခေါင်းခုနစ်လုံးကို တွေ့ခဲ့ရခြင်းဖြစ်ရာ ချင်းသက်မှဲ ပြောသည့်စကားနှင့် ကွာခြားနေသည်။

"နေပါဦး၊ ဟိုအိမ်ကြီးထဲမှာ အခေါင်းခုနစ်လုံးပဲ တွေ့ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ဆိုပါလား”

ဟု စကားအစ်လိုက်သည်။ ချင်းသက်မှဲက …

“ဟုတ်ပါတယ် ခင်ဗျာ၊ ပထမ ဝယ်ယူသွားတာ ခုနစ်လုံးပါ၊ နောက်တော့ ဘာစိတ်ကူးပေါက်တယ်မသိဘူး၊ နောက်ထပ် အခေါင်း တစ်လုံး လာယူသွားပါတယ်”

ချန်ခွန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ အခေါင်းများ ဝယ်ယူသွားသည့် ချင်းသက်မှဲဆိုသူသည် သူတို့နှင့်အနီးတစ်ဝိုက်တွင် ပင် လှုပ်ရှားလျက်ရှိကြောင်း ဆင်ခြင်မိလိုက်လေသည်။ သူ၏ရှေ့၌ ရှိနေသော လူရွယ်မှာ ချင်းသက်မှဲဖြစ်သည်ကို မသိသေးပါ။ အကယ် ၍ မိုးကြိုးလက်ဝါး ကွမ်းကြိုးလုသည် ချင်းသက်မှဲ၏လက်ချက် ကြောင့် သေဆုံးသွားပြီဖြစ်ကြောင်းကိုသာ သိနိုင်မည်ဆိုပါလျှင် ချင်း သက်မှဲက ဆက်ပြောနေသည်။

“သူ ပထမဝယ်ယူသွားတဲ့ အခေါင်းခုနစ်လုံးမှာ နှစ်လုံးပျက် စီးသွားတာကြောင့် ထပ်ဝယ်ရတာလို့ ပြောပါတယ်၊ ဒါပေမဲ့ … တစ်လုံးထပ်ဝယ်သွားပါတယ်”

ချန်ခွန်း စိတ်လှုပ်ရှားသွားလေသည်။ သူနှင့် မိုးကြိုးလက် ဝါး ကွမ်းကြိုလုတို့သည် အခေါင်းတစ်လုံးစီ ဖျက်ဆီးပစ်ခဲ့ကြသည် မဟုတ်ပါလား။



ပျက်စီးသွားသော အခေါင်းနှစ်လုံးနေရာတွင် အစားထိုးမည် ဆိုပါလျှင် နှစ်လုံးဝယ်ယူသွားရမည်ဖြစ်ပြီး အဘယ်ကြောင့် တစ်လုံး တည်းသာ ဝယ်ယူသွားရပါသနည်း။ ချင်းသက်မှဲက …

“သူ ထပ်ဝယ်သွားတဲ့အခေါင်းဟာ မိုးကြိုးလက်ဝါး ကွမ်း ကြိုးလုဆိုတဲ့ လူအတွက်လို့ ပြောသွားပါတယ်”

“ကွမ်းကြိုးလု”

“ဟုတ်ပါတယ် ခင်ဗျာ”

ချန်ခွန်း၏ရင်ထဲ မကောင်းသောအတိတ်နိမိတ်များ ခံစား လာရလေသည်။ ချင်းသက်မှဲကို စိုက်ကြည့်လိုက်ပြီး …

“သူ့ကို မင်းသိသလား”

ဟု မေးလိုက်လေသည်။ ချင်းသက်မှဲက …

“မသိပါဘူးခင်ဗျား၊ သူဟာ ဒီမြို့ကလူတစ်ယောက် မဟုတ် ဘူး ထင်ပါတယ်”

ဟု မှင်သေသေဖြင့် လိမ်ပြောလိုက်လေသည်။ ချန်ခွန်း တွေဝေသွားလေသည်။ ချင်းသက်မှဲက …

“ဒီလူကိုကြည့်ရတာ မြို့တောင်ဘက်က လာတယ်လို့ထင် ပါတယ်၊ ဘာကြောင့်လဲဆိုရင် သူ့ရဲ့ဖိနပ်မှာ မြေဝါမှုန့်တွေ ကပ်ပါ လာတတ်လို့ပါ၊ မြို့တောင်ဘက်မှာ မြေဝါတောင်တစ်လုံး ရှိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတောင်ကို ဖြတ်လာတဲ့ လှတိုင်းရဲ့ဖိနပ်မှာ မြေဝါမှုန့်တွေ ကပ်ပါလာကြတာ လူတိုင်းသိကြပါတယ် ခင်ဗျာ"

ချန်ခွန်းသည် ချင်းသက်မဲ့၏စကားကို ယုံကြည်သွားလေသည်။

"မြေဝါတောင်ကုန်းကိုရောက်အောင် ဘယ်လိုသွားရမယ်ဆိုတာ မင်းသိသလား"

ဟု မေးလိုက်သည်။ ချင်းသက်မဲ့က ...

"လူတိုင်းသိကြပါတယ် ခင်ဗျာ"

"ဒါဖြင့် ကျုပ်ကို ပြောပြစမ်းပါဦး"

"ဒီလိုပါခင်ဗျာ"

ချင်းသက်မဲ့သည် မြေဝါတောင်ကုန်းသို့ မည်သို့မည်ပုံ သွားရမည်ဆိုသည်ကို ပြောပြလိုက်သည်။

"ဦး သွားမယ်ဆိုရင်တော့ သတိထားစေချင်ပါတယ်ခင်ဗျာ၊ ဘာကြောင့်လဲဆိုတော့ မြေဝါတောင်ကုန်း အနီးတစ်ဝိုက်မှာ လိုဏ်ဂူတွေ ပေါများပါတယ်၊ လူသွားလူလာပြတ်ပြီး သားရဲတိရစ္ဆာန်တွေ ခိုအောင်းနေတတ်ကြပါတယ်၊ မတော်တဆရင်ဆိုင်တွေ့ရင် အန္တရာယ် ပြုခံရတတ်ပါတယ် ခင်ဗျာ"

ဟုလည်း သတိပေးလိုက်လေသည်။ ချန်ခွန်း ပြုံးလိုက်



သည်။

"ကိစ္စမရှိပါဘူး၊ ကျုပ်ကို ခွလိုက္ခညီတဲ့အတွက် ကျေးဇူးတင်တယ်၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ ခင်ဗျာ"

ချန်ခွန်းသည် နှုတ်ဆက်ကာ ထွက်သွားလေသည်။ ချင်းသက်မဲ့သည် ချန်ခွန်း မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ကြည့်နေလိုက်၏။

ပြီးမှ ဆိုင်အနောက်ဘက်အပေါက်မှ တစ်ဆင့် ခပ်သွက်သွက် ပြေးထွက်သွားလေတော့သည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## ထောင်ချောက်

မြေဝါတောင်ကုန်း ...။

မြေဝါတောင်ကုန်းသည် တောင်ပူစာ လေးဆယ့်ငါးလုံးဖြင့် ဖွဲ့စည်းထားသည့် တောင်ကုန်းတစ်ခု ဖြစ်လေသည်။

နာမည်နှင့်လိုက်အောင် သဲဆန်သော မြေပွမြေမျိုးဖြစ်ပြီး မြေသားမြေမှုန့်များသည် အဝါရောင်သမ်းနေသည်။ ချုန်ခွန်းသည် မြေဝါတောင်ကုန်းသို့ ရောက်လာပြီ ဖြစ်သည်။

ဝါရင့်သိုင်းသမားကြီးတစ်ယောက် ဖြစ်သော်လည်း ချင်းသက်မဲ့ပြောသည့်စကားကို အလွယ်တကူယုံကြည်မိသည်မှာ အကြောင်း ရှိလေသည်။

အခေါင်းခုနစ်လုံးဖော်ထုတ်ခဲ့သော ရန်သူအား ထိပ်သီးအားလုံးက ဖော်ထုတ်ဆုံးမ လိုကြပေသည်။ သူတို့သည် နာမည်ကျော်သိုင်းသမားကြီးများ ဖြစ်ကြသော်လည်း အချင်းချင်း ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသော်လည်း မိမိ၏ပညာသည်



သင်လျှင် အတော်ဆုံး၊ အထက်မြက်ဆုံးဟု ယူဆထားကြသည့် အလျောက် မသိမသာ ဂုဏ်တုဂုဏ်ပြိုင် ရှိကြလေသည်။

မိမိတို့၏ အမည်များ အခေါင်းများတွင် ရေးကပ်ကာ သတ်မှတ်ခံရခြင်းသည် စော်ကားခံရခြင်းဖြစ်ပြီး ဂုဏ်သိက္ခာကျစေသည်ဟု ယုံကြည်ထားလေသည်။

တရားခံကို ဖော်ထုတ်ဆုံးမနိုင်မှသာလျှင် ဂုဏ်သိက္ခာကို ဆယ်တင်နိုင်မည်ဟုလည်း ခံယူထားသည်။ ထို့ကြောင့် သူ့ထက်ငါ လက်ဦးအောင် ရှာဖွေနေကြခြင်း ဖြစ်သည်။

နောက်ကျသွားသူသည် ပြောစရာမလိုဘဲ ညံ့ဖျင်းသူ ဖြစ်သွားလိမ့်မည် မဟုတ်ပါလား။ အသက်ထက် ဂုဏ်သိက္ခာက ပို၍ အရေးကြီးသည်ဟု ခံယူထားကြသူများဖြစ်သည့်အလျောက် ချုန်ခွန်းသည် ဘာမှ စဉ်းစားမနေဘဲ မြေဝါတောင်သို့ လာခဲ့ခြင်း ဖြစ်ပေတော့သည်။

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာသည်။ မွှေးကြိုင်သင်းပျံ့သော တောပန်းရနံ့များ လွင့်ပျံလာ၏။ မြေဝါတောင်ကုန်းတစ်လျှောက်တွင် ချုံပုတ်များ၊ ဆူးများနှင့် သစ်ပင်ငယ်များ ပေါက်ရောက်လျက် ရှိပါသည်။

ချုံပုတ်များကြောင့် ဝန်းကျင်တစ်ခုလုံး ရှုပ်ထွေးနေသည်

www.burmeseclassic.com

www.burmeseclassic.com



ထင်ရ၏။ ချန်ခွန်းသည် ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ကြည့်ကာ လှမ်းလာခဲ့ရာ တစ်နေရာသို့အရောက်တွင် မလှမ်းမကမ်းမှ ရိပ်ခနဲ လှုပ်ရှားသွားသော လူရိပ်သဏ္ဌာန်တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ချန်ခွန်း ခြေလှမ်းရပ်သွား၏။ လှုပ်ရှားမှုဖြစ်ပေါ်လာရာဆီသို့ သတိထားပြီး ကြည့်လိုက်သည်။ ထိုအခါ လူတစ်ယောက်သည် ချုံပုတ်များကြားမှ ဖြတ်ကာ ရိပ်ခနဲ ရိပ်ခနဲ ပြေးသွားနေခြင်းဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

ချန်ခွန်း စိတ်လှုပ်ရှားသွားလေသည်။

"ဘယ်သူလဲ ... ရပ်လိုက်စမ်း"

ဟု အော်ငေါက်လိုက်၏။ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း လူရိပ်သည် ရပ်တန့်ခြင်း မရှိဘဲ ဆက်၍ ပြေးလွှားသွားလေသည်။

ထူးခြားမှုရှိနေပြီဖြစ်ကြောင်း ချန်ခွန်း၏ရင်ထဲ၌ အလိုလိုရိပ်မိလိုက်လေသည်။ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ကိုယ်ဖော့ပညာ အသုံးပြုကာ ပြေးလိုက်သွားလေတော့သည်။

✱



လူရိပ်သည် လျင်မြန်စွာဖြင့် ရိပ်ခနဲ ရိပ်ခနဲ ပြေးလွှားသွားပြီး တောင်ပူစာလေးများကြားသို့ ပြေးဝင် ပျောက်ကွယ်သွားလေသည်။

ချန်ခွန်းက ဟိုဟိုသည်သည် လိုက်လံရှာဖွေကြည့်ပါသော်လည်း မတွေ့ရတော့ပေ။

"ဒီနားလေးတင် ပျောက်သွားတာပဲ"

ချန်ခွန်းက မကျေမနပ်ဖြစ်သွားပြီး လှည့်ပတ်ရှာဖွေကြည့်လိုက်လေသည်။ ဤတွင် တောင်ပူစာလေးများ၌ လိုဏ်ဂူပေါက်ကလေးများ ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အချို့သော ဂူပေါက်ကြီးပြီး၊ အချို့သော ဂူပေါက်များကား သေးငယ်၍ နေ၏။ အိမ်တစ်လုံးစာမျှ ကြီးမားသော လိုဏ်ဂူများမှသည် ဆိတ်တစ်ကောင်ဝင်သာရုံ ဂူပေါက်အထိ အရွယ်အစား အမျိုးမျိုး ရှိကြလေသည်။

ထိုဂူပေါက်များတွင် သားရဲတိရစ္ဆာန်များ ခိုအောင်းနေတတ်သည်ဆိုသော ချင်းသက်မဲ့၏စကားသည် မှန်ကန်နေလိမ့်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ချုန်ခွန်းယုံကြည်မိလေသည်။

ထူးဆန်းသော လူရိပ်များ ပျောက်ကွယ်သွားကြသဖြင့် မကျေမနပ်ဖြင့် ရှာဖွေကြည့်နေကြစဉ်မှာပင် မလှမ်းမကမ်း တစ်နေရာ၌ လိုဏ်ဂူတစ်ခုအတွင်းမှ အလင်းရောင်များ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

"လက်စသတ်တော့ လိုဏ်ဂူထဲ ဝင်ပြေးသွားတာကိုး ... သိကြသေးတာပေါ့"

ဟု စိတ်ထဲမှ ကြုံးဝါးကာ အလင်းရောင် ထွက်ပေါ်လာသည့် လိုဏ်ဂူဆီသို့ လှမ်းသွားလိုက်လေသည်။ ထိုဂူသည် အတော်အတန် ကြီးမားလေသည်။

လိုဏ်ဂူထဲမှ ထွက်ပေါ်သည့် အလင်းရောင်သည် မီးရောင်မဟုတ်ဘဲ စိမ်းဖန့်ဖန့် အရောင်သမ်းနေသော အလင်းရောင် ဖြစ်သည်။

ထိုအလင်းရောင်ကြောင့်ပင် လိုဏ်ဂူထဲ၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရလေသည်။ ချုန်ခွန်းက ...

"မင်း ဘယ်ပြေးမလဲ"

ဟု စိတ်ထဲမှ ကြုံးဝါးလိုက်ပြန်သည်။ ခါးမှ ရွှေဓားကို အချိန်မရွေး ဆွဲထုတ်ကာ တိုက်ခိုက်နိုင်ရန် အသင့်ပြင်လိုက်ပြီး လိုဏ်ဂူထဲ



လှမ်းဝင်လိုက်လေသည်။

လိုဏ်ဂူထဲသို့ ရောက်သွားတော့မှ ဂူနံရံကျောက်သားပြင်၌ ကျောက်သလင်းမှုန်ကလေးများ စိုဝေးလျက်ရှိရာ အလင်းရောင်ဖြန့်ကာ စိမ်းဖန့်ဖန့်အရောင်များ ထွက်ပေါ်နေခြင်းဖြစ်ကြောင်း သိလိုက်ရလေသည်။

လိုဏ်ဂူသည် ကြီးမားသည့်အပြင် ကျယ်ဝန်းကာ ရှည်လျား၏။ လိုဏ်ဂူသို့ ရောက်သွားသောအခါ အရှေ့ဘက် မလှမ်းမကမ်းမှ ခြေသံသဲ့သဲ့ကို ကြားရလေသည်။

ရွှေဓားချုန်ခွန်းသည် သူလိုက်လံရှာဖွေနေသော အခေါင်းများ ဝယ်ယူခဲ့သူကို တွေ့ရပြီဟု ယုံကြည်မိလိုက်လေသည်။ သို့သော် ခြေလှမ်း ဆယ့်လေးငါးလှမ်း လှမ်းသွားပြီးသည်နှင့် ခြေလှမ်း တုံ့ခနဲ တန့်သွားရလေသည်။

အကြောင်းမှာ သူ၏ရှေ့မှ လိုဏ်ဂူထဲသို့ ဝင်သွားသူသည် သူ့အား ရပ်၍ စောင့်နေသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုလူကိုမြင်လျှင် ချုန်ခွန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းဖန့်ဖန့်အလင်းရောင်များ ထွက်ပေါ်နေသော လိုဏ်ဂူအတွင်း၌ ရွှေမားချန်ခွန်းနှင့် သူ လိုက်လံရှာဖွေနေသူတို့ ရင်ဆိုင်ဆုံတွေ့မိလိုက်ကြပြီဖြစ်သည်။ ထိုလူသည်ကား ...

"မင်း ... မင်း ... အခေါင်းဆိုင်က မဟုတ်လား၊ ဒီမှာ ဘာလာလုပ်တာလဲ"

ချန်ခွန်းက အံ့ဩသောလေသံဖြင့် မေးလိုက်လေသည်။ ချင်းသက်မွဲက ပြုံးလိုက်သည်။

"ခုချိန်ထိတောင် ခင်ဗျားနားမလည်နိုင်သေးဘူးလားဗျာ"

"ဘာကွ"

"ရှင်းရှင်းပြောရရင် ခင်ဗျားကို သုတ်သင်ရှင်းလင်းပစ်ဖို့ ဒီနေရာကို မျှားခေါ်လာရတာပေါ့"

"မင်း"

ချန်ခွန်း မယုံကြည်နိုင်အောင် ဖြစ်နေပါသည်။ ချင်းသက်မွဲအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ...

"အခေါင်းဝယ်တဲ့သူဟာ မင်းကိုယ်တိုင်ပဲပေါ့ ဟုတ်လား"



ဟု မေးလိုက်သည်။ ချင်းသက်မွဲမှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"နေပါဦး ... မင်းက ကျုပ်တို့ခုနစ်ယောက်စလုံး သေသွားစေချင်တယ် ဟုတ်လား၊ ဘာကြောင့်လဲ"

ချင်းသက်မွဲက ...

"ဘာကြောင့်လဲဆိုတာ ခင်ဗျား သိပါတယ်"

"ဘာကွ ... ကျုပ်သိတယ်ဟုတ်လား၊ မင်း ဘာတွေ ပြောနေတာလဲ"

ချန်ခွန်းက ဝေါက်လိုက်သည်။ ချင်းသက်မွဲ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်နဲ့တွေ့မှတော့ ခင်ဗျားရဲ့အပြစ်ကို ဖုံးကွယ်လို့ မရတော့ပါဘူးဗျာ"

ချန်ခွင်း ဒေါပွသွားလေသည်။

"အေး ... မင်း ဘယ်သူပဲဖြစ်ဖြစ်၊ ကျုပ်ကိုစော်ကားတဲ့ တွက် မင်းကို ဆုံးမရမှ ကျေနပ်မယ်"

ချင်းသက်မွဲက ...

"ကျုပ်ကလည်း ခင်ဗျားကို အရှင်မထားပါဘူး"

"ခွေးကောင် ... မင်းကို ပါးသုံးချက်လောက် ရိုက်ပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေမားချန်ခွန်းသည် ပြောပြောဆိုဆို ချင်းသက်မဲ့ထံ ခုန်ဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

"နေဦး"

ချင်းသက်မဲ့က လက်ကာပြ၍ ဟန့်တားလိုက်၏။ ရွှေမား ချန်ခွန်းက ...

"မင်း ဘာပြောချင်သေးလို့လဲ၊ ကျုပ်ကို စော်ကားပြီးမှ တောင်းပန်လို့မရဘူး မှတ်ထား"

ချင်းသက်မဲ့က ...

"စိတ်ချ၊ ခင်ဗျားကို ဘယ်တော့မှမတောင်းပန်ဘူး၊ ခင်ဗျား တောင်းပန်တာကိုလည်း ကျုပ်လက်မခံဘူး၊ ကျုပ်ပြောချင်တာက ကျုပ်ကိုတိုက်ခိုက်မယ်ဆိုရင် ခင်ဗျားရဲ့ရွှေမားကို အသုံးပြုဖို့ပါပဲ"

ထိုစကားကြားလျှင် ...

"ဟား ဟား ဟား"

ရွှေမားချန်ခွန်းက ဟားတိုက်ရယ်မောလိုက်လေသည်။ လိုဏ်ဂူအတွင်းဝယ် ရယ်မောသံသည် ပဲ့တင်ထပ်ကာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ချင်းသက်မဲ့က မလှုပ်မယှက် ရပ်နေ၏။ ရွှေမားချန်ခွန်း၏ ရယ်သံသည် ကျယ်လောင်လွန်းသဖြင့် တော်ရုံတန်ရုံလူဆိုလျှင် နား



အူသွားကာ အမူအရာပျက်သွားနိုင်လေသည်။ ချင်းသက်မဲ့သည် ကား မည်သို့မျှ ခံစားရပုံမပေါ်ဘဲ မလှုပ်မယှက် ရှိနေသဖြင့် အတွင်းအား ကောင်းသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ရွှေမားချန်ခွန်းသည် အတန်ကြာ ရယ်မောပြီးမှ ...

"မင်းလို မလောက်လေး မလောက်စား ကောင်လေးတစ်ယောက်ကို ဆုံးမဖို့ ကျုပ်က ရွှေမားကို အသုံးပြုရမှာလား"

ဟု ပြောလိုက်လေသည်။ ချင်းသက်မဲ့က ...

"ကျုပ်က မားကိုအသုံးပြုမှာ ဖြစ်တယ်၊ ဒါကြောင့် ... ခင်ဗျားသာ ရွှေမားကို အသုံးမပြုဘူးဆိုရင် မှားသွားလိမ့်မယ်၊ ခင်ဗျားရဲ့ အသုံးမကျတဲ့ ရွှေမားပညာကို ကျုပ်က ဘယ်လို ချေဖျက်ပြီး အနိုင်ယူမယ်ဆိုတာ လက်တွေ့မကြည့်ချင်ဘူးလားဗျ"

ထိုစကားကြားလျှင် ရွှေမားချန်ခွန်း မနေနိုင်တော့ဘဲ ...

'ခြွမ်း'

ခါးမှရွှေမားကို ဆွဲထုတ်လိုက်လေသည်။ လိုဏ်ဂူအတွင်းမှ စိမ်းဖန့်ဖန့် အလင်းရောင်နှင့်အပြိုင် ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာလေသည်။

ချန်ခွန်း၏ ရွှေမားသည် ရွှေ၊ မိုးကြိုး၊ သတ္တုနှင့်သံမဏိတို့ကို အချိုးအစားအလိုက် ပေါင်းစပ်ကာ ထုတ်လုပ်ထားသော မား

www.burmeseclassic.com

www.burmeseclassic.com



တစ်လက်ဖြစ်လေသည်။

အလွန်ထက်မြက်သော ဓားကောင်းတစ်လက်လည်း ဖြစ်သည်။ ချန်ခွန်းကိုယ်ပိုင် တီထွင်ထားသော ဓားသိုင်းနှင့် ထက်မြက်သော ရွှေဓားကို ပေါင်းစပ်လိုက်သောအခါ လျှမ်းလျှမ်းတောက်ကျော်ကြားလာရလေတော့သည်။

ချန်ခွန်းက ရွှေဓားကို ဆွဲထုတ်လိုက်လျှင် ချင်းသက်မဲ့က သဘောကျစွာ ရယ်မောလိုက်လေသည်။

"ခင်ဗျားရဲ့ရွှေဓားကို သိုင်းလောကသားတွေက ကြောက်ကြပေမယ့် ကျုပ်ကတော့ အထင်မကြီးဘူးဗျ၊ ခင်ဗျားကို ဓားကွက်သုံးကွက်လောက် အကျောပေးလိုက်ဦးမယ်"

ရွှေဓားချင်ခွန်း ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

"မင်းက ဘာကြောင့် ကျုပ်ကို ရန်ရှာချင်ရတယ်ဆိုတာကို မမေးတော့ဘူး၊ သေဖို့သာပြင်ထားပေတော့"

စကားဆုံးလျှင် ရွှေဓားကို ဝှေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

✱



●

ချင်းသက်မဲ့၏မျက်နှာ တည်ကြည်လေးနက်နေသည်။ ရွှေဓားချန်ခွန်း စတင်တိုက်ခိုက်လာပြီဖြစ်လေသည်။ ဝင်းလက်သော ရွှေရောင်အလင်းတန်းများသည် တဖျပ်ဖျပ် တောက်ပသွားပြီး ချင်းသက်မဲ့၏တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။

ရွှေဓားချန်ခွန်း နာမည်ကျော်ကြားနေသည်မှာ အကြောင်းမဲ့မဟုတ်ကြောင်း ပေါ်လွင်လာ၏။ သူ၏ဓားကွက် ထုတ်လိုက်သည်နှင့် ဆင့်ပွားဓားကွက်များသည် ဆက်တိုက်ထွက်ပေါ်လာပြီး နောက်ဆုံး ပြိုင်ဘက်လဲကျသွားတော့မှ ရပ်တန့်သွားလေ့ရှိခြင်းကြောင့် ဖြစ်လေသည်။

ဥပမာဆိုရလျှင် အဆက်မပြတ် ဖြစ်ပေါ်နေသော ပင်လယ်ပြင်မှ လှိုင်းတံပိုးကြီးများ ကမ်းစပ်သို့ တစ်လုံးပြီးတစ်လုံး ရောက်လာသည်နှင့်တူ၏။

ချန်ခွန်းသည် သူ၏ဓားပညာကို ချင်းသက်မဲ့က အထင်အမြင်သေးနေခြင်းကြောင့် အကောင်းဆုံးဓားကွက်များ ဖော်ထုတ်တိုက်ခိုက်လိုက်ခြင်းလည်း ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းသက်မွဲက ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ အလျင်အမြန် နောက်ဆုတ်ရှောင်ရှားလိုက်လေသည်။ ရွှေဓားချန်ခွန်းက အလွတ်မပေးဘဲ လိုက်လံတိုက်ခိုက်၏။

ချင်းသက်မွဲသည် နောက်သို့ဆုတ်ရင်းဆုတ်ရင်း ကျဉ်းမြောင်းသော လိုဏ်ဂူအတွင်းဘက်သို့ ရောက်မှန်းမသိ ရောက်ရှိသွားလေသည်။

ရွှေဓားချန်ခွန်း မဲ့ပြုံးပြုံးလိုက်သည်။ ပြေးပေါက်ပိတ်နေပြီဖြစ်သော ချင်းသက်မွဲကို ကြည့်ကာ ...

"ခုတော့ ... မင်း ဘာတတ်နိုင်သေးသလဲ"

ဟု ပြောလိုက်လေသည်။ ချင်းသက်မွဲက စကားတစ်ခွန်းမှ မပြောဘဲ ထပ်မံ၍ ဆုတ်သွားပြန်သည်။ ရွှေဓားချန်ခွန်းသည် ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း တစ်လှမ်းချင်း တစ်လှမ်းချင်း လိုက်သွားလေသည်။

နောက်ဆုံး လိုဏ်ဂူသည် လူတစ်ယောက် လွတ်လပ်စွာ လှုပ်ရှားဖို့မလွယ်တော့အောင်ပင် ကျဉ်းမြောင်းသွားလေသည်။ ရှေ့ဆက်သွား၍လည်း မရတော့ဘဲ လိုဏ်ဂူလမ်းကြောင်း ဆုံးသွားကာ ကျောက်နံရံကြီးက ပိတ်ဆို့တားဆီးနေတော့၏။

ချင်းသက်မွဲသည် နောက်ဆုတ်စရာမရှိတော့သဖြင့် ခြေ



လှမ်း ရပ်လိုက်ရလေသည်။ ရွှေဓားချန်ခွန်း သဘောကျသွားသည်။

"မင်း ပြေးလို့မရတော့ဘူး မဟုတ်လား။ သေဖို့သာ ပြင်ပေတော့"

ချင်းသက်မွဲကို ခုတ်ချရန် ရွှေဓားကို အပေါ်မြှောက်လိုက်လေသည်။ ချင်းသက်မွဲက မလှုပ်မယှက် ရပ်နေ၏။ ရွှေဓားချန်ခွန်းက တိုက်ခိုက်လာပါက မည်သို့မျှ ရှောင်တိမ်းနိုင်တော့မည် မဟုတ်ပါ။

ရွှေဓား၏ဓားဖျားတွင် အသက်ပါသွားရတော့မည် ဖြစ်လေသည်။ ထိုစဉ် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာလေသည်။

'ခြွမ်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။ ချန်ခွန်းက ဓားကို အပေါ်မြှောက်လိုက်သောအခါ ကျဉ်းမြောင်းနေပြီဖြစ်သော လိုဏ်ဂူအမိုးနှင့် ဓားသွားမှာ လွတ်ရုံကလေးသာလျှင် ရှိပါတော့သည်။

ရုတ်တရက် လိုဏ်ဂူအမိုးမှ ဆွဲငင်အားတစ်ခုပေါ်လာပြီး ရွှေဓားကို စုပ်ယူလိုက်သကဲ့သို့ ဖြစ်သွားသည်။ ထိုဆွဲငင်အားမှာ ပြင်းထန်လှသည် မဟုတ်သော်လည်း ချန်ခွန်း၏ တိုက်ကွက်ကို နှောင့်နှေးသွားစေရန် ဟန့်တားသကဲ့သို့ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဓားကို တစ်စုံတစ်ယောက်က ဖမ်းဆွဲထားသကဲ့သို့ တုံ့ခနဲ ဖြစ်သွားခြင်းကြောင့် ချန်ခွန်း အံ့ဩသွား၏။ အပေါ်ဘက်သို့ မျက်လုံး လှန်ကာ ကြည့်လိုက်မိ၏။

ထိုသို့ဖြစ်ပျက်သွားသော တခဏအချိန်လေးအတွင်းမှာပင် ချင်းသက်မှဲ့က လျှပ်တစ်ပြက် လှုပ်ရှားလိုက်လေသည်။ သူ၏လက်ထဲသို့ ဓားတစ်လက် ရောက်ရှိလာသည်။

ရှေ့သို့ လျှပ်တစ်ပြက်တိုးကာ ချန်ခွန်း၏ရင်ဝကို ထိုးသွင်း လိုက်၏။

"အား"

ချန်ခွန်း၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေတော့ သည်။



ရွှေဓား ...။

ရွှေဓားသည် ချန်ခွန်း၏လက်မှ လွတ်သွားသောအခါ အံ့ဩ စရာကောင်းလောက်အောင်ပင် လိုဏ်ဂူအမိုး၌ ကပ်၍နေလေသည်။ ဂူအမိုးပေါ်တွင် ကော်ဖြင့်ကပ်ထားသည်နှင့်ပင် တူနေပြီး အောက်သို့ ပြုတ်ကျလာခြင်း မရှိချေ။

ရွှေဓားက ဂူအမိုးပေါ်ရောက်နေသော်လည်း ချန်ခွန်းကမူ ဂူကြမ်းပြင်၌ လဲကျနေ၏။ သူ၏ရင်ဝ၌ ဓားတိုတစ်လက် စိုက်ဝင် လျက် သွေးခြင်းခြင်း နီရဲနေသည်။ ချက်ကောင်းကို ထိသွားခြင်း ကြောင့် လဲကျနေရာမှ ပြန်ထလာဖို့ မဖြစ်နိုင်တော့ပါချေ။

ချင်းသက်မှဲ့၏မျက်နှာတွင် ကျေနပ်သော အပြုံးရိပ်များ ဖြစ်ပေါ်လာသည်။ သူက မိုးကြိုးလက်ဝါး ကွမ်းကြို့လုအား ရှင်းပစ် နိုင်ခဲ့သလို ရွှေဓားချန်ခွန်းကိုလည်း ရှင်းပစ်နိုင်တော့မည် မဟုတ်ပါ လား။

"ခေါင်းခုနစ်လုံး သတ်မှတ်ထားခဲ့ရာ အခေါင်းခုနစ်လုံး၌ ထည့်စရာ လူသေအလောင်းများ ရှိလာပြီ ဖြစ်လေသည်။ ချန်ခွန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သေဆုံးသွားခြင်း မရှိသေးပါ။

လဲကျနေရာမှ လူးလိမ့်ထရန် ကြိုးစားနေ၏။ အတော်ကလေးကြာမှ ကျောက်ဂူနံရံကို ကျောမှီကာ ထိုင်နိုင်လိုက်လေသည်။ ချင်းသက်မဲ့က သူ့အား မျက်တောင်မခတ်ကြည့်နေ၏။

ချန်ခွန်း ရှုံးနိမ့်သွားသည်ကို လည်းကောင်း၊ ဝေဒနာခံစားနေရသည်ကို လည်းကောင်း မမှိတ်မသုန်ကြည့်ရင်း ကျေနပ်ပီတိဖြစ်နေပုံရ၏။

ရွှေဓားချန်ခွန်းသည် ဂူအမိုးပေါ်၌ ကပ်နေသော ရွှေဓားကို မော့ကြည့်လိုက်ပြီးမှ ချင်းသက်မဲ့ကို ကြည့်ကာ ...

"မင်းက ဒီလိုဏ်ဂူအကြောင်းကို ကြိုတင်လေ့လာထားခဲ့တယ် ဟုတ်လား"

ဟု အားယူ၍ မေးလိုက်လေသည်။ ချင်းသက်မဲ့ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မြေဝါတောင်မှာ ရှိကြတဲ့ လိုဏ်ဂူတွေထဲမှာ ဒီလိုဏ်ဂူဟာ အထူးခြားဆုံးပဲ၊ ကျောက်သလင်းမှုန်တွေကြားမှာ ဆွဲငင်အားရှိတဲ့ အပိုင်းအစလေးတွေ ရောနှောနေတယ်၊ သံကို ဆွဲငင်ယူနိုင်တယ်ဆိုတာ ခင်ဗျားအမြင်ပဲလေ"

သဘာဝအလျောက် ဖြစ်ပေါ်နေသော သံလိုက်စက်ကွင်း



တစ်ခုကို ချင်းသက်မဲ့က ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။ ထိုသဘာဝ၏ လျှို့ဝှက်ချက်ကို အသုံးချကာ ချန်ခွန်းအား အနိုင်ယူလိုက်ခြင်း ဖြစ်လေသည်။

ချင်းသက်မဲ့က ဆက်ပြောသည်။

"ခင်ဗျားက မာနကြီးတယ်၊ ခင်ဗျားရဲ့ ရွှေဓားပညာကို ထိနိုက်လာရင် သည်းမခံတတ်ဘူးဆိုတာကို ကျုပ် သိထားတယ်၊ ဒါကြောင့် ဓားမဟုတ်ဘဲ မနေနိုင်အောင် ဖန်တီးခဲ့ရတာပေါ့၊ ရွှေဓားကို အသုံးချခဲ့ရင် ခုလို အနှောင့်အယှက် ပေါ်လာတဲ့အခါ ခင်ဗျား သတိလက်လွတ် ဖြစ်သွားမယ်ဆိုတာလည်း ကျုပ်သိထားတယ်၊ ရှင်းရှင်းပြောရရင် ခင်ဗျားကို ဘယ်လိုအနိုင်ယူရမယ်ဆိုတာကို ကျုပ် သိထားတာပေါ့ဗျာ"

ရွှေဓားချန်ခွန်းက ...

"ဒါကြောင့်လည်း ဒီလိုဏ်ဂူထဲကို ကျုပ်ရောက်လာအောင် မင်းက ထောင်ချောက်ဆင်ခဲ့တာကိုး"

"မှန်ပါတယ်ဗျာ"

"နေပါဦး ... မင်းနဲ့ငါ ဘယ်လို ရန်ငြိုးရန်စမှမရှိဘူး ထင်တယ်"

ချင်းသက်မဲ့၏ မျက်နှာ ခက်ထန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က အမိပွာယ်မဲ့ သူတစ်ပါးကို လိုက်ပြီး ဒုက္ခပေးနေတယ်လို့များ ခင်ဗျား ထင်နေတာလား"

ဒေါသတကြီးပြောလိုက်လေသည်။ ရွှေဓား ချန်ခွန်းက ...

"မင်းက မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဖြင့်"

ချင်းသက်မဲ့ နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျား ပြန်စဉ်းစားကြည့်ရင် မှတ်မိလာမှာပေါ့"

"ကျုပ်"

"ဘာလဲ ... ခင်ဗျား မမှတ်မိဘူး ဟုတ်လား၊ ဒါဆိုလည်း ကျုပ်က အစဖော်ပေးရသေးတာပေါ့ဗျာ"

ချင်းသက်မဲ့က ပြုံး၍ ပြောလိုက်သည်။ သို့သော် သူ၏ အပြုံးသည် ဝိပြင်ခြင်းမရှိဘဲ ခံပြင်းနာကြည်းမှုများ ရောယှက်၍ နေလေသည်။

ချန်ခွန်းကို စိုက်ကြည့်ရင်း တစ်လုံးချင်း ပြောလိုက်လေတော့သည်။

❖❖❖



## မိဘမေတ္တာ

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေသည်။ ဝန်စည်စလွယ်များ တင်ဆောင်ထားသော မြင်းလှည်းတစ်စီးသည် တောလမ်းအတိုင်း ခရီးနှင်နေ၏။

မြင်းလှည်းအိမ်အတွင်း၌ ကျင်းကျင်း၊ ချင်းချင်းနှင့် ချင်းသက်မဲ့တို့ လိုက်ပါလာကြလေသည်။ သူတို့သည် ချင်းလီ သေဆုံးသွားပြီးနောက် အိမ်နှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းပစ္စယများကို ရောင်းချပြီး အဝတ်အစား အနည်းငယ်ကိုသာယူကာ ဇာတိမြို့ကလေးမှ ထွက်လာခဲ့ကြလေသည်။

ခရီးသည်တင် မြင်းလှည်းတစ်စီးဖြင့် မြေလတ်ပိုင်းသို့ လိုက်ပါလာခဲ့ကြခြင်း ဖြစ်လေသည်။ မြင်းလှည်းပေါ်တွင် ခရီးသည်အချို့လည်း ပါလာကြသည်။

ကျင်းကျင်းသည် ခင်ပွန်းသည်၏စကားအတိုင်း သူ့ရွှေကြိုး

www.burmeseclassic.com

www.burmeseclassic.com



ထန်၏ အန္တရာယ်ကို ရှောင်ရှားကာ စွန့်စားပြီး ထွက်လာခဲ့ခြင်း ဖြစ်သော်လည်း မည်သည့်အရပ်သို့သွားရမှန်းမသိအောင် ဖြစ်နေ၏။

မြင်းလှည်းအိမ်နံရံကိုမှီကာ အိပ်ပျော်နေကြသော ချင်းချင်းနှင့် ချင်းသက်မွဲတို့ မောင်နှမနှစ်ယောက်ကို ကြည့်ရင်း ပင့်သက်ရှိုက်လိုက်မိလေသည်။

ကလေးနှစ်ယောက်ကား သူမ၏ အခက်အခဲကို သိကြမည်မဟုတ်ပေ။ ဆွေမျိုးများရှိရာသို့ သွားမည်ဟု ပြောထားသည်ကို ယုံကြည်နေကြသည် မဟုတ်ပါလား။

အိမ်နှင့်ပစ္စည်းများ ရောင်းချရသဖြင့် ငွေအတော်လေး ပါလာခြင်းကြောင့်သာ စိတ်ကို ဖြေသိမ့်နိုင်ခြင်း ဖြစ်နေသည်။ ချင်းချင်းနှင့် ချင်းသက်မွဲတို့ မောင်နှမနှစ်ယောက် ကြီးပြင်းလာသည်အထိ ကျွေးမွေးစောင့်ရှောက်သွားရန် သူမတွင် တာဝန်ရှိနေပြီ။

ထိုတာဝန်ကို ထမ်းဆောင်နိုင်ဖို့ အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်ရမည်ဟု နားလည်ထားခြင်းကြောင့် မတရားသဖြင့် အသတ်ခံလိုက်ရသော ခင်ပွန်းသည်ကိုပင် လွမ်းဆွတ်ဖို့ အချိန်မရနိုင်တော့ပေ။

အေးချမ်းသာယာသော မြို့တစ်မြို့သို့ သွားရောက်ခြေချပြီး ပါလာသော ငွေကြေးလေးဖြင့် အသက်မွေးဝမ်းကျောင်းပြုမည်



ဟု ကြံရွယ်ထားလေသည်။

သို့သော် ရုတ်တရက် ထွက်ပေါ်လာသော ဆူညံညံအသံများက သူမ၏စိတ်ကူးများကို ပျက်ပြယ် ကွယ်ပျောက်သွားစေခဲ့လေတော့သည်။

"ရပ်လိုက်စမ်း"

"တစ်ယောက်မှ မလှုပ်နဲ့"

အော်ငေါက်သံများ ထွက်ပေါ်လာလေသည်။ လူတစ်စုသည် လမ်းဘေးတောအုပ်ထဲမှ ထွက်လာကြပြီး မြင်းလှည်းကို ဝိုင်းရံထားလိုက်ကြလေသည်။

"လမ်းဓားပြတွေပါလား"

ခရီးသည်တစ်ယောက်၏ ရေရွတ်သံကြောင့် ကျင်းကျင်းမျက်လုံးပြူးသွားလေသည်။

"သားတို့ သမီးတို့ ထကြစမ်း"

အိပ်ပျော်နေသော ချင်းချင်းနှင့် ချင်းသက်မွဲတို့အား လှုပ်နှိုးလိုက်သည်။ ငွေအိတ်ကလေးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်လေသည်။

"မေမေ ဘာဖြစ်တာလဲဟင်"

ချင်းချင်းနှင့် ချင်းသက်မွဲတို့ အိပ်ချင်မူးတူးဖြင့် ပြိုင်တူ မေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။ ကျင်းကျင်းက ...

"ဓားပြတိုက်နေတာ သမီးရဲ့"

"ဓားပြ"

ချင်းချင်းနှင့် ချင်းသက်မွဲတို့ ထိတ်လန့်သွားကြလေတော့သည်။ ထိုစဉ် ...

"မြင်းလှည်းပေါ်က ဆင်းကြစမ်း"

"ပါတာအကုန်ထုတ်"

"ရုတ်ရုတ်သဲသဲ မလုပ်နဲ့ သေသွားမယ်"

ဓားပြများ၏ အော်ငေါက်သံ ထွက်ပေါ်လာ၏။

'ဝုန်း'

မြင်းလှည်းတံခါးပွင့်သွားပြီး မြင်းလှည်းပေါ်၌ လိုက်ပါလာကြသူများနည်းတူ ကျင်းကျင်းတို့သားအမိလည်း ကြမ်းတမ်းစွာ ဆွဲချခံလိုက်ရလေတော့သည်။

"ပေးစမ်း"

ဓားပြများသည် ခရီးသည်များထံမှ ပါလာသော ရွှေငွေပစ္စည်းအားလုံး လုယက်ယူငင်ကြလေသည်။ ကျင်းကျင်း ဆောက်တည်ရာမရ ဖြစ်နေ၏။

ပါလာသည့်ငွေလေးသာ ဓားပြတိုက်ခံလိုက်ရပါက သူတို့



ကား အကြီးအကျယ် ဒုက္ခရောက်ရတော့မည် ဖြစ်လေသည်။ ကျင်းကျင်းသည် ငွေထုပ်ကိုပိုက်ကာ ထွက်ပြေးရန် ကြံစည်မိလေသည်။

ထိုအခိုက်မှာပင် လူတစ်ယောက်က သူမထက်ဦးအောင် ထွက်ပြေးသွားသည်ကို တွေ့မြင်လိုက်ရလေသည်။ ဓားပြများသည် ထွက်ပြေးသူနောက်သို့ လိုက်သွားကြပြီး ...

"ထွက်ပြေးချင်တဲ့ကောင် သေပေတော့"

ဟု ကြုံးဝါးကာ ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်လိုက်ကြလေသည်။ ထိုလူမှာ ဓားပြများ၏လက်ချက်ဖြင့် ...

"အား"

အသံနက်ကြီးဖြင့် အော်ကာ အသက်ပျောက်သွားလေတော့သည်။ ထိုလူ၏ အဖြစ်ဆိုးကိုမြင်လျှင် ကျင်းကျင်း ထွက်မပြေးရပါတော့ချေ။

ရွှေငွေပစ္စည်းဥစ္စာထက် အသက်က ပို၍ တန်ဖိုးရှိကြောင်း သဘောပေါက်သွားပြီဖြစ်လေသည်။ မကြာပါချေ။

"ပါတာအကုန်ထုတ်စမ်း။ ချန်မထားနဲ့ ဝှက်မထားနဲ့၊ သေသွားမယ်"

ဓားပြတို့သည် ကျင်းကျင်းအနီးသို့ ရောက်လာပြီး ပါသမျှ လုယက်ယူငင်ကြလေတော့သည်။ ဓားပြတို့သည် စိတ်တိုင်းကျ လု

www.burmeseclassic.com



ယက်ပြီးလျှင် တောအုပ်အတွင်းသို့ဝင်ကာ အလျှိုလျှို ပျောက်ကွယ်သွားကြလေသည်။ ဓားပြများ ပျောက်ကွယ်သွားလျှင် အော်သံဟစ်သံ ငိုကြွေးညည်းတွားသံများ ပွက်လောရိုက်သွား၏။

ကျင်းကျင်းသည်လည်း သားနှင့်သမီးကိုဖက်ကာ ချုံးပွဲချ ငိုကြွေးလိုက်လေသည်။ သူမတို့ ဒုက္ခရောက်ရတော့မည် မဟုတ်ပါလား။

"ခင်ဗျားတို့ အချိန်ဖြုန်းမနေကြနဲ့၊ တော်ကြာ ဓားပြတွေ ပြန်ရောက်လာမှ အားလုံး မသာပေါ်ကုန်မယ်၊ မြင်းလှည်းပေါ်ကို မြန်မြန်တက်ကြ၊ ဒီနေရာက အမြန်ဆုံးထွက်သွားမှဖြစ်မယ်"

မြင်းလှည်းသမား၏ စကားသံထွက်ပေါ်လာသည်ကို ကြားရမှ အားလုံး သတိဝင်လာကြလေသည်။ မြင်းလှည်းပေါ်သို့ အလုအယက် တက်လိုက်ကြသည်။

မြင်းလှည်းသမားသည်လည်း ဒုန်းစိုင်းမောင်းသွားလေတော့သည်။

✹



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်လေသည်။ နေခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထု လွှမ်းမိုးလာ၏။

ကျင်းကျင်းတို့ မိသားစုသုံးယောက်သည် မြို့တစ်မြို့ကို ရောက်ရှိလာခဲ့ကြလေသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် လက်တွဲကာ မယောင်မလည်ဖြင့် တစ်လမ်းဝင်တစ်လမ်းထွက် သွားနေမိကြသည်။

သုံးယောက်စလုံး အဝတ်တစ်ထည် ကိုယ်တစ်ခု ဖြစ်၍နေ၏။ မောပန်းနွမ်းနယ်မှုနှင့် သောကဖိစီးမှုကြောင့် ကျင်းကျင်းမှာ ဆာလောင်မွတ်သိပ်မှု ကွယ်ပျောက်နေသော်လည်း ချင်းချင်းနှင့် ချင်းသက်မွဲတို့ကား မခံမရပ်နိုင်အောင် ဆာလောင်မွတ်သိပ်နေကြပြီ ဖြစ်လေသည်။

ချင်းသက်မွဲသည် မိခင်၏လက်ကို ဆွဲကိုင်လှုပ်ယမ်းရင်း ...

"မေမေ ... ကျွန် ကျွန်တော် ဗိုက်ဆာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။ ဤတွင် ချင်းချင်းကလည်း မအောင့်အည်းနိုင်ဘဲ ပြောလာလေသည်။

"ဟုတ်တယ် မေမေ ... သမီးလည်း ဗိုက်ဆာတယ်"

ကျင်းကျင်း သက်ပြင်းချလိုက်လေသည်။ သားသမီးနှစ်ယောက် ဆာလောင်မွတ်သိပ်နေကြမည် ဆိုသည်ကို သူမ သိထားပါ၏။ သို့သော် လက်ထဲတွင် တစ်ပြားတစ်ချပ်မှ မရှိတော့၍ အခက်ကြုံနေရခြင်း ဖြစ်ပေတော့သည်။

"စားရမှာပေါ့ကွယ်၊ ခဏလေးစောင့်ကြဦးနော်၊ မေမေ ကျွေးမယ် သိလား"

ကျင်းကျင်းက ဖျောင်းဖျလိုက်သဖြင့် သားသမီးနှစ်ယောက် ဝမ်းသာသွားကြလေသည်။ ချင်းသက်မှဲ့က ...

"မမရယ် ကျွန်တော်တို့ မနက်ကတည်းက ဘာမှမစားခဲ့ကြရဘူးနော်၊ မေမေဝယ်ကျွေးရင် တဝတပြဲ စားလိုက်မယ်၊ မမကော ဟင်"

အစ်မဖြစ်သူကို မေးလိုက်လေသည်။ ချင်းချင်းက ...

"မမလည်း စားမှာပေါ့ မောင်လေးရဲ့"

သူတို့စကားတပြောပြောဖြင့် လျှောက်လာခဲ့ကြရာ မြို့စွန်တစ်နေရာသို့ ရောက်လာကြလေသည်။ လမ်းဘေးတွင် ပျက်စီးစပြုနေပြီဖြစ်သော ဇရပ်တစ်ဆောင်ကို တွေ့မြင်ရလေသည်။



ကျင်းကျင်းသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး

"လာ ... ဒီဇရပ်ပေါ်မှာ မေမေတို့ ခဏနားကြရအောင်"

ဟုပြောကာ သူမဝင်ဦးဆောင်ပြီး ဇရပ်ပေါ်တက်သွား၏။ ဇရပ်၏အကာအရံများ ပျက်စီးနေသော်လည်း အမိုးလုံသေးသဖြင့် ကံကောင်းသည်ဟု ကျင်းကျင်း တွက်မိလိုက်သည်။

လောလောဆယ်အားဖြင့် နားခိုစရာနေရာ ရလိုက်ပြီ မဟုတ်လား။ ဇရပ်ပျက်ပေါ်၌ အမှိုက်သရိုက်များ ရှင်းလင်းလိုက်၏။ ချင်းချင်းနှင့် ချင်းသက်မှဲ့တို့ အနားယူနိုင်ရန် နေရာပြင်ဆင်ပေးလိုက်လေသည်။ ပြီးလျှင် ...

"ကဲ သားနဲ့သမီး ... ဒီမှာ ခဏနေခဲ့ကြဦး၊ မေမေ စားစရာ သွားရှာလိုက်ဦးမယ်"

ဟု ပြောလိုက်၏။ ချင်းသက်မှဲ့က ...

"မေမေ မြန်မြန်ပြန်လာခဲ့ပါနော်"

ဟု မှာကြားလိုက်လေသည်။ ကျင်းကျင်းက ချင်းသက်မှဲ့၏ ဆံပင်များကို ပွတ်သပ်ပေးရင်း ...

"မေမေ ချက်ချင်းပြန်လာမှာပေါ့ သားရယ်"

ဟု ပြောလိုက်သည်။ သို့သော် သူမသည် ညှိုးနွမ်းနက်သန်း

www.burmeseclassic.com

www.burmeseclassic.com



ခေါင်အချိန်မှ ပြန်ရောက်လာလေသည်။ သူမနှင့်အတူ အေးစက်နေပြီဖြစ်သော စားသောက်စရာအချို့ ပါလာ၏။

သူမရောက်လာချိန်ဝယ် ချင်းသက်မွဲတို့ အိပ်ပျော်နေကြပြီဖြစ်၍ နိုး၍ ကျွေးလိုက်ရလေသည်။ ချင်းသက်မွဲတို့ မောင်နှမနှစ်ယောက်လည်း စားသောက်ပြီးလျှင် ပြန်လည်အိပ်စက်သွားကြလေသည်။

အိပ်မပျော်နိုင်သည်မှာ ကျင်းကျင်းဖြစ်လေသည်။ သူမသည် အပူအဝင်ကင်းမဲ့စွာ အိပ်ပျော်နေသော သားသမီးနှစ်ယောက်ကို ငေးမောကြည့်ရင်း မျက်ရည်များ တွေတွေကြီး စီးကျနေလေသည်။

အစားအသောက်တစ်လုတ်စာအတွက် ခန္ဓာကိုယ်နှင့်ရင်းပြီး ရှာဖွေခဲ့ကြရသည်ကို သူမ ဘယ်သောအခါမှ ပြောပြလိမ့်မည်မဟုတ်ချေ။



ယိုယွင်းနေသော ဇရပ်လေး ...။

ထိုဇရပ်လေးသည် ချင်းသက်မွဲတို့အတွက် နားခိုစရာနေရာကောန်ဖြစ်လာရလေသည်။ ကျင်းကျင်းသည် ညဘက်တွင် သားသမီးများကို ချော့သိပ်ပြီး ထွက်သွားကာ မိုးလင်းခါနီးမှ ပြန်လာ၏။

သူမသည် စားသောက်ဖွယ်ရာများ၊ အဝတ်အစားများ ဝယ်လာ၏။ ငွေစက္ကူစလေးများ ပါလာ၏။ ရက်ပိုင်းအတွင်းမှာပင် မြို့စွန်ရှိ ဆင်းရဲသားရပ်ကွက်လေးတစ်ခု၌ အိမ်ကလေးတစ်လုံး ငှားရမ်းနေထိုင်နိုင်ခဲ့လေသည်။

သို့သော် သူမသည် မိသားစုနှင့် အတူမနေနိုင်ပါ။ ညစဉ်ညတိုင်း ထွက်သွားစမြဲ၊ မိုးလင်းမှ ပြန်လာစမြဲ။ နောက်ပိုင်းတွင် အိမ်ပြန်လာချိန် မမှန်တော့ပေ။

ကျင်းကျင်းသည် အဝတ်အစားအသစ်များဖြင့် တောက်တောက်ပြောင်ပြောင် ဖြစ်လာသည်။ မှုန်နံ့သာခြယ်သထားရသော ကိုယ်လုံး မွှေးကြိုင်နေပြီး ချောမောလှပသူဖြစ်ကြောင်း ပေါ်လွင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သုံ့မ၏အလှနှင့်ဘဝသည် အပျော်အပါး လိုက်စားသူများအတွက် ဖြစ်နေသည်ကို ချင်းသက်မွဲတို့မောင်နှမ မသိနိုင်ကြပါသေးချေ။

သူတို့နေထိုင်သော ဆင်းရဲသားရပ်ကွက်လေးတွင် လူပေါင်းစုံ၊ စရိုက်ပေါင်းစုံရှိကြပြီး တစ်ဝမ်းတစ်ခါးအတွက် ကျရာနေရာမှ ဖြစ်သလို ရုန်းကန်လှုပ်ရှားနေရခြင်းကြောင့် တစ်ယောက်အကြောင်းကို တစ်ယောက် မစပ်စုနိုင်အားကြပါ။

ချင်းသက်မွဲတို့မောင်နှမသည် မိခင်ကြီးများ သူတို့၏ စားဝတ်နေရေးအတွက် အလုပ်တစ်ခု လုပ်ကိုင်နေရသည်ဟုသာ သိထားကြပြီး အခြားသော ကလေးများနှင့်အတူ အပူအပင်ကင်းမဲ့စွာ ဆော့ကစားလျက် နေထိုင်ခဲ့ကြပေသည်။

သို့ဖြင့် မမျှော်လင့်သော နေ့တစ်နေ့တွင် ချင်းသက်မွဲသည် ကစားဖော်ကလေးတစ်ယောက်နှင့် ကစားရင်း ခိုက်ရန်ဖြစ်ပွားခဲ့လေသည်။

ထိုကောင်လေး၏ ထိုးနှက်ချက်ကြောင့် သူ၏ တစ်ကိုယ်လုံး အညိုအမည်းစွဲခဲ့ရသော်လည်း နာကျင်သည်ဟု မခံစားရပါ။ ထိုကောင်လေးပြောသော စကားများကိုသာ ဆတ်ဆတ်ခါအောင် နာကျင်ခဲ့ရလေသည်။



သူ၏ဘဝတွင် မမျှော်လင့်သော အပြောင်းအလဲတစ်ရပ်နှင့် ကြုံတွေ့လိုက်ရခြင်းလည်း ဖြစ်ပေတော့သည်။

✹

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ် သွားပြီဖြစ်သည်။ ဆည်းဆာရောင်ခြည် အနည်းငယ် ကျန်နေသေးသော်လည်း အမှောင်ရိပ်များက လျှင်မြန်စွာဝင်ရောက်လာပြီး တစ်စ တစ်စ အားကောင်း၍ လာလေသည်။

အိမ်တိုင်းအိမ်တိုင်းလိုလို မီးအိမ်များ ထွန်းညှိထားလိုက်ကြပြီဖြစ်သည်။ ခါတိုင်းဆိုလျှင် ချင်းသက်မွှဲသည် အစ်မဖြစ်သူနှင့်အတူ အိမ်တံခါးများ လုံခြုံအောင် ပိတ်ကာ တစ်ညတာ အိပ်စက်အနားယူရန် စိုင်းပြင်းနေမည်ဖြစ်သည်။

ယနေ့ညတွင်မူ ချင်းသက်မွှဲသည် မီးရောင်များ ထိန်ထိန်လင်းနေသည့် အဆောက်အအုံကြီးတစ်ခုကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။ သူ၏ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသော်လည်း မည်သို့မျှ သဘောမထားပါချေ။

သူ၏စိတ်ထဲမှ နာကျင်မှုက အံ့ဩထိတ်လန့်စရာ ကောင်းအောင်ပင် သူ၏တစ်ကိုယ်လုံး လွှမ်းခြုံထားလေသည်။ ချင်းသက်မွှဲ အံတင်းတင်းကြိတ်ထားသည်။



"ငါ့အမေဟာ မကောင်းတဲ့ အမျိုးသမီးတစ်ယောက်မဟုတ်ဘူး"

ဟုလည်း အကြိမ်ပေါင်းများစွာ ထပ်တလဲလဲ ရေရွတ်နေမိ၏။ သူထွက်လာသည်ကို အစ်မဖြစ်သူ ချင်းချင်းသိမည်မဟုတ်ပါချေ။ သူပျောက်ဆုံးနေခြင်းကြောင့် စိတ်ပူနေမည်ဖြစ်သည်။

အကယ်၍ သူက မိခင်ရှိနေသောနေရာသို့ လိုက်လာခြင်းဖြစ်သည်ကိုသာ သိနိုင်မည်ဆိုပါလျှင် ချင်းသက်မွှဲ စောင့်ကြည့်နေစဉ် ရယ်သံများ၊ စီစီညံညံ ထွက်ပေါ်လာလေသည်။

လူအချို့သည် မိန်းကလေးများကိုလက်ဆွဲကာ အဆောက်အအုံထဲမှ ထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။ သူတို့သည် မျက်စိ ရှက်စရာကောင်းလောက်အောင်ပင် ဖက်လှဲတကင်း ရှိနေကြသည်ဟု ချင်းသက်မွှဲ ထင်မိလေသည်။

ထိုလူများသည် မိန်းကလေးများအား ခေါ်ဆောင်ကာ အသီးသီး ထွက်သွားကြလေသည်။ တစ်ခဏအတွင်းပင် ရယ်သံများ ပျောက်ကွယ်သွားသလို လူရှင်းသွား၏။ ချင်းသက်မွှဲက အမှောင်ရိပ်ထဲမှ စောင့်ကြည့်နေဆဲ။ သူ၏မိခင်ကို မတွေ့ရပါ။

ညသည် တစ်စထက်တစ်စ နက်ရှိုင်းလာသည်။ အေးမြသော ညလေများကလည်း တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းသက်မွဲမှာ ချမ်းစိမ့်စိမ့် ဖြစ်လာသည်။

သူ၏ခန္ဓာကိုယ်ပေါ်၌ ပါးလွှာသော ချည်ထည်အင်္ကျီလေးသာလျှင် ဝတ်ဆင်ထားသည်မဟုတ်ပါလား။ ချင်းသက်မွဲသည် အေး၍အေးမှန်းပင် မသိနိုင်အောင် ဖြစ်နေ၏။ အဆောက်အအုံ၌သာမက လမ်းပေါ်၌ပါ သွားလာလှုပ်ရှားသူ နည်းပါးသွား၏။

လူသွားလူလာ ရှင်းသွားပြီး ဝန်းကျင်တစ်ခုလုံး တစ်စထက်တစ်စ တိတ်ဆိတ်သွား၏။ ချင်းသက်မွဲ ဂနာမငြိမ် ဖြစ်လာလေသည်။

"မေမေ့ကို တွေ့ရပါတော့မလား"

သူသည် စိတ်ပျက်လက်ပျက်ဖြင့် နောက်ကြောင်းလှည့်ပြန်ရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ်မှာပင် ...

'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ မြင်းလှည်းတစ်စီးသည် အလျှင်အမြန် မောင်းနှင်လာပြီး အဆောက်အအုံရှေ့သို့ ရောက်လာလေသည်။

ထိုစဉ် ...

"သွားမယ်ဟေ့"

ကျယ်လောင်သောစကားသံနှင့်အတူ အဆောက်အအုံထဲမှ



လူနှစ်ယောက် ထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။ အမျိုးသမီးတစ်ယောက်နှင့် ရွှေရောင်အဝတ်အစားများ ဝတ်ဆင်ထားသူတစ်ယောက်တို့ ဖြစ်လေသည်။

ထိုလူသည် အရက်မူးနေသလို လွန်စွာမှပင် ပျော်ရွှင်နေပုံရလေသည်။ အမျိုးသမီးက ထိုလူအား တွဲ၍ခေါ်လာခြင်း ဖြစ်သည်။ သူတို့နောက်မှ လူတစ်ယောက်ကလိုက်လာ၏။

သူတို့သည် မြင်းလှည်းဆီသို့ ဦးတည်ပြီး လျှောက်လာကြသည်။ တဖြည်းဖြည်း နီးကပ်လာပြီး သဲသဲကွဲကွဲ တွေ့မြင်လိုက်ရလေသည်။ ချင်းသက်မွဲ မျက်လုံးပြူးသွားတော့သည်။

ထိုအမျိုးသမီးမှာ သူ၏မိခင်ကျင်းကျင်း ဖြစ်နေသည်မဟုတ်ပါလား။ ကျင်းကျင်းသည် ရွှေရောင်ဝတ်ထားသူအား မွေ့ဖက်ကာတွဲရင်း ရယ်ရယ်မောမော ရှိနေသည်။

သူစိမ်းယောကျ်ားတစ်ယောက်နှင့် တရင်းတနှီးရှိနေသော မိခင်ဖြစ်သူအား တွေ့လိုက်ရသောအခါ ချင်းသက်မွဲ၏ တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

သူ့အား ရန်စထိုးကြိတ်ခဲ့သော ကောင်လေး၏စကား မှန်ကန်နေပြီ မဟုတ်ပါလား။ ကျင်းကျင်းနှင့် ရွှေရောင်ဝတ်ထားသူတို့သည် မြင်းလှည်းအနီးသို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ လိုက်လာသူက ...

"နောင်တော်ကြီး ရွှေဓားချန်ခွန်း ခင်ဗျာ ... ဒီမိန်းကလေးကို မိုးမလင်းခင် ပြန်လွှတ်ပေးလိုက်စေချင်ပါတယ် ခင်ဗျာ"

ဟု ရိုရိုသေသေ ပြောလေသည်။ ရွှေဓားချန်ခွန်းဆိုသည့် ရွှေရောင်ဝတ်ထားသူက ...

"ပြန်မလွှတ်ဘူး၊ ကျုပ် ကြိုက်သလောက်ခေါ်ထားမယ်၊ ဘာဖြစ်သလဲ၊ စကားမရှည်နဲ့ ... သွားစမ်း"

ဟု ငေါက်ကာ ါးရိုက်လိုက်သည်။

'ဖြန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။ ပါးရိုက်ခံလိုက်ရသူ ကယျာကယာ နောက်ဆုတ်လိုက်၏။ ရွှေဓားချန်ခွန်းက...

"မင်း ဘာမှ မရှည်နဲ့၊ နင် လာစမ်း ... သွားမယ်"

ကျင်းကျင်းအား ဆွဲခေါ်သွားပြီး မြင်းလှည်းပေါ် တွန်းတင်လိုက်၏။ သူကိုယ်တိုင်လည်း မြင်းလှည်းပေါ် တက်လိုက်လေသည်။ ချင်းသက်မွဲ မနေနိုင်တော့ပါ။

"မေမေ"

ဟုခေါ်ကာ ပြေးသွားလိုက်၏။ မြင်းလှည်းအနီးသို့ ရောက်သွားချိန်၌ ကျင်းကျင်းတို့သည် မြင်းလှည်းပေါ်သို့ ရောက်နေကြပြီ



ဖြစ်သည်။ ချင်းသက်မွဲက မြင်းလှည်းတံခါးဝိတ်၍ မရအောင် ဆွဲထားလိုက်ပြီး ...

"မေမေ မေမေ"

ဟု အလောတကြီး ခေါ်လိုက်လေသည်။ ကျင်းကျင်းသည် ချင်းသက်မွဲအား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့သြသွားလေသည်။

"မင်း"

ထိုစဉ် ရွှေဓားချန်ခွန်းက ...

"သူက ဘယ်သူလဲ၊ မင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ၊ ရှုပ်ရှုပ်ယှက်ယှက် မလုပ်နဲ့နော်"

အလိုမကျသောလေသံဖြင့် ပြောလာလေသည်။ ကျင်းကျင်း ချက်ချင်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မသိပါဘူးရှင်"

ဟု ပြောလိုက်၏။ တစ်ဖန် ချင်းသက်မွဲဘက်သို့လှည့်ကာ

"ဟဲ့ ကောင်လေး ... သွားစမ်း"

ဟု ငေါက်လိုက်လေသည်။ ချင်းသက်မွဲ မယုံနိုင်အောင် ဖြစ်နေ၏။

"မေမေ မေမေ ကျွန်တော့်ကိုတောင် မမှတ်မိတော့ဘူး

www.burmeseclassic.com

www.burmeseclassic.com



လားဟင်၊ ကျွန်တော်”

ထိုအချိန်မှာပင် ...

“သွားစမ်း”

ရွှေဘားချန်ခွန်းသည် စိတ်မရှည်တော့သလိုဖြင့် ချင်းသက်မှဲအား ခြေထောက်ဖြင့် လှမ်းကန်လိုက်လေသည်။

‘ဝုန်း’

ချင်းသက်မှဲသည် လမ်းပေါ်သို့ ပုံလျက်သား လဲကျသွား၏။ ချန်ခွန်းသည် မြင်းလှည်းတံခါးကို ဝုန်းခနဲမြည်အောင် ဆွဲပိတ်လိုက်ပြီး

“မောင်းဟေ့”

ဟု အမိန့်ပေးလိုက်သည်။ မြင်းလှည်းသမားလည်း ကျာပွတ် ကို ရွှမ်းခနဲမြည်အောင် ဇွေ့ယမ်းကာ မြင်းများကို အော်ငေါက်ပြီး ဒုန်းစိုင်းမောင်းထွက်လိုက်လေသည်။

‘ဟီး ဟီး ဟီး’

‘ခွပ် ခွပ် ခွပ် ခွပ်’

မြင်းဟီသံ၊ မြင်းခွာသံများ ထွက်ပေါ်လာသည်။ မြင်းလှည်းသည် တစ်ရှိန်ထိုး ရွေ့လျားသွားပြီး တစ်ခဏအတွင်းမှာပင် ချင်းသက်မှဲနှင့် ဝေးရာသို့ ရောက်ရှိသွားလေတော့သည်။



မြင်းလှည်းသည် အရှိန်ပြင်းစွာ မောင်းထွက်သွားလေသည်။ ချင်းသက်မှဲက မြေပေါ်လဲကျနေ၏။ မြင်းလှည်းသည် တစ်စထက်တစ်စ ဝေးသွားသည်။

ချင်းသက်မှဲ၏ မျက်ဝန်းအစုံ၌ မျက်ရည်များရစ်ဝဲလာသည်။ မျက်ရည်များကြောင့် ဝန်းကျင်တစ်ခုလုံး မပီဝိုးတဝါး ဖြစ်သွားသည်

“ရက်စက်လိုက်တာ မေမေရယ်”

ဟု ညည်းတွားလိုက်လေသည်။ သူ၏အသည်းနှလုံးများ ပျက်ပြုန်းကြေမွသွားပြီဟု ခံစားလိုက်ရသည်။ ဖခင်ဖြစ်သူ သေဆုံးသွားခဲ့ရပြီး မိခင်ဖြစ်သူမှာ ချင်းသက်မှဲ မလှူပ်မယှက် ရှိနေစဉ်မှာပင်

‘ဟီး ဟီး ဟီး ... ဝုန်း’

“အောင်မလေး”

မြင်းဟီသံများနှင့်အတူ စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ မြင်းလှည်းတံခါး ပွင့်သွားပြီ လူရိပ်တစ်ခု လွင့်စဉ်ကျလာကာ လမ်းပေါ်တွင် သုံးလေးပတ် လိမ့်သွားသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းသက်မှဲ့ ငေါက်ခနဲ ထရပ်လိုက်မိလေသည်။ မြင်းလှည်းကား အရှိန်သတ်ကာ ရပ်သွားသည်။ မြင်းလှည်းပေါ်တွင် ရွှေရောင်ဝတ်ထားသူနှင့် မြင်းလှည်းသမားတို့ ဆင်းလာကြလေသည်။

"မေမေ"

ချင်းသက်မှဲ့ အထိတ်တလန့် အော်လိုက်သည်။ မြင်းလှည်းပေါ်မှ လွှင့်စဉ်ကျလာသူမှာ သူ၏မိခင် ဖြစ်နေသည် မဟုတ်ပါလား။ ချင်းသက်မှဲ့ တစ်ဟုန်ထိုး ပြေးသွားလိုက်လေသည်။

ရွှေဓားချန်ခွန်းသည် အရက်မူးကာ ဒယီးဒယိုင် ဖြစ်နေ၏။ မြေပြင်ပေါ်တွင် လဲကျနေသော ကျင်းကျင်းအား ဖေးမပွေ့ထူဖို့ မဆိုထားနှင့် ကိုယ့်ကိုယ်ကိုယ်ပင် အနိုင်နိုင် ဖြစ်နေ၍ မြင်းလှည်းသမားက ဖေးမထားရလေသည်။

"မေမေ"

ချင်းသက်မှဲ့အဖို့ မိခင်အနီးသို့ မည်သို့မည်ပုံ ရောက်သွားသည်ကိုပင် မသိနိုင်တော့ပါ။

"ဖြစ်ရလေ မေမေရယ်"

ရှိုက်ကြီးတငင်ငိုရင်း သွေးခြင်းခြင်းနီရဲနေသော မိခင်ဖြစ်သူအား ပွေ့ဖက်ထားလိုက်လေသည်။ ရွှေဓားချန်ခွန်းသည် ချင်းသက်မှဲ့နှင့်ကျင်းကျင်းတို့အား မျက်လုံးအပြူးသားဖြင့် ကြည့်နေရာမှ သတိ



ဝင်လာဟန်ဖြင့် နောက်ဆုတ်လိုက်လေသည်။

မြင်းလှည်းပေါ်သို့ ကပျာကယာ တက်လိုက်ပြီး ...

"ဟော့ကောင် ဘာလုပ်နေတာလဲ ... မြင်းလှည်းကို မောင်းပါတော့လား"

ဟုလည်း မြင်းလှည်းသမားကို အော်ငေါက်လိုက်လေသည်။ မြင်းလှည်းသမား ဦးညွှတ်လိုက်လေသည်။

"ကောင်းပါပြီ သခင်"

ချက်ချင်းပင် မြင်းလှည်းမောင်းသူနေရာသို့ ခုန်တက်ကာ မြင်းများကို အော်ငေါက်မောင်းနှင်လိုက်လေတော့သည်။ မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ မြင်းလှည်းသည် တစ်ဟုန်ထိုး ထွက်ခွာသွားလေသည်။ ချင်းသက်မှဲ့က မြင်းလှည်းကိုလည်းကောင်း၊ ရွှေဓားချန်ခွန်းကိုလည်းကောင်း ဂရုမစိုက်ပါချေ၊

"မေမေ မေမေ"

မိခင်ဖြစ်သူကို ပွေ့ဖက်ကာ တကြော်ကြော် ခေါ်နေ၏။ ကျင်းကျင်း ပြန်မထူးနိုင်တော့ပါ။ နောက်ဆုံး ချင်းသက်မှဲ့သည် မိခင်၏ရင်ခွင်ထဲ မျက်နှာအပ်ရင်း ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သည်။

✸✸✸

www.burmeseclassic.com

www.burmeseclassic.com



## အမှားမဟုတ်သောအမှား

ကျောက်လိုဏ်ဂူအတွင်း၌ အေးစိမ့်မှု လွှမ်းမိုးထားလေသည်။ ကျောက်သလင်းများ၏ စိမ်းဖန့်ဖန့် အလင်းရောင်အောက်တွင် ရွှေစားချန်ခွန်း၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်လာသည်။

သူ၏ရင်ဝမှ စီးကျလာသော သွေးများသည် မြေပေါ်ကျသွားပြီး မြေကြီးထဲသို့ လျင်မြန်စွာ စိမ့်ဝင်သွား၏။ ထူးခြားသော ကျောက်လိုဏ်ဂူထဲဝယ် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော သိုင်းသမားကြီးချန်ခွန်းမှာ အငြိုးအတေးထားသူ ချင်းသက်မွဲ၏လက်ချက်ကြောင့် အသက်ငင်နေပြီ ဖြစ်လေသည်။

ချင်းသက်မွဲ မလှုပ်မယှက် ရပ်နေသည်။ ရွှေစားချန်ခွန်းအား သေအံ့မူးမူး ဖြစ်နေသည်ကို မျက်တောင်မခတ်ကြည့်နေ၏။ ရွှေစားချန်ခွန်းက အားယူ၍ ...

"မင်း မင်းပြောမှ ကျုပ်လည်း ပြန်ပြီးအမှတ်ရလာပါပြီ၊ ဒီကိစ္စဟာ အတော်ကို ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ ကိစ္စတစ်ခုပဲ"



ဟုပြောလေသည်။ ချင်းသက်မွဲက ...

"ခင်ဗျား သတိရလာပြီကိုး"

"ဟုတ်တယ် ... ဒီကိစ္စဟာ နှစ်ပေါင်းနှစ်ဆယ်လောက်ကြာခဲ့ပြီဖြစ်ပေမယ့် ကျုပ် ဘယ်လိုမှ မေ့ပျောက်လို့မရနိုင်ခဲ့တဲ့ ကိစ္စတစ်ခုပါပဲ၊ ကျုပ်ဟာ အရင်က အရက်သောက်တယ်၊ အပျော်အပါး လိုက်စားခဲ့တယ်ဆိုတာ မှန်တယ်၊ ဒါပေမဲ့ ဘယ်တုန်းကမှ မတရားမလုပ်ခဲ့ဖူးဘူး"

"ဟား ဟား ဟား ဟား"

ချင်းသက်မွဲက ရယ်မောလိုက်လေသည်။ ချန်ခွန်းကား အမှုမထားချေ။ အတိတ်မှ ဖြစ်ရပ်များ ပြန်ပြောင်းသတိရနေဟန်ဖြင့် သူ၏ မျက်လုံးများ ရီဝေနေသည်။ လေးတွဲ့သောလေသံဖြင့် ပြောနေ၏။

"အဲဒီနေ့က ကျုပ်ဟာ မိတ်ဆွေတစ်ယောက် ကျင်းပတဲ့ ဂုဏ်ပြုညစာစားပွဲမှာ အရက်အတော်များများ သောက်ဖြစ်ခဲ့တယ်၊ ပြီးတော့ အပျော်ဂေဟာကို ရောက်သွားခဲ့တာပဲ၊ အင်မတန် ချောမောလှပပြီး ကျက်သရေရှိတဲ့ အမျိုးသမီး တစ်ယောက်ကို တွေ့ခဲ့လို့ နှစ်သက်သဘောကျပြီး ပျော်ပါးဖို့ ခေါ်သွားမိတယ်၊ ဒါပေမဲ့ ကောင်လေးတစ်ယောက် ရောက်လာပြီး မထင်မှတ်တာတွေ ဖြစ်လာရတာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ အမျိုးသမီးဟာ အဲဒီကောင်လေးနဲ့ ဘာမှမပတ်သက်ဘူးလို့ ပြောပေမယ့် မျက်နှာပျက်နေတာကို တွေ့ရတယ်၊ မြင်းလှည်းထွက်လို့ ခပ်လှမ်းလှမ်းကိုလည်းရောက်ကော ဘာမပြောညာမပြော မြင်းလှည်းပေါ်က ခုန်ဆင်းသွားတော့တာပဲ၊ ကျုပ်က အရက်မူးနေတော့ ဟန့်တားလို့မရခဲ့ဘူး၊ ကံဆိုးတာက မြင်းလှည်းပေါ်က ကျသွားတဲ့ အရှိန်နဲ့ မြေပေါ်လဲပြီး ဦးခေါင်းမှာ အပြင်းအထန် ဆောင့်မိသွားတာကြောင့် သေသွားရတာပဲ၊ အစကတည်းကသာ ဒီလိုဖြစ်မယ်ဆိုတာ သိရင် ကျုပ်က သူ့ကို ဘယ်ခေါ်ပါ့မလဲ"

သူရှင်းပြသည့်အတိုင်း မှန်ကန်ပါက ကျင်းကျင်းသေဆုံးခဲ့ရသော ကိစ္စအတွက် အပြစ်တင်၍ ရမည်မဟုတ်ပေ။ ကျင်းကျင်း ကြမ္မာငင်ခြင်းသာ ဖြစ်လေသည်။ ချင်းသက်မွဲကမူ လက်မခံပါချေ။

"ကျုပ်အမေဟာ ဘယ်လိုမိန်းမမျိုး ဖြစ်ဖြစ်ပေါ့၊ အမေဟာ အမေပါပဲ၊ ကျုပ်တို့မိသားစု တခြားတစ်နေရာကို ထွက်သွားပြီး ဘဝသစ် ထူထောင်လို့ ရနိုင်သေးတာပဲ၊ ခုတော့ ခင်ဗျားကြောင့် သေသွားရတာ"

ဟု စွပ်စွဲလေသည်။ ချန်ခွန်းက ...

"ဘာလဲ ကျုပ်က သူ့ကို မြင်းလှည်းပေါ်က တွန်းချလိုက်တယ်လို့ မင်းထင်နေသလား"



"ဟုတ်တယ်"

ချန်ခွန်းက ခေါင်းခါယမ်းလိုက်လေသည်။

"မင်းမှားပြီ၊ အဲဒီအချိန်က ကျုပ်ဟာ ကိုယ့်ကိုယ်ကိုယ်တောင် အနိုင်နိုင် ဖြစ်နေခဲ့တာပဲ၊ ပြီးတော့ ... မင်းရဲ့အမေကို တွန်းချပစ်စရာ အကြောင်းမှ မရှိတာ"

ချင်းသက်မွဲက ...

"ခင်ဗျားခေါ်မသွားခဲ့ဘူးဆိုရင် ခုလိုဖြစ်စရာအကြောင်း မရှိဘူးဗျ"

ချန်ခွန်းက ...

"ကျုပ် ခေါ်မသွားလည်း တခြားလူတစ်ယောက်ယောက်က ခေါ်သွားမှာပဲ မဟုတ်လား"

ချင်းသက်မွဲက ...

"ခင်ဗျား ပါးစပ်ပိတ်ထားလိုက်စမ်း၊ ခင်ဗျားဘာပြောပြော ကျုပ်မယုံဘူး၊ ခင်ဗျားကြောင့် ကျုပ်အမေ သေသွားခဲ့ရတာ၊ ဒါကြောင့် ခင်ဗျားလည်းသေရမယ်"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။ ချန်ခွန်းက ...

"မင်း ရူးနေပြီ"

"ဘာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ငယ်စဉ်က အတိဒုက္ခရောက်ခဲ့ရတာတွေကို သူတစ်ပါးအပေါ် အပြစ်ပုံချဖို့ ကြိုးစားနေတာပဲ"

"ဟား ဟား ဟား"

ချင်းသက်မှဲ့က ရယ်မောလိုက်လေသည်။ ချန်ခွန်းက ...

"ကဲ ... မင်းရှုံးနေပြီ၊ မင်း ခံစားခဲ့ရတဲ့ နာကြည်းချက်တွေကို သူတစ်ပါးအပေါ် အပြစ်ပုံချ လက်စားချေဖို့ ကြိုးစားပြီး မင်းရဲ့စိတ်ကို ဖြေသိမ့်ဖို့ ကြိုးစားထား၊ ကိုယ့်ကိုယ်ကိုယ် ဟန်ဆောင်လိမ်ညာနေတာပဲ"

ချင်းသက်မှဲ့က ...

"ခင်ဗျားပါးစပ် ပိတ်ထားလိုက်စမ်း"

ဟု ဒေါသတကြီး အော်ငေါက်လိုက်လေသည်။ ထို့နောက် ရှေ့တိုးလာပြီး ချန်ခွန်းကို ဆတ်ခနဲ ဆောင့်ဆွဲကာ ပခုံးပေါ် ထမ်းလိုက်သည်။

ကျောက်ဂူထဲမှ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွား၏။ ဒဏ်ရာပြင်းထန်စွာ ရရှိထားသော ချန်ခွန်းမှာ ကြမ်းတမ်းစွာ ဆွဲငင်ခြင်း ခံလိုက်ရသဖြင့် သတိလစ်သွားပြီး ချင်းသက်မှဲ့ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားရလေတော့သည်။

✸



'ခွပ် ခွပ် ခွပ် ခွပ်'

မြင်းလှည်းတစ်စီးသည် အရှိန်ပြင်းစွာ မောင်းနှင်လာ၏။ လမ်းသွားလမ်းလာများသည် အလန့်တကြား ရှောင်တိမ်းပေးလိုက်ကြလေသည်။

"တော်တော် ရမ်းကားတဲ့လူပဲ"

"မြို့ထဲမှာ ဒီလောက်တောင် မောင်းရသလား"

မကျေမနပ် ရေရွတ်ပြောဆိုသံများ ထွက်ပေါ်လာလေသည်။ ထိုစဉ် ...

'ဝုန်း'

မြင်းလှည်းပေါ်မှ လူတစ်ယောက် လွင့်စဉ်ကျလာသည်ကို တွေ့လိုက်ရလေသည်။

"ဟာ ... လူတစ်ယောက် ပြုတ်ကျသွားပြီဟေ့"

"ဒုက္ခပဲ၊ ပြန်မထနိုင်တော့ပါလား"

မနေနိုင်သူအချို့သည် ချက်ချင်းပြေးသွားပြီး အလဲခတ်ကြည့်လိုက်ကြလေသည်။ မြင်းလှည်းသမားကား ရပ်တန့်ခြင်းမပြုဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်မောင်းနှင်သွားကာ မြင်ကွင်းမှ ကွယ်ပျောက်သွားတော့သည်။

လမ်းပေါ်လွင့်စဉ်ကျခဲ့သူ အနီး၌လည်း ဝိုင်းအုံကြည့်ရှုနေကြသူများဖြင့် ချက်ချင်း လူအုပ်ကြီး ဖြစ်သွားလေသည်။ လမ်းပေါ်တွင် ပုံလျက်သား ကျနေသူကိုကြည့်ရင်း တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြလေသည်။ ထိုစဉ် ...

"ဘာဖြစ်တာလဲ"

မေးမြန်းသံနှင့်အတူ လူတစ်ယောက်က လူအုပ်ကို တိုးဝှေ့ကာ ဝင်ရောက်လာလေသည်။ ထိုလူမှာ ဗျိုင်းဖြူကျောက်ဖုံး ဖြစ်လေသည်။

ကျောက်ဖုံးသည် တစ်ကိုယ်လုံး သွေးအလူးလူး ပေကျံကာ လဲကျသေဆုံးနေသူကို တွေ့ရလျှင် မျက်နှာပျက်သွားပြီး ...

"ဟင် ... ရွှေဓားချန်ခွန်းပါလား"

ဟု လွှတ်ခနဲ ရေရွတ်လိုက်လေသည်။ မကြာသေးမီကပင် သူနှင့်အတူ စားသောက်ခဲ့သေးသည့် ရွှေဓားချန်ခွန်းသည် ယခုတော့ လူသေအလောင်းဘဝသို့ ပြောင်းလဲသွားပြီ ဖြစ်လေသည်။

သူ၏မျက်ဝန်းထဲ၌ ရေးဆန်သော အိမ်ကြီးအတွင်းမှ အစီအရီချထားသော အခေါင်းများကို မြင်ယောင်လာသည်။ လျှို့ဝှက်



သော ရန်သူသည် ကြိုတင်ကြံစည်ထားသည့်အတိုင်း ရွှေဓားချန်ခွန်းအား သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့ပြီ ဖြစ်လေသည်။

ဤသို့ဆိုလျှင် သူအပါအဝင် ကျန်သိုင်းသမားကြီးများ၏ အခြေအနေ မည်သို့ရှိမည်နည်း။ ဗျိုင်းဖြူကျောက်ဖုံး၏ရင်ထဲ တစ်နေ့ဆက်တစ်စ လေးလံလာလေတော့သည်။

✱

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။ ဆည်းဆာရောင်ခြည်အောက်တွင် လုံကွီးမြို့လေးမှာ လွမ်းဆွေးစရာ ကောင်းသည်ထင်ရ၏။

မြို့သူမြို့သားများအား ရယ်ရယ်မောမော ပြောဆိုရင်း သွားလာလှုပ်ရှားနေမြဲအတိုင်း သွားလာနေကြ၏။ ဗျိုင်းဖြူကျောက်ဖုံး၏ရင်ထဲ မရှင်း၍သာ ကြည်နူးပျော်ရွှင်စရာများ ပျောက်ကွယ်နေသည်ဟု ထင်မှတ်ရခြင်း ဖြစ်ပေတော့သည်။

သူက ရွှေဓားချန်ခွန်းနှင့်အတူ စားသောက်ခဲ့သော စားသောက်ဆိုင်၌ ပြန်လည်ရောက်ရှိနေခြင်း ဖြစ်သည်။ ပြတင်းပေါက်နှင့် ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ ထိုင်နေ၏။

သူ၏ရှေ့စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ၊ အရက်များ ရှိနေပါသည်။ သို့သော် ဗျိုင်းဖြူကျောက်ဖုံးက လက်ဖျားနှင့်ပင် မတို့ပါချေ။

လမ်းမပေါ်တွင် သွေးအလိမ်းလိမ်း ပေကျံကာ သေဆုံးနေသော ချန်ခွန်း၏ရုပ်သွင်ကို မျက်လုံးထဲမှ ဖျောက်၍မရဘဲ ဖြစ်နေ၏။



ချန်ခွန်းအား လုပ်ကြံလိုက်သူများသည် မည်သူဖြစ်ပါသနည်း။ ကျောက်ဖုံး မကျေမနပ် ဖြစ်နေသလို စိုးရိမ်စိတ်များလည်း မဖျော်လင့်ဘဲ ဖြစ်ပေါ်နေသည်။

ချန်ခွင်းကဲ့သို့ ထိပ်သီးသိုင်းသမားတစ်ယောက်အား လုပ်ကြံနိုင်သူမှာ ခေသူမဟုတ်ဟု ယူဆထားလေသည်။ ရန်သူသည် မည်သူမည်ဝါဖြစ်ကြောင်း မသိရဘဲ ချန်ခွန်း အသတ်ခံရပြီဖြစ်သည်။

တွေ့ရှိနေရသော လူတိုင်းလူတိုင်းသည် လျှို့ဝှက်ရန်သူ ဖြစ်နေနိုင်ပေသည်။ ကျောက်ဖုံးသည် မည်သူ့ကိုမှ မယုံကြည်နိုင်အောင် ဖြစ်လာ၏။

ထိုသို့ သံသယစိတ် ကြီးထွားလာသောအခါ ပျော်ရွှင်စရာများ ပျောက်ကွယ်သွားပြီး လောကကြီးတစ်ခုလုံး အကျည်းတန်လာသည်ဟု ခံစားလာရခြင်း ဖြစ်ပေတော့သည်။

ရွှေဓားချန်ခွန်းအား တွန်းချသွားသည့် မြင်းလှည်းနောက်သို့ ကျောက်ဖုံးက လိုက်သွားခဲ့မိသေးသည်။ သို့သော်ငြားလည်း အစအန ရှာမတွေ့ဘဲ ပျောက်ကွယ်သွားသဖြင့် လက်လျှော့ခဲ့ရလေသည်။

ထိုမြင်းလှည်းကို မောင်းနှင်သူသည် ချန်ခွန်းအား လုပ်ကြံသူနှင့် ပတ်သက်နေရမည် မဟုတ်ပါလား။ ကျောက်ဖုံးသည် တွေး

www.burmeseclassic.com

www.burmeseclassic.com



ရင်း ဖတ်ရင်း အာခေါင်များ ခြောက်ကပ်လာသဖြင့် အရက်တစ်ခွက် ငှဲ့ကာ သောက်လိုက်လေသည်။

ထိုစဉ် ဆိုင်လုလင်တစ်ယောက်သည် အနီးသို့ ရောက်ရှိလာပြီး ...

"ဆရာကြီး ... ဘာများ လိုအပ်ပါသေးသလဲ ခင်ဗျာ"

ဟု ရိုရိုသေသေ မေးလာလေသည်။ ကျောက်ဖုံး လက်ကာပြလိုက်သည်။

"ဘာမှမလိုဘူး ... ကိစ္စမရှိဘူး"

"ဟုတ်ကဲ့ ခင်ဗျာ"

ဆိုင်လုလင်က အရိုအသေပေးပြီး ပြန်ထွက်သွား၏။ ကျောက်ဖုံးသည် ဆိုင်လုလင်ကို ကြည့်ရင်း တစ်စုံတစ်ခုကို သတိရမိလိုက်သဖြင့် ...

"ဟေ့ ဟေ့ ... လာဦး"

ကပျာကယာ လှမ်းခေါ်လိုက်လေသည်။

"ဟုတ်ကဲ့"

ဆိုင်လုလင် ပြန်လှည့်လာ၏။ ကျောက်ဖုံးက ...

"နေ့လယ်က ကျုပ်နဲ့မိတ်ဆွေတစ်ယောက် ဒီနေရာမှာပဲ လာပြီး စားသောက်သွားကြတာကို မင်း မှတ်မိမယ်ထင်တယ်"



ဟု မေးလိုက်သည်။ ဆိုင်လုလင် ဦးညွှတ်လိုက်လေသည်။

"ဟုတ်ကဲ့၊ ကျွန်တော် မှတ်မိပါတယ်ခင်ဗျာ၊ ဦးနဲ့အတူ စားသောက်ခဲ့တဲ့ ဆရာကြီးဟာ မကြာသေးခင်ကဘဲ မြင်းလှည်းပေါ်က ပြုတ်ကျပြီး သေဆုံးသွားခဲ့သေးတယ် မဟုတ်လားခင်ဗျာ"

ကျောက်ဖုံးပင့်သက်ရှိုက်လိုက်မိလေသည်။

"ဩော် ... သတင်းတောင် ပျံ့နေပြီကိုး"

ဟုလည်း စိတ်ထဲ ရေရွတ်မိလိုက်သည်။ ဆိုင်လုလင်ကို အကဲခတ်ကြည့်ကာ ...

"မနက်တုန်းက ကျုပ်ထွက်သွားတော့ သူ ဒီဆိုင်ထဲမှာ ကျန်ရစ်ခဲ့တယ် မဟုတ်လား"

ဟု မေးလိုက်သည်။ ဆိုင်လုလင်က ...

"ဟုတ်ပါတယ် ခင်ဗျာ ... ကျန်ခဲ့ပါတယ်"

"သူ ဘယ်အချိန်က ထွက်သွားတယ်ဆိုတာကော သတိထားမိလိုက်သလား"

"ဟုတ်ကဲ့၊ ဦးထွက်သွားပြီး မကြာပါဘူး သူလည်း ထွက်သွားတာပါပဲ"

ဆိုင်လုလင်က မှတ်မိနေသဖြင့် ကျောက်ဖုံး အားတက်သွား

www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်ကိုထွက်သွားသလဲဆိုတာ မင်းသိသလားဟင်"

"ဟုတ်ကဲ့ ... သူက ဒီမြို့မှာ အခေါင်းရောင်းတဲ့ဆိုင်ရှိသလားလို့ မေးတော့ ကျွန်တော်တောင် ပြောပြလိုက်ရပါသေးတယ်"

"ဘာ"

ကျောက်ဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"အခေါင်းရောင်းတဲ့ဆိုင် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ ... ကျွန်တော့်ကိုမေးလို့ ကျွန်တော်ပဲ ပြောပြလိုက်ရပါသေးတယ်"

"နေပါဦး ... သူက အခေါင်းရောင်းတဲ့ဆိုင်ကို ဘာကြောင့် မေးရတာလဲ"

ဆိုင်လုလင် ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ ကျွန်တော်လည်း မသိပါဘူးခင်ဗျာ"

ကျောက်ဖုံး မျက်မှောင်ကြုတ်သွားသည်။

"သူက အခေါင်းရောင်းတဲ့ဆိုင်ကို အကြောင်းမရှိဘဲ မေးမှာ မဟုတ်ဘူး"

တွေးရင်း အစီအရီရှိနေသော ခေါင်းများကို ပြန်လည် မြင်ယောင်လာပြန်လေသည်။ ထိုအခေါင်းများသည် တစ်ကြိမ်တစ်ခါမျှ အသုံးမပြုရသေးသော အသစ်စက်စက် အခေါင်းများ ဖြစ်လေသည်။



အခေါင်းခုနစ်လုံးသည် ပုံစံအတူတူပင် ဖြစ်ရကား အခေါင်း ပြုလုပ်သူတစ်ယောက်တည်း ဖြစ်ကြောင်း ထင်ရှားပြီး ဆိုင်တစ်ဆိုင် တည်းမှပင် ဝယ်ယူလာခဲ့ခြင်းဖြစ်ကြောင်း သိသာနိုင်၏။

ကျောက်ဖုံးသည် အခေါင်းများအကြောင်း တွေးမိလိုက် သည်နှင့် နဖူးကိုလက်ဝါးဖြင့် ဖြန်းခနဲမြည်အောင်ရိုက်ကာ ...

"သေလိုက်ပါတော့"

ဟု ညည်းတွားလိုက်လေသည်။ သူ၏အပြုအမူကြောင့် ဆိုင်လုလင် ကြောင်အမ်းအမ်း ဖြစ်တာ နောက်ဆုတ်လိုက်လေသည်။ ကျောက်ဖုံး ဆိုင်လုလင်ကို ပြုံးပြလိုက်ပြီး ...

"မင်းကို ကျေးဇူးတင်ပါတယ်ကွာ၊ ရော့ ... ဒီငွေတုံးလေးကို ယူ ပိုတာ ပြန်မအမ်းနဲ့"

စားသောက်ဖွယ်ရာများအတွက် ကျသင့်ငွေကို ပေးချေပြီး ဆိုင်လုလင်ကို ဆုချလိုက်သည်။

"ကျေး ... ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဆိုင်လုလင်သည် ဝမ်းသာအားရစွာဖြင့် ကျေးဇူးတင်စကား အထပ်ထပ်ပြောလေသည်။ ကျောက်ဖုံးက ဆိုင်လုလင်ကို ဂရုမစိုက် တော့ပါ။

လျှို့ဝှက်ရန်သူအား ဖော်ထုတ်ရမည့်နည်းလမ်းကို သတိပြု

www.burmeseclassic.com

www.burmeseclassic.com



မိသွားခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် အချိန်မဖြုန်းတော့ဘဲ ထိုင်ရာမှ ထလိုက်လေသည်။ ထိုစဉ်မှာပင် ...

"ခင်ဗျားက ဒီမှာရောက်နေတာကိုး"

ကျယ်လောင်သောစကားသံတစ်ချက် ထွက်ပေါ်လာသည်။ ဆံပင်နီကြွင်ကြွင်ရှိပြီး ထွားကျိုင်းသူတစ်ယောက် ဆိုင်ထဲသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com



## ခြေရာပျောက်သော်

လေပြည်လေညင်း ငွေ့ယမ်းတိုက်ခတ်လာလေသည်။ လေပြည်နှင့်အတူ မွှေးကြိုင်သင်းပျံ့သော ညမွှေးပန်းရနံ့များ လွင့်ပျံ့လာလေသည်။

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။ ကြယ်ကလေးများလည်း မလင်းတစ်လှည့် လင်းတစ်လှည့် ဝင်းလက်တောက်ပ၍နေသည်။

အေးမြပြီး သာယာလှပသော ညတစ်ည ဖြစ်လေသည်။ လူရှင်းနေပြီဖြစ်သော လမ်းကြားကလေးမှနေပြီး ဗျိုင်းဖြူကျောက်ဖုံးနှင့် ခြသေ့်ကြီးထိချူးသည် စကားတပြောပြောဖြင့် လျှောက်လှမ်းလာခဲ့ကြလေသည်။

ခြသေ့်ကြီးထိချူးသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားနေသော သိုင်းသမားကြီးတစ်ယောက် ဖြစ်ပါသည်။ ဗျိုင်းဖြူကျောက်ဖုံးတို့ကဲ့သို့ အခေါင်းတစ်လုံးပေါ်တွင် နာမည်တပ်ထားခြင်း ခံရသူလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်ကြီးထိချူးသည် ထူးဆန်းသော အိမ်ကြီးနှင့် အခေါင်းများ အကြောင်း သတင်းကြားရချိန်တွင် ခရီးလွန်နေသဖြင့် ယခုမှ ရောက်ရှိလာခြင်းဖြစ်လေသည်။

သူ့လိုပင် ရဟတ်ရဲတိုက်ပိုင်ရှင်ကျိုသန်း ရောက်မလာသေးချေ။

အခေါင်းခုနစ်လုံးဖြင့် ကိုယ်စားပြုထားသည့် ထိပ်သီးသိုင်းသမားကြီး ခုနစ်ယောက်တွင် ခြောက်ယောက်ရောက်ရှိလာပြီဖြစ်ပြီး နှစ်ယောက် သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

ခြသေ့်ကြီးထိချူးသည် ဗျိုင်းဖြူကျောက်ဖုံးနှင့်အတူ လိုက်ပါသွားရင်း ...

"ရွှေဓားချန်ခွန်းက ခြေရာခံမိသွားလို့ လုပ်ကြံခံလိုက်ရတယ်ဆိုပါတော့"

"ဟုတ်ပါတယ်ဗျာ၊ အခေါင်းတွေကိုကြည့်ပြီး ဒေါသထွက်နေဖို့ပဲ ကျုပ်တို့သိကြတယ်၊ အခေါင်းဝယ်ခဲ့တဲ့လူနဲ့ ပတ်သက်ပြီး အခေါင်းဆိုင်က လူဆီမှာ သဲလွန်စရနိုင်တယ်ဆိုတာကို ချန်ခွန်း တစ်ယောက်ပဲ သတိထားမိခဲ့တာဗျ၊ သူကသာ ကျုပ်ကိုပြောပြပြီး တိုင်ပင်မယ်ဆိုရင် ခုလိုဖြစ်စရာအကြောင်း မရှိတော့ဘူးပေါ့ဗျာ"

ခြသေ့်ကြီးထိချူး သက်ပြင်းချလိုက်လေသည်။

"သူက တရားခံကို တွေ့ရင်တောင် ဘယ်သူ့ကိုမှ ပြောမှာ၊



အသိပေးမှာ မဟုတ်ဘူး။ သူ့ဘာသာ ရင်ဆိုင်လိမ့်မယ်၊ အဲ တရားခံကို အနိုင်ယူဖမ်းဆီးပြီးမှ အားလုံးသိအောင် ထုတ်ဖော်ကြေညာမှာပဲ၊ သူတစ်ယောက်တည်း မဟုတ်ပါဘူး။ အားလုံးက ဒီလိုပဲ ယူဆထားကြမှာပါ။ ဘာကြောင့်လဲဆိုရင် ထိပ်သီးသိုင်းသမားကြီးတွေ ဖြစ်နေကြတယ် မဟုတ်လား၊ ဖွင့်မပြောကြပေမယ့် သူသာတယ်၊ ကိုယ်သာတယ်ဆိုတာ စိတ်ထဲမှာ အပြိုင်အဆိုင် ဖြစ်နေကြတာပဲလေ၊ ခုပွဲမှာ တရားခံကို အရင်ဆုံး ဖော်ထုတ်နိုင်တဲ့လူက လူစွမ်းကောင်း ဖြစ်သွားမှာပဲ"

ဗျိုင်းဖြူကျောက်ဖုံး ပြုံးလိုက်သည်။

"ခင်ဗျားဝေဖန်တဲ့အတိုင်း မှန်ပါတယ်ဗျာ"

ဟု ဝန်ခံလိုက်လေသည်။

"ခင်ဗျားရော ကျုပ်နဲ့ ပူးပေါင်း ဆောင်ရွက်လိုစိတ် ရှိရဲ့လားဗျ"

ဟု မေးလေသည်။ ဗျိုင်းဖြူကျောက်ဖုံးက ...

"ရှိပါတယ်ဗျာ ... ဒါကြောင့်မို့လည်း ခင်ဗျားကို အကျိုးအကြောင်း ပြောပြခဲ့တာပေါ့"

ခြသေ့်ကြီးထိချူးက ...

"ကျုပ်က နောက်မှရောက်လာရပေမယ့် ခင်ဗျားနဲ့အတူ တွေ့ရတာကြောင့် အဖြစ်အပျက်အားလုံးကို သိလိုက်ရတာမို့ ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်ဗျာ၊ ကျုပ်တို့နှစ်ယောက် လက်တွဲဆောင်ရွက်ကြတာ ပေါ့”

သူတို့ စကားတပြောပြောဖြင့် လျှောက်လာခဲ့ကြရာ မြို့ပြင် သချိုင်းသို့သွားသော လမ်းပေါ်သို့ ရောက်လာကြလေသည်။ သူတို့ သည် သချိုင်းမြေသို့ သွားကြမည်မဟုတ်ဘဲ သချိုင်းကုန်းနှင့် မလှမ်း မကမ်းတွင်ရှိသော အခေါင်းရောင်းသည့်ဆိုင်သို့ ဦးတည်သွားနေကြ ခြင်း ဖြစ်လေသည်။

မကြာပါချေ …။

လရောင်ဖြင့် သီးခြားတည်ရှိနေသော အခေါင်းရောင်းသည့် ဆိုင်အား တွေ့မြင်လိုက်ရလေတော့သည်။

✸

အခေါင်းရောင်းသည့်ဆိုင် …။

ခြသေ့်ကြီးထိချူးနှင့် ဗျိုင်းဖြူကျောက်ဖုံးတို့သည် အခေါင်း ရောင်းသည့်ဆိုင်ရှေ့သို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။ လရောင် အောက်တွင် အခေါင်းရောင်းသည့်ဆိုင်သည် မှောင်နှင့်မည်းမည်း ဖြစ်နေသည်။



တံခါးများလည်း ပိတ်ထားပြီး လူရိပ်လူယောင် မတွေ့ သလို အသံဗလံများလည်း မကြားရချေ။ ခြသေ့်ကြီးထိချူးနှင့် ဗျိုင်း ဖြူ ကျောက်ဖုံးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေ သည်။ ကျောက်ဖုံးက …

“လူရှိပုံမရဘူး”

ခြသေ့်ကြီးထိချူး ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်”

ကျောက်ဖုံး မကျေမနပ် ဖြစ်သွားသည်။

“ကျုပ် အသိနောက်ကျသွားတယ်၊ သူက ရှောင်တိမ်းသွား တာ ဖြစ်မယ်”

ဟု ရေရွတ်လိုက်လေသည်။

ခြသေ့်ကြီးထိချူးသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့် လိုက်ပြီး …

“ကျုပ်တို့ ဆိုင်ထဲဝင်ပြီး သဲလွန်စရှာရင် မကောင်းဘူးလား”

ဟု မေးလိုက်သည်။ ကျောက်ဖုံးက …

“ကောင်းသားပဲ … ရောက်လာမှတော့ ဒီအတိုင်းလှည့်ပြန် သွားလို့ ဘယ်ဖြစ်မလဲ”

ခြသေ့်ကြီးထိချူးသည် သော့ခတ်ကာ ပိတ်ထားသော ဆိုင် တံခါးကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တံခါးပေါ်မှသော့ကို ဆုပ်ကိုင်ကာ တစ်ချက် အားစိုက်ပြီး ဖျစ်ညှစ်လိုက်လေသည်။

'ဖြောက်'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာပြီး ကြေးသော့ခလောက်ကြီး ပျက်စီးသွားလေတော့သည်။

ထိချုပ်သည် အတွင်းအား အလွန်ကောင်းသူဖြစ်၍ 'ခြသေ့ကြီး' ဟူသော သိုင်းလောကဘွဲ့ထူးကို ပိုင်ဆိုင်ခဲ့ရသည် မဟုတ်ပါလား။

ထိချုပ်က သော့ခလောက်ကို လွှင့်ပစ်လိုက်ပြီး တံခါးကို ဖွင့်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ...

"ဟေ့ ... ဘာလုပ်ကြမလို့လဲ"

စကားသံနှင့်အတူ ပြေးလွှားလာသော ခြေသံများကို ကြားလိုက်ရ၏။

ကျောက်ဖုံးနှင့်ထိချုပ်တို့ လှည့်ကြည့်လိုက်ကြရာ အဘိုးအိုတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအဘိုးအိုသည် အနီးသို့ရောက်လာလျှင် ကျောက်ဖုံးနှင့် ထိချုပ်တို့အား မသင်္ကာသောအကြည့်ဖြင့် ကြည့်ကာ ...



"ဘာလုပ်ကြမလို့လဲ"

ဟု မေးလာလေသည်။ ထိချုပ်က ...

"ဆိုင်ထဲဝင်မလို့ပေါ့၊ ခင်ဗျားကကော ဘယ်သူလဲ၊ ဒီနေရာကို ဘာလာလုပ်တာလဲ ... ပြောစမ်းပါဦး"

ဟု ပြန်မေးလိုက်လေသည်။ အဘိုးအိုက ...

"ဘယ်လိုများ ပြောလိုက်တာလဲ၊ ဒါ ကျုပ်ရဲ့ အခေါင်းဆိုင် ဆိုတာလည်း မှတ်ထားပါဦး"

"ဟင်"

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ကျောက်ဖုံးနှင့် ထိချုပ်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ကျောက်ဖုံးက ...

"ခင်ဗျားက ဆိုင်ရှင် ... ဟုတ်လား"

အဘိုးအိုက ...

"ဟုတ်တယ်လေ၊ ကျုပ်က ဒီနေရာမှာနေပြီး အခေါင်းဆိုင်ဖွင့်လာကာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပြီး၊ တစ်မြို့လုံး ကျုပ်ကို မသိတဲ့လူ မရှိဘူး၊ မင်းတို့ကကော ဘယ်သူတွေလဲ၊ ဘာကြောင့် ဆိုင်သော့ကို ဖျက်ဆီးပစ်လိုက်ရတာလဲ၊ ဆိုင်ထဲဝင်ပြီး ဘာလုပ်ကြမလို့လဲ၊ အခေါင်းစပ်တဲ့ပစ္စည်းတွေ ခိုးယူကြမလို့လား"

ဟု တရစပ် မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိချူး မကျေမနပ် ဖြစ်သွားသည်။

"ခင်ဗျား စကားကြည့်ပြောရင် ကောင်းမယ်၊ ကျုပ်တို့ကို စော်ကားမော်ကားပြောတာ ဒုက္ခရောက်ချင်လို့လား၊ ကျုပ်တို့ဟာ ခိုးဝှက်မယ့်လူတွေနဲ့ တူနေလို့လား"

ဟု ပြန်ငေါက်လိုက်လေသည်။

သူတို့နှစ်ယောက်သည် ခိုးသားဓားပြများနှင့် မတူကြသည်ကတော့ အမှန်ပင် ဖြစ်လေသည်။

အဘိုးအို မျက်လုံးပြူးကာ …

"မင်းတို့က ခိုးဝှက်တတ်တဲ့လူတွေ မဟုတ်ဘူးဆိုရင် ဆိုင်သော့ကို ဘာကြောင့် ဖျက်ဆီးရတာလဲ၊ ဘာကြောင့် ဆိုင်ရှင်မသိဘဲ ဆိုင်ထဲဝင်ဖို့ ကြိုးစားရတာပဲ"

ဟု အချက်ကျကျ ပြောလိုက်ရာ ထိချူးမှာ ရုတ်တရက် မည်သို့ ပြောရမှန်းမသိအောင် ဖြစ်သွားလေတော့သည်။

ကျောက်ဖုံး သက်ပြင်းချလိုက်သည်။

"ကျုပ်ပြောပါရစေဦးဗျာ"

သူက ကြားဝင်လိုက်ခြင်းကြောင့် အဘိုးအို အာရုံပြောင်းသွားလေသည်။

ကျောက်ဖုံးက တည်ကြည်သောမျက်နှာထားဖြင့် …

"လူဆိုးတစ်ယောက်ဟာ ကျုပ်တို့ရဲ့ အသက်အန္တရာယ်ကို



ခြိမ်းခြောက်နေပြီ၊ ဒီအခေါင်းဆိုင်နဲ့ ပတ်သက်နေခဲ့လို့ ကျုပ်တို့က
ရှာဖွေဖို့ လာခဲ့ကြတာပါ"

အဖြစ်အပျက်ကို အဘိုးအို သဘောပေါက်စေရန် အတိုချုံး
ကာ ရှင်းပြလိုက်လေသည်။

အဘိုးအို မျက်လုံးပြူးသွားလေသည်။

"ဒါ … ဒါ တကယ်ပဲလား"

"ကျုပ်ပြောတာကို မယုံရင် မြို့ထဲမှာ စုံစမ်းကြည့်နိုင်ပါ
တယ်၊ ဒါမှမဟုတ်ရင်လည်း ငှက်မျောချောင်းဘေးက အိမ်ကြီးကို
ကျုပ်တို့နဲ့အတူ လိုက်ခဲ့ပါ။ ခင်ဗျားဆိုင်က အခေါင်းတွေကို တွေ့မြင်
ပါလိမ့်မယ်"

"ဒုက္ခပဲ … ကျုပ် ဘာမှလည်း မသိရပါလား"

အဘိုးအိုက အလွန်အံ့သြသော လေသံဖြင့် ညည်းတွား
လိုက်လေသည်။

ထိချူး မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားဆိုင်က အခေါင်းတွေ ဝယ်သွားတာတောင်မှ ဘာမှ
မသိရဘူးလို့ ပြောချင်သေးသလားဗျ"

အဘိုးအိုက …

"ဟုတ်တယ်လေ ကျုပ်မှမသိတာ၊ ကျုပ်က ဆိုင်ပိတ်ပြီး
ခရီးထွက်သွားတာ ဆယ်ရက်လောက်ကြာသွားတယ်၊ အခုမှ ပြ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာ၊ ကျုပ်မရှိတုန်း ဖြစ်ပျက်ခဲ့တာတွေကို ကျုပ်က ဘယ်လိုလုပ်သိနိုင်မှာလဲ"

သူတို့လိုက်ရှာနေသော တရားခံသည် အလွန်ဉာဏ်များပြီး ပါးနပ်သူဖြစ်ကြောင်း ကျောက်ဖုံးနှင့် ထိချူးတို့ နားလည်လိုက်ကြလေသည်။

ယခု သူတို့ရရှိထားသော သဲလွန်စပျောက်သွားပြီ ဖြစ်လေသည်။

ထိချူးက အဘိုးအိုအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး မသင်္ကာသောလေသံဖြင့် ...

"ခင်ဗျားပြောတာ အမှန်ပဲနော်"

ဟု မေးလိုက်၏။ အဘိုးအို ရင်ကော့လိုက်သည်။

"မယုံရင် မြို့ထဲမှာသွားပြီး စုံစမ်းကြည့်လို့ရတယ်၊ ကျုပ်ခရီးထွက်သွားတာကို သိတဲ့လူတွေ အများကြီးရှိတယ်၊ ကဲ ... ပျက်စီးသွားတဲ့ သော့ခလောက်တန်ဖိုးကို ဘယ်သူလျော်ပေးမှာလဲ"

ထိချူးက ဘာမှမပြောဘဲနေ၏။

ကျောက်ဖုံးက ...

"ကျုပ်လျော်ပါ့မယ်၊ ကျုပ်တို့မှာ အရေးကြုံနေရတာကို သဘောပေါက်မှာပါ၊ ဒါကြောင့် ဆိုင်ထဲဝင်ပြီး စစ်ဆေးကြည့်ရှုခွင့်ပြုစေချင်ပါတယ်ဗျာ"



အခေါင်းဆိုင်ရှင် အဘိုးအိုကျေနပ်သွားပြီး ခွင့်ပြုလေသည်။

"ရပါတယ်လေ၊ ကျုပ်ကို ခွင့်တောင်းရင် ကျုပ်က ခွင့်မပြုနိုင်စရာအကြောင်း မရှိပါဘူး။ ကဲ လှာ လာ ... ဆိုင်ထဲဝင်ကြပါ"

ပြောပြောဆိုဆို တံခါးတွန်းဖွင့်ပြီး ဆိုင်ထဲလှမ်းဝင်သွား၏။ ထိချူးနှင့်ကျောက်ဖုံးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ထို့နောက် ဆိုင်ထဲသို့ အတူတကွ လှမ်းဝင်လိုက်ကြလေသည်။

ဆိုင်ရှင်အဘိုးအိုက မီးအိမ်တစ်လုံးကို ထွန်းညှိလိုက်၏။ မီးရောင်များ ထွက်ပေါ်လာပြီး တစ်ဆိုင်လုံး လင်းလင်းကျင်းကျင်း ဖြစ်သွားလေသည်။

ထိချူးနှင့်ကျောက်ဖုံးတို့သည် တစ်ဆိုင်လုံးကို အကဲခတ်ကြည့်လိုက်ကြလေသည်။

ပြုလုပ်လက်စ အခေါင်းများ၊ အခေါင်းစပ်ရန် ပျဉ်ချပ်များ၊ သစ်သားအပိုင်းအစ အတိုအထွာများဖြင့် တစ်ဆိုင်လုံး ရှုပ်ပွနေပါ၏။

ဆိုင်ရှင်အဘိုးအိုကလည်း ဟိုဟိုသည်သည် ကြည့်လိုက်ပြီး

"တစ်ဆိုင်လုံးကို ရှုပ်ပွနေတာပဲ၊ ကျုပ် ထွက်သွားတုန်းက ဒီလိုမဟုတ်ပါဘူး"

ဟု ညည်းတွားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံးနှင့်ထိချူးတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြလေသည်။ တစ်ဖန် ဆိုင်ရှင်ကို ကြည့်ကာ ...

"ခင်ဗျားက ဆိုင်ကိုပစ်ပြီး ဒီလိုထွက်သွားနေကျပဲလား"

ကျောက်ဖုံးက မေးလိုက်လေသည်။ ဆိုင်ရှင် ခေါင်းခါယမ်းလိုက်သည်။

"တစ်ခါမှ ဒီလောက်ကြာကြာမသွားဖူးပါဘူးဗျာ၊ ဒါ ပထမဆုံးအကြိမ်ပါပဲ၊ ကျုပ်နဲ့ညီအစ်ကိုတော်တဲ့ လူတစ်ယောက် ဆုံးသွားလို့ မသွားမဖြစ် သွားရတာ၊ ကျုပ်ရဲ့ဆိုင်မှာ လာပြီး မွေနှောက်သွားတဲ့လူကို တွေ့ချင်စမ်းပါဘိ"

ကျောက်ဖုံး သက်ပြင်းချလိုက်သည်။

"စိတ်ချ၊ ကျုပ်တို့က တွေ့အောင်ရှာမှာပါ၊ ဒါထက် ခင်ဗျားရဲ့ဆိုင်မှာ အံခေါင်းလာဝယ်ရင် ဘယ်လိုရောင်းသလဲဆိုတာ ပြောပြပါလား"

ဆိုင်ရှင် မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လိုရောင်းသလဲဆိုတာ ဘာကိုပြောတာလဲ၊ အခေါင်းရောင်းတဲ့ဈေးကိုမေးတာလား၊ ဒါကတော့ ပုံသေပြောလို့ မရဘူး၊ မှာတဲ့လူအပေါ်မှာ မူတည်တယ်၊ ကောင်းကောင်းလိုချင်ရင် ဈေးကြီးကြီးပေးရမှာပေါ့၊ ဈေးမပေးရင် အပေါစားပဲရမယ်"

ကျောက်ဖုံးက ...



"ဪ ... ခင်ဗျားက အခေါင်းလာမှာမှ လုပ်ပေးတာကိုး၊ အခေါင်းတွေကို ချက်ချင်းရောင်းလို့ရအောင် အသင့်စပ်မထားဘူးလားဗျ"

ဆိုင်ရှင်က ...

"တစ်လုံးနှစ်လုံးတော့ စပ်ထားတာပေါ့၊ ဒါပေမဲ့ ကြာရင် ဟောင်းနွမ်းသွားလို့ အသုဘရှင်တွေက မကြိုက်ကြဘူးလေ၊ ဒီတော့ ကျုပ်လည်း ကြိုတင်စပ်မထားတော့ပါဘူး၊ လာမှာမှပဲ ဈေးနှုန်းအလိုက် အကောင်းဆုံးဖြစ်အောင် စပ်ပေးလိုက်တာပါပဲ"

ကျောက်ဖုံး၏မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်ပလာ၏။

"ခင်ဗျားဆီမှာ အခေါင်းခုနစ်လုံးလောက် လာဝယ်မယ်ဆိုရင်ကောဗျာ၊ ချက်ချင်းရမလား"

ဆိုင်ရှင်က ...

"ခုနစ်လုံး ... ဟုတ်လား"

"ဟုတ်တယ်"

"ဒီလောက်အများကြီးကို ဘယ်သူက တစ်ခါတည်း လာဝယ်မှာလဲ၊ အင်းလေ ... လာဝယ်ရင်လည်း ကျုပ်က ရောင်းလိုက်မှာပဲ၊ ဒါပေမဲ့ ချက်ချင်းတော့မရဘူး၊ အနည်းဆုံး နေ့ဝက်လောက်တော့ စောင့်ရမယ်၊ ဒါတောင် ကျုပ်က အချိန်မရွေး အခေါင်းထစပ်လို့ရ

www.burmeseclassic.com

www.burmeseclassic.com



အောင် အခေါင်းပျဉ်တွေကို ကြိုတင်တိုင်းထွာပြီး ဖြတ်တောက်ထားလို့၊ နို့မဟုတ်ရင် နှစ်ရက်သုံးရက်လောက် စောင့်ရမှာ ကျိန်းသေပဲ၊ ပြောမယ့်သာ ပြောရတယ် … ခုနစ်လုံးကို ကျုပ်တစ်ယောက်တည်းနဲ့ မြန်မြန်ပြီးအောင် လုပ်ဖို့ခက်တယ်၊ ကျုပ်ကို လက်တိုလက်တောင်း ကူညီမယ့်လူတစ်ယောက်ရှိမှ ဖြစ်မှာ"

ကျောက်ဖုံးက …

"ခင်ဗျားရဲ့ဆိုင်မှာ အလုပ်သမားမထားဘူးလားဗျ"

ဆိုင်ရှင်က …

"အရင်ကတော့ အလုပ်သမားတစ်ယောက်ရှိတယ်၊ ဒါပေမဲ့ သူက အခေါင်းစပ်တဲ့ပညာကိုလည်း တတ်မြောက်သွားကော ကျုပ်ဆီက ထွက်သွားတော့တာပဲ"

ကျောက်ဖုံးက …

"အဲဒီအလုပ်သမားအကြောင်း တစ်ဆိတ်လောက် ပြောပြပါလား"

ဟု မေးလိုက်သည်။

သူတို့နှစ်ယောက်ပြောဆိုနေသော စကားများကို နားထောင်ရင်း ထိချူး စိတ်ပျက်သွားသည်။

"ကျုပ်တို့ ဒီမှာအချိန်ဖြုန်းနေကြမယ့်အစား သွားကြရင် ကောင်းမယ်ထင်တယ်"



ဟု လှမ်းပြောလေသည်။ ကျောက်ဖုံးက …

"ကျုပ်အချိန်ဖြုန်းတာမဟုတ်ပါဘူးဗျာ၊ ကျုပ်တို့အတွက် အခေါင်းတွေ သတ်မှတ်ပေးခဲ့တဲ့တရားခံဟာ အခေါင်းခုနစ်လုံးကို ဒီဆိုင်ကနေပြီး ရသွားတာမဟုတ်လား၊ သူက ဝယ်သွားတာလည်း မဟုတ်ဘူးလေ၊ အခေါင်းရောင်းမယ့်ဆိုင်ရှင်က ခရီးထွက်နေတယ်၊ ပြီးတော့ အခေါင်းတွေကစပ်ထားပြီးသား အဆင်သင့်ရှိနေတာမျိုးလည်း မဟုတ်ဘူး"

ဟုရှင်းပြရာ ထိချူးသည် သဘောပေါက်သွားသလို ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်လေသည်။

ကျောက်ဖုံးက ဆိုင်ရှင်ကိုကြည့် ကာ …

"ခင်ဗျားရဲ့အလုပ်သမား အလုပ်ထွက်သွားတာ ကြာပြီလား"

ဟု မေးလိုက်၏။ ဆိုင်ရှင် …

"ကြာပြီ … တစ်နှစ်လေးလရှိနေပြီ"

"ဒီမြို့ကပဲလား"

"မပြောတတ်ဘူး၊ သူ့အကြောင်းသိချင်ရင် တောင်ပေါ်ဘုံကျောင်းက ရသေ့ကြီးကို သွားမေးမှ ဖြစ်မယ်"

ကျောက်ဖုံးနှင့်ထိချူးတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားခံနှင့်ပတ်သက်ပြီး ခြေရာပျောက်တော့မလို ရှိနေရာမှ နောက်ထပ်သဲလွန်စတစ်ခု ရလိုက်ကြပြီ မဟုတ်ပါလား။

"တောင်ပေါ်ဘုံကျောင်းက ရသေ့ ... ဟုတ်လား"

"ဟုတ်တယ်၊ ရသေ့ကြီးက ကျုပ်ဆီကို လိုက်ပို့ပေးတာ၊ ရသေ့ကြီးမျက်နှာနဲ့ ကျုပ် လက်ခံထားလိုက်တာပဲ၊ ကျုပ်က အခေါင်းရောင်းတယ်ဆိုတော့ သချိုင်းကို မကြာခဏ ရောက်တယ်၊ ရသေ့ကြီးကလည်း သချိုင်းနားမှာ လာပြီး တရားမှတ်လေ့ရှိတယ်၊ ဒီလိုနဲ့ တွေ့ဆုံ သိကျွမ်းခဲ့ပြီး ကြာတော့ ရင်းရင်းနှီးနှီး ရှိလာခဲ့ကြတာပါ။ ရသေ့ကြီး လာပို့တဲ့ လူငယ်ရဲ့ နာမည်က ချင်းသက်မဲ့လို့ခေါ်တယ်၊ အလုပ်ကိုတော့ အတော်ကြိုးစားတဲ့လူငယ်ပါ။ စကားလည်း သိပ်မပြောဘူး၊ ဉာဏ်လည်းသိပ်ကောင်းတယ်၊ သင်ပေးသမျှ ချက်ချင်းတတ်တာပဲ"

ဆိုင်ရှင်က စကားဆုံးအောင်မပြောဘဲ ရပ်ထားလိုက်၏။

ကျောက်ဖုံးနှင့် ထိချူးတို့က ဆိုင်ရှင်ကို စိုက်ကြည့်လိုက်လေသည်။

ဆိုင်ရှင်သည် ပြောလျှင် ကောင်းနိုး၊ မပြောဘဲနေလျှင် ကောင်းနိုး ဝေခွဲမရဖြစ်နေဟန် ရှိလေသည်။

ကျောက်ဖုံး မနေနိုင်တော့ဘဲ မေးလိုက်လေသည်။

"သူက ဘာဖြစ်သလဲဗျ"

ဆိုင်ရှင် သက်ပြင်းချလိုက်သည်။



"သူဟာ လူတော်လူကောင်းလေးတစ်ယောက်ပါ၊ ဒါပေမဲ့ ကျုပ်ရဲ့စိတ်ထဲမှာ သူ့ကို အလိုလိုသဘောမကျနိုင်အောင် ဖြစ်မိတယ်"

ကျောက်ဖုံး ပြုံးလိုက်သည်။

"ခင်ဗျားက သဘောမကျအောင်ဖြစ်ရတယ်ဆိုတာ အကြောင်း ရှိရမှာပေါ့ဗျာ"

ဆိုင်ရှင် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ သူ့မှာ ဘာအပြစ်မှမရှိဘူး၊ ကျုပ်ကျွေးတာစားတယ်၊ ခိုင်းတာလုပ်တယ်၊ သင်ပေးသမျှ နားထောင်မှတ်သားတယ်၊ အမှန်အတိုင်းပြောရရင် တကယ်ကို ချီးမွမ်းစရာကောင်းတဲ့ လူငယ်လေးတစ်ယောက်ပါ၊ ကျုပ်သဘောမကျဖြစ်ရတာက တခြားပါ"

"ဆိုပါဦးဗျာ"

"သူဟာ တခြားလူငယ်လူရွယ်တွေနဲ့ မတူဘဲ အေးတိအေးစက် နိုင်လှတာကို ပြောတာပါ၊ သူ့မှာ ဝမ်းနည်းဝမ်းသာတာတွေ၊ ပျော်ရွှင်တာတွေ၊ စိတ်ညစ်တာတွေဆိုတာမျိုး ဘယ်တော့မှ မတွေ့ရဘူး၊ ဘာခံစားချက်မှ မရှိတဲ့ ပုံသဏ္ဍာန်မျိုးမို့ပါ"

ကျောက်ဖုံးနှင့် ထိချူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရှင်ထဲ လှုပ်ရှားနေကြသည်။

ဆိုင်ရှင်ပြောသည့်အတိုင်းဆိုလျှင် လူငယ်သည် အလွန်ကြောက်စရာကောင်းသော လူစားမျိုးတွင် ပါဝင်နေသူ တစ်ယောက်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ကျော်ဖုံးက ...

"သူ့နာမည်ဟာ ချင်းသက်မွဲ ... ဟုတ်လား"

"ဟုတ်တယ်"

"ခင်ဗျားဆီမှာနေထိုင်ပြီး ပညာသင်သွားတယ်ဆိုတော့ ဒီဆိုင်ရဲ့အနေအထားကို သူကောင်းကောင်းကြီး သိနေမှာပေါ့"

"ဒါ ပြောစရာမလိုတော့ပါဘူး၊ ကျုပ် ခရီးထွက်နေတုန်း သူရောက်လာတာပဲ ဖြစ်မယ်၊ ဘာကြောင့်လဲဆိုရင် ပစ္စည်းတွေဟာ နေသားတကျ ရှိနေတယ်၊ ကျုပ်က ဘယ်ပစ္စည်းကို ဘယ်နေရာမှာ ထားတယ်၊ ဘယ်လိုထားတတ်တယ်ဆိုတာ သူသိတယ်၊ သူကလွဲပြီး တခြားလူတစ်ယောက်ယောက်သာ ကျုပ်ပစ္စည်းတွေကို ယူကိုင်ရင် အသုံးပြုပြီးလို့ ပြန်ထားတဲ့အခါ နေသားတကျ ထားနိုင်မှာမဟုတ်ဘူး"

တရားခံကို တွေ့ရပြီဖြစ်ကြောင်း ကျော်ဖုံးနှင့်ထိချူးတို့ နားလည်လိုက်ကြလေသည်။

နှစ်ယောက်စလုံး ဝမ်းသာသွားကြပြီး ...



"တောင်ပေါ်ဘုံကျောင်းကို ဘယ်လိုသွားရမလဲ"

ဟု ဖြိုင်တူမေးလိုက်မိကြသည်။ အဘိုးအိုက ပြောပြလိုက်လေသည်။

✱✱✱

www.burmeseclassic.com

www.burmeseclassic.com



## ရသေ့နှင့်သူတော်

လဝန်းမှာ ကောင်းကင်အလယ်ဗဟိုသို့ ရောက်ရှိနေပြီ ဖြစ်သည်။

ညသန်းခေါင်အချိန်ရှိပြီ ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး အေးချမ်းတိတ်ဆိတ်မှုက လွှမ်းခြုံထားလေသည်။

ကျောက်ဖိုးနှင့်ထိချူးတို့သည် အခေါင်းရောင်းသော ဆိုင်ကို ကျောခိုင်းခဲ့ကာ ထွက်လာခဲ့ကြပြီ ဖြစ်လေသည်။

ညဥ့်နက်လာပြီဖြစ်သော်လည်း အိပ်စက်လိုစိတ် လုံးဝမရှိကြပါချေ။

တရားခံကို ဖော်ထုတ်ဖို့ အရေးကြီးနေသည် မဟုတ်ပါလား။

တရားခံကို ဖော်ထုတ်နိုင်ခြင်းမရှိလျှင် သူတို့ ဒုက္ခရောက်ရမည် ဟု နားလည်ထားကြသည် မဟုတ်ပါလား။

အခေါင်းဆိုင်ရှင်ထံမှ ကြားခဲ့ရသည့် သတင်းအတိုင်းဆိုလျှင်



တောင်ပေါ်ဘုံကျောင်းမှ ရသေ့ကြီးနှင့် ပတ်သက်နေရမည် ဖြစ်လေသည်။

ထို့ကြောင့်လည်း နှစ်ယောက်သား တောင်ပေါ်ဘုံကျောင်းဆီသို့ ညတွင်းချင်းပင် ခရီးနှင်နေကြခြင်း ဖြစ်ပေတော့သည်။

တောအုပ်နှင့် တောင်ကုန်းများကို ဖြတ်ကျော်ပြီးလျှင် ရေစပ်စပ်သာစီးဆင်းနေသော ချောင်းကလေးတစ်ခုသို့ ရောက်ရှိလာကြလေသည်။

ကျောက်ဖိုးက ခြေလှမ်းရပ်လိုက်သည်။ လရောင်ဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး ...

"ဒါ ငှက်မျောချောင်း မဟုတ်လား"

ဟု ရေရွတ်လိုက်လေသည်။ ထိချူးက ...

"လုံကွီးမြို့အနီးတစ်ဝိုက်မှာ ချောင်းတစ်ခုပဲ ရှိတယ်၊ အဲဒါဟာ ငှက်မျောချောင်းဆိုတာကို ကျူပ်စုံစမ်းသိရှိခဲ့ရတယ်ဗျ။ ဒီချောင်းပဲ ဖြစ်လိမ့်မယ် ထင်တယ်"

ကျောက်ဖိုးက ...

"ဒါဖြင့် ခင်ဗျားဟာ ငှက်မျောချောင်းဘေးက ရှေးဆန်တဲ့ အိမ်ကြီးဆီကို မရောက်ခဲ့သေးဘူးပေါ့ ... ဟုတ်လား"

ဟု မေးလိုက်သည်။

ထိချူးက ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မရောက်သေးဘူးဗျ၊ ကျုပ်က လုံကွီးမြို့ရောက်တာနဲ့ ရွှေမားချုန်ခွန်း လုပ်ကြံခံရတယ်ဆိုတဲ့ သတင်းကြားရသလို ခင်ဗျားဟာ စားသောက်ဆိုင်လေးတစ်ဆိုင်မှာ ရှိနေတယ်ဆိုတဲ့ သတင်းကြားတာကြောင့် လာခဲ့တာပဲ၊ ခင်ဗျားနောက်ကို တကောက်ကောက် လျှောက်လိုက်နေတာ ခုထိပဲပေါ့ဗျာ"

"အင်း ... ခင်ဗျားသာ အိမ်ကြီးထဲမှာ အစီအရီချထားတဲ့ အခေါင်းတွေကို တွေ့ရရင် အတော်ကို ဒေါပွသွားမယ်၊ စော်စော်ကားကား ကျုပ်တို့လို ထိပ်သီးသိုင်းသမားကြီးတွေကို သူမို့ စိန်ခေါ်ရဲဘာယ်၊ ဒီကောင်လေးကို လက်ရဖမ်းပြီး မှတ်လောက်သားလောက်အောင် ဆုံးမရလိမ့်မယ်"

ထိချူးက ...

"ဒါပေါ့ဗျာ၊ သိုင်းလောကမှာ ကျုပ်တို့ ကျင်လည်ကျက်စားခဲ့တာ ကြာပါပြီ၊ ဘယ်သူကများ ကျုပ်တို့ကို ဒီလိုစော်ကားခဲ့ဖူးလို့လဲ၊ ဒီကောင်လေးနဲ့ကျုမှ အရှက်ကိုကွဲရော၊ ဒါထက် ငှက်မျောချောင်းကို ရောက်လာပြီဆိုရင် ခင်ဗျားပြောတဲ့အိမ်ကြီးနဲ့ မဝေးတော့ဘူးပေါ့ဟုတ်လား"

ကျောက်ဖုံးက ...

"သိပ်မဝေးတော့ဘူး ... ဟိုဘက်မှာလေ"

ချောင်းအထက်ပိုင်းသို့ ညွှန်ပြကာ ပြောလိုက်လေသည်။



ထိချူးသည် လှမ်းမျှော်ကြည့်လိုက်ပြီး ...

"အချိန်ရရင် တစ်ခေါက်လောက်တော့ သွားကြည့်လိုက်ချင်သေးတယ်"

ကျောက်ဖုံးက ...

"ကျုပ်ကတော့ မီးရှို့ဖျက်ဆီးပစ်လိုက်ချင်တာပဲ၊ ချင်းသက်မဲ့ဆိုတဲ့ကောင်လေးကိုပါ ရောပြီးတော့ပေါ့လေ"

"ဟား ဟား ဟား"

ထိချူးက ရယ်မောလိုက်လေသည်။ အတွင်းအား အလွန်ကောင်းသူဖြစ်၍ သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကျောက်ဖုံးက ...

"သိပ်လည်း မရယ်နဲ့ဦး၊ တော်ကြာ ခင်ဗျားရဲ့အသံကြားလို့ကြောက်လန့်ပြီး ထွက်ပြေးသွားဦးမယ်"

ဟု ပြောလိုက်မှ ရယ်မောခြင်းကို အရှိန်သတ်လိုက်လေသည်။

ထို့နောက် နှစ်ယောက်သား ငှက်မျောချောင်းကို ဖြတ်ကျော်ကာ ရှေ့ဆက်ခရီးနှင်လိုက်ကြလေသည်။

ရသေ့ကြီးနေထိုင်သည့် တောင်ပေါ်ဘုံကျောင်းသည် ငှက်မျောချောင်း မြောက်ဘက်မှ တောင်ကုန်းလေးတစ်ခုပေါ်တွင် တည်

www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။

လူသူလေးပါး ကင်းဝေးပြီး သူတော်စင်များ တရားရှာမှီးသည့် အရပ်တစ်ခုဖြစ်လေသည်။

ကျောက်ဖုံးနှင့် ထိချူးတို့မှာ ထိပ်သီးသိုင်းသမားကြီးများဖြစ်ကြလေရာ ကိုယ်ဖော့ပညာ အသုံး ပြုပြီး ပြေးလွှားသွားကြရာ မကြာပါချေ ... တောင်ပေါ်ဘုံကျောင်း တည်ရှိသည့် တောင်ကုန်းလေးဆီသို့ ရောက်ရှိသွားကြလေတော့သည်။

တောင်ကုန်းလေးပေါ်တွင် သစ်ပင်ပန်းပင်များဖြင့် စိမ်းစိမ်းစိုစို ရှိနေ၏။

သပ်သပ်ရပ်ရပ်ဆောက်လုပ်ထားသော ဘုံကျောင်းတစ်ခုကိုလည်း တွေ့ရလေသည်။

ကျောက်ဖုံးတို့ ရောက်ရှိသွားချိန်ဝယ် ဘုံကျောင်းလေးမှာ မှောင်နှင့်မည်းမည်း ရှိနေပါသည်။

နှစ်ယောက်သား ဘုံကျောင်းရှေ့၌ ခြေလှမ်းရပ်လိုက်ကြ၏။

စိတ်မြန်လက်မြန်ရှိလှသောခြသေ့ကြီးထိချူးက ဘုံကျောင်းတံခါးကို တဒုန်းဒုန်းမြည်အောင် ထုလိုက်လေသည်။

တိတ်ဆိတ်သောညဉ့်ယံတွင် ကျယ်လောင်သောအသံများ ထွက်ပေါ်လာလေသည်။



မရှေးမနှောင်းမှာပင် ...

"လာပြီ လာပြီ"

ဘုံကျောင်းအတွင်းမှ စကားသံများ၊ ခြေသံများ ထွက်ပေါ်လာ၏။

'ကျွီ'

ဘုံကျောင်းတံခါးလည်း ပွင့်သွားပြီး သူတော်တစ်ယောက်သည် မီးအိမ်တစ်လုံးကို ဆွဲကာ ထွက်လာသည်ကို တွေ့ရလေသည်။ ထိချူးက ...

"သူတော်ပါလား၊ ရသေ့လည်း မဟုတ်ပါလား"

ဟု မျက်မှောင်ကုတ်ကာ ပြောလိုက်လေသည်။ ကျောက်ဖုံးက ရှေ့တိုးလိုက်သည်။

"သူတော် ... ဒီဘုံကျောင်းမှာ ရသေ့ကြီးတစ်ပါး နေထိုင်တယ်မဟုတ်လား"

ဟု မေးလိုက်လေသည်။

သူတော် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ရသေ့ကြီးဟာ ဒီဘုံကျောင်းမှာနေတယ်၊ သူ့ရဲ့ဘုံကျောင်းပေါ့၊ နေပါဦး ... ဒကာကြီးတို့က ညကြီးအချိန်မတော် ရောက်လာကြတာ ဘယ်လိုအကြောင်းကိစ္စများ ရှိနေကြလို့လဲ ... ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံးက ...

"ကျုပ်တို့က ရသေ့ကြီးကို တွေ့ချင်လို့ လာခဲ့ကြတာပါ သူတော်"

သူတော်က လက်ဝှေ့ယမ်းပြလိုက်လေသည်။

"ဒါဖြင့် နောက်မှလာခဲ့ကြပေတော့"

စကားဆုံးလျှင် တံခါးကိုပြန်ပိတ်ရန် ဟန်ပြင်လိုက်လေသည်။

ထိချူးက တံခါးပိတ်၍ မရလေအောင် ခြေထိုးခံထားလိုက်ပြီး ...

"ကျုပ်တို့က ဒီဘုံကျောင်းထဲကို ဝင်ချင်တယ်ဆိုရင် တံခါးပိတ်ထားလည်း ကျုပ်တို့ကို ဟန့်တားနိုင်မှာ မဟုတ်ဘူး"

ဟု ခပ်ထန်ထန် ပြောလေသည်။ သူတော် မျက်နှာပျက်သွားသည်။

"မင်း မင်းတို့က ဓားပြတွေလား"

ထစ်ထစ်ငေါ့ငေါ့ ရေရွတ်ကာ နောက်ဆုတ်သွား၏။

ထိချူးနှင့်ကျောက်ဖုံးတို့က ဘုံကျောင်းထဲသို့ လှမ်းဝင်လိုက်ကြလေသည်။

ထိချူးသည် သူတော်၏လက်ထဲမှ မီးအိမ်ကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီးလျှင် ...



"ရသေ့ကြီး ဘယ်မှာလဲ"

ဟု မေးလိုက်လေသည်။ သူတော်က ...

"မ မရှိဘူး"

"ဘာပြောတယ်"

"ရ ရသေ့ကြီး မရှိဘူး"

ထိချူး ဒေါပွသွားလေသည်။

"ခင်ဗျား ဘာကြောင့် လိမ်ပြောနေတာလဲ ... ဒုက္ခရောက်သွားချင်လို့လား"

သူတော်မှာ ကြောက်လွန်းကာ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေပါတော့သည်။

ကျောက်ဖုံး သက်ပြင်းချလိုက်သည်။

"ကျုပ် မေးပါရစေဗျာ"

ဟုပြောရင်း သူတော်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ တစ်ဖန် တည်ကြည်သော မျက်နှာထားဖြင့် ...

"ကျုပ်တို့ဟာ အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် ရသေ့ကြီးကို လာရှာကြတာပါ။ သူ့ကို မေးမြန်းစရာလေး နည်းနည်းရှိလို့ပါ။ ဒုက္ခပေးဖို့ မဟုတ်ပါဘူး။ ကျုပ်တို့ကို ကူညီမယ်ဆိုရင် ဘုံကျောင်းအတွက် အလှူငွေတောင် ထည့်သွားဦးမှာပါ"

ပြောပြောဆိုဆို ငွေစက္ကူတစ်ထပ်ကို ထုတ်ယူလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတော် အံ့သြသွားလေသည်။

"တကယ်ပြောနေတာလား"

ဟု မေးလာသည်။ ကျောက်ဖုံး ပြုံးလိုက်လေသည်။

"တကယ်ပြောတာပေါ့၊ ကဲ ... ဒီအလှူငွေကို သူတော်ပဲ လက်ခံထားလိုက်ပါ"

သူတော်သည် ကျောက်ဖုံး လှမ်းပေးသောငွေကို မယူဝံ့ယူဝံ့ဖြင့် ယူလိုက်လေသည်။

ကျောက်ဖုံးနှင့် ထိချူးတို့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး ...

"ခင်ဗျားတို့က ဘယ်လိုအကြောင်းကိစ္စနဲ့ ရသေ့ကြီးကို တွေ့ချင်ရတာလဲ"

ဟု မေးလေသည်။ ကျောက်ဖုံးက ...

"ရသေ့ကြီးကို လူတစ်ယောက်အကြောင်း မေးမလို့ပါ၊ အဲဒီလူရဲ့နာမည်ဟာ ချင်းသကမ်မဲ့လို့ ခေါ်ပါတယ် ... သူတော်ရော သိသလား"

သူတော်က ...

"တျှန်တော် မသိဘူး၊ ကျုပ် ဒီကိုရောက်လာခဲ့တာ သုံးလလောက်ပဲ ရှိသေးတာ"

ကျောက်ဖုံးက ...



"ဒါဖြင့် ရသေ့ကြီးနဲ့ တွေ့ပါရစေဗျာ"

သူတော် ခေါင်းခါယမ်းလိုက်သည်။

"ရသေ့ကြီးမရှိဘူး"

"ဟင်"

"ဘာပြောတယ်"

ထိချူးက ရှေ့သို့ လှမ်းတက်လာ၏။

သူတော်သည် ထိချူးကို စိုးရိမ်သည့်အကြည့်ဖြင့် ကြည့်ရင်း

"ခုတစ်လော ရသေ့ကြီးဟာ ညဘက်ညဘက်မှာ တရားအားထုတ်ဖို့ ထွက်သွားလေ့ရှိပါတယ်၊ ညပေါင်း ကိုးဆယ်လုံးလုံး တရားကျင့်ဖို့ စီစဉ်ထားပါတယ်၊ ဒါကြောင့် ရသေ့ကြီးကို တွေ့ချင်ရင် မနက်မိုးလင်းမှ လာခဲ့ကြပါ"

ဟုရှင်းပြလေသည်။

ထိချူး ငိုင်သွားသည်။

သူတို့က အရေးတကြီး တွေ့လိုပါသည်ဆိုပါမှ ရသေ့ကြီးက ဘုံကျောင်း၌ ရှိမနေသည်မှာ စိတ်ပျက်စရာကောင်းလှပေတော့သည်။

ကျောက်ဖုံးသည် အနည်းငယ် စဉ်းစားလိုက်ပြီး ...

"ရသေ့ကြီး ညပိုင်းတရားကျင့်ပြီးလို့ မိုးလင်းရင် ဘုံကျောင်းကို ပြန်လာနေကျပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဟုတ်ပါတယ် ... နေဝင်တာနဲ့ တရားကျင့်ဖို့ ထွက်သွားပြီး နေထွက်တာနဲ့ ပြန်ရောက်လာပါတယ်၊ ရက်ပေါင်း ကိုးဆယ်လုံးလုံး ဒီအတိုင်း ရှိနေမှာပါ"

"ဒါထက် သူက ဘယ်နေရာကိုသွားပြီး တရားကျင့်တာလဲ"

သူတော် ခေါင်းခါယမ်းလိုက်သည်။

"ပြောဖို့ခက်ပါတယ်၊ တစ်ခါတလေ တောင်ထိပ်ပေါ်မှာ၊ တစ်ခါတလေ သချိုင်းကုန်းမှာ၊ တစ်ခါတလေ လိုဏ်ဂူတစ်ခုခုထဲမှာ အာရုံကျရာအရပ်ကို သွားပြီး တရားကျင့်တတ်ပါတယ်၊ ကျုပ်က မေးမထားလိုက်ဘူးဆိုတော့ ဘယ်နေရာကို သွားမယ်ဆိုတာ မသိရပါဘူး"

"ဘာပဲဖြစ်ဖြစ် မနက်မိုးလင်းတာနဲ့ ပြန်လာမှာပဲ မဟုတ်လား"

"လာမှာပါ၊ လာမှာပါ ... စိတ်ချပါ"

ကျောက်ဖုံးက ထိချူးကို လှမ်းပြောလိုက်သည်။

"ဒီတစ်ညတော့ ဒီမှာပဲ အနားယူလိုက်ကြတာပေါ့"

ထိချူးက သဘောတူလေသည်။

"ကောင်းသားပဲ"

ကျောက်ဖုံးက သူတော်ဘက်သို့ ပြန်လှည့်ကာ ...

"ကျုပ်တို့က ရသေ့ကြီးနဲ့မတွေ့လို့ မဖြစ်ဘူး၊ ဒါကြောင့်



သူလာတဲ့အထိ ဒီမှာပဲ စောင့်ဆိုင်းခွင့် ပြုစေချင်ပါတယ်ဗျာ"

ဟု ခွင့်တောင်းလိုက်လေသည်။ သူတော် တွေဝေသွားသည်။

"ခင်ဗျားတို့ဟာ ရသေ့ကြီးကို ဒုက္ခပေးမယ့်လူတွေတော့ မဟုတ်ပါဘူးနော်"

ဟု မေးလေသည်။ ကျောက်ဖုံးပြုံးလိုက်သည်။

"မဟုတ်ပါဘူး၊ ကျုပ်တို့ဟာ မကောင်းသူပယ် ကောင်းသူကယ်နေတဲ့လူတွေဆိုတာ မေးမြန်းစုံစမ်းကြည့်လို့ရတယ်၊ ကျုပ်က ဗျိုင်းဖြူကျောက်ဖုံးပါ၊ သူကတော့ ခြသေ့ထိချူးပါဗျာ"

သူတော် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"လူဆိုးဓားပြတွေဟာ ဘယ်မှာမှ လုယက်တိုက်ခိုက်လို့ မရရင် ကျုပ်တို့ဘုံကျောင်းကို လာပြီး ဒုက္ခပေးတတ်လွန်းလို့ ကျုပ်က အထင်မှားမိတာကို ခွင့်လွှတ်ပါ၊ ကဲ ... ထိုင်ကြပါဦး"

နေရာထိုင်ခင်းပေးသည့်အပြင် မီးမွှေးကာ ရေနွေးအိုးတည်ပြီး ရေနွေးကြမ်း မုန့်များဖြင့် ဧည့်ဝတ်ပြုလေသည်။

ကျောက်ဖုံးနှင့် ထိချူးတို့လည်း အေးအေးလူလူပင် အနားယူနေလိုက်ကြလေတော့သည်။

✵

www.burmeseclassic.com

www.burmeseclassic.com



ညသည် တစ်စထက်တစ်စ နက်ရှိုင်းလာသည်။ ဖွင့်ထားသော တံခါးမကြီးမှတစ်ဆင့် အေးမြသော ညလေများ တိုးဝင်လာလေသည်။

မီးဖိုတွင် ထင်းချောင်းများသည် တဖျစ်ဖျစ်မြည်ကာ တောက်လောင်နေသည်။

မီးဖိုပေါ်မှရေနွေးအိုးက ကျွက်ကျွက်ဆူကာ အငွေ့တထောင်းထောင်း ထနေ၏။

သူတော်သည် မီးဖိုနှင့် မလှမ်းမကမ်း၌ ထိုင်ကာ ငိုက်မျဉ်းနေသည်။

ကျောက်ဖုံးနှင့် ထိချူးတို့ကား စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်လျက် သူတို့သည် သူတော်ကျွေးမွေးသော မုန့်ပဲသရေစာများကို စားသောက်ခြင်း မပြုကြသော်လည်း ရေနွေးကြမ်းပူပူကိုမူ တဖူးဖူး မှုတ်ကာ သောက်လိုက်ကြလေသည်။

နှစ်ယောက်သား ငြိမ်သက်စွာ ထိုင်နေကြပြီး သူတော်ငိုက်မျဉ်းနေသည်ကို အနှောင့်အယှက်မဖြစ်ရလေအောင် သတိထားကြလေသည်။

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။



ဘုံကျောင်းလေးအတွင်း၌ အဝ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်နေခဲ့။

ထိချူးသည် တိတ်ဆိတ်မှုကို ကြာကြာသည်းမခံနိုင်တော့သည့်အလား ...

"စောင့်ဆိုင်းရတဲ့အလုပ်ဟာ အတော်ကို ပျင်းစရာကောင်းတာပဲ"

ဟု ရေရွတ်လိုက်လေသည်။

ကျောက်ဖုံး ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်လည်း သဘာမကျဘူး၊ ဒါပေမဲ့ ခုချိန်ဟာ စောင့်ဆိုင်းရမယ့်အချိန် ရောက်နေတယ် မဟုတ်လားဗျာ"

"သူက မနက်မိုးလင်းမှ ပြန်လာမယ် မဟုတ်လား"

"သူတော်ကတော့ ဒီအတိုင်းပဲ ပြောတာပဲ"

"သူရောက်လာမှ ချင်းသက်မဲ့ဆိုတဲ့လူငယ်ရဲ့အကြောင်းကို သိရမယ်ဆိုတော့ အင်း ... သူ့ကို စောင့်ရမှာပေါ့၊ ဒါပေမဲ့ မိုးလင်းမှ အတော့်ကို လိုသေးတာပဲ"

"ဟုတ်တယ်"

ထိချူး ထိုင်ရာမှ ထလိုက်သည်။

ဘုံကျောင်းတံခါးဝဆီသို့ လှမ်းသွားပြီး အပြင်ဘက်သို့ မျှော်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံးကို လှည့်မကြည့်ဘဲ ...

"အပြင်ဘက်မှာ လရောင်ဖြာကျနေတော့ အတော်ကို သာသာယာယာ ရှိတာပဲ"

ဟု ပြောလေသည်။ ကျောက်ဖုံးက ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်ပြီးမှ ...

"ကျုပ် ငယ်ငယ်ကဆိုရင် လရောင်အောက်မှာ လမ်းလျှောက်ရတာကို သိပ်ပြီးသဘောကျခဲ့တာပေါ့ဗျာ"

"ဒါဖြင့် ကျုပ်တို့ ဘုံကျောင်းအပြင်ထွက်ပြီး အညောင်းပြေ အညာပြေ လမ်းလျှောက်ကြရင် မကောင်းဘူးလား"

ထိချူးက ဖိတ်ခေါ်လာလေသည်။ ကျောက်ဖုံးက ခေါင်းခါယမ်းလိုက်သည်။

"နေပါစေတော့ဗျာ"

"ဒါနဲ့ ခင်ဗျားပဲ လရောင်အောက်မှာ လမ်းလျှောက်ရတာကို အရသာရှိတယ်ဆို"

"ဟုတ်ပါတယ်ဗျာ၊ ဒါပေမဲ့လည်း လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က မမျှော်လင့်တဲ့ အဖြစ်အပျက်တစ်ခုနဲ့ ကြုံတွေ့ခဲ့ရပြီးတဲ့နောက်မှာ ကျုပ်က လရောင်အောက်ကို ဘယ်တော့မှ ထွက်ပြီး လေညင်းမခံတော့ဘူး"

ထိချူးက ...



"ဘယ်လိုများဖြစ်တယ်ဆိုတာ ပြောပြနိုင်မလားဗျာ"

ကျောက်ဖုံး သက်ပြင်းချလိုက်သည်။

"အတော့်ကို ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်တစ်ခုနဲ့ ကြုံတွေ့ခဲ့ရတာပေါ့၊ ရသေ့ကြီးပြန်ရောက်လာတဲ့အထိ စောင့်ရဦးမယ်ဆိုတော့ ခင်ဗျား အပျင်းပြေအောင် ကျုပ်ပြောပြပါ့မယ်ဗျာ"

ထိချူးသည် ကျောက်ဖုံးထံသို့ ပြန်လျှောက်လာသည်။ ခုံတစ်လုံးဆွဲကာ ကျောက်ဖုံးနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။ ကျောက်ဖုံးက ...

"အေးအေးဆေးဆေးပေါ့ဗျာ ... ရေနွေးကြမ်းတစ်ခွက် လောက် သောက်လိုက်ပါဦး"

"ကျေးဇူးပဲ"

ထိချူးသည် ကျောက်ဖုံးငှဲ့ပေးသော ရေနွေးကြမ်းခွက်ကို ယူကာ သောက်လိုက်လေသည်။

ကျောက်ဖုံးကလည်း ရေနွေးကြမ်းခွက်ကိုယူကာ တစ်ငုံ သောက်လိုက်ပြီးမှ ...

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က အဖြစ်အပျက် တစ်ခုပေါ့ဗျာ၊ ကျုပ်က ခုချိန်ထိ မှတ်မိနေသေးတယ်ဆိုတော့ ဘယ်လောက်တောင် ထိခိုက်စရာကောင်းမယ်ဆိုတာ စဉ်းစားကြည့်ပေါ့ဗျာ၊ အင်း ... ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်က ကျုပ်ဟာ 'ထင်းလုံချမ်းမြို့' ကို ရောက်ခဲ့တယ်၊ တကယ်လို့များ ဝမ်းနည်းကြေကွဲစရာကိစ္စနဲ့ ကြုံတွေ့ရမယ်ဆိုရင် ကျုပ်မသွားခဲ့ပါဘူးဗျာ"

သူ၏အသံက တဖြည်းဖြည်း တိမ်ဝင်သွားလေသည်။ အတိတ်မှဖြစ်ရပ်များကို သတိရလာဟန်ဖြင့် မျက်လုံးများ ရီဝေလာလေသည်။

အဖြစ်ဟောင်းကို ကျောက်ဖုံးက ပြောပြနေသလို ထိချူးက စိတ်ဝင်စားစွာ နားထောင်နေလိုက်လေတော့သည်။

❋❋❋



## ရွှေအပ်နှစ်ချောင်း

ထင်းလုံချမ်းမြို့ ...။

ထင်းလုံချမ်းမြို့သည် ကောင်းတုံနယ်၏ အချက်အချာကျသော မြို့တစ်မြို့ဖြစ်လေသည်။

ထို့အပြင် ထင်းလုံချမ်းမြို့တွင် သိုင်းလောက၌ ထင်ရှားသော 'ရွှေနဂါးသိုင်းသမား ထင်းလုံ' နေထိုင်လျက်ရှိခြင်းကြောင့်လည်း ပို၍လူသိများကာ ကျော်ကြားခြင်း ဖြစ်လေသည်။

'ရွှေနဂါးသိုင်းသမားကြီးထင်းလုံသည် အသက်ခြောက်ဆယ်ပြည့်ပြီ ဖြစ်ပါသည်။

အသက်ကြီးရင့်လာပြီ ဖြစ်သလို လောကီအကျိုးထက် လောကုတ္တရာအကျိုးကို မျှော်ကိုးကာ ကျန်ရှိနေသော ဘဝတစ်သက်တာတွင် တရားဘာဝနာ အားထုတ်ပွားများခြင်းဖြင့် နေထိုင်သွားတော့မည်ဟု ဆုံးဖြတ်ကာ သိုင်းလောကမှ နုတ်ထွက်မည်ဟု ကြေညာခဲ့လေသည်။

ထို့ကြောင့်လည်း ...

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကသားများသည် ရွှေနဂါးသိုင်းသမားကြီး ထင်းလုံထံသို့ ရောက်ရှိလာကာ ဂါရဝပြု နှုတ်ဆက်ကြ၏။ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြလေသည်။

ကျောက်ဖုံးသည်လည်း ရွှေနဂါးသိုင်းသမားကြီးထင်းလုံအပေါ် ကြည်ညိုလေးစားမှု ရှိသူဖြစ်ရကား ထင်းလုံချန်းမြို့သို့ ရောက်ရှိလာခဲ့ရခြင်း ဖြစ်ပေတော့သည်။

ထင်းလုံချန်းမြို့သည် မြင့်မားလှသော နဂါးတောင်ခြေတွင် တည်ရှိသော မြို့တစ်မြို့လည်း ဖြစ်သည်။ သာယာလှပသော ပတ်ဝန်းကျင်လည်း ရှိသည်။

မြို့သူမြို့သားများသည် ရိုးသားဖြူစင်ကြပြီး အေးအေးချမ်းချမ်း နေထိုင်တတ်ကြသူများ ဖြစ်ပေသည်။

ကျောက်ဖုံးသည် ရွှေနဂါးသိုင်းသမားကြီးအား သွားရောက်ဂါရဝပြုနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်လိုက်သည်။

ရွှေနဂါးသိုင်းသမားကြီး၏ ဩဝါဒခံယူပြီးနောက် ပြန်လည်ထွက်ခွာရန် စီစဉ်ထား၏။

သို့သော် ...

ရွှေနဂါးသိုင်းသမားကြီးအား အငြိုးအတေးထားကြသော အနက်ရောင်သိုင်းသမားများသည် သိုင်းလောကမှ အနားယူလိုက်သည်ကို အခွင့်ကောင်းယူကာ လုပ်ကြံဖို့ကြိုးစားနေသည်ဟု သတင်း



သဲ့သဲ့ ကြားသိလိုက်ရသဖြင့် ရုတ်တရက် ထွက်မသွားဖြစ်တော့ဘဲ ထင်းလုံချန်းမြို့၌ သောင်တင်နေခဲ့လေတော့သည်။

ထိုသတင်းအား မမျှော်လင့်ဘဲ ကြားခဲ့ရခြင်းဖြစ်ပြီး တိကျမှန်ကန်သည်ဟု မပြောနိုင်ပါ။

ရွှေနဂါးသိုင်းသမားကြီးအား သွားရောက်ပြောပြ သတိပေးပြီးမှ သတင်းမှားဖြစ်နေပါက အခက်ကြုံရမည် ဖြစ်လေသည်။

ထို့ကြောင့် သေချာအောင် စုံစမ်းရန် စိတ်ကူးပြီး မည်သူ့ကိုမှ ပြောမပြဘဲနေခဲ့သည်။

လာရောက် ဂါရဝပြုကြသော သိုင်းလောကသားများသည် ကိစ္စပြီးလျှင် အသီးသီး ပြန်လည်ထွက်ခွာသွားကြလေသည်။

သို့ဖြင့် နေ့ရက်အလီလီ ကုန်ဆုံးသွားသည်။

ရွှေနဂါးသိုင်းသမားကြီးအား လာရောက်ဂါရဝပြုသူ တစ်စထက်တစ်စ ကျဲပါးသွား၏။

ကျောက်ဖုံးကား ထင်းလုံချန်းမြို့၏ တစ်ခုသောတည်းခိုခန်းတွင် ရှိနေဆဲ။

ရွှေနဂါးသိုင်းသမားကြီး ထင်းလုံအား လုပ်ကြံမည့်သူများ၏သတင်းကို စုံစမ်းနေဆဲ။

သို့သော် ...

ထိုသတင်းသည် ထပ်မံထွက်ပေါ်လာခြင်း မရှိသည့်အပြင်

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်း၍မရအောင် ပျောက်ကွယ်သွား၏။

ကျောက်ဖုံးသည် အခြေအမြစ်မရှိသော သတင်းတစ်ပုဒ်ဖြစ်သည်ဟု မှတ်ယူလိုက်တော့သည်။

နောက်တစ်နေ့တွင် ...

ထင်းလုံချန်းမြို့မှ ထွက်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

✵

လပြည့်ည ဖြစ်သည်။

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေ၏။ လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

ကျောက်ဖုံးသည် ကောင်းကင်ပေါ်မှ လဝန်းကို ငေးမော ကြည့်ရင်း ရင်ထဲ၌ ပျော်ရွှင်ချမ်းမြေ့မှုများ ခံစားနေရလေသည်။

သူသည် ငယ်စဉ်ကပင် မိဘမဲ့ဖြစ်ခဲ့ပြီး သိုင်းသမားကြီး တစ်ဦး၏ ခေါ်ယူမွေးစားခြင်း ခံခဲ့ရသည်။

ထိုသိုင်းသမားကြီးထံမှ ကိုယ်ဖော့ပညာနှင့် လက်နက်ပုန်း ပစ်ပညာကို သင်ကြားခဲ့ရပြီး ကျောက်ဖုံး အသက်နှစ်ဆယ်အရွယ်



တွင် ဆရာလည်းဖြစ် မွေးစားဖခင်လည်းဖြစ်သူ ထိုသိုင်းသမားကြီး မှာ ကွယ်လွန်သွားခဲ့လေသည်။

ကျောက်ဖုံးသည် တတ်မြောက်ထားသော သိုင်းပညာဖြင့် အများအကျိုး သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်ခဲ့ရာမှ အဖြူရောင် သိုင်းသမားတစ်ယောက်အဖြစ် တဖြည်းဖြည်း လူသိများ ထင်ရှားလာခဲ့ခြင်း ဖြစ်လေသည်။

ကျောက်ဖုံးသည် သဘောမနောဖြူစင်သူ ဖြစ်သည်။ လောကကြီးကို အကောင်းမြင်တတ်သူလည်း ဖြစ်သည်။

ဒုက္ခရောက်သူကိုတွေ့ရလျှင် ကူညီဖို့ ဝန်မလေးသူလည်း ဖြစ်လေသည်။

ထို့ပြင် လသာသောညများတွင် လရောင်အောက်တွင် လမ်းလျှောက်ရခြင်းကို အလွန်နှစ်သက်ခုံမင်သူ ဖြစ်လေသည်။

ယနေ့ည ...။

လရောင်ကိုသဘောကျသည့်အတိုင်း ကျောက်ဖုံးက တည်းခိုခန်းမှ ထွက်လာခဲ့သည်။

ထို့နောက် လူရှင်းသောလမ်းများကို ရွေးကာ လက်နှစ်ဖက် နောက်ပစ်လျက် အေးအေးဆေးဆေး လမ်းလျှောက်နေလိုက်မိလေသည်။

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်ပိုင်းသို့ တစ်စထက်တစ်စ ကူးပြောင်းလာပြီမို့ လူခြည်တိတ်ဆိတ်လာလေသည်။

ကျော့က်ဖုံးသည် ပတ်ဝန်းကျင်ကို လှုစ်လျှူရှုထားရင်း တစ်လှမ်းပြီးတစ်လှမ်း မှန်မှန်လှမ်းသွားနေရာမှ မမျှော်လင့်ဘဲ အရှေ့ဘက်တွင် မီးရောင်များ ထိန်ထိန်လင်းနေသော အဆောက်အအုံတစ်လုံးကို တွေ့လိုက်ရမှ သတိဝင်လာလေသည်။

"ဪ ... ရွှေနဂါးသိုင်းသမားကြီး ထင်းလုံရဲ့ အိမ်အနားကိုတောင် ရောက်လာမှကိုး"

ရွှေနဂါးသိုင်းသမားကြီးထင်းလုံသည် သိုင်းလောကမှ အနားယူလိုက်ပြီးနောက် တပည့်တပန်းများအား သွားလိုရာသို့ သွားခွင့်ပြုလိုက်သည်။

အလုပ်သမားများကိုလည်း ငွေကြေးခွဲဝေပေးကာ ဇာတိရပ်ရွာများသို့ ပြန်လွှတ်လိုက်သည်။

ရွှေနဂါးစံအိမ်တွင် အိမ်ထိန်းကြီးတစ်ယောက်ကိုသာ ချန်ထားခဲ့ပြီး သိုင်းလောကနှင့် ရှင်းရှင်းလင်းလင်းနေရန် ရည်ရွယ်လေသည်။

မီးတင်းနေထိုင်သူ မရှိသလောက် ဖြစ်သွား၍ ရွှေနဂါးစံအိမ်မှာ တိတ်ဆိတ်ခြောက်ကပ်သွားသည်ဟု ဆိုနိုင်ပါတော့သည်။

ကျော့က်ဖုံးသည် ရွှေနဂါးစံအိမ်ကို ငေးမောကြည့်ရင်း ...



"အင်း ... တစ်ချိန်က ဒီစံအိမ်ကြီးမှာ ဝင်ထွက်သွားလာသူတွေကို နေ့ရောညပါ စည်ကားသိုက်မြိုက်နေခဲ့တာပဲ၊ ခုတော့လည်း အပြောင်းလဲကြီး ပြောင်းလဲသွားပျှပေါ့လား"

ဟု တွေးတောကာ သံဝေဂရနေမိလေသည်။ ရှေ့ဆက်မသွားဖြစ်အောင်လည်း ခြေလှမ်းရပ်ကာ အတန်ကြာအောင် ငေးကြည့်နေမိလေသည်။

မည်မျှကြာသွားမှန်း မသိ ...။

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရမှ သတိဝင်လာလေသည်။

ကျော့က်ဖုံး မျက်မှောင်ကုတ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ထိုအခါ မလှမ်းမကမ်းရှိ အမှောင်ရိပ်တစ်နေရာ၌ လူရိပ်မှာ လွင့်၍ လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

"ညအချိန်မတော် ဘယ်သူတွေများပါလိမ့်"

ကျော့က်ဖုံး စိတ်ဝင်စားသွားလေသည်။ လမ်းဘေးရှိ သစ်ပင်တစ်ပင်နောက်ကွယ်သို့ ကပျာကယာ ပြေးဝင်ကာ ပုန်းကွယ်လိုက်လေသည်။

သစ်ပင်နောက်ကွယ်မှနေပြီး အကဲခတ်ကြည့်လိုက်သည်။

လူရိပ်များသည် အမှောင်ထုကို အကာအကွယ်ယူကာ ဟိုမှ

www.burmeseclassic.com

www.burmeseclassic.com



သည်မှ ပြေးလွှားလာကြလေသည်။

ထိုလူရိပ်များသည် ရွှေနဂါးစံအိမ်သို့ ဦးတည်လာနေကြခြင်း ဖြစ်လေသည်။

ကျောက်ဖုံး ရင်ထိတ်သွားလေသည်။

"ဒီလူတွေဟာ ဘယ်နည်းနဲ့မှ လူကောင်းတွေ မဖြစ်နိုင်ဘူး၊ ရွှေနဂါးသိုင်းသမား ထင်းလုံကို လုပ်ကြံဖို့ကြိုးစားကြမယ် ဆိုတဲ့ သတင်း မှန်နေပြီ"

သိုင်းသမားတစ်ယောက်၏ ထူးကဲသောအသိ ဝင်ရောက်လာလေသည်။

အချိန်မရွေး လှုပ်ရှားတိုက်ခိုက်နိုင်ရန် အသင့်ပြင်ထားလိုက်လေသည်။

အကယ်၍ အမှောင်ရိပ်ခိုလာသူများသည် ရွှေနဂါးသိုင်းသမားကြီးထင်းလုံအား ဒုက္ခပေးရန်ကြံစည်လာမည်ဆိုပါက တားဆီးရလိမ့်မည် မဟုတ်ပါလား။

ကျောက်ဖုံး ကြာကြာ မစောင့်လိုက်ရပါချေ။

အမှောင်ရိပ်ခိုလာသူများသည် ရွှေနဂါးစံအိမ်သို့ ဦးတည်သွားနေကြသည်ကို တွေ့ မြင်လိုက်ရလေသည်။

ကျောက်ဖုံး စိတ်လှုပ်ရှားလာသည်။ သူ၏ကျောပြင် တစ်လျှောက် အေးစိမ့်နေပြီး နဖူးပေါ်တွင် ချွေးများ စို့လျှံ၍လာလေသည်။



ရွှေအပ်ကလေးနှစ်ချောင်း ရှိနေသည်ကို စမ်းသပ်မိလိုက်လျှင် အားတက်လာသည်။

သူတတ်မြောက်ထားသော ကိုယ်ဖျောက်ပညာနှင့် ရွှေအပ်ပစ်သည့်ပညာကို အသုံးချရတော့မည်ဟု ယုံကြည်လိုက်သည်။

ကျောက်ဖုံး စောင့်ကြည့်နေစဉ် အမှောင်ရိပ်ထဲမှ လာသူများသည် ရွှေနဂါးစံအိမ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားကြသည်ကို တွေ့မြင် လိုက်ရလေသည်။

ကျောက်ဖုံးသည် အချိန်ဖြုန်းနေ၍မဖြစ်တော့မှန်း သဘောပေါက်လိုက်ပြီး သစ်ပင်နောက်ကွယ်မှ ထွက်လာကာ တစ်ဟုန်ထိုး ပြေးသွားလိုက်လေတော့သည်။

✱

မသမာသူများသည် ရွှေနဂါးစံအိမ်ကို ထိုးနောက်ဝင်နေကြပြီ ဖြစ်လေသည်။

ထိုလူများသည် အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားကြပြီး မျက်နှာဖုံးစွပ်ကာ ရုပ်ဖျက်ထားကြသည်။

သူတို့ကိုင်ဆောင်ထားသော ဓားလှံလက်နက်များသည် လ

www.burmeseclassic.com

www.burmeseclassic.com



ရောင်အောက်တွင် အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်နေ၏။

သိုင်းဆရာကြီးထင်းလုံအား လုပ်ကြံဖို့ လာရောက်ခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

'ဒုန်း ဒုန်း'

အနက်ရောင်ဝတ်ဆင်ထားသူနှစ်ယောက်က ရွှေနဂါးစံအိမ်တံခါးကို ကိုယ်စောင်းတိုက်ကာ ဖွင့်ရန် ကြိုးစားနေ၏။

ထိုစဉ် ...

"ဘယ်သူလဲ"

စံအိမ်ထဲမှ မေးမြန်းသံ ထွက်ပေါ်လာ၏။

ရွှေနဂါးထင်းလုံ၏ လက်ရုံးတစ်ဆူဖြစ်သော အိမ်ထိန်းကြီး၏အသံဖြစ်ကြောင်း ကျောက်ဖုံးသိလိုက်၏။

အနက်ရောင်ဝတ်ထားကြသူများကား ရှေ့သို့ မဲနေကြပြီး သူတို့၏ နောက်ကျောဘက်သို့ ကျောက်ဖုံးရောက်လာသည်ကို ရုတ်တရက် သတိမပြုမိကြပါချေ။

စံအိမ်ထဲသို့ ထိုးဖောက်ဝင်နိုင်ပြီဆိုပါက ရွှေနဂါးသိုင်းသမားကြီး ထင်းလုံအား လုပ်ကြံနိုင်မည် မဟုတ်ပါလား။

ဆရာကြီးထင်းလုံသည် သိုင်းလောကမှ အနားယူလိုက်ပြီဖြစ်ရာ သိုင်းပညာကို အသုံးပြုတော့မည်မဟုတ်ပါ။



လွယ်လင့်တကူ သုတ်သင်ရှင်းလင်းပစ်နိုင်သည့်သဘော ရှိလေသည်။

ကျောက်ဖုံးက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ...

"လူယုတ်မာတွေ ဆရာကြီးထင်းလုံကို ဒုက္ခပေးကြမလို့ မဟုတ်လား ... သေဖို့သာ ပြင်ထား"

ဟု ကြိမ်းဝါးရင်း လျှပ်တစ်ပြက် ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

အနက်ရောင်ဝတ်ထားကြသူများသည် မမျှော်လင့်ဘဲ တိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့် ဖရိုဖရဲ ဖြစ်သွားကြလေသည်။

'ဝုန်း'

"အား"

"အောင်မလေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

ထိုအချိန်မှာပင် ...

'ကျွီ'

အိမ်တံခါးမကြီးပွင့်သွားပြီး လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ ရွှေနဂါးသိုင်းသမားကြီး ထင်းလုံဖြစ်လေသည်။

ထင်းလုံကို တွေ့မြင်လိုက်ရလျှင် ကျောက်ဖုံးက တိုက်ခိုက်မှုကို ရပ်တန့်လိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားကြသူများလည်း ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

အားလုံးသည် ဆရာကြီးထင်းလုံကို ကြည့်လိုက်ကြလေသည်။

ဆရာကြီးထင်းလုံသည် တစ်ချက်ဝေ့ကြည့်လိုက်ပြီး အခြေအနေကို သဘောပေါက်သွားပုံ ရလေသည်။

"မင်းတို့ခေါင်းဆောင် ဘယ်သူလဲ"

အနက်ရောင်ဝတ်ဆင်ထားသူများကို ကြည့်ကာ မေးလိုက်လေသည်။ ထိုအခါ ...

"ကျုပ်ပဲ"

အနက်ရောင်ဝတ်ထားသူတစ်ယောက်က ရှေ့သို့ လှမ်းထွက်လာပြီး ခံပြင်းသောလေသံဖြင့် ပြောလေသည်။

ဆရာကြီး ထင်းလုံက ...

"မင်းက ကျုပ်ကို ဘာကြောင့်လုပ်ကြံချင်ရတယ်ဆိုတာ ပြောပါဦး"

ဟု မေးပြန်သည်။ ထိုလူက ...



"ကျုပ် ဘယ်သူလဲဆိုတာသိရင် ခင်ဗျားအဖြေသိမှာပေါ့"

စကားဆုံးလျှင် မျက်နှာဖုံးစွပ်ကို ဆွဲချွတ်လိုက်လေသည်။

ထိုအခါ မျက်နှာ လေးထောင့်စပ်စပ်၊ မေးရိုးကားကားရှိသူတစ်ယောက်၏ရုပ်သွင် ပေါ်လွင်လာ၏။

ထိုလူငယ်မျက်နှာကို မြင်လျှင် ...

"ဟင် ... ယန်စီမြစ်က သိုင်းသမားရှောင်အင်းပါလား"

ကျောက်ဖုံး လွှတ်ခနဲ ရေရွတ်မိလိုက်လေသည်။

မှန်ပေသည်။

ထိုလူသည် ယန်စီမြစ်တစ်လျှောက်တွင် ထင်ရှားနေသော သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

ကျောက်ဖုံးက ...

"ရှောင်အင်း ... ခင်ဗျားက ဘာကြောင့် ဆရာကြီးထင်းလုံကို လုပ်ကြံချင်ရတာလဲကွ"

ဟု လှမ်းမေးလိုက်မိလေသည်။ ရှောင်အင်းသည် ကျောက်ဖုံးအား မကျေမနပ်ကြည့်လိုက်ပြီး ...

"ကျုပ်တို့က ယန်စီမြစ်တစ်လျှောက် တံငါသည်တွေကို ကာကွယ်စောင့်ရှောက်ပေးတယ်၊ သူတို့ရဲ့ ပြဿနာအဝဝကို တာဝန်ယူဖြေရှင်းပေးတယ်၊ ဒါကို ဆရာကြီးထင်းလုံက တံငါသည်တွေအပေါ်မှာ မတရားသဖြင့် လုပ်တယ်ဆိုပြီး တိုက်ခိုက်ခဲ့လို့ ကျုပ်ရဲ့ သွေး

www.burmeseclassic.com

www.burmeseclassic.com



သောက်ညီအစ်ကို အတော်များများ သေခဲ့ရတယ်၊ ကျုပ်တို့အဖွဲ့လည်း ပျက်ခဲ့ရတယ်၊ ဒီကိစ္စကို မကျေနပ်လို့ လာပြီး စာရင်းရှင်းတာပဲ၊ ခင်ဗျားဟာ ဗျိုင်းဖြူကျောက်ဖုံးလို့ နာမည်ကြီးနေတဲ့လူ မဟုတ်လား၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ ဝင်မရှုပ်ဘဲ ဘေးဖယ်နေရင် ကောင်းမယ်"

ဟုပြောလေသည်။ ကျောက်ဖုံးက ...

"ခင်ဗျား မကျေနပ်ဘူးဆိုရင် အစကတည်းက စာရင်းရှင်းဖို့ကောင်းတယ်၊ ဆရာကြီးထင်းလုံးဟာ ရွှေခွက်နဲ့ လက်ဆေးပြီး သိုင်းလောကထဲက နုတ်ထွက်လိုက်ပြီဆိုတာ အားလုံးအသိပဲ၊ ခုလိုအချိန်မှာ လာပြီး ဒုက္ခပေးတာ မတရားပါဘူး၊ ကျုပ်က လက်ပိုက်ကြည့်နေနိုင်မှာ မဟုတ်ဘူး"

ဟု ပြန်လည်ချေပလိုက်လေသည်။

ရှောင်အမ်းက ...

"ကောင်းပြီ ... မင်း ဝင်ရှုပ်တဲ့အတွက် မင်းကိုပါ ရှင်းပစ်ရမှာပေါ့"

ပြောပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"ဟား ဟား ဟား"

ကျောက်ဖုံးက အမှုမထားသည့်အပြင် ဟားတိုက်ရယ်မောလိုက်လေသည်။



ဆရာကြီးထင်းလုံ သက်ပြင်းချလိုက်လေသည်။

"ခဏနေကြပါဦး"

ဟု ဟန့်တားလိုက်သည်။ ကျောက်ဖုံးကို ကြည့်ကာ ...

"မောင်ရင်လေးဟာ ဗျိုင်းဖြူကျောက်ဖုံး ထင်ပါရဲ့"

ဟု မေးလိုက်သည်။

ကျောက်ဖုံးက ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

ဆရာကြီးထင်းလုံက ...

"မောင်ရင်လေး ... ကျုပ်ရဲ့ကိစ္စမှာ မပါဝင်စေချင်ပါဘူး၊ ဒါကြောင့် ကျေးဇူးပြုပြီး ဘေးဖယ်နေလိုက်ပါကွယ်"

"ဗျာ"

ကျောက်ဖုံး အံ့သြသွားလေသည်။ ဆရာကြီးထင်းလုံက ရှောင်အင်းဘက်သို့လှည့်ကာ ...

"မင်းတို့ဟာ ယန်စီမြစ်ရိုးတစ်လျှောက်မှာ ကျင်လည်ကျက်စားခဲ့ကြတယ်၊ တံငါသည်တွေကို ကာကွယ်စောင့်ရှောက်ခဲ့ကြတယ်ဆိုပေမယ့် တံငါသည်တွေဆီက အခကြေးငွေရယူခဲ့တာ မဟုတ်လား၊ ဒါဟာ လူဆိုးဓားပြတွေ ဆက်ကြေးတောင်းတဲ့သဘောမျိုးနဲ့တူနေလို့ ကျုပ်က ဝေဖန်ခဲ့မိတာကို မင်းရဲ့ညီအစ်ကိုတော်ငယ့်လူက ကျုပ်ကို ရန်ရှာပြီး တိုက်ခိုက်ခဲ့တယ်၊ ကျုပ်က သူ့ကို ညှာတာခဲ့ပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် သူ့ရဲ့လက်ချက်ကြောင့် ကျုပ်ပါ ဒုက္ခရောက်နိုင်တဲ့ အခြေအနေ ဖြစ်လာတာကြောင့် သူ့ကို ဆုံးမလိုက်ရတာ၊ သူ့လူတွေကပါ ကျုပ်ကို ရန်ရှာလာတာကြောင့် မလွှဲမရှောင်သာဘဲ တိုက်ပွဲနဲ့ ရင်ဆိုင်ခဲ့ရ တယ်၊ နောက်ဆုံးတော့လည်း မင်းတို့အဖွဲ့ဟာ ပျက်စီးသလို ဖြစ်သွား ခဲ့ရတာ၊ ဒီကိစ္စအတွက် ကျုပ် စိတ်မကောင်းပါဘူး၊ ကျုပ်ကို မကျေ နပ်ဘူးဆိုရင်လည်း မင်းကြိုက်သလို လုပ်နိုင်ပါတယ်"

ရှောင်အင်းက အံကြိတ်လိုက်သည်။

"မကျေဘူး၊ ဒါကြောင့် ကျုပ်တို့လာခဲ့တာပေါ့၊ ခင်ဗျားကို သုတ်သင်ရှင်းလင်းပစ်မှ ကျေနပ်နိုင်မယ်"

ဆရာကြီးထင်းလုံက ရင်ကော့လိုက်သည်။

"ကျုပ်ဟာ ရွှေခွက်နဲ့ရေဆေးပြီး သိုင်းလောကက နုတ် ထွက်ခဲ့ပြီးပါပြီ၊ မင်းတို့က ကျုပ်အပေါ်မှာ ရန်ငြိုးထားနေကြမယ် ဆိုရင် ကျုပ်က ပြီးပြတ်အောင် တစ်ခါတည်း ရှင်းပေးသွားမှာ ဖြစ်ပါ တယ်"

"ဟား ဟား ဟား"

ရှောင်အင်း ဟားတိုက်ရယ်မောလိုက်လေသည်။

"ဘယ်လိုလဲဗျ … ခုတော့လည်း ခင်ဗျားဟာ သိုင်းပညာကို အသုံးမပြုဘဲ မနေနိုင်တော့ဘူး မဟုတ်လား"

ဟု ခနဲ့လိုက်လေသည်။



ဆရာကြီးထင်းလုံက …

"ကျုပ်ဟာ ယောကျ်ားတစ်ယောက်ပါ၊ ဘယ်တော့မှ ကတိ မဖျက်ပါဘူး၊ ပြောပြီးသားစကားကို ပြန်မပြင်ပါဘူး၊ မင်းကြိုက်သလို လုပ်နိုင်ပါတယ်"

ရှောင်အင်းက …

"ခင်ဗျား သေဖို့ပြင်ထား"

ရုတ်တရက် ဓားတစ်လက်ဆွဲထုတ်ကာ ထိုးသွင်းလိုက်လေ သည်။

သူ၏လှုပ်ရှားတိုက်ခိုက်မှုမှာ အံ့ဩစရာကောင်းလောက် အောင် လျင်မြန်လှပေသည်။

ကျောက်ဖုံး ထိတ်လန့်သွားသည်။

"မလုပ်နဲ့"

ကပျာကယာ အော်ဟစ်တားဆီးလိုက်သော်လည်း နောက် ကျသွားပြီဖြစ်လေသည်။

ရှောင်အင်း၏ဓားဦးသည် ဆရာကြီးထင်းလုံ၏ရင်ဝ၌ စိုက် ဝင်သွားလေသည်။

"အင့်"

ဆရာကြီးထင်းလုံ မသဲမကွဲ ညည်းတွားလိုက်သည်။ ထို့ နောက် …

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။ ကျောက်ဖုံး ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

"လူယုတ်မာတွေ ... သေဖို့သာ ပြင်ထား"

ဟု ကြိုးဝါးကာ ရှောင်အင်းတို့အား တရကြမ်း တိုက်ခိုက်လိုက်လေတော့သည်။

✱

'ဝုန်း'

"အား"

"အောင်မလေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ရှောင်အင်းတို့လူစုမှာလည်း ကျောက်ဖုံးအား သုတ်သင်ရှင်းလင်းပစ်နိုင်ရန် ကြိုးစားကြသည်။

ရှောင်အင်းကလည်း ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။



ထိပ်တိုက်ရင်ဆိုင်မိလျှင် ဒေါသတကြီးဖြစ်နေသော ကျောက်ဖုံး၏တိုက်ခိုက်မှုကို ရှောင်အင်းတို့လူစု မခံနိုင်ကြပါတော့ချေ။

တစ်ခဏအတွင်းမှာပင် တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကာ အရေးနိမ့်သွားတော့သည်။

ရှောင်အင်း မျက်စိမျက်နှာပျက်သွားသည်။

သိုင်းလောကမှ နုတ်ထွက်လိုက်ပြီဖြစ်သော ဆရာကြီးထင်းလုံအား တိုက်ခိုက်ခြင်းက သူ၏အမှားဖြစ်ကြောင်းကို ကောင်းစွာနားလည်သဘောပေါက်ထားပါသည်။

သူ၏လုပ်ရပ်ကို သိုင်းလောကတစ်ခုလုံးက လက်ခံမည်မဟုတ်ကြောင်း သဘောပေါက်ထားသည်။

ကျောက်ဖုံးကလည်း တိုက်ခိုက်လာပြီဖြစ်ရာ မနေငုံတော့ဘဲ ချာခနဲ လှည့်ပြီး ထွက်ပြေးသွားလေတော့သည်။

ရှောင်အင်း ထွက်ပြေးသွားသည်ကို တွေ့ရလျှင် ...

"မပြေးနဲ့"

ကျောက်ဖုံးက အော်ငေါက်ရင်း ပြေးလိုက်သွား၏။

"ဟား"

ရှောင်အင်း၏လူများက ဝိတ်ဆို့ဟန့်တားလာသောအခါ ညှာတာမနေတော့ဘဲ ပြတ်ပြတ်သားသားပင် တိုက်ခိုက်ပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ရှောင်အင်း၏လူများ ဖရိုဖရဲဖြစ်သွားကြပြန်သည်။

နှစ်ကြိမ်တိုင်တိုင် အထိနာသွားကြပြီဖြစ်ရကား ဆက်၍ ဟန့်တားတိုက်ခိုက်ရန် မကြိုးစားကြတော့ဘဲ ဖရိုဖရဲ ထွက်ပြေးသွားကြလေတော့သည်။

ကျောက်ဖုံးလည်း ရှောင်အင်းနောက်သို့ တစ်ဟုန်ထိုး လိုက်သွားလေသည်။

ဆရာကြီးထင်းလုံအား တိုက်ခိုက်လိုက်သည့် ရှောင်အင်းကို အလွတ်မပေးဘဲ မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမမည်ဟု စိတ်ပိုင်းဖြတ်ထား၏။

ရှောင်အင်းအား အလွတ်မပေးဘဲ လိုက်လံတိုက်ခိုက်မိသဖြင့် နောက်ထပ် ဝမ်းနည်းကြေကွဲစရာ အဖြစ်အပျက်တစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့လိုက်ရပြန်လေတော့သည်။

✵

ညဥ့်နက်ပြီ ဖြစ်ပါသည်။



ထိုအချိန်ဝယ် ပြေးလွှားသံ၊ တိုက်ခိုက်သံများ ထွက်ပေါ်လာလေသည်။

ကျောက်ဖုံးသည် ထွက်ပြေးရန် ကြိုးစားနေသော ရှောင်အင်းတို့လူစုအား လိုက်လံတိုက်ခိုက်နေခြင်း ဖြစ်ပေတော့သည်။

ရှောင်အင်းသည် သိုင်းပညာကို စွန့်လွှတ်လိုက်ပြီဖြစ်သော ဆရာကြီးထင်းလုံအား ရက်ရက်စက်စက် တိုက်ခိုက်လိုက်ပြီးမှ စိုးရွံ့သော စိတ်များ ဖြစ်ပေါ်နေလေသည်။

ကျောက်ဖုံးက သူ့အား ခွင့်လွှတ်တော့မည် မဟုတ်ကြောင်းလည်း သဘောပေါက်ထားလေသောကြောင့် အသက်လုကာ ထွက်ပြေးလေသည်။

သူ၏ လူများသည်လည်း ရှောင်အင်းအပေါ်တွင် အသက်ပေး၍ ကာကွယ်စောင့်ရှောက်ကြလေသည်။

ကျောက်ဖုံးကို နည်းအမျိုးမျိုးဖြင့် ဟန့်တားတိုက်ခိုက်ကြလေသည်။

ကျောက်ဖုံးသည်လည်း ဟန့်တားလာကြသူများကို ပြတ်ပြတ်သားသား တိုက်ခိုက်ပစ်လိုက်ပြီး ရှောင်အင်းနောက်သို့ အလွတ်မပေးဘဲ လိုက်သွားလေသည်။

ရှောင်အင်းသည် ကြောက်ကြောက်လန့်လန့်ဖြင့် လမ်းကြားထဲသို့ ပြေးဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြေးလို့လွတ်မလား"

ကျောက်ဖုံးက အော်ဝေါက်ရင်း တစ်ဟုန်ထိုးလိုက်သွား၏။ နှစ်ယောက်သား လမ်းကြားလေးထဲသို့ ရောက်ရှိသွားကြသောအခါ

✸

လမ်းကြားအတွင်း၌ အမှောင်ရိပ်များ လွှမ်းနေ၏။

လမ်းဘေး တစ်ဖက်တစ်ချက်ရှိ ဟောင်းနွမ်းနေကြခြင်းကြောင့် ဖြစ်လေသည်။

အဆောက်အအုံကြီးများသည် အရိပ်ထိုးကျနေခြင်းကြောင့် ဖြစ်လေသည်။

ရှောင်အင်းသည် အမှောင်ရိပ်ကျနေသော လမ်းကြားအတွင်း၌ ကျောက်ဖုံးအား မျက်ခြည်ပြတ်သွားနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

သို့သော် ကျောက်ဖုံးက တစ်ဟုန်ထိုး လိုက်လာနေဆဲ။

"မင်း ဘယ်ပြေးမလဲ"

ကျောက်ဖုံး၏ ကြုံးဝါးသံက ရှောင်အင်းအတွက် အရှုံတုန် အသည်းတုန် ဖြစ်သွားစေခဲ့လေသည်။



လူချင်း တစ်စနှင့်တစ်စ နီးကပ်လာပြီဖြစ်ကြောင်း သဘော ပေါက်မိလေသောကြောင့် ထွက်ပြေးခြင်းထက် မှောင်ရိပ်ခိုကာ တိုက်ခိုက်မှ ဖြစ်တော့မည်ဟု တွေးမိလေသည်။

ရှောင်အင်းသည် ဟိုဟိုသည်သည် ကြည့်လိုက်ပြီး လမ်းဘေး အမှောင်ရိပ်ထဲသို့ ခုန်ဝင်လိုက်လေသည်။

ထိုစဉ် ...

"အောင်မလေး"

အထိတ်တလန့်အော်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ရှောင်အင်း ရင်ထိတ်သွား၏။

မျက်လုံးပြူးပြီး သေသေချာချာကြည့်ရာ လမ်းဘေးသစ်ပင် တစ်ပင်အောက်၌ အိပ်စက်နေကြသော ကောင်လေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ ရှိနေကြသည်ကို တွေ့မြင်လိုက်ရလေ သည်။

လမ်းပေါ်နေ၊ လမ်းပေါ်စား အခြေအနေမဲ့လေးများ ဖြစ် ကြောင်း ရှောင်အင်းရိပ်မိလိုက်လေသည်။

ထို့ကြောင့် ...

"အသံမထွက်နဲ့ ငြိမ်ငြိမ်နေ ... သေသွားချင်သလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝေါက်လိုက်လေသည်။

ကောင်လေးနှင့်ကောင်မလေးတို့ ကြောက်လန့်နေကြကာ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ထားကြလေသည်။ သူတို့ အသံမထွက်ရဲကြချေ။

ရှောင်အင်းက ဂရုမစိုက်တော့ဘဲ သဲကြီးမဲကြီး လိုက်လာသည့် ကျောက်ဖုံးကိုတိုက်ခိုက်ရန် ချောင်းမြောင်းနေလိုက်၏။

မကြာပါချေ ...။

အလွှန်ပေါ့ပါးသော ခြေသံများနှင့်အတူ ကျောက်ဖုံးသည် လမ်းကြားအတွင်းသို့ ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျောက်ဖုံးသည် လမ်းကြားအတွင်းသို့ ရောက်သည်နှင့် ခြေလှမ်းရပ်လိုက်သည်။ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

"ရှောင်အင်း ... မင်း ပုန်းနေတယ်ဆိုတာ ကျုပ်သိတယ်၊ ထွက်လာခဲ့ရင် ကောင်းမယ်၊ မင်း ပြေးလို့ မလွတ်တော့ဘူးဆိုတာကို သိပါတယ်လေ"

ဟုလည်း အော်ပြောလိုက်လေသည်။

ရှောင်အမ်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

သူ ပုန်းအောင်းနေသည့်တိုင် ကျောက်ဖုံးက ရိပ်မိနေပြီး တွေ့အောင် ရှာဖွေလိမ့်မည်ဟု ယုံကြည်မိသည်။

ကျောက်ဖုံး၏လက်မှ ပြေး၍ မလွတ်နိုင်တော့သည့် အတူ



တူ အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

ကျောက်ဖုံးက လမ်းကြားအတွင်းသို့ တစ်လှမ်းချင်း လှမ်းဝင်လာပါသည်။

ရှောင်အင်းပုန်းအောင်းနေသောနေရာနှင့် တစ်စထက် တစ်စ နီးကပ်၍ လာလေသည်။

ရှောင်အင်းက ဓားမြှောင်တစ်လက် ထုတ်ယူလိုက်သည်။ ကျောက်ဖုံး အနီးသို့ရောက်လာသည်နှင့် ပစ်ပေါက်တိုက်ခိုက်ရန် ပြင်ဆင်ထားလိုက်သည်။

သစ်ပင်အောက်၌ ငုတ်တုတ်ဖြစ်နေကြသော ကောင်လေးနှင့်ကောင်မလေးတို့ တုတ်တုတ်မျှ မလှုပ်ကြပါ။

ကျောက်ဖုံးသည် တစ်စထက်တစ်စ နီးကပ်လာပြီး ရှောင်အင်းပုန်းအောင်းနေသော သစ်ပင်အနီးမှ ဖြတ်ကျော်သွားလေသည်။

ပုန်းအောင်းနေသော ရှောင်အင်းကို တွေ့မြင်သွားခြင်း မရှိပါချေ။

ရှောင်အင်း ဝမ်းသာသွားလေသည်။

ချက်ချင်းပင် သစ်ပင်အောက်မှ ခုန်ထွက်လိုက်ပြီး ကျောက်ဖုံး၏နောက်ကျောသို့ ဓားမြှောင်ဖြင့် ပစ်ပေါက်လိုက်လေသည်။

'ဖွစ်'

ဓားမြှောင်သည် ရိပ်ခနဲပစ်လွင့်သွားပြီး ကျောက်ဖုံးထံသို့

www.burmeseclassic.com

www.burmeseclassic.com



တန်းတန်းမတ်မတ် ဝင်ရောက်သွားလေသည်။

ကျောက်ဖုံးသည် နောက်ကျောဘက်မှ လေတိုးသံထွက်ပေါ်လာသည်ကို ကြားလိုက် ရသဖြင့် ထိတ်လန့်သွားပြီး ကပျာကယာ ရှောင်တိမ်းလိုက်၏။

သို့တိုင် အနည်းငယ်နောက်ကျသွားသည်ဖြစ်ရာ ရှောင်အင်းပစ်ပေါက်လိုက်သော ဓားမြှောင်သည် သူ၏ဝဲဘက်ပခုံး၌ စိုက်ဝင်သွားလေတော့သည်။

'ဒုတ်'

"အင့်"

ရှောင်အင်း မသဲမကွဲ ညည်းညူလိုက်လေသည်။ သူ၏ခန္ဓာကိုယ် ယိမ်းယိုင်သွားသည်။

သို့သော် ဒဏ်ရာကို အမှုမထားနိုင်အားဘဲ ကပျာကယာ နောက်လှည့်ကာ ရန်သူကို ရင်ဆိုင်လိုက်လေသည်။

ရှောင်အင်းသည် သူ၏ အလစ်ချောင်းတိုက်ခိုက်မှု အောင်မြင်သွားသဖြင့် ဝမ်းသာသွားလေသည်။

"မင်း ဘာတတ်နိုင်သေးသလဲ"

ဟု အော်ငေါက်ကာ အမှောင်ရိပ်ထဲမှ ခုန်ထွက်လိုက်သည်။ ဓားရှည်တစ်လက်ဆွဲထုတ်ကာ ကျောက်ဖုံးအား ပြတ်ပြတ်သားသား သုတ်သင်ရှင်းလင်းပစ်ရန် ကြိုးစားလိုက်လေသည်။



ကျောက်ဖုံးသည် ဟန်ချက်ပျက်နေသည်ဖြစ်၍ ရုတ်တရက် ပြန်လည်ရင်ဆိုင်ရန် ခက်ခဲနေသည်ဖြစ်ရကား ဟန့်တားသည့်သဘောဖြင့် အသင့်ရှိနေသော ရွှေအပ်ကလေးနှစ်ချောင်းဖြင့် ပစ်ခတ်လိုက်လေသည်။

ကိုယ်ဖော့ပညာနှင့် ရွှေအပ်ပစ်သောပညာသည် ကျောက်ဖုံး၏ အကောင်းဆုံးပညာ ဖြစ်လေသည်။

ကျောက်ဖုံး ရွှေအပ်ကလေးနှစ်ချောင်းကို အသုံးပြုလိုက်ချိန်မှာပင် သစ်ပင်အောက်မှ ကောင်လေးနှင့်ကောင်မလေးတို့သည် ကြောက်ရွံ့စွာဖြင့် တိုက်ပွဲနှင့် ဝေးရာသို့ ပြေးရန် ထရပ်လာကြ၏။

ရှောင်အင်းသည် ကျောက်ဖုံး၏ ရွှေအပ်လက်နက်ပုန်းအကြောင်းကို သိထားရကား ထိပ်တိုက် ရင်မဆိုင်ဝံ့ဘဲ ကပျာကယာ နံဘေးသို့ ခုန်ရှောင်လိုက်လေသည်။

ရွှေအပ်ကလေးများသည် ရှောင်အင်းကို မထိဘဲ ပွတ်ကာသီကာ လွဲချော်သွား၏။

ရှောင်အင်းက ရွှေအပ်ကလေးများကို ရှောင်တိမ်းပြီးသည်နှင့် ကျောက်ဖုံးကို တိုက်ခိုက်ရန်မကြိုးစားဘဲ ထွက်ပြေးသွားပြန်လေသည်။

ကျောက်ဖုံး ဒေါပွသွားလေသည်။

"မပြေးနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ငေါက်ကာ ရှောင်အင်းနောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်၏။ ထိုအချိန်မှာပင် ...

"ဟဲ့အောင်မလေး"

မိန်းကလေးတစ်ယောက်၏ အထိတ်တလန့်အော်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"မမ ဒုက္ခပဲ ... မမထိသွားပြီ"

ကောင်လေးတစ်ယောက်၏ ငိုသံပါကြီးဖြင့် အော်ပြောသံကိုလည်း ကြားလိုက်ရလေသည်။

"ဟင်"

ကျောက်ဖုံး ရင်ထိတ်သွားလေသည်။

သူ၏ရွှေအပ်သည် ရှောင်အင်းကိုမထိဘဲ မဆိုင်သူတစ်ယောက်ယောက်အား ထိမှန်သွားပြီဖြစ်ကြောင်း သဘောပေါက်လိုက်မိသည်။

မည်သို့ဆိုစေ ရှောင်အင်းက ထွက်ပြေးသွားပြီမို့ ဂရုမစိုက်နိုင်တော့ပါ။

"မပြေးနဲ့"

ဟု အော်ငေါက်ကာ ရှောင်အမ်းနောက်သို့ ပြေးလိုက်သွားလေသည်။

"မောင်လေး ... မမရဲ့မျက်လုံးတွေ ကန်းသွားပြီထင်ပါရဲ့၊



ဘာကိုမှ မမြင်ရတော့ဘူး"

မိန်းကလေးတစ်ယောက် အလန့်တကြား ပြောလိုက်သော စကားသံက လွင့်ပျံ့လာသည်။

ကျောက်ဖုံးက သွားကြည့်လိုသော်လည်း သူ၏ခြေလှမ်းများက ဝေးရာသို့ သယ်ဆောင်သွားနေပြီဖြစ်ရကား လျစ်လျူရှုထားလိုက်ရလေတော့သည်။

✸

သူတော်သည် အိပ်ငိုက်နေရာမှ ဆတ်ခနဲ လန့်နိုးလာ၏။ မျက်လုံးပြူး၍ ကျောက်ဖုံးနှင့်ထိချူးတို့အား ကြည့်လိုက်သည်။

ထို့နောက် ထိုင်ခုံပေါ်တွင် အကြောလျှော့ကာ ပြင်ထိုင်ပြီး မျက်လုံးပြန်မှိတ်ထားလိုက်လေသည်။

တစ်ခဏအတွင်းမှာပင် အိပ်ပျော်သွားပြီး တခေါခေါ ဟောက်သံများ ထွက်ပေါ်လာလေသည်။

ထိချူးနှင့်ကျောက်ဖုံးတို့ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

ကျောက်ဖုံးသည် အဘယ်ကြောင့် လရောင်အောက်တွင် လမ်းလျှောက်လေ့ရှိသည့်အကျင့်ကို စွန့်လွှတ်လိုက်ရခြင်းဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းပြောပြလိုက်ပြီ ဖြစ်လေသည်။

ထိချူး သက်ပြင်းချလိုက်လေသည်။

"ခင်ဗျားရဲ့ရွှေအပ်က ပစ်မလွဲဘူး၊ ပစ်လိုက်ရင် လူတစ်ယောက်ရဲ့ နားထင်နှစ်ဖက်ကို ထိအောင်ပစ်နိုင်တယ်လို့ သတင်းကြီး နေတာပဲ"

ဟု ပြောလိုက်သည်။ ကျောက်ဖုံးက ...

"ဟုတ်ပါတယ်ဗျာ"

ဟု ဝန်ခံလိုက်သည်။ ထိချူးက ...

"ဒါဖြင့် အမှောင်ရိပ်ထဲမှာရှိနေတဲ့ မိန်းကလေးရဲ့ နားထင်နှစ်ဖက်ကို ထိသွားမယ်ထင်တယ်"

ကျောက်ဖုံးက သက်ပြင်းချလိုက်သည်။

"ဖြစ်နိုင်ပါတယ်ဗျာ၊ မျက်လုံးတွေ ကန်းကုန်ပြီထင်တယ်လို့ အော်သံကြားလိုက်တယ်"

ထိချူးက ...

"ခင်ဗျားက ရှောင်အင်းကို ရလိုက်သလား"

"ရတယ် ... ကျုပ်က လိုက်သွားပြီး မြို့ပြင်ရောက်တော့ မိသွားတယ်၊ ကျုပ်လက်က ဘယ်လိုမှ ပြေးမလွတ်တော့ဘူး၊ ကျုပ်က သူ့ကို ရှင်းပစ်လိုက်တယ်"

"ရွှေအပ်ထိသွားတဲ့ မိန်းကလေးကိုကော သွားပြီးစုံစမ်းကြည့်သေးသလား"



ကျောက်ဖုံး ခေါင်းညိတ်လိုက်သည်။

"ကျုပ်က ချက်ချင်းပြန်သွားပြီး ရှာဖွေကြည့်ပါတယ်၊ ဒါပေမဲ့ ဘယ်သူမှ မတွေ့ရတော့ဘူး၊ ကျုပ် လိုက်ပြီးစုံစမ်းကြည့်တော့ အခြေအနေမှဲ့ မောင်နှမနှစ်ယောက်ဟာ လမ်းကြားထဲက သစ်ပင်တစ်ပင်အောက်မှာ အိပ်လေ့အိပ်ထရှိတယ်၊ သူတို့ ဒီမြို့ကို ရောက်လာကြတာ မကြာသေးဘူးလို့ သိရတယ်"

"ဘယ်လိုမှ ရှာလို့ မတွေ့ဘူး ... ဟုတ်လား"

"ဟုတ်တယ်"

"အင်း ... မကောင်းတဲ့လူတစ်ယောက်ကြောင့် မဆိုင်တဲ့လူတစ်ယောက်ကြားက ဒုက္ခရောက်ရတာ တကယ်တော့ မကောင်းပါဘူး၊ ဒါပေမဲ့ တမင်လုပ်တာမှ မဟုတ်တာ ... ဘယ်တတ်နိုင်ပါ့မလဲဗျာ၊ ကဲ ... မိုးလင်းဖို့လည်း လိုသေးတယ်ဆိုတော့ ကျုပ် အပြင်ထွက်လိုက်ဦးမယ်၊ မိုးလင်းတာနဲ့ အရောက်ပြန်လာခဲ့ပါ့မယ်ဗျာ"

ထိချူးက ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်လေသည်။ ကျောက်ဖုံးက ...

"ခင်ဗျား ဘယ်သွားမလို့လဲ"

ထိချူးက ပြုံးလိုက်သည်။

"ကျုပ်က ထူးဆန်းတဲ့အိမ်ကြီးကို တစ်ခေါက်လောက် သွား

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မလို့လေ”

“သြော်”

“ရသေ့ကြီး ပြန်လာမယ့်အချိန်ကို မိုးလင်းတဲ့အထိ ဒီအတိုင်း ထိုင်စောင့်နေရမှာ ပျင်းစရာကောင်းပါတယ်ဗျာ၊ အဲဒီအိမ်ကြီးဆီကို ကျုပ်မရောက်ဖူးသေးဘူးဆိုတော့ အချိန်ရတုန်း သွားကြည့်ထား လိုက်တာ ကောင်းမလားလို့”

ကျောက်ဖုံးက စကားပြန်ခြင်းမပြုပါ။

“ကောင်းပြီ ... ခင်ဗျားသဘောပဲ”

“မိုးမလင်းခင် ကျုပ်အရောက်ပြန်လာခဲ့ပါ့မယ်ဗျာ”

စကားဆုံးလျှင် ထိချူးသည် ဘုံကျောင်းထဲမှ ထွက်သွား လေတော့သည်။

✵

ထိချူး ထွက်သွားပြီဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး ပို၍ တိတ်ဆိတ်သွားသည်။ ကျောက်ဖုံး က ရေနွေးကြမ်းငှဲ့သောက်လိုက်သည်။ ရေနွေးကြမ်းကား အေးစက် နေပြီဖြစ်လေသည်။

ကျောက်ဖုံးသည် ရေနွေးကြမ်းသောက်ရင်း ထိုရေနွေး



ကြမ်းရေသည် တစ်မျိုးဖြစ်နေသည်ဟု စိတ်ထဲက ခံစားလိုက်ရလေ သည်။

ရေနွေးကြမ်းပန်းကန်ကို ပြန်ချထားလိုက်ပြီး သူတော်အား လှမ်းကြည့်လိုက်လေသည်။ သူတော်လည်း အိပ်ပျော်နေခြင်း မရှိ တော့ပါ။

ထိုင်ခုံတွင် အကျအနထိုင်ကာ သူ့အား ပြုံးပြနေသည်ကို တွေ့ရသဖြင့် ကျောက်ဖုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သူတော်က ...

“ရေနွေးကြမ်း ကုန်သွားပြီလား”

ဟု မေးလာလေသည်။ ကျောက်ဖုံး ခေါင်းခါယမ်းလိုက် သည်။

“မကုန်သေးပါဘူး၊ ဒါပေမဲ့ အေးသွားလို့ထင်တယ် ... သောက်ရတာ တစ်မျိုးကြီးဖြစ်နေတယ်”

သူတော်က ...

“စိတ်ထင်လို့ နေမှာပါ ... အဆိပ်တစ်မျိုးတည်း ခတ်ထား တာဆိုတော့ အရသာအတူတူပါပဲ”

“ဘာဗျ”

ကျောက်ဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ သူတော် အား မျက်မှောင်ကြုတ်၍ ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"အဆိပ်တစ်မျိုး ခတ်ထားတယ် … ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ရေနွေးပူနေတုန်းက သိပ်မသိသာဘူး၊ ရေနွေးအေးသွားတော့ အဆိပ်အရသာက မဆိုစလောက်လေး ပေါ်လာတာပေါ့၊ ဒါကြောင့် အရသာပြောင်းသွားတယ်လို့ ထင်ရတာပါ"

"ခင် … ခင်ဗျား"

သူတော် ရယ်မောလိုက်သည်။

"ခင်ဗျားဟာ ရေနွေးကြမ်း ငါးခွက်ထက်မနည်း သောက်ခဲ့တာကို ကျုပ်တွေ့ခဲ့ရပါတယ်ဗျာ၊ အမှန်တော့ တစ်ခွက်လောက်သောက်ရင်ပဲ လုံလောက်နေပါပြီ၊ အဆိပ်က သိပ်ပြင်းတာ"

ကျောက်ဖုံး သက်ပြင်းချလိုက်လေသည်။

"သူတော် … ခင်ဗျား နောက်ပြောင်ကျီစယ်နေတာတော့ မဟုတ်ပါဘူးနော်"

"ဒါ နောက်ပြောင်ကျီစယ်နေမယ့်ကိစ္စမှ မဟုတ်တာ"

"ဒါဖြင့် … တကယ်ပဲ အဆိပ်ခတ်ခဲ့တာပေါ့"

"ဟုတ်တယ် … မယုံရင် ခင်ဗျားရဲ့အတွင်းအားကို ထုတ်ဖော်ကြည့်ပါလား"

"ကောင်းပြီ"

ကျောက်ဖုံးသည် အသက်ပြင်းပြင်းရှူရှိုက်လိုက်ပြီး အတွင်းအားကို ထုတ်ဖော်လိုက်လေသည်။



ထိုအခါ သူ၏ခန္ဓာကိုယ်ထဲတွင် သွေးလည်ပတ်မှု မမှန်တော့ဘဲ သွေးကြောများအတွင်း၌ တစ်စုံတစ်ရာ ပိတ်ဆို့နေသကဲ့သို့ ခံစားလိုက်ရ၏။

ထို့အပြင် အတွင်းအားများ ကုန်ခန်းပျောက်ကွယ်နေသည့် အဖြစ်ကိုပါ သိလိုက်ရလေသည်။

ကျောက်ဖုံး ရင်ထိတ်သွားသည်။

သူတော်ပြောသကဲ့သို့ အဆိပ်မိနေပြီဖြစ်ကြောင်း ထင်ရှားနေပြီ မဟုတ်ပါလား။

ကျောက်ဖုံးက သူတော်ကို ကြည့်လိုက်ပြီး …

"ခင်ဗျား ဘာကြောင့် အဆိပ်ခတ်ရတာလဲ"

သူတော်က …

"ခင်ဗျားသိချင်တယ်ဆိုရင် ပြောပြရမှာပေါ့၊ ဟောဒီပစ္စည်းလေးတွေကို ကြည့်ပါဦး"

သူ၏လက်ဝါးကို ဖြန့်လိုက်သောအခါ အရောင်တဖိတ်ဖိတ်တောက်ပနေသော ရွှေအပ်ကလေးနှစ်ချောင်းကို တွေ့မြင်လိုက်ရလေသည်။

"ဟင်"

ကျောက်ဖုံး တအံ့တဩဖြစ်သွားလေသည်။

သူတော်က …

www.burmeseclassic.com

www.burmeseclassic.com



"ဒီရွှေအပ်လေးတွေကို ခင်ဗျား မှတ်မိဦးမယ် ထင်ပါတယ်"

ကျောက်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ဒါ ကျုပ်ရဲ့ရွှေအပ်တွေပဲ၊ ကျုပ်ဆီက ပျောက်ဆုံးသွားတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ရှိပြီ၊ ခင်ဗျားရဲ့လက်ထဲကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

သူတော်က ...

"ကျုပ်အစ်မရဲ့ နားထင်နှစ်ဖက်ကနေ နုတ်ယူထားခဲ့တာ ပါဗျာ၊ ခင်ဗျားပြောသလို နှစ်ပေါင်းနှစ်ဆယ်လောက် ရှိခဲ့ပြီပေါ့"

ကျောက်ဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ခင် ... ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

သူတော်က ...

"ခင်ဗျားက ရှောင်အင်းဆိုတဲ့လူကို ထိအောင်မပစ်နိုင်ခဲ့ပေမယ့် သစ်ပင်အောက်က ကျုပ်တို့ဒုက္ခသည် မောင်နှမနှစ်ယောက်ကို တော့ ဘဝပျက်အောင် လုပ်နိုင်ခဲ့တာပေါ့ဗျာ၊ ခင်ဗျားရဲ့ရွှေအပ်တွေဟာ ကျုပ်အစ်မကို ထိသွားတယ်၊ ခင်ဗျားကြားလိုက်ရတယ်ဆိုတဲ့ မိန်းကလေးအော်သံဟာ ကျုပ်အစ်မရဲ့ အော်သံပေါ့"

ကျောက်ဖုံး ပါးစပ်အဟောင်းသား ဖြစ်နေ၏။ မည်သို့ ပြန်ပြောရမှန်း မသိအောင်ပင်။

သူတော်က ...



"ကျုပ်တို့ရဲ့ မိဘတွေမရှိတဲ့နောက်ပိုင်းမှာ မောင်နှမနှစ်ယောက် ခိုကိုးရာမဲ့ဘဝနဲ့ လမ်းပေါ်ရောက်ခဲ့ရတယ်၊ ထမင်းတစ်လုပ်အတွက် တောင်းရမ်းစားသောက်ရတဲ့အထိ ဘဝဆိုးခဲ့ရတယ်၊ အိပ်ရင်လည်း လမ်းဘေးမှာ၊ ဒီကြားထဲ ခင်ဗျားရဲ့လက်ချက်ကြောင့် ကျုပ်ရဲ့အစ်မချင်းချင်းဟာ မျက်မမြင်ဒုက္ခိတဘဝကို ရောက်ခဲ့ရတယ်၊ ကျုပ် ဘယ်လိုလုပ် ခွင့်လွှတ်နိုင်မှာတဲ့လဲဗျာ"

သူ၏အသံတွင် ဝမ်းနည်းကြေကွဲခြင်း၊ ခံပြင်းဒေါသထွက်ခြင်း၊ ယူကျုံးမရဖြစ်ခြင်း စသည့်ခံစားချက်များ ရောပြွမ်းပေါ်လွင်နေလေတော့သည်။

ကျောက်ဖုံး မျက်နှာပျက်သွားသည်။

"မင်း ... မင်းဘယ်သူလဲ"

ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးလိုက်လေသည်။ သူတော်က ...

"ကျုပ်က ချင်းသက်မှဲပါ"

"ဘာ"

ကျောက်ဖုံး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

သူတော် ...။

သူတော်သည်ပင် ချင်းသက်မှဲ ဖြစ်နေပါသည်။

ကျောက်ဖုံး၏တစ်ကိုယ်လုံး အေးစက်သွားသည်။ ဇောချွေး

www.burmeseclassic.com

www.burmeseclassic.com



များလည်း ပြန်နေသည်။

သူတော်တစ်ဖြစ်လဲ ချင်းသက်မှဲကို မျက်လုံးပြူးကာ ကြည့်နေမိ၏။

ရွှေဓားချန်ခွန်းသည် ချင်းသက်မှဲ၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ရကြောင်း သိခဲ့ရ၏။

ယခုတော့ သူ့အလှည့်ရောက်လာပြီ မဟုတ်ပါလား။ ချင်းသက်မှဲက ...

"ခုလို အချိန်အခါမျိုးရောက်လာအောင် ကျုပ်က နှစ်ပေါင်းနှစ်ဆယ်လုံးလုံး သည်းခံစောင့်ဆိုင်းလာခဲ့ရတာပါဗျာ"

ဟု ပြောလေသည်။

ထိုင်ရာမှထကာ ကျောက်ဖုံးထံသို့ တစ်လှမ်းချင်း ချဉ်းကပ်လာသည်။

ကျောက်ဖုံးက ...

"ဟိုအိမ်ကြီးထဲမှာ အခေါင်းခုနစ်လုံးကို စီစဉ်ထားခဲ့တာ မင်းပေါ့ ဟုတ်လား"

ချင်းသက်မှဲ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် အခေါင်းဆိုင်ရှင်ကကော"

"ကျုပ်ပါပဲ"



ကျောက်ဖုံးက ...

"မင်းက အခေါင်းဆိုင်ရှင်အဖြစ် ဒီနေရာကို ရောက်လာအောင် ကျုပ်တို့ကို လမ်းညွှန်ပေးလိုက်တယ်၊ ပြီးတော့ ဒီမှာ သူတော်အဖြစ် လာစောင့်နေတာပေါ့လေ"

"ဟုတ်ပါတယ်ဗျာ"

"မင်းရဲ့ ရုပ်ပြောင်းရုပ်လွှဲပညာဟာ အတော့်ကို ချီးကျူးစရာကောင်းတာပဲ၊ အတော့်ကို ပိရိသေသပ်တော့ ကျုပ်တို့ သတိမထား မိလိုက်ကြဘူး"

ချင်းသက်မှဲ ရယ်မောလိုက်သည်။

"ခုလိုချီးကျူးတာကို ကျေးဇူးတင်ပါတယ်ဗျာ ... ကျုပ်ရဲ့ အဆိပ်ပညာလည်း ကျန်ပါသေးတယ်"

ကျောက်ဖုံးက သက်ပြင်းချလိုက်သည်။

"သိုင်းလောကမှာ အဆိပ်ပညာနဲ့ ရုပ်ပြောင်းရုပ်လွှဲပညာ ပြိုင်စံရှားတဲ့ သိုင်းသမားဆိုးကြီးတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူ့ကို သိုင်းလောကသားတွေက မျက်နှာတစ်ထောင်ဘီလူးလို့ ခေါ်ကြတယ်၊ မင်းက သူနဲ့ ဘယ်လိုပတ်သက်နေသလဲ"

"ကျုပ်ရဲ့ဆရာပါ"

ကျောက်ဖုံး စိတ်ပျက်သွားလေသည်။

"မင်းဟာ တကယ့်လူဆိုးကြီးတစ်ယောက်ရဲ့ တပည့်ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာကို"

ချင်းသက်မှဲက ...

"ခင်ဗျားပြောစရာစကား ကုန်ပြီလား"

ကျောက်ဖုံးက ...

"မင်းရဲ့အစ်မဟာ ကျုပ်ကြောင့် ဒုက္ခရောက်ခဲ့တယ်ဆိုရင် ကျုပ် စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ကျုပ်က သူ ဒုက္ခရောက်အောင် တမင်လုပ်ခဲ့တာ မဟုတ်ဘူးဆိုတာတော့ မင်း နားလည်မှာပါ"

ချင်းသက်မှဲ ခေါင်းခါယမ်းလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကြောင့် သူ မျက်စိကွယ်ခဲ့ရတာပဲ"

"ဒါတော့ မင်း တယူသန်ဖြစ်နေပြီ၊ ကျုပ် တမင်လုပ်ခဲ့တာမှ မဟုတ်တာဘဲ"

ချင်းသက်မှဲက လက်မခံပါ။

"ခင်ဗျား တမင်ပဲလုပ်လုပ်၊ မတော်တဆပဲ လုပ်လုပ်၊ သူ့ရဲ့ မျက်လုံးကန်းသွားတာ ခင်ဗျားကြောင့်မဟုတ်ရင် ဘယ်သူ့ကြောင့် ဖြစ်ရဦးမှာလဲ"

အကျိုးအကြောင်း ရှင်းပြနေလို့လည်း ထူးတော့မည်မဟုတ်ကြောင်း ကျောက်ဖုံး သဘောပေါက်လိုက်လေသည်။

ထို့ကြောင့် ...

"မင်းက ကျုပ်ကို ဘာလုပ်မလဲ"



ဟု မေးလိုက်သည်။ ချင်းသက်မှဲက ...

"ခင်ဗျားရဲ့ ရွှေအပ်ကလေးတွေကို ပြန်ပေးမလို့ပါ"

စကားဆုံးလျှင် လက်ထဲရှိနေသော ရွှေအပ်ကလေး နှစ်ချောင်းကို တောက်ထုတ်လိုက်လေသည်။

ကျောက်ဖုံး ရင်ထိတ်သွား၏။ ကပျာကယာ ရှောင်တိမ်းဖို့ ကြိုးစားလိုက်လေသည်။

သို့သော် သူ၏တစ်ကိုယ်လုံး ကြိုးများဖြင့် တုပ်နှောင်ခံထား ရသလို မလှုပ်ရှားနိုင်အောင် ဖြစ်နေပါသည်။

ရွှေအပ်ကလေး နှစ်ချောင်းသည် သူ၏မျက်နှာတည့်တည့် သို့ ဝင်ရောက်လာသည်ကို အတိုင်းသား တွေ့မြင်ရလေသည်။

ရုတ်တရက် ...

သူ၏မျက်လုံးအစုံ၌ အလွန်ပြင်းပြသော နာကျင်မှုဝေဒနာ တစ်ရပ် ဖြစ်ပေါ်လာသည်ဟု ခံစားလိုက်ရလေသည်။

"အား"

ကျောက်ဖုံး စူးရှစွာ အော်ဟစ်လိုက်သည်။ သူ၏မြင်ကွင်း တစ်ခုလုံး အလင်းရောင်ပျောက်ကွယ်ကာ မှောင်အတိကျသွားလေ သည်။

ထို့နောက် ဘာဆိုဘာမှ မသိနိုင်တော့ဘဲ အသိတရားသည် သူ၏ခန္ဓာကိုယ်မှ ဖယ်ခွာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

ဇက်ကျိုးကျသွားသော ကျောက်ဖုံးကိုကြည့်ကာ ချင်းသက်မဲ့က ဟားတိုက်ရယ်မောလိုက်လေတော့သည်။

***



●

## အတုံ့အလှည့်

အရှေ့ဘက်တွင် အရုဏ်ဦး၏ ရောင်နီများ ပျို့အန်လာပြီ ဖြစ်သည်။

ကောင်းကင်တစ်ခုလုံး ရဲရဲနီနေသည်။ မကြာမီ မိုးစင်စင်လင်းလာတော့မည်ဖြစ်လေသည်။

နံနက်ခင်းတေးကို သီကြွေး၍ ကျေးငှက်ကလေးများက ဟိုမှသည် ပျံဝဲနေကြသည်။

ပန်းရနံ့များ သယ်ဆောင်လာသည့် လေပြည်လေညင်းလေးများကလည်း ဖွေ့ယမ်းတိုက်ခတ်လာလေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေချိန်တွင် ငှက်မျောချောင်းနံဘေးမှ အိမ်ကြီးမှာ အထီးကျန်စွာ တည်ရှိနေလေသည်။

ခြသေ့်ကြီး ထိချူးသည် ထိုအိမ်ကြီးသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ထိချူးသည် အိမ်ကြီးထဲသို့ဝင်ကာ အကဲခတ်ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်များ ထွန်းညှိထားသဖြင့် တစ်အိမ်လုံး လင်းလင်းကျင်းကျင်း ရှိနေ၏။

ထိုချုးသည် အစီအရီချထားသော အခေါင်းများကို တွေ့ရလျှင် နှာခေါင်းရှုံ့လိုက်လေသည်။

"ကြီးကျယ်လိုက်တာ၊ သိုင်းလောကထိပ်သီး သိုင်းသမားကြီးတွေကိုများ လုပ်ကြံချင်သတဲ့လား"

ဟုလည်း ရေရွတ်လိုက်လေသည်။ ထို့နောက် အိမ်ထဲ၌ လိုက်လံစစ်ဆေးကြည့်ရှုလိုက်လေသည်။ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရပါ။

ထိချူးက ...

"အရှက်မရှိဘူး၊ လိပ်လို ခေါင်းဝှက်နေသေးတယ်"

ဟု ကျိန်ဆဲလိုက်ပြန်သည်။ တစ်ဖန် သူ၏အမည် ရေးကပ်ထားသော အခေါင်းအနီးသို့ ချဉ်းကပ်သွားကာ အကဲခတ်ကြည့်လိုက်လေသည်။

"အခေါင်းက အကောင်းစားကျွန်းသစ်နဲ့ လုပ်ထားတာပဲ၊ အသစ်စက်စက်ဆိုတော့ အင်း ... ကျုပ်သေလို့ ဒီလိုအခေါင်းမျိုးနဲ့ မသာချရမယ်ဆိုရင်လည်း မဆိုးပါဘူးလေ"

ရေရွတ်ရင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

ထိုစဉ် ...



အပြင်ဘက်မှ ခြေသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထိချူး ချက်ချင်းလှမ်းကြည့်လိုက်သည်။

ထိုအခါ လူရိပ်တစ်ခု ထွက်ပေါ်လာပြီး အိမ်ထဲ လှမ်းဝင်လာသူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူကိုမြင်လျှင် ထိချူးက ...

"ဘယ်သူများလဲ မှတ်တယ် ... မိတ်ဆွေကြီးကျောက်ဖုံးကိုး၊ ကျုပ်အတွက် စိတ်ပူလို့ လိုက်လာတာလားဗျ၊ ရသေ့ကြီးကော ရောက်လာပြီလား"

ဟု မေးလိုက်သည်။ အိမ်ထဲသို့ ဝင်လာသူမှာ ကျောက်ဖုံးဖြစ်လေသည်။

ကျောက်ဖုံးက ...

"ဟုတ်တယ် ... ရသေ့ကြီး ရောက်လာပြီ၊ ချင်းသက်မဲ့ ဘယ်မှာ ရှိတယ်ဆိုတာလည်း သိရပြီ၊ ဒါကြောင့် ခင်ဗျားကို လာခေါ်တာ"

ထိချူး အံ့သြသွားသည်။

"ချင်းသက်မဲ့ ဘယ်မှာရှိတယ်ဆိုတာကို သိရတာကောင်းမှ ကျုပ်ကို ဥပေက္ခာပြုမသွားဘဲ လာခေါ်တယ်ဆိုတော့ ကျေးဇူးတင်ရမှာပေါ့လေ၊ ကဲ သူက ဘယ်မှာလဲ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖုံးက ...

"သူ့ဆီကို ရောက်အောင်သွားဖို့ မလွယ်ဘူး၊ လမ်းခရီးက အတားအဆီးတွေကို ဖယ်ရှားပစ်ဖို့ ခင်ဗျားရဲ့ အကူအညီလိုတယ်၊ ဒါကြောင့် ခင်ဗျားကို လာခေါ်တာ"

ထိချူးက ...

"ကောင်းပါပြီ ... သွားကြတာပေါ့"

ကျောက်ဖုံး ချာခနဲလှည့်ထွက်သွားလေသည်။ ထိချူးလည်း ထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

✱

ကျောက်ဖုံးက ရှေ့မှ တစိုက်မတ်မတ်သွားနေ၏။ ထိချူးလည်း ထက်ကြပ်မကွာ လိုက်သွားလေသည်။

နှစ်ယောက်သား တောအုပ်ထဲမှ ဖြတ်သန်းသွားကြပြီး အတန်ကြာလျှင် ကျဉ်းမြောင်းသော တောင်ကြားလမ်းတစ်ခုသို့ ရောက်ရှိသွားကြလေသည်။

ထိုတောင်ကြားလမ်းမှာ လူနှစ်ယောက် ပခုံးချင်းယှဉ်ကာ ဝင်သာရုံမျှသာ ရှိလေသည်။



တောင်ကြားလမ်းအဝင်ဝတွင် အလွန်ကြီးမားသော ကျောက်တုံးကြီးတစ်တုံး ပိတ်ဆို့ကာဆီးနေ၏။

ကျောက်ဖုံးက ခြေလှမ်းရပ်လိုက်သည်။ တောင်ကြားလမ်းဝမှ ကျောက်တုံးကြီးကို ညွှန်ပြလိုက်ပြီး ...

"ဒီကျောက်တုံးကြီးကို ဖယ်ရှားပစ်နိုင်မှ အထဲကို ဝင်လို့ရမယ်"

ဟု ပြောလိုက်လေသည်။

ထိချူး မျက်မှောင်ကြုတ်သွားပြီး ...

"တောင်ကြားထဲမှာ ချင်းသက်မဲ့ ရှိနေတယ် ... ဟုတ်လား"

ဟု မေးလိုက်လေသည်။ ကျောက်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သူက ဒီနေရာမှာ ပုန်းနေတာ၊ တောင်ကြားထဲကို ဘယ်သူမှ ဝင်လာလို့မရအောင် လမ်းပိတ်ထားတယ်လေ၊ ရသေ့ကြီးသာ ပြောမပြဘူးဆိုရင် သူပုန်းနေတာကို သိရမှာမဟုတ်ဘူး။ ကဲ ... လမ်းပိတ်နေတဲ့ကျောက်တုံးကြီးကို ခင်ဗျား ဖယ်ရှားပစ်နိုင်တယ် မဟုတ်လား"

"ဟား ဟား ဟား"

ထိချူးက ဟားတိုက်ရယ်မောလိုက်လေသည်။

"ဒီကျောက်တုံးလောက်တော့ ကျုပ်က မမှုလေးပါဘူး၊ ကဲ

www.burmeseclassic.com

www.burmeseclassic.com



... ခင်ဗျား သေးကရပ်ပြီး စောင့်ကြည့်နေ ... ကျုပ် ဖယ်ရှားပြမယ်”

စကားဆုံးလျှင် လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ရိုက်ထုတ်လိုက်လေသည်။

လေတိုးသံများ တဟူးဟူး ထွက်ပေါ်လာ၏။

‘ဝုန်း’

ကျယ်လောင်သော အသံတစ်ချက်လည်း ထွက်ပေါ်လာသည်။

ကျောက်တုံးကြီးကား တုတ်တုတ်မျှ မလှုပ်ချေ။

“ဟင်”

ကျောက်တုံးကြီး ကြေမွပျက်စီးသွားခြင်းမရှိခဲ့ပေ။ ကျောက်ဖုံးက အေးအေးဆေးဆေး လက်ပိုက်၍ကြည့်နေ၏။

ထိချူး ခံပြင်းဒေါသထွက်နေသည်။

“ဒီကျောက်တုံးကိုမှ ဖယ်ရှားမပစ်နိုင်ဘူးဆိုရင် ကျုပ် လူမလုပ်တော့ဘူး”

ဟုပြောကာ လက်ဝါးဖြင့် အဆက်မပြတ် ရိုက်ချလိုက်ပြန်သည်။

အတွင်းအားကို ဆတက်ထမ်းပိုးတိုးကာ ထုတ်ဖော်အသုံးပြုနေရခြင်းကြောင့် မောဟိုက်လာသည်။ သူ၏နဖူးပေါ်တွင် ချွေးများ ရွှဲရွှဲစိုလာလေသည်။



ကျောက်ဖုံးက အေးအေးဆေးဆေးပင် လက်ပိုက်ကြည့်နေ၏။

ထိချူးသည် နောက်ထပ် လေးငါးဆယ်ချက်ခန့် လက်ဝါးဖြင့် ရိုက်ချလိုက်ပြီးလျှင် နောက်ဆုတ်လိုက်လေသည်။

ကျောက်တုံးကြီးကား ဣန္ဒြေရစွာ ရှိနေဆဲ။

ကျောက်ဖုံးက ...

“မိတ်ဆွေကြီး ... ကျောက်တုံးကြီးကို ဖယ်ရှားပစ်လို့ မရနိုင်တော့ဘူးလားဗျ”

ဟု မေးလိုက်လေသည်။

ထိချူးသည် ကျောက်တုံးကြီးကို တစ်လှည့်၊ သူ၏လက်ဝါးနှစ်ဖက်ကို တစ်လှည့် မယုံကြည်နိုင်စွာ ကြည့်နေပါသည်။

ကျောက်ဖုံးက ...

“ခင်ဗျားဟာ သိုင်းလောကမှာ အတွင်းအားအကောင်းဆုံးလူတစ်ယောက်ပဲ မဟုတ်လား၊ ခြင်္သေ့ကြီးတစ်ကောင်လို သန်စွမ်းလို့လည်း သိုင်းလောကသားတွေက ခြင်္သေ့ကြီးလို့ တင်စားပြီး ခေါ်ကြတာပဲ၊ ခုတော့ ကျောက်တုံးတစ်တုံးကိုတောင် ဖယ်ရှားမပစ်နိုင်အောင် ဘယ်လိုဖြစ်ရတာလဲဗျာ”

ဟု မေးလေသည်။

ထိချူးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဘယ်လိုဖြစ်တယ်ဆိုတာ ကျုပ်လည်း မပြောနိုင်အောင်ဘဲ၊ နေဦး ... ကျုပ် ကြိုးစားကြည့်ဦးမယ်"

ချက်ချင်းပင် ရှိသမျှအတွင်းအားကို ဖော်ထုတ်လိုက်လေသည်။

သူ၏အရိုးအဆစ်များသည် တဖျောက်ဖျောက် မြည်လာသည်။

ခြသေ့်ကြီးတစ်ကောင်ကဲ့သို့ နီကြင်ကြင်ဆံပင်များ ထောင်ထလာကာ ပွရောင်းရောင်း ဖြစ်လာသည်။

ထိုချူးသည် တကယ့်ခြသေ့်ကြီးတစ်ကောင်နှင့် တူနေပါတော့သည်။

သူ၏မျက်လုံးများ သည် ရဲရဲနီလာပြီး ...

"ယား"

ဩသံပေးကာ ကျောက်တုံးကြီးကို ရိုက်ချပစ်လိုက်လေသည်။

ပြင်းထန်သော အတွင်းအားလှိုင်းများကြောင့် လေတိုးသံများ တဟူးဟူး မြည်ကာ ထွက်ပေါ်လာလေသည်။

ဖုန်များ သဲများ လွင့်ပျံသွားကာ ပတ်ဝန်းကျင်တစ်ခုလုံး မှုန်ဝါးပါး ဖြစ်သွားတော့သည်။

'ဝုန်း'



ကျယ်လောင်သောအသံကြီး ထွက်ပေါ်လာသည်။ လမ်းဝိတ်နေသော ကျောက်တုံးကြီးမှာ အစိတ်စိတ်အမြွှာမြွှာ ကွဲအက်ကြေမွသွားလေတော့သည်။

ကျောက်ဖုံးက ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

"မိတ်ဆွေရဲ့အတွင်းအားက ပြိုင်ဘက်ကင်းလှပါပေတယ်ဗျာ"

ဟု ချီးကျူးလိုက်လေသည်။

ကျောက်တုံးကြီးအား ဖယ်ရှား နိုင်လိုက်ပြီဖြစ်၍ ထိချူးက ဟားတိုက်ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သို့သော် ထိချူးသည် ရယ်မောရင်း သူ၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာသည်။

ထိုမှတစ်ဖန် နှာခေါင်းပေါက်မှလည်းကောင်း၊ နားနှစ်ဖက်မှလည်းကောင်း သွေးများ ယိုစီးကျလာလေသည်။

ထိုသွေးများသည် နီရဲမနေဘဲ မည်းနက်နေ၏။

အဘယ်ကြောင့် သွေးမည်းများ စီးကျလာရပါသနည်း။

ထိချူး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။ ဒယီးဒယိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နောက်ဆုတ်သွားသည်။

ကျောက်ဖုံးက ...

"ခင်ဗျား ဘယ်လိုဖြစ်တာလဲ"

ဟု မေးလိုက်လေသည်။ ထိချူးက ...

"ဟုတ်တယ် ... ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ ကျုပ်"

စကားဆုံးအောင် မပြောနိုင်ဘဲ ...

'ဝေါ့'

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။ သွေးများကား မည်းနက်၍နေပါသည်။ ကျောက်ဖုံးက ...

"ခင်ဗျား အဆိပ်မိထားတာလား"

ဟု မေးလိုက်လေသည်။ ထိချူးက ...

"ဟုတ်တယ်ထင်ပါရဲ့ဗျာ"

"ဘယ်လိုဖြစ်တာလဲဗျ"

"ကျုပ်လည်း မပြောတတ်ဘူး"

ထိချူးသည် ပြောရင်း မောဟိုက်လာသည်။ ချောင်းတဟွပ်ဟွပ် ဆိုးလာသည်။ ချောင်းဆိုးလိုက်တိုင်း သွေးမည်းများ စီးကျလာသည်။

နောက်ဆုံး မဟန်နိုင်တော့ဘဲ မြေပေါ် ထိုင်ချလိုက်လေသည်။



ကျောက်ဖုံးက ...

"ခင်ဗျား အဆိပ်မိထားတာကို၊ ဒါကြောင့် အတွင်းအားကို အသုံးပြုလိုက်တာနဲ့ အဆိပ်တန်ခိုးဖြလိုက်တာပဲ"

ဟု ပြောလိုက်သည်။ ထိချူးက ...

'ထို'

မြေပေါ် တံတွေးထွေးချလိုက်ပြီး မကျေမနပ်ဖြင့် ပြောလေသည်။

"ကျုပ်က တော်ရုံအဆိပ်လောက်ကို မမှုပါဘူးဗျာ၊ မြောင်နယ်ခြားမှာ အဆိပ်ဘုရင်နဲ့ တိုက်ခိုက်ခဲ့ရတုန်းကတောင် သူ့ရဲ့ အဆိပ်သုံးမျိုး မိခဲ့သေးတာပဲ၊ ဒါပေမဲ့ ကျုပ်အတွင်းအားကို အသုံးပြုပြီး ညှစ်ထုတ်ပစ်နိုင်ခဲ့သေးတာပဲ"

ကျောက်ဖုံးက ...

"အဆိပ်ဘုရင်ရဲ့ အဆိပ်တွေကိုတောင် ခင်ဗျားက မမှုဘူးဆိုတော့ အခုလည်း မှုစရာမလိုဘူးပေါ့ဗျာ"

"ကျုပ်"

"ခင်ဗျား ဘာဖြစ်တာလဲ"

"ကျုပ်ကို အဆိပ်က နှိပ်စက်နေပြီဗျ"

"ဟင်"

"ကျုပ်က အဆိပ်မိထားမှန်းမသိလို့ အတွင်းအားကို အလွန်

www.burmeseclassic.com

www.burmeseclassic.com



အကျွံ့ အသုံးပြုမိလိုက်တယ်၊ ဒါကြောင့် ခုလိုခံလိုက်ရတာပဲ၊ ဒါထက် ခင်ဗျားမှာ အဆိပ်ဖြေဆေး ရှိသလား"

ကျောက်ဖုံးက ခေါင်းခါယမ်းလိုက်လေသည်။

"မရှိဘူး၊ ဒါပေမဲ့ ... အစွမ်းထက်တဲ့ သမားတော်ကြီး တစ်ယောက်ရှိတဲ့နေရာကို ကျုပ်သိတယ်"

ထိုစကားကြားလျှင် ထိချူး ဝမ်းသာသွားလေသည်။

"ကျုပ်ကို လိုက်ပို့ပေးပါလားဗျာ"

ဟုပြောကာ ထိုင်ရာမှထလိုက်လေသည်။ သို့သော် မည်သို့မှ မဟန်နိုင်ဘဲ ...

'ဝုန်း'

မြေပေါ် ဖင်ထိုင်ကျသွားလေသည်။ ဦးခေါင်းသွင်သွင်ခါယမ်းလိုက်ပြီး ...

"ကျုပ်က လမ်းတောင်လျှောက်နိုင်မှာ မဟုတ်တော့ဘူး၊ ကျုပ်ကို သမားတော်ဆီ ပို့ပေးပါဗျာ၊ ခင်ဗျားရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

ကျောက်ဖုံးကို အကူအညီ တောင်းလိုက်လေသည်။ ကျောက် ဖုံးက ...

"သမားတော်နဲ့ ပြချင်တယ် ... ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်အသက်ကို ခင်ဗျားပဲ ကယ်နိုင်ပါလိမ့်



မယ်၊ သမားတော်ဆီကိုရောက်အောင် ပို့ပေးပါဗျာ"

ထိချူးက တောင်းပန်လိုက်လေသည်။ ကျောက်ဖုံး သက် ပြင်းချလိုက်သည်။

"အသက်အန္တရာယ်နဲ့ကြုံတွေ့လာရင် လူတိုင်းဟာ သမား တော်ကို သတိရကြတာပဲ မဟုတ်လား၊ ခုချိန်မှာ ခင်ဗျားက သမား တော်ဆီကို ရောက်အောင်သွားချင်တယ်၊ ကဲ သမားတော်ဆီကို ရောက်ပါပြီတဲ့၊ ဆေးကုမပေးနိုင်ဘူးလို့ ငြင်းလိုက်ရင် ဘယ်လိုလုပ် မလဲ"

"ဟင်"

"ဒါမှမဟုတ်၊ တစ်စုံတစ်ယောက်က သမားတော်ဆီကို ရောက်နေပြီး သူ့ရဲ့ကိစ္စကို အရင်လုပ်ပေးနိုင်းစရာရှိလို့ ခင်ဗျားကို မောင်းထုတ်လိုက်မယ်ဆိုရင်ကော"

ထိချူး မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

"ခင်ဗျားကို ဆေးကုမပေးနိုင်ဘူးလို့ မောင်းထုတ်လိုက်ရင် ဘယ်လိုခံစားရမယ်ဆိုတာကို မေးတာပါ"

"ဟ သမားတော်ပဲ ... ဝေဒနာရှင်ဆိုရင် မောင်းထုတ်ပစ်မှာ မဟုတ်ပါဘူး၊ ဆေးကုပေးမှာပါ"

"ခင်ဗျား ဒီလိုပဲ ထင်သလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ"

"ခင်ဗျားရဲ့အထင် မှားနေပြီဗျ၊ တစ်ခါတလေ မမျှော်လင့်တာတွေ ဖြစ်တတ်တယ်၊ ကျုပ်က မျက်မြင်တွေ့ခဲ့ဖူးလို့ပါ"

ထိချူးက ...

"ဝေဒနာရှင်ကို ဆေးကုမပေးဘဲ မောင်းထုတ်တဲ့ သမားတော်ဆိုရင် မှက်လောက်သားလောက်အောင် ရိုက်နှက်ဆုံးမသင့်တာပေါ့"

ထိုစကားကြားလျှင် ...

"ဟား ဟား ဟား"

ကျောက်ဖုံးက ဟားတိုက်ရယ်မောလိုက်လေသည်။ သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ထိချူး အံ့ဩသွားလေသည်။

"ခင်ဗျား ဘာရယ်တာလဲ"

ကျောက်ဖုံးက ...

"သဘောကျလို့ ရယ်တာပေါ့"

"ဘာဗျ"

"ခင်ဗျားပြောတဲ့ အတိုင်းဆိုရင် ခင်ဗျားကိုယ် ခင်ဗျား အရင်ဆုံး ရိုက်နှက် ဆုံးမသင့်တာပေါ့"

"ဟင်"



ထိချူး မျက်လုံးပြူးသွားသည်။ ကျောက်ဖုံးကို နားမလည်နိုင်စွာကြည့်ရင်း ...

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

"သြော် ... ခင်ဗျား နားမလည်ဘူးလား၊ ဒါဆို ကျုပ် ရှင်းပြပါမယ်ဗျာ၊ နားထောင်ပါ"

ကျောက်ဖုံးသည် ကြေကွဲစရာကောင်းသော ဖြစ်ရပ်တစ်ခုကို ပြောပြလိုက်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## မျက်ကန်းမလေး

ချင်းလီသည် မိုးကြိုးလက်ဝါးကွမ်းကြိုလူ၏ အထင်မှားပြီး တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ရလေသည်။

သူ့ငွေးထန်သည် ကျန်ရစ်ခဲ့သော ကျင်းကျင်းတို့မိသားစု သုံးဦးအပေါ် အကောက်ကြံ ဦးမည်ဖြစ်ရာ ဇာတိရပ်ရွာလေး၌ မနေဝံ့တော့ဘဲ ထွက်လာခဲ့ကြရ လေသည်။

လမ်းခရီးတွင် မမျှော်လင့်ဘဲ ဓားပြတိုက်ခံရပြီး ရွှေငွေအားလုံး ဆုံးရှုံးသွားခဲ့ရပြန်သည်။

ကျင်းကျင်းသည် သားသမီးနှစ်ယောက်၏ စားဝတ်နေရေးအတွက် ဘဝကိုရင်ဆိုင်ရင်း ခန္ဓာကိုယ်ဖြင့်ရင်းနှီးကာ ရှာဖွေရသည့်ဘဝသို့ ရောက်သွားခဲ့လေသည်။

ထိုအဖြစ်ကို ချင်းသက်မဲ့ သိသွားချိန်၌ အပျော်လွန်ကာ အရက်မူးနေသော ရွှေဓားချန်ခွန်းက ကျင်းကျင်းအား ပျော်ပါးရန် ခေါ်သွားသည့်အချိန်နှင့် တိုက်ဆိုင်ခဲ့လေသည်။

မမျှော်လင့်ဘဲ ကျင်းကျင်းသည် ရွှေဓားချန်ခွန်း၏ မြင်း



လှည်းပေါ်မှ ပြုတ်ကျကာ သေဆုံးသွားလေသည်။

မိဘမဲ့ဖြစ်သွားသော ချင်းသက်မဲ့တို့ မောင်နှမအား ငှားရမ်းထားသောအိမ်ကလေးမှ အိမ်ရှင်ဇာလည်း လက်မခံတော့ဘဲ နှင်ထုတ်ပစ်လိုက်လေသည်။

ချင်းသက်မဲ့နှင့် ချင်းချင်းတို့ မောင်နှမနှစ်ယောက်သည် လမ်းပေါ်သို့ ရောက်လာကြသည်။

သူတို့သည် တစ်မြို့မှတစ်မြို့သို့ ပြောင်းကာ တစ်လမ်းဝင် တစ်လမ်းထွက် တောင်းရမ်းစားသောက်ရင်း ဘဝကို ရုန်းကန်ခဲ့ရလေသည်။

လမ်းဘေးအိပ်၊ လမ်းဘေးစားဘဝသို့ ရောက်ခဲ့ကြပြီး တစ်ည လမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်၌ အိပ်ပျော်နေကြစဉ် ပြဿနာတစ်ရပ်နှင့် ကြုံတွေ့ခဲ့ကြရလေတော့သည်။

✸

ည ...။

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

သို့သော် လမ်းကြားလေးအတွင်း၌မူ သစ်ပင်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ရောက်လျက်ရှိနေ၍ အမှောင်ရိပ်များ ထိုးကျနေလေသည်။

ချင်းသက်မွဲနှင့် ချင်းချင်းတို့ မောင်နှမနှစ်ယောက်သည် သစ်ပင်ကြီးတစ်ပင်အောက်၌ အိပ်ပျော်နေကြလေသည်။

ယံနေ့ညအဖို့ တောင်းရမ်း၍မရနိုင်ဘဲ လူအများ၏ အော်ဟစ်မောင်းထုတ်ခြင်းကို ခံခဲ့ရသဖြင့် ညစာမစားရဘဲ ဆာဆာနှင့် အိပ်ပျော်သွားကြ ခြင်းလည်း ဖြစ်လေသည်။

မည်မျှကြာအောင် အိပ်ပျော်နေကြမှန်းမသိ။

ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရမှ နိုးလာကြလေသည်။

မောင်နှမနှစ်ယောက်သည် ကပျာကယာ လူးလိမ့်ထလိုက်ကြ၏။

သို့သော် ...

"ငြိမ်ငြိမ်နေ ... သေသွားမယ်"

သစ်ပင်အောက်သို့ ရောက်လာသူတစ်ယောက်က အော်ငေါက်လိုက်လေသည်။

ချင်းသက်မွဲနှင့်ချင်းချင်းတို့ တုတ်တုတ်မျှ မလှုပ်ဝံ့ကြဘဲ ငြိမ်နေလိုက်ကြသည်။

ချင်းချင်းသည် ချင်းသက်မွဲ၏ လက်မောင်းကို ဆုပ်ကိုင်ရင်း

"မောင်လေး ... မမကြောက်တယ်"



ဟု အသံတိုးတိုးဖြင့် ပြောလာလေသည်။ ချင်းသက်မွဲက...

"မမရယ် မကြောက်ပါနဲ့၊ သူတို့ကိစ္စကို သူတို့ဘာသာ ဖြေရှင်းပြီးရင် ထွက်သွားကြမှာပါ၊ ကျွန်တော်တို့ကို ဒုက္ခပေးမှာ မဟုတ်ပါဘူး"

ဟု အားပေးနှစ်သိမ့်လိုက်လေသည်။ ချင်းချင်းက ...

"သူတို့ဟာ ဘယ်သူတွေလဲဟင်"

"ကျွန်တော်လည်းမသိဘူး မမ ... လူဆိုးတွေ ဖြစ်မ ည်"

ထိုအချိန်မှာပင် ...

"ရှောင်အင်း ... မင်း ပြေးလို့မလွတ်ဘူး"

"ကျောက်ဖုံး ... ခင်ဗျား သေဖို့ပြင်ထား"

အော်ငေါက်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ပြင်းထန်သောတိုက်ပွဲတစ်ခုလည်း ဖြစ်ပေါ်လာလေသည်။

"မောင်လေး ... မမကြောက်တယ်"

ချင်းချင်း၏အသားများ တဆတ်ဆတ်တုန်ယင်အောင်ပင် ကြောက်ရွံ့နေလေသည်။

ချင်းသက်မွဲသည် မလှမ်းမကမ်း၌ ဖြစ်ပေါ်နေသော တိုက်ပွဲကို လှမ်းကြည့်လိုက်ပြီး ...

"မမ ... ကျွန်တော်တို့ ဒီက ထွက်သွားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။ ချင်းချင်း သဘောတူလေသည်။

"ဟုတ်တယ် … သွားကြတာပေါ့"

သူတို့သည် ထိုင်ရာမှ ကပျာကယာ ထရပ်လိုက်ကြ၏။ ထွက်ပြေးသွားရန် ဟန်ပြင်နေစဉ် …

"ရှောင်နိုင်ရင် ရှောင်ပေတော့"

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာလေသည်။ ရွှေရောင် အလင်းတန်းနှစ်ခု ပစ်လွှင့်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ချင်းသက်မှဲ ငေးကြည့်နေစဉ် ပစ်လွှင့်လာသော ရွှေရောင် အလင်းတန်းလေးနှစ်ခုသည် ချင်းချင်း၏ နားထင်နှစ်ဖက်တွင် စိုက်ဝင်သွားလေတော့သည်။

"အောင်မလေး"

ချင်းချင်း လွှတ်ခနဲ အော်လိုက်လေသည်။ ချင်းသက်မှဲ အထိတ်တလန့် အော်လိုက်သည်။

"မမ"

ချင်းချင်းကို ပွေ့ဖက်လိုက်၏။

"မောင်လေးရယ် မမကိုကယ်ပါဦး၊ မမရဲ့မျက်လုံးတွေ ဘာမှ မမြင်ရတော့ဘူး"

"မမ ဘယ်လိုဖြစ်ရတာလဲဗျာ"



ချင်းသက်မှဲသည် ညည်းညူနေသော အစ်မဖြစ်သူကို ဖေးမရင်း မျက်ရည်ဖြိုင်ဖြိုင် ကျလာလေတော့သည်။

ထိုအချိန်တွင် …

"မပြေးနဲ့"

အော်ငေါက်သံများ ထွက်ပေါ်လာလေသည်။ တိုက်ခိုက်နေကြသူများသည် လမ်းကြားထဲမှ ပြေးထွက်သွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

တစ်ခဏအတွင်းမှာပင် လမ်းကြားထဲ၌ လူရှင်းသွားလေတော့သည်။

"မောင်လေးရယ် နာလှချည်ရဲ့ … မမကို ကယ်ပါဦး"

ချင်းချင်းက အော်ဟစ်ညည်းညူနေသည်။ ချင်းသက်မှဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပါသည်။

မိဘနှစ်ပါး မရှိတော့သည့် နောက်တွင် ချင်းချင်းသည်ပင် သူ၏အားထားရာ ဖြစ်ခဲ့လေသည်။

ယခု ချင်းချင်း ဒုက္ခရောက်နေပြီဖြစ်လေသည်။ ချင်းသက်မှဲသည် အစ်မဖြစ်သူ ဝေဒနာခံစားနေရသည်ကို ကြည့်ရင်း မနေနိုင်တော့ဘဲ …

"မမ ဘာမှမပူနဲ့၊ မမကို သမားတော်ဆီကို ရောက်အောင် ကျွန်တော်ခေါ်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ချင်းချင်းကို ပွေ့ထူကာ ပခုံးပေါ် ထမ်းလိုက်ပြီး ပြေးလွှားထွက်ခွာသွားလေတော့သည်။

✸

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်သည်။ နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါတော့သည်။

ချင်းသက်မှဲသည် ချင်းချင်းကို ပခုံးပေါ်ထမ်းကာ ပြေးလွှားလာခဲ့လေသည်။

သူက သမားတော်ရှိသော နေရာကို လိုက်လံစုံစမ်းပြီး တစ်ညလုံး မအိပ်ဘဲ ပြေးလွှားလာခဲ့ခြင်း ဖြစ်လေသည်။

နောက်ဆုံးတွင် အစွမ်းထက်သော နာမည်ကျော် သမားတော်ကြီးတစ်ယောက်၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားလေတော့သည်။

✸



ချင်းသက်မှဲ၏ ဝတ်ကိုယ်လုံး ချွေးဖြိုက်ဖြိုက်စိုရွှဲနေ၏။

ချင်းချင်းအား ပခုံးပေါ်တွင် ထမ်းထားရသည်မှာ ဝန်ထုပ်ဝန်ပိုးတစ်ခုအလား ဖြစ်လေသည်။

သို့သော် ချင်းသက်မှဲသည် မောသည်ပန်းသည်ဟု သဘောမထားဘဲ ထမ်းပိုးသယ်ဆောင်လာခဲ့ခြင်း ဖြစ်လေသည်။

သမားတော်ကြီး၏ အိမ်ရှေ့သို့ ရောက်လာတော့မှ စိတ်သက်သာရာ ရသွားလေသည်။

ချင်းချင်းကို ပခုံးပေါ်မှ ချလိုက်သည်။

"မမ ဒီမှာခဏနေဦးနော်၊ သမားတော်ကြီးကို ကျွန်တော်သွားတွေ့လိုက်ဦးမယ်"

"မောင်လေး မြန်မြန်လာခဲ့နော်"

"စိတ်ချပါ မမ"

ချင်းသက်မှဲသည် ချင်းချင်းကို နှစ်သိမ့်ကာ အဆောက်အအုံကြီးရှေ့သို့ လှမ်းသွားလိုက်လေသည်။

နံနက်စောစောအချိန်ဖြစ်၍ လမ်းပေါ်တွင် လူသွားလူလာရှင်းနေပါသည်။ အချို့အိမ်များကား အိပ်ရာမှ မထကြသေးပေ။

ချင်းသက်မှဲ သွားနေသော သမားတော်ကြီး၏အိမ်၌ တံခါးများ ဖွင့်ထားသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သမားတော်ကြီး အိပ်ရာမှ နိုးနေပြီဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ချင်းသက်မှဲ့ ရောက်သွားသောအခါ အိမ်ထဲမှလူနှစ်ယောက် လှမ်းထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ ခြသေ့်ကြီး တစ်ကောင်ကဲ့သို့ ထွားကျိုင်းပြီး ဆံပင်များ နီကြွင်ကြွင် ရှိလေသည်။

ကျန်တစ်ယောက်မှာ အဘိုးအိုဖြစ်ပြီး ဆံပင်များ ဖြူဖွေးနေ၏။ ဥပဓိရုပ် ကောင်းမွန်ပြီး ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံပုံရလေသည်။

ထိုအဘိုးအိုသည်ပင် သမားတော်ကြီး ဖြစ်ရမည်ဟု ချင်းသက်မှဲ့ တွက်ဆမိလိုက်သည်။

သူက ငေးကြည့်နေစဉ် ထိုလူနှစ်ယောက်သည် စကားတပြောပြောဖြင့် သူ၏အနီးသို့ ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။ အဘိုးအိုက ...

"ခြသေ့်ကြီး ထိချူး ... ခင်ဗျားရဲ့အတွင်းအားကို အထွတ်အထိပ် ရောက်စေချင်ရင်တော့ အခု ကျုပ်ဖော်စပ်ပေးလိုက်တဲ့ ဆေးဝါးအပြင် သွေးကြောတွေကို ဖွင့်ပေးပြီး သွေးလမ်း, လေလမ်း ပွင့်သွားအောင် ပြုလုပ်ပေးရမယ်"

ထိချူးက ...



"ကောင်းပြီ ... ကျုပ်က ခင်ဗျားကိုပဲ တာဝန်ပေးရမှာပဲ"

အဘိုးအိုက ...

"ကျုပ်ကို ... ဟုတ်လား"

ထိချူးက ...

"ဟုတ်တယ်လေ"

"နေပါဦး ... ခင်ဗျားက"

"ခုမှတော့ မထူးတော့ပါဘူးဗျာ၊ ခင်ဗျားက အတွင်းအားတိုးဆေး ဖော်စပ်ပေးတဲ့အပြင် သွေးကြောတွေ ပွင့်လင်းသွားအောင် တာဝန်ယူပြီးလုပ်ပေးပါ၊ အစအဆုံး တာဝန်ယူလိုက်ပေါ့ဗျာ"

စကားဆုံးလျှင် ထိချူးက သဘောကျစွာ ရယ်မောလိုက်လေသည်။ အဘိုးအို ပြုံးလိုက်သည်။

"အင်း ... ကျုပ်က အကြံပေးလိုက်တာနဲ့ ကျုပ်ကို ပြန်ပြီး တာဝန်ပေးလာမယ်ဆိုတာ ကျုပ်သိထားပါတယ်ဗျာ၊ ကဲပါလေ ... စမိမှတော့ ဆုံးအောင်လုပ်ရတော့မှာပေါ့၊ ခင်ဗျား မသွားနဲ့တော့ ... ခင်ဗျားစိတ်တိုင်းကျ ကျုပ် ဆောင်ရွက်ပေးမယ်"

"ဟား ဟား ဟား"

ထိချူးက သဘောကျစွာ ရယ်မောလိုက်လေသည်။ အဘိုးအိုက ...

"ခင်ဗျားက ကျုပ်ရဲ့အသက်ကို ကယ်တင်ခဲ့ဖူးတဲ့ ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



ရှိတာကြောင့် ခင်ဗျားရဲ့ဆန္ဒကို ကျုပ် ဘယ်လိုမှ မငြင်းနိုင်ဘူးပေါ့ လေ၊ ကဲ ... လာပါဗျာ"

"ကောင်းပြီ ... ကောင်းပြီ"

ထိချူးနှင့်အဘိုးအိုတို့သည် အိမ်ထဲ ပြန်ဝင်သွားရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ် ...

"သမားတော်ကြီး ... သမားတော်ကြီး"

အော်ဟစ်ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အဘိုးအိုနှင့် ထိချူးတို့ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ ကောင်လေးတစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့ လိုက်ရလေသည်။

ထိုကောင်လေးမှာ ချင်းသက်မဲ့ ဖြစ်လေသည်။ ချင်းသက်မဲ့ကိုမြင်လျှင် အဘိုးအိုနှင့်ထိချူးတို့ မျက်မှောင်ကြုတ်သွားကြလေသည်။

ချင်းသက်မဲ့သည် အမောတကောဖြင့် အနီးသို့ရောက်လာပြီး ...

"ဆရာကြီး ... ဆရာကြီး ... ကျွန်တော့်အစ်မကို ဆေးကုပေးပါ ခင်ဗျာ"

ဟု တောင်းတောင်းပန်ပန် ပြောလိုက်လေသည်။



"ဟင်"

"ဘာကွ"

အဘိုးအိုနှင့်ထိချူးတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ထိချူးက ချင်းသက်မဲ့ကို မကျေမနပ်ကြည့်လိုက်ပြီး ...

"ဟေ့ကောင်လေး ... မြန်မြန်ထွက်သွားစမ်း"

ဟု အော်ငေါက်လိုက်လေသည်။ ချင်းသက်မဲ့သည် ထိချူးကို ဂရုမစိုက်ဘဲ ...

"ဆရာကြီးခင်ဗျာ ... ကျွန်တော့်အစ်မ ဒုက္ခရောက်နေပါတယ် ခင်ဗျာ၊ ကျွန်တော့်အစ်မကို ကယ်ပါ"

အဘိုးအိုက ...

"နေပါဦး ... မင်းအစ်မက ဘာဖြစ်နေလို့လဲ"

"ဟို ... ဟို ... မျက်လုံးကန်းနေလို့ပါ"

"ဟာ ... ဒါဆို ချက်ချင်းပျောက်မှာ မဟုတ်ဘူး၊ အချိန်ယူပြီး ရက်ရှည်လများ ကုသရလိမ့်မယ်"

"ဆရာကြီးရယ် ... ကျွန်တော်တို့မောင်နှမဟာ ဒုက္ခသည်တွေပါ၊ ကျွန်တော်တို့ကို ကူညီပါခင်ဗျာ"

ချင်းသက်မဲ့သည် အဘိုးအိုအား ခြေသလုံးဖက်ကာ တောင်းပန်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို စိတ်မကောင်းဖြစ်သွားလေသည်။

"ခက်တာပဲ၊ မျက်စိကန်းတယ်ဆိုတာ ဆေးကုလို့ ရနိုင်တာမျိုးမှ မဟုတ်တာကွယ်"

"ဗျာ"

ထိချူးသည် သူ့အတွက် အနှောင့်အယှက် ဖြစ်သည်ဟု ယူဆကာ ချင်းသက်မဲ့ကို မကျေမနပ် ဖြစ်သွားလေသည်။

"ဟေ့ကောင်လေး သွားစမ်း"

ဟု အော်ငေါက်မောင်းထုတ်လိုက်လေသည်။ ချင်းသက်မဲ့က ...

"ကျွန်တော့်အစ်မကို ကယ်ပါဗျာ"

ငိုယိုကာ တောင်းပန်လိုက်သော်လည်း ထိချူးက ခပ်ကြမ်းကြမ်းပင် ဆွဲထုတ်ပစ်လိုက်လေတော့သည်။

"ရှုပ်လိုက်တာ သွားစမ်းကွာ"

'ဝုန်း'

ချင်းထက်မဲ့သည် မြေပေါ်သို့ လဲကျသွားလေသည်။ အဘိုးအိုက သက်ပြင်းချကာ ...

"ကလေး ... မင်း တခြားနေရာကိုသွားပါကွယ်၊ ရော့ ရော့ ... မင်းအတွက် မုန့်ဖိုး"

ငွေအနည်းငယ် ပေးလေသည်။



ချင်းသက်မဲ့သည် အဘိုးအိုနှင့် ထိချူးတို့က သူ့အား ကူညီကြမည်မဟုတ်မှန်းသိလျှင် ဒေါသခြောင်းခြောင်း ထွက်သွား၏။ မြေပေါ်မှ ငွေစက္ကူများကိုကြည့်ကာ ...

'ထွီ'

တံတွေးထွေးချလိုက်ပြီး တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

အဘိုးအိုနှင့် ထိချူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။ အဘိုးအိုက ...

"သူတောင်းစားလေးတစ်ယောက်ပဲ ဖြစ်မယ်"

ဟု ပြောလေသည်။ ထိချူးက ...

"ဒီကောင်လေးမှာ အခက်အခဲတစ်ခုခုတော့ ရှိမယ်ထင်တယ်၊ ဒါပေမဲ့ ကျုပ်ကိစ္စက ပိုပြီးအရေးကြီးတယ် မဟုတ်လားဗျာ"

သူတို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ တဟားဟား ရယ်မောလိုက်ကြလေသည်။

ထို့နောက် ချင်းသက်မဲ့ကို မေ့ထားလိုက်ကြပြီး အဆောက်အအုံအတွင်းသို့ ပြန်ဝင်သွားကြလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖိုး ...။

ချင်းသက်မွဲက ကျောက်ဖိုးအဖြစ် ဟန်ဆောင်ထားခြင်း ဖြစ်သည်။

အငြိုးထားသည့်ကိစ္စကို ပြောပြပြီးသည်နှင့် မျက်နှာကို လက်ဝါးဖြင့် သပ်ချလိုက်၏။

ကျောက်ဖိုး၏ရုပ်သွင် ကွယ်ပျောက်သွားပြီး ချင်းသက်မွဲ၏ ရုပ်သွင်ပေါ်လွင်လာလေသည်။

ထိချူးက ချောင်းတဟွပ်ဟွပ် ဆိုးလိုက်သည်။

'ဝေါ့'

ပါးစပ်မှ သွေးမည်းများ အန်ထုတ်လိုက်လေသည်။

ယခု မြေပေါ်တွင် ထိုင်မနေနိုင်တော့ဘဲ သစ်ပင်တစ်ပင်နားသို့ တွားသွားကာ အမှီသဟဲ ပြုထားလိုက်ရလေသည်။

ဝေဒနာခံစားနေရသည့်ကြားမှ ချင်းသက်မွဲကို အထိတ်တလန့်ကြည့်ရင်း ...

"လက်စသတ်တော့ ကျုပ်ရဲ့မိတ်ဆွေဆီမှာ ဆေးကုပေးဖို့လာပြီး တောင်းပန်ခဲ့တာ မင်းကိုး"

ဟု ပြောလိုက်လေသည်။

ချင်းသက်မွဲက ...



"ဟုတ်တယ်၊ သမားတော်ဖြစ်လျက်နဲ့ ဆေးကုပေးဖို့ ငြင်းခဲ့တဲ့ ခင်ဗျားရဲ့မိတ်ဆွေကို ကျုပ်ကရှင်းပစ်ခဲ့ပြီးပါပြီ၊ အခုတော့ ခင်ဗျား အလှည့်ပေါ့လေ"

"ဩော် ... သူက မင်းရဲ့လက်ချက်မိသွားပြီကိုး"

"ဒါပေါ့ဗျာ၊ ခင်ဗျားကလည်း ကိုယ့်ရဲ့အရေးကိစ္စကို ရှေ့တန်းတင်ပြီး ကျုပ်အစ်မကို ပစ်ပယ်ထားလိုက်တဲ့အတွက် တစ်နေ့ဆုံးမဖို့ ကျုပ်က တေးမှတ်ထားခဲ့တာပေါ့"

ထိချူးက ...

"လက်စသတ်တော့ ကျုပ်ကို မတရားတဲ့လူတစ်ယောက်လို့ မင်းက ထင်နေတာကိုး"

ချင်းသက်မွဲက ...

"ခင်ဗျားကသာ ကျုပ်ကို မောင်းမထုတ်ခဲ့ဘူးဆိုရင် ကျုပ်ရဲ့အစ်မကို ဆေးကုပေးနိုင်ခဲ့မှာပဲဗျ"

ထိချူးက ...

"ဒီကိစ္စမှာ ကျုပ်ကို အပြစ်တင်တာထက် မင်းကိုယ်မင်း အပြစ်တင်သင့်တယ်"

"ဘာဗျ"

"မင်းက အဖြစ်မှန်ကို ရှင်းပြဖို့ကောင်းတယ်၊ မင်းတို့မောင်နှမနှစ်ယောက် ကြမ္မာဆိုးဝင်ပြီး ဒုက္ခရောက်ခဲ့ရတာကိုသာ သိရရင်

www.burmeseclassic.com

www.burmeseclassic.com



ဆေးကုပေးဖို့ ကျုပ်ကိုယ်တိုင် သမားတော်ကြီးကို တိုက်တွန်းမိမှာပဲ”

“ဟား ဟား ဟား”

ချင်းသက်မှဲ့က ဟားတိုက်ရယ်မောလိုက်လေသည်။ ထိချူးက တည်ကြည်သောမျက်နှာထားဖြင့် ...

“မျက်မမြင်ဆိုတဲ့ အမိပ္ပာယ်ကို မင်းက ရှင်းမပြခဲ့ဘဲကိုး၊ မျက်မမြင်တစ်ယောက်ကို မျက်စိပြန်မြင်လာအောင် ဆေးကုပေးဖို့ ဆိုတာက ဘယ်သမားတော်ကမှ အာမခံနိုင်ကြမှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းလာပြောတဲ့စကားကို ကျုပ်တို့ ပေါ့ပေါ့တန်တန် သဘောထားခဲ့မိကြတာပဲ”

ချင်းသက်မှဲ့က ...

“ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ခင်ဗျားမမေ့ဘဲ မှတ်မိနေတာကို ကျုပ် ဝမ်းသာပါတယ်ဗျာ”

“ကျုပ်က ဘယ်ကိစ္စမဆို လွယ်လွယ်နဲ့ မေ့တတ်တဲ့လူ တစ်ယောက်မဟုတ်ဘူး၊ မင်းသာ အကျိုးအကြောင်း ရှင်းပြခဲ့ရင် ကျုပ်ကိုယ်တိုင် ဆေးကုပေးဖို့ သမားတော်ကြီးကို တိုက်တွန်းခဲ့မှာပဲ”

ထိချူးက တည်ကြည်စွာ ပြောလေသည်။ ချင်းသက်မှဲ့က

“ဒီကိစ္စတွေ ပြီးသွားပါပြီဗျာ”

“ဟုတ်တယ်၊ ပြီးသွားပြီ”

“ခုချိန်မှာ ခင်ဗျားအတွက် သမားတော်လိုအပ်နေတယ်ဗျ”



ထိချူးက ချင်းသက်မှဲ့အား မျက်တောင်မခတ်ကြည့်နေ၏။ ချင်းသက်မှဲ့ ပြုံးလိုက်သည်။

“လုံကွီးမြို့မှာ သမားတော်တစ်ယောက် ရှိတယ်”

ထိချူးက ...

“ကျုပ်ကို သမားတော်ဆီကို လိုက်ပို့ပေးမှာ မဟုတ်ဘူး ဆိုတာ ကျုပ်သိပါတယ်”

“ဒါပေါ့ဗျာ၊ သမားတော်နဲ့ ဆေးဝါးကုသဖို့ အမှန်တကယ်လို အပ်နေချိန်မှာ ဆေးကုမခံဘူးဆိုရင် ဘယ်လိုဖြစ်တယ်ဆိုတာကို ခင်ဗျား လက်တွေ့ခံစားရမှာပေါ့”

ထိချူး သက်ပြင်းချလိုက်လေသည်။

“မင်းဟာ အတော်အငြိုးကြီးတဲ့သူပဲ”

“ခင်ဗျားက ကျုပ်လိုမှ မခံစားခဲ့ရဘူးဘဲကိုး”

“ခင်ဗျားက ကျုပ်လိုမှ မခံစားခဲ့ရဘူးဘဲကိုး”

“ဘာပဲဖြစ်ဖြစ် တစ်နေ့ကျရင် မင်းမှားနေပြီဆိုတာကို နားလည် သဘောပေါက်လာမှာပါ”

ချင်းသက်မှဲ့ ခေါင်းခါယမ်းလိုက်သည်။

“ကျုပ် ဘယ်တော့မှ မမှားဘူး”

“မင်း အဲဒီလို တစ်ယူသန် စွဲနေတာကိုက မှားနေတာ”

“ဟား ဟား ဟား”

www.burmeseclassic.com

www.burmeseclassic.com



ချင်းသက်မှဲက လှောင်ပြောင်ရယ်မောလိုက်လေသည်။ ထိုချုံးက ...

"မင်းက ကျုပ်ကို သတ်ပစ်မယ် ဟုတ်လား၊ ဘာကြောင့် အချိန်ဖြုန်းနေရတာလဲ"

ချင်းသက်မှဲက ...

"ခင်ဗျား ဝေဒနာခံစားနေရတာကို ကြည့်ချင်လို့ပါ"

"ဘာကွ"

"ကျုပ်အစ်မ ဝေဒနာခံစားနေရတာကို ကျုပ်က ဒီအတိုင်း လက်ပိုက်ကြည့်နေခဲ့ရတာလေ၊ အဲဒီအချိန်က ကျုပ်ဘယ်လိုခံစားခဲ့ရတယ်ဆိုတာကို ခင်ဗျား နားလည်နိုင်မှာ မဟုတ်ပါဘူး"

ထိုချုံးက ...

"တစ်ချိန်က သိုင်းလောကမှာ မြွေပွေးမြွေဟောက်ထက်တောင် ကြောက်စရာကောင်းတဲ့ မျက်နှာတစ်ထောင်ဘီလူးဆိုတဲ့ သိုင်းသမားဆိုးတစ်ယောက် ပေါ်ပေါက်လာဖူးတယ်၊ မင်းဟာ သူ့ထက်တောင် ကြောက်စရာကောင်းတဲ့လူ ဖြစ်နေပြီ"

ဟု မှတ်ချက်ပြုလေသည်။

"ဟား ဟား ဟား"

ချင်းသက်မှဲက ဟားတိုက်ရယ်မောလိုက်လေသည်။

"ဆရာ့ထက် တပည့်က ဝိုပြီး လက်စောင်းထက်တယ်ဆို



တာ ဒါမျိုးပေါ့ဗျာ"

"ဘာကွ၊ မင်းဟာ မျက်နှာတစ်ထောင်ဘီလူးရဲ့ တပည့် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"လက်စသတ်တော့ မင်းဟာ မျက်နှာတစ်ထောင်ဘီလူးရဲ့ တပည့်ကိုး၊ သူ့ဆီက အဆိပ်ပညာနဲ့ ရုပ်ဖျက်ပညာကို မင်းက အမွေ ရထားတယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"အင်း ... သိုင်းလောကအတွက် ရင်လေးစရာ သား မျက်နှာတစ်ထောင်ဘီလူးက သေသွားခဲ့ပေမယ့် သိုင်းလောကကို ဒုက္ခပေးဖို့ မျိုးဆက်တစ်ယောက်ကို ချန်ထားခဲ့သေးတာကိုး"

"ကျုပ်ဆရာကို သတ်ပစ်ခဲ့ကြတဲ့ လူတွေကိုလည်း ကျုပ်က ချမ်းသာမပေးဘဲ သုတ်သင်ရှင်းလင်းပစ်မယ်လို့ ဆုံးဖြတ်ထားပါတယ်ဗျာ"

ထိုချုံးသည် ချင်းသက်မှဲအား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်သည်။

"ဘုံကျောင်းမှာ သူတော်အဖြစ် ဟန်ဆောင်ခဲ့တာ မင်းပဲ မဟုတ်လားကွ"

"ဟုတ်ပါတယ်ဗျာ၊ အခေါင်းဆိုင်ရှင် အဘိုးအိုအဖြစ် ဟန်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခဲ့တာ ကျုပ်ပါပဲ"

"ကျောက်ဖုံးအဖြစ် ဟန်ဆောင်ပြီး ကျုပ်ကို ဒုက္ခပေးခဲ့တာကို ကျုပ်မသိလိုက်တာ နာတာပဲ၊ ကျောက်ဖုံးလည်း ကံဆိုးသွားပြီထင်တယ်"

"မှန်ပါတယ်ဗျာ၊ သူက အဆိပ်မိသွားပြီး သူ့ရဲ့မျက်လုံးတွေကန်းသွားတယ်"

"မင်း"

ထိချူး ဒေါသတကြီးဖြစ်သွားလေသည်။ ချင်းသက်မှဲက ...

"ခင်ဗျားလည်း ဘုံကျောင်းထဲက ကျုပ်အဆိပ်ခတ်ထားတဲ့ရေနွေးကြမ်းကိုသောက်ပြီး အဆိပ်မိသွားတာပါပဲ၊ ဒါပေမဲ့ ခင်ဗျားရဲ့အတွင်းအားဟာ ပြိုင်စံရှားတော့ အဆိပ်က ဒုက္ခပေးနိုင်မှာ မဟုတ်ဘူးလေ၊ ဒါကြောင့် ကျောက်ဖုံးအဖြစ် ဟန်ဆောင်ပြီး ခင်ဗျားကိုလှည့်စားခဲ့ရတာပေါ့ဗျာ"

ထိချူးက ...

"ကျောက်တုံးကြီးရွေ့လျားသွားအောင် ကျုပ်ကို လုပ်ခိုင်းပြီး အတွင်းအားကုန်ခန်းသွားအောင် ကြံစည်ခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ ... အဆိပ်မိတာကို သိရင် ခင်ဗျားက အတွင်းအားအသုံးပြုပြီး အဆိပ်တွေကို ခန္ဓာကိုယ်ထဲက ဖယ်ထုတ်ပစ်လိမ့်မယ်ဆိုတာ ကျုပ် နားလည်ထားပါတယ်၊ ခင်ဗျားရဲ့အတွင်း



အား ကုန်ခန်းသွားမှ အဆိပ်တန်ခိုးပြလာမှာ မဟုတ်လားဗျာ"

ချင်းသက်မှဲက ရယ်မောလိုက်လေသည်။

"ကျုပ် ရင်ဆိုင်နေရတဲ့လူတွေဟာ သိုင်းလောကရဲ့ ထိပ်သီးသိုင်းသမားကြီးတွေ မဟုတ်လားဗျာ၊ ဒါကြောင့် ကျုပ်က ထိပ်တိုက်ရင်ဆိုင်တဲ့ နည်းလမ်းထက် ဉာဏ်ကို အသုံးပြုပြီး ယှဉ်ပြိုင်ဆုံးမရတာပေါ့ဗျာ"

ထိချူးက ...

"ဒါ အကောက်ကြံတာကွ"

ဒေါသထွက်လာပြီး အော်ပြောလိုက်လေသည်။ ချင်းသက်မှဲက ...

"ခင်ဗျား ငြိမ်ငြိမ်လေးနေရင် ကောင်းမယ်၊ ဒေါသထွက်လာပြီ စိတ်လှုပ်ရှားနေမယ်ဆိုရင် အဆိပ်ဟာ ပိုပြီးလျှင်လျှင်မြန်မြန် ပျံ့နှံ့သွားလိမ့်မယ်၊ ခင်ဗျား မြန်မြန်ဒုက္ခရောက်သွားလိမ့်မယ်"

ထိချူးက ...

"ကျုပ်သေသွားတဲ့ ဂရုမစိုက်ဘူး"

ဟု အော်ငေါက်ကာ ရှိသမျှအင်အားကို ဖျစ်ညှစ်ထုတ်ပြီး ခုန်ထလိုက်သည်။ ထို့နောက် လက်ဝါးနှစ်ဖက်ဖြင့် ချင်းသက်မှဲအား တိုက်ခိုက်လိုက်လေသည်။

ခါတိုင်းအချိန်မျိုးဆိုလျှင် ထိချူး၏ တိုက်ခိုက်မှုကြောင့် ချင်း

www.burmeseclassic.com

www.burmeseclassic.com



သက်မဲ့ မရှုမလှ ဒုက္ခရောက်သွားရလိမ့်မည် ဖြစ်လေသည်။ ယခုမူ ချင်းသက်မဲ့က မလှုပ်မယှက်ရပ်နေသည်။

ထိချူး၏ တိုက်ခိုက်မှုကို အမှုမထားသလို ရှောင်တိမ်းခြင်းလည်း မရှိပါချေ။ ထိချူးက သူ့အားထိအောင် တိုက်ခိုက်နိုင်မည် မဟုတ်ဟု ယုံကြည်ထားခြင်းကြောင့် ဖြစ်လေသည်။ မှန်ပေသည်။

'ဝုန်း'

ကျယ်လောင်သော မြည်သံ ထွက်ပေါ်လာလေသည်။ ထိချူးသည် ချင်းသက်မဲ့ထံသို့ ရောက်မလာဘဲ မြေပေါ် ခြေပစ်လက်ပစ် ပြုတ်ကျသွားလေသည်။

ချင်းသက်မဲ့သည် မြေပေါ်၌ လူးလိမ့်ကာ ဝေဒနာခံစားနေရသည့် ထိချူးကို ငုံ့ကြည့်ရင်း ...

"တော်တော် သနားစရာကောင်းပါလား"

ဟု စုတ်သပ်ကာ ညည်းညူလိုက်လေသည်။

***



## သဲလွန်စ

လေပြည်လေညင်း ဖွေ့ယမ်းတိုက်ခတ်လာသည်။ ကျေးငှက်ကလေးများ၏ ဘာသာဘာဝ တေးသီကြွေးသံများနှင့်အဘူ မွှေးကြိုင်သင်းပျံ့သော တောပန်းရနံ့များ လွင့်ပျံ့လာလေသည်။

ချင်းသက်မဲ့သည် အရှေ့ဘက်ဆီမှ ခေါင်းပြူထွက်ပေါ်လာသော နေဝန်းနီကို ငေးမောကြည့်ရင်း ...

"ငါ့ရဲ့ အကြံအစည်ဟာ တစ်ဝက်တော့ အောင်မြင်သွားခဲ့ပြီ၊ လုံကွီးမြို့မှာ ရောက်နေတဲ့ ရေမီးမောင်နှမနှစ်ယောက်ကို ရှင်းပစ်ပြီးရင် ရဟတ်ရဲတိုက်ပိုင်ရှင် ကျိုသန်းတစ်ယောက်ပဲ ကျန်တော့တယ်၊ သူက ခုချိန်ထိ ဘာကြောင့် ရောက်မလာရသေးတာပဲ"

ဟု ရေရွတ်လိုက်လေသည်။

မှန်ပေသည်။

အခေါင်းခုနစ်လုံးအား ကိုယ်စားပြုကြသော သိုင်းသမားကြီးခုနစ်ယောက်အနက် ခြောက်ယောက်ရောက်ရှိလာကြပြီဖြစ်လေသည်။ ရဟတ်ရဲတိုက်ပိုင်ရှင် ကျိုသန်း ရောက်မလာသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ပါနည်း။ ချင်းသက်မှဲ့ စိတ်ထဲလှုပ်ရှားနေသည်။

"ကျိုသန်းဟာ ငါတို့မောင်နှမနှစ်ယောက် သေကွဲကွဲအောင် လုပ်ခဲ့တဲ့လူ၊ ဘယ်တော့မှ သူ့ကို ခွင့်မလွှတ်နိုင်ဘူး"

ဟု ကြုံးဝါးလိုက်လေသည်။ ကျိုသန်းက သူ့ဆီသို့ရောက်မလာလျှင် သူက ကျိုသန်းထံသို့ ရောက်သွားမည်သာ ဖြစ်လေသည်။

✵

ရဟတ်ရဲတိုက် ...။

ရဟတ်ရဲတိုက်သည် သာယာလှပသော တောင်ကုန်းတစ်ခုပေါ်တွင် တည်ရှိလေသည်။

ရဟတ်ရဲတိုက်သည် သိုင်းလောကအကျိုး၊ အများအကျိုး သယ်ပိုးဆောင်ရွက်ခြင်းဖြင့် သိုင်းလောက၌ ကောင်းသတင်း ထင်ရှားလျက် ရှိလေသည်။

ရဲတိုက် ပိုင်ရှင် သိုင်းသမားကြီးကျိုသန်းသည် မကောင်းသူပယ် ကောင်းသူကယ်သည့် အဖြူရောင်သိုင်းထိပ်သီးတစ်ယောက် မဟုတ်ပါလား။



ယခုဆိုလျှင် ကျိုသန်း၏အသက် ခြောက်ဆယ်ပြည့်ရတော့မည် ဖြစ်လေသည်။ သူက သိုင်းလောကမှ နုတ်ထွက်ရန် စိတ်မကူးဘဲ ရဟတ်ရဲတိုက်သို့ ဦးဆောင်ကာ သိုင်းလောကတာဝန်များကို ထမ်းဆောင်နေဆဲ ဖြစ်လေသည်။

သိုင်းလောကကြီးမှာ ကျယ်ပြန့်လှသည်။ ပြဿနာအဖုံဖုံဖြင့် ရှုပ်ထွေးပွေလီလှသည်။ သိုင်းလောကကိစ္စများဖြင့် မအားမလပ်အောင် ရှိနေသည့်ကြားမှ ထပ်မံ၍ ပြဿနာတစ်ရပ်နှင့် ကြုံတွေ့လိုက်ရလေသည်။

လုံကွီးမြို့အနီး ငှက်မျောချောင်းတစ်ဖက်ကမ်းမှာ ထူးခြားသော အိမ်ကြီးတစ်လုံးတွင် သိုင်းထိပ်သီးခုနစ်ယောက်၏ အမည်ကို သတ်မှတ်ထားသော အခေါင်းခုနစ်လုံးကို တွေ့ရခြင်း ဖြစ်လေသည်။

ထိုသတင်းသည် သိုင်းလောကသို့ ပျံ့နှံ့သွားသည့်နည်းတူ ရဟတ်ရဲတိုက်သို့လည်း ရောက်ရှိလာလေသည်။ ကျိုကန်း အတော်ပင် အံ့ဩသွားလေသည်။

သူက တရားမျှတသည့်ဘက်မှ အစဉ်သဖြင့် ရပ်တည်ခဲ့ခြင်းကြောင့် အနက်ရောင်သိုင်းသမားများနှင့် ဒုစရိုက်သမားများက မုန်းတီးကြသည်။ ရန်ငြိုးထားကြသည့်အဖြစ်ကို သူ ကောင်းစွာနားလည်သဘောပေါက်ထားလေသည်။ သူ့အား လုပ်ကြံမည့်သူတစ်ယောက် ပေါ်ထွက်လာသည်မှာ အံ့ဩစရာကိစ္စမဟုတ်ဟု ယုံကြည်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အပါအဝင် ထိပ်သီးသိုင်းသမားကြီး ခုနစ်ယောက်အား စိန်ခေါ်သည့်ဖြစ်ရပ်မျိုး ပေါ်ပေါက်လာခြင်းက စိတ်ဝင်စားစရာ ဖြစ်လာ၏။ တစ်ချိန်က သိုင်းလောကတွင် ဒုက္ခပေးခဲ့ဖူးသည့် မျက်နှာတစ်ထောင်ဘီလူးသည်သာလျှင် မည်သူ့ကိုမှ အမှုမထားဘဲ ထင်တိုင်းကြဲခဲ့ဖူးပေသည်။

မျက်နှာတစ်ထောင်ဘီလူး သေဆုံးသွားပြီးသည့်နောက်တွင် ဆိုးသွမ်းသူများ ပေါ်ပေါက်ခဲ့ကြသေးသော်လည်း သိုင်းလောကတစ်ခုလုံးအား အန်တုဝံ့အောင် မိုက်မဲရဲကြသည်မဟုတ်ချေ။

ထိပ်သီးသိုင်းသမားကြီးခုနစ်ယောက်ကို စိန်ခေါ်ဖို့ဝေးစွတစ်ယောက်ကိုပင် ရင်မဆိုင်ဝံ့ကြသူများ ဖြစ်ပေသည်။ ယခု ငှက်မျောချောင်းဘေး၌ ပေါ်ထွက်လာသူသည်ကား အများနှင့်မတူထူးခြားသူဖြစ်နေသည်။

ကျော်သန်းက ထိုလူအား စိတ်ဝင်စားမိသော်လည်း ငှက်မျောချောင်းဘေးသို့ သွားရန် စိတ်မကူးသေးချေ။ ရဟတ်ရဲတိုက်မှ သိုင်းသမားတစ်ယောက်ကိုသာလျှင် အခြေအနေ စုံစမ်းရန် စေလွှတ်ထားခဲ့လေသည်။

ယနေ့ ကျော်သန်းသည် စာဖတ်ခန်း၌ထိုင်ကာ နေပြည်တော်ရှိ 'တံ့ယင်' ပရဆေးဆိုင်မှ အဖိုးတန် ပရဆေးဝါးများ ခိုးယူခံရသည့်ကိစ္စကို တွေးတောစဉ်းစားနေ၏။



ထိုဖြစ်ရပ်သည် လွန်ခဲ့သောနှစ်က ဖြစ်ပွားသွားခဲ့ခြင်း ဖြစ်သည်။ တံ့ယင်ပရဆေးဆိုင်သည် နေပြည်တော်တွင် အထင်ရှားဆုံးဖြစ်ပြီး ထီးသုံးနန်းသုံး တော်ဝင်ဆေးဆိုင်တစ်ဆိုင် ဖြစ်လေသည်။

ဖောက်ထွင်းခိုးယူခံရသော ပရဆေးများမှာ အဆိပ်ဖော်စပ်ရာတွင် အသုံးပြုသော ဆေးဘက်ဝင်ပစ္စည်းများ ဖြစ်နေသည်။ ထို့အပြင် တံ့ယင်ပရဆေးဆိုင်အား ဖောက်ထွင်းခိုးယူသူသည် သိုင်းလောကသားတစ်ယောက်ဖြစ်ကြောင်း သဲလွန်စများ တွေ့ရှိခဲ့ရသည်။ ထိုကိစ္စကို ဘုရင်မင်းမြတ်ကိုယ်တိုင် စိတ်ဝင်စားနေပြီး တရားခံကို အမြန်ဆုံး ရှာဖွေဖော်ထုတ်ရန် အမိန့်ထုတ်ထားသည်။

နေပြည်တော်မှ တာဝန်ရှိသူများသည် သဲကြီးမဲကြီး ရှာဖွေစုံစမ်းနေကြသည့်အပြင် တရားခံမှာ သိုင်းသမားဖြစ်နေ၍ ကူညီဖော်ထုတ်ပေးပါရန် သိုင်းလောကမှ ထိပ်သီးသိုင်းသမားကြီးများကို အကူအညီ တောင်းထားလေသည်။

ရဟတ်ရဲတိုက်ပိုင်ရှင် ကျော်သန်းထံသို့လည်း ကူညီစုံစမ်းပေးဖို့ တာဝန်ရှိသူတစ်ယောက်က လာပြောထားလေသည်။ တံ့ယင်ပရဆေးဆိုင် ဖောက်ထွင်းခံရပြီး တစ်နှစ်ကျော်သည်အထိ တရားခံကို မမိသေးသဖြင့် တာဝန်ရှိသူများ အခက်ကြုံနေရသလို သိုင်းလောကသားများလည်း မျက်နှာပျက်ရလေသည်။ ကျော်သန်းသည်လည်း ကူညီရန် ကတိပေးထားခဲ့သော်လည်း ဘာတစ်ခုမှ ရှာဆောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း မရှိသဖြင့် စိတ်မကောင်းဖြစ်နေခဲ့ရပေသည်။

ထိုကိစ္စကို အလေးအနက်ထားနေသဖြင့် ၄က်မျောချောင်းဘေးမှကိစ္စကိုပင် လျစ်လျူရှုထားခဲ့ခြင်းဖြစ်သည်။ ထိုကိစ္စသည် သူ၏ကိုယ်ရေးကိုယ်တာကိစ္စ မဟုတ်ပါလား။ ကျိုသန်းသည် ကိုယ်ရေးကိုယ်တာကိစ္စများကို ဦးစားပေးသူ မဟုတ်ပါချေ။

ကျိုသန်းက စာဖတ်ခန်းသို့ဝင်ကာ တုံယင်ပရဆေးဆိုင်ဖောက်ထွင်းခံရသည့်ကိစ္စကို တွေးတော စဉ်းစားနေစဉ်မှာပင် ...

"ဒေါက် ဒေါက်"

တံခါးခေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကျိုသန်း အာရုံပျက်သွားသည်။ တံခါးဆီသို့ လှမ်းကြည့်ရင်း ...

"ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။ သူက စာဖတ်ခန်းသို့ ဝင်နေချိန်၌ မည်သူမျှ နှောင့်ယှက်ခြင်းမပြုရဟု အမိန့်ထုတ်ထားသည် မဟုတ်ပါလား။

ယခု တံခါးခေါက်သည်မှာ အရေးကြီးသော ကိစ္စရှိနေ၍ ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။ အပြင်ဘက်မှ ...

"ဘိုးဘိုး ... ကျွန်မကျိုချင်ပါ"

ချိုလွင်သာယာသော အသံလေးထွက်ပေါ်လာ၏။ ကျို



သန်း သက်ပြင်းချလိုက်သည်။

"တံခါးဈေ့ရုံသာဈေ့ထားတယ်၊ တွန်းဖွင့်ပြီး ဝင်လာခဲ့ပါ"

သူ၏စကားအဆုံးတွင် တံခါးပွင့်သွားပြီး ချောမောလှပသော မိန်းကလေးတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရ၏။ ထိုမိန်းကလေးမှာ ကျိုသန်း၏ မြေးမလေးအဖြစ် အများသိရှိထားသော ကျိုချင်းဖြစ်လေသည်။

ကျိုချင်း၏လက်ထဲ၌ လင်ပန်းတစ်ချပ်ကိုင်လာ၏။ လင်ပန်းထဲ၌ ရေနွေးကရားအိုးနှင့် ပန်းကန်လုံးတစ်လုံးပါရှိသည်။ ကျိုချင်းသည် ခပ်သွက်သွက်လှမ်းလာပြီးလျှင် ရေနွေးကြမ်းအိုးနှင့် ပန်းကန်လုံးကို ကျိုသန်းရှေ့ စားပွဲပေါ်တွင် ချပေးရင်း ...

"ဘိုးဘိုးကို နှောင့်ယှက်တာမဟုတ်ပါဘူးနော်၊ ရေနွေးကြမ်းလေးသောက်ပြီး စဉ်းစားတွေးခေါ်ရင် ဉာဏ်ကောင်းလာပြီး အကြံကောင်းတွေ ရလာနိုင်မှာမို့ ဘိုးဘိုးအတွက် ရေနွေးကြမ်းလာပို့ပေးတာပါ"

ဟု ရယ်ရယ်မောမော ပြောလာလေသည်။ ကိန်းကြီးခန်းကြီးနိုင်လှသော စည်းကမ်းကြီးလှသော ကျိုသန်းမှာ မြေးမလေး ကျိုချင်းအား လက်မြှောက်အရှုံးပေးလိုက်ရှာလေတော့သည်။

"အင်း ... ငါ့မြေးကို ကျေးဇူးတင်ရမှာပဲ၊ ဘိုးဘိုးလည်း အကြံကို ထုတ်လို့မရဘူး၊ တုံယင်ပရဆေးဆိုင်ကိစ္စကြောင့် သိုင်း

www.burmeseclassic.com

www.burmeseclassic.com



လောကသားတွေ အတော့်ကို သိက္ခာကျနေပြီ၊ သူ့ခိုးကို ဖော်ထုတ်မပေးနိုင်ဘူးဆိုရင် သိုင်းလောကမှာ မျက်နှာပြဖို့တောင် မကောင်းတော့ဘူး၊ အင်း ... ငါ့မြေးရဲ့ ရေနွေးကြမ်းကို သောက်ပြီးရင်တော့ အကြံကောင်းဉာဏ်ကောင်းတွေ ရလာမယ် ထင်ပါရဲ့”

ကိုချင်းက ...

“ဘိုးဘိုး စဉ်းစားလို့မရရင်လည်း ကျွန်မ အကြံပေးမယ်လေ”

ကိုသန်းက မျက်မှောင်ကြုတ်သွားသည်။

“အံမယ် ... ငါ့မြေးက အကြံပေးမယ် ဟုတ်လား၊ ဘာတွေများ တွေးမိထားလို့လဲ ပြောပါဦး”

အမှန်တော့ ကိုသန်းသည် စိတ်ရင်းကောင်းပြီး တရားမျှတမှုကို အလေးထားသူဖြစ်သည့်တိုင် တည်တည်တံ့တံ့ နေထိုင်တတ်သူဖြစ်သည်။

အကြောင်းမရှိဘဲ စကားပြောဆိုခြင်း၊ သွားလာလှုပ်ရှားခြင်းမျိုး ပြုလုပ်တတ်သူမဟုတ်ပေ။ စည်းကမ်းကြီးသူလည်း ဖြစ်ရကား တပည့်တပန်းများသာမက သိုင်းလောကသားများပါ လေးလေးစားစား ဆက်ဆံကြရလေသည်။

ကိုချင်းသည်ကား အဘိုးဖြစ်သူနှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သူ ဖြစ်လေသည်။ ထို့အပြင် သွက်လက်ချက်ချာပြီး ဉာဏ်



ကောင်းသူလေး ဖြစ်ရကား ကိုသန်း၏ ချစ်မြတ်နိုးမှု ခံယူရသူလေး ဖြစ်ပေတော့သည်။

ယခုလည်း သူမက အကြံပေးမည်ဆိုသောအခါ ကိုသန်းက စိတ်ဝင်စားစွာ မေးလိုက်ခြင်း ဖြစ်လေသည်။ ကိုချင်းက ...

“ရှင်းရှင်းလေးပါ ဘိုးဘိုးရယ် ... ဘိုးဘိုးကိုယ်တိုင် သိုင်းလောကထဲကို တစ်ပတ်လောက်လျှောက်ပြီး စုံစမ်းကြည့်လိုက်ရင် အဖြေပေါ်လာမှာပေါ့”

ဟု ပြောလိုက်သည်။ ကိုသန်းက ...

“ဘာထူးလို့လဲ မြေးရဲ့၊ ခုလည်း ရဟတ်ရဲတိုက်က လူတွေကို သိုင်းလောကထဲ စေလွှတ်ထားတာပဲ မဟုတ်လား၊ သူတို့က သိုင်းလောကထဲမှာ လှုပ်ရှားရင်း စုံစမ်းလို့ရသမျှသတင်းတွေ ဘိုးဘိုးဆီကို ပြန်ပို့ပေးနေတာပဲ မဟုတ်လား”

ကိုချင်းက ...

“သူတို့ဟာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြမယ်ဆိုတာကို ကျွန်မယုံကြည်ပါတယ်၊ ဒါပေမဲ့ ... သူတို့နဲ့ဘိုးဘိုးဟာ ဘယ်တူနိုင်ပါ့မလဲ၊ ခေါင်းဆောင်တစ်ယောက် တွေးတောစဉ်းစားသလို ငယ်သားတစ်ယောက်က တွေးတောစဉ်းစားတတ်ပါ့မလား၊ ဘိုးဘိုးဟာ အတွေ့အကြုံ ရင့်ကျက်တဲ့လူပါ၊ ကျွန်မပြောတာကို စဉ်းစားကြည့်စေချင်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



ထိုစကား [illegible]ကြားလျှင် ကိုသန်းသဘောကျစွာ ပြုံးလိုက်လေသည်။

"ငါ့မြေး [illegible] ဘယ်စကားတတ်တာပဲ၊ ဘာလဲ … ဘိုးဘိုး သိုင်းလောကထဲ [illegible] ဆင်းသွားရင် ငါ့မြေးကို ခေါ်သွားပါ့မယ်လို့ ကတိပေးထား[illegible]ကြောင့်လား"

ကိုချင်း ရယ်မောလိုက်လေသည်။

"ကျွန်မ သိုင်းလောကထဲကို ဆင်းသွားချင်တာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်မရဲ့ဆန္ဒပြည့်ဝအောင် ဘိုးဘိုးကို တိုက်တွန်းတာ မဟုတ်ပါဘူး၊ ဘိုးဘိုးရဲ့ အခက်အခဲ ပြေလည်သွားနိုင်လိမ့်မယ်ဆိုတဲ့ ဆန္ဒနဲ့ပါ၊ ဘိုးဘိုးဟာ ကတိတည်တဲ့လူဆိုတာ ကျွန်မသိပါတယ်၊ သိုင်းလောကထဲကို ဘယ်အချိန်ပဲသွားသွား၊ ကျွန်မကိုခေါ်သွားမယ်ဆိုတာ ကျွန်မ ယုံကြည်ပြီးသားပါ"

ကိုသန်းလည်း ရယ်မောလိုက်လေသည်။

"ငါ့မြေးမဆိုးဘူး၊ ဘိုးဘိုးလည်း သိုင်းလောကထဲကို ဆင်းရင် ကောင်းမလားလို့ တွေးနေတာ၊ ငါ့မြေးကိုပါ ခေါ်သွားရမှာပေါ့"

ကိုချင်းသည် အသက်ဆယ့်နှစ်နှစ်အရွယ်ကပင် ရဟတ်ရဲတိုက်၌ နေထိုင်ခဲ့ပြီး ယခု အသက် သုံးဆယ်ကျော်လာပြီဖြစ်သည့်တိုင် အပြင်ဘက်သို့ ထွက်ကာ သိုင်းလောကသို့ သွားလာခြင်းမရှိခဲ့သူ ဖြစ်လေသည်။



သူမကို အပြင်လောကသို့ အလည်အပတ် စေလွှတ်လေတိုင်း သူမက ငြင်းဆန်လေ့ရှိသည်။ သူမသည် လူများများနှင့် မနေတတ်သူလည်း ဖြစ်သည်။ များ[illegible]အားဖြင့် တစ်ယောက်တည်း အေး[illegible]နေလေ့ရှိပြီး ပျင်းလျှင် စာဖတ်သည်၊ တူရိယာတီးခတ် [illegible] သို့မဟုတ် ကိုသန်းသင်ပေးသော သိုင်းပညာကို လေ့ကျင့်နေ[illegible]သူ ဖြစ်လေသည်။

ယခုမှ သူမသည် သိုင်းလောကသို့ထွက်ရန် လိုလိုလားလား ပြောလာခြင်း ဖြစ်သည်။ ကိုသန်းကလည်း သိုင်းလောကသို့ဆင်းလျှင် ခေါ်သွားပါမည်ဟု ကတိပေးလေသည်။

မြေးအဘိုးနှစ်ယောက် စကားကောင်းနေစဉ် …

"ဒေါက် ဒေါက်"

တံခါးခေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ကိုသန်းက …

"ဝင်ခဲ့"

ဟု ပြောလိုက်သည်။ ထိုစဉ် ရဟတ်ရဲတိုက်၏ အမှတ်[illegible]သားဖြစ်သော ကျောက်စိမ်းရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထား[illegible] တစ်ယောက် လှမ်းဝင်လာလေသည်။

ထိုလူသည် ကိုသန်း အထူးအားထားရသည့် ရဟတ်ရဲတိုက်၏ လက်ရွေးစင်သိုင်းသမားခေါင်းဆောင် အမှတ်[illegible] ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တစ်သည် ကိုသန်း၏ရှေ့တွင် ဒူးထောက်ဂါရဝပြုလိုက်၏။

ကိုသန်းက ...

"ကဲ ကဲ ... ထပါဦး ... ဘာများထူးသလဲ ပြောပါဦး"

ဟု မေးလိုက်လေသည်။ အမှတ်တစ်က ...

"ရဲတိုက်ရှင်ကြီး ခင်ဗျား၊ လုံကွီးမြို့အနီး ငှက်မျောချောင်းဘေးက တောအုပ်ထဲမှာ ထူးဆန်းတဲ့ အိမ်ကြီးတစ်လုံးရှိပြီး အိမ်ကြီးမှာ သိုင်းလောကထိပ်သီးသိုင်းသမားကြီး ခုနစ်ယောက်ရဲ့ အမည်စာရင်း ကပ်ထားတဲ့ အခေါင်းခုနစ်လုံး ရှိနေပါတယ်၊ ကျုပ်တို့ကြားခဲ့ရတဲ့ သတင်းတွေအားလုံး မှန်နေပါတယ်"

ဟု အစချီကာ သူစုံစမ်းသိရှိရသမျှကို ပြောပြလေသည်။ ကိုသန်းက ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေလေသည်။ အမှတ်တစ်က ...

"လျှို့ဝှက်ရန်သူကို ဖော်ထုတ်ဖို့ ရဲတိုက်ရှင်ကြီးကလွဲပြီး ကျန်တဲ့သိုင်းသမားကြီးခြောက်ယောက် ရောက်လာခဲ့ကြပါတယ်၊ ဒါပေမဲ့ ရန်သူ ဘယ်သူဘယ်ဝါဆိုတာ ဖော်မထုတ်နိုင်ခင်မှာပဲ တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံခံနေရပါတယ်"

ကိုသန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"သိုင်းသမားကြီးတွေ လုပ်ကြံခံနေရတယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျား၊ ရွှေဓားချန်ခွန်း၊ မိုးကြိုးလက်ဝါး



ကွမ်းကြိုးလူတို့ လုပ်ကြံခံလိုက်ရပါပြီ"

ကိုသန်း ထိုင်ရာမှငေါက်ခနဲထရပ်လိုက်လေသည်။ ကိုချွင်း စိတ်ပူသွားလေသည်။

"ဘိုးဘိုး"

ဟုခေါ်ကာ အနီးသို့ ချဉ်းကပ်သွားပြီး ကိုသန်း၏လက်မောင်းကို ဆုပ်ကိုင်ထားလိုက်လေသည်။ ကိုသန်း သက်ပြင်းချလိုက်သည်။

စိတ်ထိန်းနိုင်လိုက်သည့်သဘောဖြင့် ပြန်လည်ထိုင်ချကာ အမှတ်တစ် ဆက်လက်ပြောပြသည့်စကားများကို နားထောင်နေလိုက်လေသည်။

အမှတ်တစ် စကားဆုံးသွားတော့မှ ...

"မင်းလည်း ခရီးပမ်းလာပြီ၊ သွားပြီး အနားယူလိုက်ပါဦး"

ဟု လက်ဝှေ့ယမ်းကာ ပြောလိုက်လေသည်။

"ကျေးဇူးပါပဲ ခင်ဗျာ"

အမှတ်တစ်က အရိုအသေပေးကာ ထွက်သွားလေသည်။ ကိုသန်းသည် စကားမပြောဘဲ အတန်ကြာအောင် တိတ်ဆိတ်နေ၏။

ကိုချွင်းက အလိုက်သိစွာဖြင့် ငြိမ်နေပြီး တစ်အောင့်မျှကြာမှ ရေနွေးတစ်ခွက် ငှဲ့ပေးလိုက်လေသည်။ ပြီးလျှင် ...

"ငါ့မြေး... သိုင်းလောကထဲကို ဆင်းရတော့မယ်"

www.burmeseclassic.com



ဟု ပြောလေသည်။ ကိုချင်းက ...

"ဘိုးဘိုးက လုံကွီးမြို့ကို သွားမလို့လား"

ကိုသန်းက ...

"ဟုတ်တယ်၊ အရင်ကတော့ ဒီအတင်းကို ဘိုးဘိုး အမှု မထားခဲ့ဘူး၊ တစ်စုံတစ်ယောက်က အရှုံးယောက်ဘဲလို့ သဘောထားခဲ့ တယ်၊ တကယ်လို့ ဘိုးဘိုးကို လုပ်ကြံချင်တဲ့လူ ရှိနေတယ်ဆိုရင် တောင် သူ့ကို လိုက်ရှာစရာမလိုဘူး၊ သူဟာ ဘိုးဘိုးဆီကို ရောက် လာရမှာပဲလို့ နားလည်ထားခဲ့တယ်"

"ခုရော ဘိုးဘိုးက ဘာကြောင့် သူ့ကို သွားရှာမယ်လို့ ဆုံး ဖြတ်လိုက်ရတာလဲဟင် ... အဆိပ်ကြောင့်လား"

ကိုချင်းက စိတ်ဝင်စားစွာ မေးလေသည်။ ကိုသန်း ခေါင်း ညိတ်လိုက်သည်။

"ဟုတ်တယ်၊ မြွေဆိုးချန်ခွန်းတို့ မိုးကြိုးလက်ဝါးကွမ်းကြီးလု တို့ဟာ တစ်ခေတ်မှာတစ်ယောက်လို့ ဆိုရမယ့် ထိပ်သီးသိုင်းသမား ကြီးတွေပဲ၊ သူတို့ကိုတောင် လုပ်ကြံနိုင်တယ်ဆိုရင် ရန်သူဟာ အင် မတန် ကြောက်စရာကောင်းတဲ့လူတစ်ယောက် ဖြစ်နေပြီဆိုတာ ထင်ရှားနေပြီပေါ့၊ ပြီးတော့ ... သူဟာ အဆိပ်ကို ကျွမ်းကျင်တဲ့ လူ တစ်ယောက် ဖြစ်နေတယ်"

ကိုချင်းက ...



"နေပြည်တော်မှာရှိတဲ့ တုံယင်ပရဆေး ဆိုင်က ခိုးယူခံလိုက် ရတဲ့ ပရဆေးတွေဟာ အလွန်ပြင်းထန်တဲ့ အဆိပ်တစ်မျိုးကို ဖော်စပ် နိုင်တဲ့ ဆေးတွေဆိုတော့ လျို့ဝှက် သမားက အဆိပ်ကို အသုံးပြုနေတာနဲ့ သွားပြီးတိုက်ဆိုင်နေတယ်၊ ဒါကြောင့်လည်း တစ် ချက် နှစ်ချက်ဖြတ် သဘောမျိုးနဲ့ လုံကွီးမြို့ကိုသွားဖို့ ဘိုးဘိုး ဆုံးဖြတ်လိုက်တာ မဟုတ်လား"

ကိုသန်းက ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလေသည်။

"ဟုတ်တယ် ငါ့မြေး၊ ဘိုးဘိုးကို လုပ်ကြံချင်တဲ့ လျို့ဝှက် သူဟာ တုံယင်ပရဆေးဆိုင်ကို ဖောက်ထွင်းခိုးယူတဲ့လူ ဖြစ်နေနိုင် တယ်၊ ဒါကြောင့် ... ဘိုးဘိုးကိုယ်တိုင်သွားပြီး စုံစမ်းမှ ဖြစ်တော့မယ်"

ကိုချင်းက ...

"ကျွန်မလည်း လိုက်ခဲ့မယ်နော်"

ဟု အလောတကြီး ပြောလေသည်။ ကိုသန်းက သူမကို ကြည့်လိုက်လေသည်။ သိုင်းလောကနှင့် အတွေ့အကြုံရှာဖို့ ဆင်းပါ ဟု ပြောလျှင် ငြင်းတတ်သော ကိုချင်းသည် ယခုတစ်ကြိမ်၌မူ လိုလို လားလား ပြောနေသည်။

သူမအား မခေါ်ဘဲ ထားပစ်ခဲ့မည်ကို စိုးရိမ်နေပုံရ၏။ အမှန်တော့ ကိုသန်းကိုယ်တိုင်လည်း ကိုချင်းကို ခေါ်သွားလိုပါ ချေ၏။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရ အန္တရာယ်နှင့် ကြုံတွေ့နိုင်သည့်သဘော ရှိနေသည် မဟုတ်ပါလား။

မည်သို့ဆိုစေ ကိုချင်းအား ခေါ်သွားမည်ဟု ကတိပေးထားသည့်အပြင် သူမအား ရန်မရှိစေရန် မိမိကာကွယ်စောင့်ရှောက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မိလေသည်။ ထို့ကြောင့် ...

"ကောင်းပြီလေ၊ ငါ့မြေး လိုက်ခဲ့ပေါ့၊ တို့နှစ်ယောက်သွားကြမယ်၊ ဘိုးဘိုးတို့ ခရီးထွက်ဖို့ လိုအပ်တာတွေ ပြင်ဆင်ပေးပါလို့ အိမ်ထိန်းကြီးကို သွားပြောလိုက်၊ ဟုတ်ပြီလား"

ကိုသန်းက သဘောတူခွင့်ပြုလိုက်ရာ ကိုချင်း ဝမ်းသာသွားလေသည်။

"ဟုတ်ကဲ့၊ ကျွန်မ အခုပဲ သွားပြောလိုက်ပါ့မယ် ဘိုးဘိုး"

ကိုချင်းသည် အခန်းတွင်းမှ ချက်ချင်း ပြေးထွက်သွားလေသည်။

ကိုသန်းက သူမ၏နောက်ကျောကို ငေးမောကြည့်ရင်းသက် ပြင်း အခါခါချ၍ ကျန်ရစ်ခဲ့လေတော့သည်။

✱✱✱



●

## သရဲအတွက်သွေးကြွေး

ထူးဆန်းသောအိမ်။ လုံကွီးမြို့ကအနီး ငှက်မျောချောင်းနှင့် မလှမ်းမကမ်း တစ်နေရာတွင် ထူးဆန်းသော အိမ်ကြီး ရှိနေပါသည်။ ထိုအိမ်ကြီး၌ အခေါင်းခုနစ်လုံး ရှိနေသည်။

ထိုအိမ်ကြီး၏ သတင်းဆိုးကြောင့် အနီးပတ်ဝန်းကျင်သို့ ချဉ်းကပ်သွားခဲ့သူ မရှိအောင် ဖြစ်ရလေသည်၊ တောအုပ်ထဲသို့ အမဲလိုက် ထွက်လေ့ရှိသော မုဆိုးများသည်ပင် ဝေးဝေးမှ ရှောင်ရှားသွားလေ့ ရှိကြလေသည်။

ထိုအိမ်ကြီးသို့ ဝင်ထွက်သွားလာနေကြသူများမှာ အခေါင်းများတွင် နာမည်စာရင်း အကပ်ခံရသော ထိပ်သီးသိုင်းသမားကြီးများသာ ဖြစ်ကြသည်။

ယခု ထိုထိပ်သီးသိုင်းသမားကြီးများသည်လည်း ကံဆိုးမိုးမှောင်ကျနေပြီ ဖြစ်လေသည်။

✱

www.burmeseclassic.com

www.burmeseclassic.com



လှိုက်ဝ်းမြို့လယ်ရှိ စားသောက်ဆိုင်လေးတစ်ဆိုင်၌ ရေမီး မောင်နှမဖြစ်သော ရှောင်အင်းနှင့်ရှောင်ချင်းတို့ ရောက်ရှိနေကြလေသည်။ ရှောင်အင်းက အရက်တစ်ခွက် ငုံ့သောက်နေသည်။

ရှောင်ချင်းကား စားသောက်ဖွယ်ရာများသည် အရသာ ညံ့ဖျင်းလှကြောင်း ဆိုင်လုလင်တစ်ယောက်ကို ခေါ်ယူကာ ဗျစ်တောက်ဗျစ်တောက် ပြောဆိုနေလေသည်။

ဆိုင်လုလင်ကား နားညည်းအောင်ပင် အပြောခံလိုက်ရတော့သည်။ ရှောင်ချင်းသည် အချို့သော စားသောက်ဖွယ်ရာများကို ပြန်လဲခိုင်းသောအခါ ...

"စိတ်ချပါ ... အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါ့မယ် ခင်ဗျာ"

ဆိုင်လုလင်သည် ထွက်ပေါက်ရသွားကာ လဲခိုင်းသော စားစရာများကို ဝမ်းသာအားရယူပြီး အမြန်ဆုံး ထွက်သွားတော့သည်။

ရှောင်ချင်းကား အရှိန်မကုန်သေးပါ။ ရှောင်အင်းဘက်သို့ လှည့်ပြီး ...

"အစ်ကိုကတော့ သူများလုပ်ပေးသမျှ ဘာမှမပြောဘဲ ဒီအတိုင်း စားတော့မှာလား၊ ငန်တဲ့ဟင်းက ငန်လို့၊ စပ်တဲ့ဟင်းက စပ်မို့ ဘယ်လိုလုပ်ပြီး စားရမှာလဲ"



ဟု အပြစ်တင်လိုက်လေသည်။ ရှောင်အင်းက ...

"ညီမရယ် ... ဒီလို တောမြို့လေးမှာ ထိပ်တန်းလက်ရာ ဘယ်လိုလုပ်ပြီး ရနိုင်မှာလဲ၊ ရသလောက်နဲ့ပဲ တင်းတိမ်သင့်တာပေါ့"

သူက ဖျောင်းဖျလိုက်မှ ရှောင်အင်း ပိုဆိုးသွားလေသည်။

"အို ... ဒီလို အစားအစာတွေကို မစားနိုင်ပါဘူး၊ ဟင်းကောင်းကောင်း မချက်နိုင်ဘူးဆိုရင် စားသောက်ဆိုင် ဖွင့်မနေနဲ့တော့ပေါ့၊ ကျွန်မပါးစပ်က အပေါစား စားစရာတွေနဲ့ တန်တာမဟုတ်ဘူး၊ အစ်ကိုသာ ချဉ်ချဉ်တူးတူး စားရရင်ပြီးရောလို့ သဘောထားတာ မဟုတ်လား"

ရှောင်အင်းက ...

"ကျုပ်က အရက်တစ်ခွက်ပဲ သောက်ရပါသေးတယ်၊ ခုထိ ဘာမှ မစားရသေးပါဘူးဗျာ"

ရှောင်ချင်းသည် အစ်ကိုဖြစ်သူအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်လေသည်။ ထိုအခါ ရှောင်အင်းသည် အရက်ကိုတို့၍ စားပွဲပေါ်တွင် လူနာမည်များ ရေးသားထားသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ချင်း မျက်မှောင်ကုတ်ကာ ဖတ်ကြည့်လိုက်၏။ ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



'ရွှေမားချန်ခွန်း'၊ 'မိုးကြိုးလက်ဝါး ကွမ်းကြိုလု'၊ 'ဗျိုင်းဖြူ ကျောက်ဖုံး'၊ 'ခြင်္သေ့ကြီးထိချူး' ဟူ၍ အစဉ်လိုက်ရေးသားထားသည်ကို တွေ့ရလေသည်။ ရှောင်ချင်းက …

"ဒါက ဘာသင်္ကေတလဲ"

ဟု မေးလိုက်လေသည်။ ရှောင်အင်းက …

"လူနာမည်တွေ ရေးထားတာလေ"

ရှောင်ချင်း မကျေမနပ် ဖြစ်သွားလေသည်။

"လူနာမည်ရေးထားတာတော့ ကျွန်မလည်းသိတာပေါ့၊ ဘာသင်္ကေတနဲ့ ရေးထားတာလဲ သိချင်လို့ မေးနေတာ"

ရှောင်အင်းက …

"ဘာသင်္ကေတမှ မဟုတ်ဘူး၊ သူတို့ ဘယ်ယောက်နေပြီလဲလို့ ကျုပ်ကတွေးနေတာ"

"ဘာ အစ်ကို ဘယ်လိုပြောလိုက်တယ်"

"သူတို့ ဘယ်ရောက်နေကြပြီလဲဆိုတာကို ကျုပ်သိချင်နေတယ်"

ရှောင်ချင်းက နှာခေါင်းရှုံ့လိုက်သည်။

"ဒါများ အပင်ပန်းခံပြီး တွေးနေရသေးသလား၊ သူတို့ဟာ လျှို့ဝှက်ရန်သူကို လိုက်ရှာနေကြမှာပေါ့၊ အစ်ကို ဘယ်လိုဖြစ်နေတာလဲ၊ တစ်နေ့တခြား အတွေးခေါင်လာပါလား"



သူမသည် ရှောင်အင်းကိုပင် အပြစ်တင်လိုက်သေး၏။ ရှောင်အင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် အတွေးခေါင်းတယ်ပဲ ထားလိုက်ပါတော့လေ၊ ဒါပေမဲ့ အတွေးခေါင်းတာက မြင်းလှည်းပေါ်က ကျပြီး သေရတာထက်စာရင် အများကြီးတော်သေးတယ်"

"ဟင်"

ရှောင်ချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပြန်လေသည်။ ရွှေမား ချန်ခွန်းသည် မြို့လယ်ခေါင်တွင် အပြင်းမောင်းနှင်လာသည့် မြင်းလှည်းတစ်စီးပေါ်မှ ပြုတ်ကျလာခဲ့ပြီး လူအများ သွားကြည့်ကြသောအခါ သေဆုံးနေပြီဖြစ်သည်ကို တွေ့ခဲ့ရသည် မဟုတ်ပါလား။

ရှောင်အင်းက ဆက်ပြောသည်။

"ကွမ်းကြိုးလု၊ ကျောက်ဖုံးနဲ့ ထိချူးတို့လည်း ပျောက်နေကြတယ်၊ ရန်သူကို မဖော်ထုတ်နိုင်ဘဲနဲ့ ဒီနေရာက ထွက်သွားကြမှာမဟုတ်ဘူး၊ ရွှေမားချန်ခွန်း လုပ်ကြံခံလိုက်ရပြီဆိုတော့ ပိုပြီး သဲကြီးမဲကြီး ရှာဖွေကြမှာသေချာတယ်၊ ဒါပေမဲ့ သူတို့ရဲ့ အရိပ်အယောင်ဆောင် တွေရလို့လား"

ရှောင်ချင်း ဇဝေဇဝါ ဖြစ်သွားလေသည်။

"သူတို့လည်း လုပ်ကြံခံလိုက်ရပြီလို့ အစ်ကိုပြောချင်တာယ်သား"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်အင်း ပခုံးတွန့်လိုက်သည်။

"ဒါကတော့ ကျုပ်လည်း မပြောတတ်ဘူး"

ရှောင်ချင်းက ...

"သူတို့ဟာ သိုင်းလောကထိပ်သီးတွေပဲ၊ လွယ်လွယ်နဲ့ လုပ်ကြံလို့ မရနိုင်ပါဘူးလေ"

ရှောင်အင်းက ...

"သူတို့လုပ်ကြံမခံရသေးဘူးဆိုရင် သဲလွန်စတစ်ခုခု ရသွားကြလို့ပဲဖြစ်မယ်၊ နို့မဟုတ်ရင် ဟိုဟိုဒီဒီ သွားလာစုံစမ်းနေတာကို တွေ့ရနိုင်တာပေါ့"

ရှောင်ချင်း စိတ်ဝင်စားလာလေတော့သည်။ သို့တိုင် ...

"အစ်ကို ဒီလိုတွေးမိရင် ဘာကြောင့် ကျွန်မကို စောစော မပြောတာလဲ"

ဟု အပြစ်တင်လိုက်သေး၏။ ထိုစဉ် ...

"စားသောက်စရာတွေ ရပါပြီခင်ဗျာ"

ဆိုင်လုလင်သည် အသစ်လဲလှယ်ထားသော စားသောက်စရာများကို သယ်ဆောင်ကာ ရောက်ရှိလာလေသည်။ ရှောင်ချင်းက

"သွား သွား ပြန်ယူသွား"

ဟု အားမနာဘဲ မောင်းထုတ်ပစ်လိုက်၏။ ဆိုင်လုလင်သည် သည်းခံကာ ထွက်သွားလေတော့သည်။ ရှောင်ချင်းက ဘာကိုမှ အမှု



မထားဘဲ ရှောင်အင်းကို စိုက်ကြည့်ကာ ...

"သူတို့နဲ့ ပတ်သက်ပြီး အစ်ကိုတွေးတောစဉ်းစားမိထားတာ တစ်ခုခု ရှိနေပြီ မဟုတ်လား၊ ဘာကြောင့် ကျွန်မကို မပြောသေးတာလဲ"

သူမ၏ဝသီအတိုင်း အပြစ်တင်လေသည်။ ရှောင်အင်းက...

"ကျုပ် အခုမှ စဉ်းစားမိတာ၊ မင်း ဆူဆူညံညံလုပ်နေတာနဲ့ ဘာမှ ဆက်တွေးလို့ မရတော့ဘူး"

"ဟင် ... ကျွန်မနဲ့တိုင်ပင်ရင် အကြံကောင်း ဉာဏ်ကောင်းတွေ ရလာတတ်တယ်လို့ အစ်ကိုပဲ မကြာခဏ ပြောဖူးတယ် မဟုတ်လား၊ ခုမှ ဘယ်လိုဖြစ်သွားရတာလဲ"

သူမနှင့် စကားပြိုင်ပြော၍ မဖြစ်ကြောင်း ရှောင်အင်း သဘောပေါက်ထားလေသည်။ ရှောင်ချင်းက ...

"ကဲ ... အစ်ကို ဘာတွေများ တွေးမိထားသလဲ၊ ပြောပါဦး"

ဟုမေးလေသည်။ ရှောင်အင်းက ...

"ရွှေဓားချန်ခွန်း သေသွားပြီဆိုတာ အားလုံးသိကြတယ်၊ ဒါပေမဲ့ ကျုပ်တို့က ကိစ္စတစ်ခုကို မတွေးမိလိုက်ကြဘူး"

"ဘာကိစ္စများလဲ"

"ရွှေဓားချန်ခွန်းရဲ့ အလောင်း ဘယ်ရောက်သွားသလဲ ဆိုတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရှောင်ချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ ရှောင်အင်းက ဆက်ပြောလိုက်သည်။

"ရွှေဓားချန်ခွန်းရဲ့အလောင်းဟာ လမ်းပေါ်မှာ တွေ့ရတယ်၊ လူတွေက ဝိုင်းကြည့်ခဲ့ကြတယ်၊ နောက်တော့ ကိုယ်နဲ့ မဆိုင်သလို ရှောင်ဖယ်သွားကြပေမယ့် သူ့ရဲ့အလောင်း ပျောက်ဆုံးသွားတယ်၊ ဒါကြောင့် ဆယ်ယူသွားတဲ့လူတစ်ယောက်ယောက် ရှိရမှာပေါ့"

"အဲဒီလူက ဘယ်သူလဲ"

ရှောင်ချင်းက ကောက်ကာငင်ကာ မေးသည်။ ရှောင်အင်းက သူမကို တစ်ချက်ကြည့်လိုက်ပြီး ...

"အဲဒီလူဟာ ရွှေဓားချန်ခွန်းကို လုပ်ကြံသွားတဲ့လူပဲ ဖြစ်မှာပေါ့"

ဟုပြောလိုက်သည်။ ရှောင်ချင်းက ...

"အစ်ကိုပြောမှ ပိုရှုပ်ကုန်ပြီ"

ဟု အပြစ်တင်လိုက်ပြန်လေသည်။ ရှောင်အင်းက ...

"မပူပါနဲ့လေ၊ မကြာခင် ရှင်းသွားမှာပါ"

"ဘယ်လိုပြောလိုက်တယ်၊ ရှင်းသွားမယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ရွှေဓားချန်ခွန်းရဲ့အလောင်း ပျောက်သွားတာ ဘယ်ရောက်သွားမလဲ၊ လူတစ်ယောက်သေရင် အခေါင်းတစ်လုံး



တော့ လိုအပ်လာတာပဲ မဟုတ်လား"

ရှောင်အင်း၏မျက်လုံးထဲ၌ လူးခြားသော အိမ်ကြီးအတွင်း၌ အစီအရီချထားသော အခေါင်းများကို ပြန်လည်မြင်ယောင်လာလေသည်။

"သူ့အတွက် အခေါင်းက ဟိုအိမ်ကြီးထဲမှာ ရှိနေတာပဲ"

ဟု လွှတ်ခနဲ ပြောလိုက်မိလေသည်။ ရှောင်အင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရွှေဓားချန်ခွန်းအတွက်သာမကဘူး၊ ကျန်တဲ့လူတွေအတွက် အခေါင်းတွေလည်း အဲဒီမှာ ရှိနေတာပဲ"

ရှောင်အင်း မကျေမနပ် ဖြစ်သွားလေသည်။

"ကျွန်မက ကြောက်နေရမှာလား"

ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။ ရှောင်အင်းက ...

"ညီမ ဘယ်သွားမလို့လဲ"

ဟု မေးလိုက်လေသည်။ ရှောင်ချင်းက ...

"ဟိုအိမ်ကြီးကို သွားမယ်လေ၊ အခေါင်းထဲမှာ ရွှေဓားချန်ခွန်းရဲ့အလောင်း ရှိမရှိ သွားကြည့်မှ သိမှာပေါ့"

"ကောင်းပြီ၊ ရှိတယ်ဆိုရင်ကော ဘာဖြစ်မလဲ၊ မရှိဘူးဆိုရင်ကော ဘာဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ချင်း အဖြေမပေးတတ်ဘဲ ဖြစ်သွား၏။ သူမသည် စိတ်ဆိုးကာ ကြမ်းပြင်ပေါ် ခြေဆောင့်လိုက်ပြီး ...

"အစ်ကို မလိုက်ချင်ရင် နေခဲ့၊ ကျွန်မကတော့ သွားရမှာပဲ"

ဟုပြောကာ ဆိုင်ထဲမှ ပြေးထွက်သွားတော့သည်။ ရှောင်အင်း သက်ပြင်းချလိုက်လေသည်။

"တော်တော် ခက်ပါလား"

တီးတိုးညည်းတွားကာ ထိုင်ရာမှ ထလိုက်ရလေသည်။ သူ မလိုက်သွား၍ မဖြစ်ခြင်းကြောင့် ဆိုင်လုလင် တစ်ယောက်ကို ခေါ်ကာ ကျသင့်ငွေပေးချေပြီး ရှောင်ချင်း၏ နောက်သို့ လိုက်သွားရလေတော့သည်။

✵

ယနေ့ညသည် လမိုက်ည ဖြစ်ပါသည်။ ကောင်းကင်ပေါ်တွင် လဝန်းပျောက်ကွယ်နေ၏။ ကြယ်ကလေးများကသာလျှင် အားငယ်စွာ မလင်းတစ်လှည့် လင်းတစ်လှည့် ဝင်းလက်တောက်ပနေကြလေသည်။

ည၏ ပိုးကောင်မွှားကောင်လေးများ၏ အော်မြည်သံများသည် ဟိုမှ သည်မှ ထွက်ပေါ်နေ၏။ အေးမြသော ညလေများက သုန်သုန်ညင်းညင်း တိုက်ခတ်နေ၏။

ငှက်မျောချောင်းဘေးမှ တောအုပ်ထဲ၌ အမှောင်ထု လွှမ်းခြုံထားပေတော့သည်။

ရှောင်အင်းနှင့်ရှောင်ချင်းတို့ မောင်နှမနှစ်ယောက်သည် ထိုတောအုပ်ကိုပင် ဖြတ်သန်းလာခဲ့ကြပြီဖြစ်သည်။

သူတို့သည် ထူးခြားသောအိမ်ကြီးဆီသို့ အရောက်လာနိုင်ခဲ့ကြလေသည်။

ထိတ်ထိတ်ကြဲသိုင်းသမားကြီးများ ဖြစ်ကြသည့်အလျောက် သူတို့အား မည်သည့်အရာကမှ ဟန့်တားနိုင်မည် မဟုတ်ပါချေ။ မောင်နှမနှစ်ယောက်သည် အိမ်ကြီးနှင့် မလှမ်းမကမ်းသို့ ရောက်လျှင် ခြေလှမ်းရပ်တန့်လိုက်ကြသည်။ ရှောင်ချင်းက ...

"အိမ်ထဲမှာ မီးရောင်ရှိနေတာပဲ"

ဟု ပြောလေသည်။ ရှောင်ချင်း ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ ကျွန်မတို့ရဲ့ရန်သူဟာ ဒီအိမ်ကြီးနဲ့ မပြတ်တမ်း ကူးလူးဆက်ဆံနေမှာ သေချာတယ်၊ ဟွန့် ... သူက ဘယ်လောက်ပဲ ဉာဏ်များပါစေ ... ကျွန်မ ဖော်ထုတ်ပြီး ဆုံးမပြမယ်"

ဟု ကြုံးဝါးလိုက်လေသည်။ ရှောင်အင်းက ဘာမှမပြောဘဲ



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်ထွက်ပေါ်နေသော အိမ်ကြီး၌ ထူးခြားမှု ရှိမရှိ အကဲခတ်ကြည့်နေ၏။ ရှောင်ချင်းက ...

"ကျွန်မတို့ သွားရအောင်"

ဟုပြောကာ ရှေ့မှ ထွက်သွားပြီး ထက်ကြပ်မကွာ လိုက်ပါသွား၏။ တစ်ခဏအတွင်းမှာပင် နှစ်ယောက်သား အိမ်ကြီးလှေကားခြေရင်းသို့ ရောက်သွားကြလေသည်။ ရှောင်အင်းက ...

"ညီမ သတိထားနော်"

ဟု တီးတိုး သတိပေးလိုက်သည်။ ရှောင်ချင်း ရယ်မောလိုက်လေသည်။

"သူ ဘယ်လောက်တတ်နိုင်မှာမို့လဲ"

သူမသည် အကြောက်အရွံ့ ကင်းမဲ့စွာဖြင့် အိမ်ကြီးအတွင်းသို့ ဝင်ရောက်သွားလေသည်။ ရှောင်အင်း မနေနိုင်တော့ဘဲ လိုက်ပါသွားရလေသည်။

နှစ်ယောက်သား အိမ်ထဲ ရောက်ရှိသွားကြလေသည်။ ရှောင်ချင်းသည် ဘာကိုမှ ဂရုမစိုက်သည့်အသွင် ရှိနေသော်လည်း ရှောင်အင်းကား အလိုလိုနေရင်း စိုးရိမ်စိတ်များ ဖြစ်ပေါ်လာသည်။

ဝါကြန့်ကြန့် မီးရောင်အောက်၌ အစီအရီရှိနေသော အခေါင်းများကို ကြည့်ရင်း ကြက်သီးထလာသည်။ မကောင်းသော အတိတ်နိမိတ်များ ခံစားလာရလေသည်။



ရှောင်ချင်းသည် ဖယောင်းတိုင်များဆီသို့ လှမ်းသွားပြီး အကဲခတ်ကြည့်လိုက်လေသည်။ ပြီးလျှင် ...

"ဖယောင်းတိုင်တွေကို ထွန်းသွားတာ အတော်ကြာပြီ။ မိုးချုပ်ခါစအချိန်မှာ ဒီနေရာကိုလာပြီး ထွန်းညှိသွားတာပဲ ဖြစ်မယ်"

ဟု မှတ်ချက်ချလိုက်၏။ မည်သူက မီးထွန်းညှိသွားသည်ကိုမူ မေးလည်းမမေး၊ ပြောလည်း မပြောကြချေ။

ရှောင်ချင်းက ...

"အစ်ကိုပြောတဲ့အတိုင်းမှန်ရင် အခေါင်းထဲမှာ ရွှေဓားချွန်ခွန်း ရှိနေရမယ်"

ဟု ပြောလိုက်သည်။ တစ်ဖန် ရွှေဓားချွန်ခွန်း၏ အမည်ရေးကပ်ထားသော အခေါင်းဆီသို့ လှမ်းသွားကာ ...

"မှန်းစမ်း"

အခေါင်းအဖုံးကို တွန်းဖယ်လိုက်လေသည်။

'ဝုန်း'

သံရိုက်မထားသဖြင့် အခေါင်းအဖုံး ရွေ့လျားသွားကာ ကြမ်းပြင်ပေါ် ပြုတ်ကျသွားလေသည်။ အခေါင်းအဖုံး ပွင့်သွားသည်နှင့် ညီစို့စို့ အနံ့ကြီး ထွက်ပေါ်လာလေသည်။

ရှောင်ချင်း ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ ရှောင်အင်းက ရှေ့သို့လှမ်းကာ အခေါင်းအတွင်းသို့ ငုံ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အခေါင်းထဲ၌ ရွှေဓားချန်ခွန်း၏အလောင်း ရှိနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

✸

ရွှေဓားချန်ခွန်း ...။

ရွှေဓားချန်ခွန်း၏အလောင်းသည် လုံကွီးမြို့လေးမှ ပျောက်ဆုံးသွားခဲ့ပြီး ယခုတော့ ထူးခြားသော အိမ်ကြီးအတွင်းမှ အခေါင်းထဲ၌ ရောက်ရှိနေပြီဖြစ်သည်။

ရှောင်အင်း သက်ပြင်းချလိုက်သည်။ သူ၏အတွေး မှန်ကန်နေပြီ မဟုတ်ပါလား။ ရွှေဓားချန်ခွန်း၏ အလောင်းကိုတွေ့ရပြီဖြစ်ရာ ကျန်လူများ၏ အခြေအနေ မည်သို့ရှိမည်နည်း။

ရှောင်ချင်းက နှာခေါင်းအုပ်ကာ နောက်ဆုတ်နေသည်ဖြစ်၍ ရှောင်အင်းကပင် ဒုတိယအခေါင်းဖြစ်သည့် မိုးကြိုးလက်ဝါး ကွမ်းကြိုးလု၏ အခေါင်းအဖုံးကို ဖွင့်လိုက်လေသည်။

"ဟာ"

အခေါင်းအဖုံး ပွင့်သွားလျှင် ကွမ်းကြိုးလု၏အလောင်း အခေါင်းထဲ၌ ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။



"ကွမ်းကြိုးလုလည်း သေသွားပြီ"

ဟု တအံ့တသြ ရေရွတ်လိုက်လေသည်။ ရှောင်ချင်းက ရှေ့သို့ တိုးလာပြီး ကြည့်သည်။ ကွမ်းကြိုးလု၏ အလောင်းကို တွေ့ရသောအခါ မျက်နှာပျက်သွားလေသည်။

မောင်နှမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

နာမည်ကျော် သိုင်းသမားကြီးများမှာ မည်သူမည်ဝါမှန်း မသိရသော ရန်သူ၏လက်ချက်ဖြင့် သေဆုံးနေကြပြီ ဖြစ်လေသည်။ မောင်နှမနှစ်ယောက်သည် တိုင်ပင်ထားကြသလို ကျန်အခေါင်းများကို ကြည့်လိုက်ကြလေသည်။ ရှောင်အင်းက ...

"ကျန်တဲ့လူတွေပါ အခေါင်းထဲမှာ ရောက်နေကြပြီဆိုရင် အတော့်ကို အံ့သြစရာကောင်းမှာပဲ"

ဟု ပြောလိုက်သည်။ ရှောင်ချင်းက ...

"အစ်ကိုက အခေါင်းအဖုံးတွေကို ဖွင့်ကြည့်မလို့လား"

"ဟုတ်တယ်လေ"

"ဖြစ်ပါ့မလား"

ရှောင်ချင်း၏စကားကြောင့် ရှောင်အင်း မျက်မှောင်ကုတ်သွားလေသည်။ ရှောင်ချင်းကို ကြည့်လိုက်ပြီး ...

"ဘာဖြစ်လို့လဲ ညီမ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။ ရှောင်ချင်း ခေါင်းခါယမ်းလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး"

ရှောင်အင်းက ...

"ကျန်တဲ့လူတွေ ဒီနေရာကိုရောက်လာပြီး ပျောက်နေကြတယ်၊ သူတို့ အခေါင်းထဲ ရောက်ချင်ရောက်နေနိုင်တာပေါ့"

ပြောပြောဆိုဆို ဖျိုင်းဖြူကျောက်ဖုံး၏ အခေါင်းအဖုံးဖွင့်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် အခေါင်းထဲမှ ညည်းတွားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

✽

"အင်း ... ဟင်း ... ဟင်း"

ညည်းတွားသံ ထွက်ပေါ်လာလေသည်။

"ဟင်"

"ဟာ"

ရှောင်အင်းနှင့်ရှောင်ချင်းတို့ ရင်ထိတ်သွားကြလေသည်။ နှစ်ယောက်သား ပြိုင်တူနောက်ဆုတ်လိုက်ကြသည်။ ညည်းတွားသံ



ထွက်ပေါ်လာသည့် ကျောက်ဖုံး၏အခေါင်းကို မျက်လုံးပြူးကာ ကြည့်လိုက်ကြလေသည်။

ညည်းတွားသံသည် အလွန်ပြင်းထန်သော ဝေဒနာ တစ်ရပ်ကို မချိမဆန့် ခံစားနေရသည့်အခါ ထွက်ပေါ်လာတတ်သော အသံမျိုး ဖြစ်လေသည်။ ရှောင်ချင်းက ...

"အစ်ကိုကြားတယ်နော်"

ဟု တီးတိုးပြောလေသည်။ ရှောင်အင်း ခေါင်းညိတ်လိုက်သည်။

"ကြားတယ်၊ ကျောက်ဖုံးရဲ့အခေါင်းကပဲ"

"အခေါင်းထဲမှာ ကျောက်ဖုံးရှိနေတာများလား"

"မပြောတတ်ဘူး"

ညည်းတွားသံသည် ပြတ်တောင်းပြတ်တောင်း ထွက်ပေါ်နေ၏။ တစ်စထက်တစ်စ တိုးညင်းသွားသဖြင့် နားစိုက်ထောင်မှသာ ကြားရလေသည်။

ရှောင်အင်းတို့မောင်နှမသည် အတော်လေးကြာအောင်ငြိမ်နေလိုက်ကြပြီးမှ ...

"အခေါင်းထဲမှာ ကျောက်ဖုံးရှိနေရင် ဘယ်လိုလုပ်မလဲ၊ သူ့ကို ရန်သူလက်ချက်မိခဲ့ပေမယ့် အသက်မသေသေးဘဲ ညည်းတွားနေတာဆိုရင်ကော"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်အင်း ရေရွတ်လိုက်သည်။ ရှောင်ချင်းက ...

"ဒါဆို ကျွန်မတို့က သူ့ကို ကယ်တင်ဖို့ ကြိုးစားရမှာပေါ့"

ဟုပြောလိုက်လေသည်။ နှစ်ယောက်သား လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ကျောက်ဖုံး ဒုက္ခရောက်ခဲ့လျှင်ပင် ညည်းတွားနေခြင်းကြောင့် အသက်ရှင်လျက် ရှိနေသေးကြောင်း ထင်ရှားပေသည်။

ကျောက်ဖုံးထံမှ ရန်သူ့အကြောင်းကို စုံစမ်း၍ ရနိုင်သည် မဟုတ်ပါလား။ ရှောင်အင်းက ...

"ကောင်းပြီ၊ သူ စကားပြောနိုင်ပါစေလို့ ဆုတောင်းရမှာပဲ"

ဟုပြောကာ ရှေ့တိုး၍ ကျောက်ဖုံး၏အခေါင်းအဖုံးကို ဆတ်ခနဲဆွဲကာ ဖယ်ရှားလိုက်လေသည်။

'ဝုန်း'

အခေါင်းအဖုံး ကြမ်းပြင်ပေါ် ကျသွား၏။ ထိုအခါ အခေါင်းအတွင်း၌ ကျောက်ဖုံး ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ကျောက်ဖုံး မလှုပ်မယှက် ဖြစ်နေပါသည်။

သူက ဘယ်တော့မှ လှုပ်ရှားနိုင်တော့မည်လည်း မဟုတ်ချေ။

သူ၏မျက်လုံးနှစ်လုံးတွင် ရွှေအပ်နှစ်ချောင်း စိုက်ဝင်နေ၏။ ရှောင်အင်း မျက်နှာပျက်သွားပြီး ...



"သူ သေသွားတာကမှ ကောင်းဦးမယ်"

ဟု ရေရွတ်လိုက်မိလေသည်။

✸

ကျောက်ဖုံး သေဆုံးသွားပြီဖြစ်လေသည်။ ရှောင်အင်းက အခေါင်းအဖုံးကို ဖွင့်လိုက်ပြီး မရှေးမနှောင်းမှာပင် အသက်ပျောက်သွားခြင်း ဖြစ်လေသည်။

ရှောင်အင်း သက်ပြင်းချလိုက်သည်။

"ကျောက်ဖုံးဟာ ဖျိုင်းဖြူဆိုတဲ့နာမည်ကို မခံယူခင်က ရွှေအပ်နှစ်ချောင်းကို အဓိကလက်နက်အဖြစ် အသုံးပြုခဲ့ဖူးတယ်၊ ဒါပေမဲ့ နောက်ပိုင်းမသုံးတော့ဘူး၊ ဘာကြောင့်လဲဆိုတာ ဘယ်သူမှ မသိခဲ့ရဘူး၊ ခုတော့ ရွှေအပ်တွေဟာ သူ့ကို ကောင်းကောင်းကြီး ဒုက္ခပေးလိုက်ပြီ"

ရှောင်ချင်းက ...

"တော်တော် ရက်စက်တဲ့လူပဲ"

ဟု လူသတ်သမားကို ရည်ရွယ်ကာ မကျေမနပ် ရေရွတ်လိုက်လေသည်။ ရှောင်အင်းက ...

www.burmeseclassic.com

www.burmeseclassic.com



“အားလုံး သုံးယောက်ရှိပြီ၊ ခြင်္သေ့ကြီးထိချူးပဲ ကျန်တော့တယ်”

“သူကော ဒုက္ခရောက်သွားပြီလို့ အစ်ကိုထင်နေတာလား”

“ဖြစ်နိုင်တယ်”

“ထိပ်သီးသိုင်းသမားကြီးတွေဖြစ်ပြီး ခုလို ခံလိုက်ကြရတာတော့ မယုံနိုင်စရာပဲ”

ရှောင်အင်းက ...

“ဟုတ်တယ်၊ ဘယ်လောက်တော်တဲ့ သိုင်းသမားဖြစ်ပါစေ၊ သူတို့ကို အလွယ်တကူ ရှင်းလင်းပစ်နိုင်မှာ မဟုတ်ဘူး”

ရှောင်ချင်းက ...

“ခုတော့ သူတို့ခံလိုက်ရပြီလေ”

ရုတ်တရက် ရှောင်အင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

“ဟုတ်ပြီ”

ဟုလည်း လွှတ်ခနဲ အော်လိုက်လေသည်။ ရှောင်ချင်း မျက်မှောင်ကြုတ်ကာ ...

“ဘာဖြစ်လို့လဲ”

ဟု မေးလေသည်။ ရှောင်အင်းက ...

“ညီမ သူတို့ မရှုမလှ ခံလိုက်ရတာကို တွေ့တယ် မဟုတ်





လား”

“ဟုတ်တယ်လေ”

“ခုလိုခံလိုက်ရအောင် သူတို့ကို တိုက်ခိုက်နိုင်တဲ့လူ သိုင်းလောကမှာ ဘယ်နှယောက် ရှိမလဲ”

ရှောင်ချင်း ခေါင်းခါယမ်းလိုက်လေသည်။

“မရှိနိုင်ဘူး”

ရှောင်အင်းက ...

“ဟုတ်တယ်၊ ဘယ်သူမဆို သူတို့ကို သုတ်သင်ပစ်ချင်တယ်ဆိုရင် အတော့်ကို ကြိုးစားပြီး ယှဉ်ပြိုင်ရမှာပဲ၊ လွယ်လွယ်နဲ့တော့ မရဘူး”

ရှောင်ချင်းက ...

“အခုတော့ သူတို့ လွယ်လွယ်ကလေးနဲ့ လုပ်ကြံခံလိုက်ရပုံပဲ အစ်ကိုရဲ့”

ရှောင်အင်းက ခေါင်းညိတ်လိုက်လေသည်။

“ဟုတ်တယ်၊ သူတို့ဟာ ရန်သူကို လည်စင်းပေးလိုက်ကြရပုံမျိုး ဖြစ်နေတယ်၊ အဲဒါ ဘာကြောင့်လဲ”

“ကျွန်မ ဘယ်သိမလဲ”

“ညီမ ရန်သူကို မခုခံနိုင်လောက်အောင် အဖြစ်ဆိုးနဲ့ ကြုံရမှာ”

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားမဆုံးမီ ရှောင်ချင်းက ကြားဖြတ်ပြောလိုက်သည်။

"ကျွန်မသိပြီ၊ သူတို့ဟာ အငိုက်မိသွားကြတာပဲ ဖြစ်မယ်"

ရှောင်အင်းက ...

"ညီမပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ တစ်ယောက်တလေကို အငိုက်ဖမ်းဖို့ လွယ်ပေမယ့် လူတိုင်းကိုတော့ အငိုက်ဖမ်းဖို့ မလွယ်ဘူးထင်တယ်"

"အင်း ... ဒါလည်း ဖြစ်နိုင်တာပဲ၊ သူတို့က အဆိပ်မိကြတယ် ဆိုရင်ကော"

"ဒါပေါ့"

ရှောင်အန်းသည် ကျေနပ်သွားသည့်အလား လက်ကို ဝှေ့ယမ်းလိုက်ပြီး ...

"အဆိပ်မိတာ အဖြစ်နိုင်ဆုံးပဲ၊ အဆိပ်မိသွားလို့သာ ခုလို ခံလိုက်ရတာပဲ ဖြစ်မယ်၊ နို့မဟုတ်ရင် ပြင်းထန်တဲ့ တိုက်ပွဲတွေ ဖြစ်ပေါ်လာမှာပဲ၊ တိုက်ပွဲပေါ်ပေါက်လာတယ်ဆိုရင် ကျုပ်တို့လည်း မသိရဘဲ နေမှာမဟုတ်ဘူး"

ဟု ပြောလေသည်။ ရှောင်အင်းက ...

"အစ်ကို သူတို့လို လူစားမျိုးတွေ အဆိပ်မိဖို့ လွယ်ပါ့မလား"



"ညီမပြောတာ မှန်တယ်၊ သူတို့ဟာ ဝါရင့်တဲ့လူတွေဆိုတော့ တော်ရုံတန်ရုံ အဆိပ်မိဖို့ မလွယ်ပါဘူး၊ ဒါပေမဲ့ မျက်နှာတစ်ထောင် ဘီလူးလိုလူစားမျိုးနဲ့ တွေ့ရင်တော့ ဘယ်လွယ်ပါ့မလဲ"

ရှောင်ချင်းက ...

"မျက်နှာတစ်ထောင်ဘီလူးလို လူစားမျိုး သိုင်းလောကမှာ နှစ်ယောက်ရှိနိုင်ပါ့မလား၊ ကျွန်မတို့ မောင်နှမက သူ့ကို သုတ်သင်ရှင်းလင်းခဲ့ကြတာပဲ မဟုတ်လား"

"မျက်နှာတစ်ထောင်ဘီလူးကတော့ သေသွားပါပြီ၊ ဒါပေမဲ့ သူလိုလူစားမျိုး တစ်ယောက် ပေါ်ပေါက်နေပြီ"

မောင်နှမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြပြန်လေသည်။ သူတို့၏မျက်လုံးထဲ၌ မြေပေါ်၌ လဲကျသေဆုံးနေသူတစ်ယောက်ကို လည်းကောင်း၊ ထိုလူ၏နံဘေး၌ ရှိုက်ကြီးတငင် ငိုကြွေးနေသည့် ကောင်လေးတစ်ယောက်ကို လည်းကောင်း မြင်ယောင်လာကြသည်။

အခဲမကြေသောအကြည့်ဖြင့် သူတို့အား ကြည့်နေသည့် ထိုကောင်လေး၏ မျက်လုံးများကိုလည်း မြင်ယောင်လာကြလေသည်။ ရှောင်ချင်းက ...

"ဟိုကောင်လေးများ ဖြစ်နေမလား"

ဟု လွှတ်ခနဲ မေးလိုက်သည်။ ရှောင်အင်း သက်ပြင်းချလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အဲဒီကောင်လေးသာ ဖြစ်နေမယ်ဆိုရင်တော့ လောကကြီးဟာ အတော့်ကို အံ့သြစရာကောင်းသယ်လို့ ပြောရတော့မှာပဲ"

ထိုစဉ် ...

'ဒုန်း'

အခေါင်းအဖုံးကို ထုလိုက်သောအသံ ကျယ်လောင်စွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှောင်အင်းတို့ မောင်နှမ ရင်ထိတ်သွားကြပြီး ကပျာကယာ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ ကျောက်ဖုံး၏ အခေါင်းနံဘေးရှိ ထိချူး၏ခေါင်းသည် လှုပ်ယမ်းသွားသည်ကို တွေ့လိုက်ရ၏။ ထို့မျှသာမကသေး အခေါင်းထဲမှ ရှူးရှူးဝါးဝါးမြည်သံများ ထွက်ပေါ်လာသည်ကိုလည်း ကြားလိုက်ရလေတော့သည်။

✸

စနီးကျင်တစ်ခုလုံး ချောက်ချားဖွယ်ကောင်းအောင် တိတ်ဆိတ်နေ၏။ အခေါင်းအဖုံးထုသံသည် လည်းကောင်း၊ ရှူးရှူးဝါးဝါး



အော်မြည်သံများသည်လည်းကောင်း တိတ်ဆိတ်ကွယ်ပျောက်သွားပြီ ဖြစ်လေသည်။

ရှောင်အင်းတို့ မောင်နှမ ငြိမ်နေဆဲ။ အတော်ကလေးကြာမှ ရှောင်အင်းက သက်ပြင်းချလိုက်သည်။

"ခြသေ့်ကြီးထိချူးလည်း ခံလိုက်ရပြီထင်တယ်"

ဟု ရေရွတ်လိုက်သည်၊ ရှေ့သို့ လှမ်းသွားပြီး ခြသေ့်ကြီး ထိချူး၏ အခေါင်းအဖုံးကို ဖွင့်လိုက်လေသည်။

'ဝုန်း'

အခေါင်းအဖုံး ကြမ်းပြင်ပေါ်ကျသွားလေသည်။ ထိုအခါ အခေါင်းအတွင်း၌ ထိချူးသည် ပုံပျက်ပန်းပျက်ဖြင့် ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိချူး တစ်ကိုယ်လုံး ပြာနှမ်းနေသည်။ ပါးစပ်ထဲမှ အမြှုပ်တစီစီ ထွက်နေသည်။ ခြေလက်များ အကြောဆွဲကာ တဆတ်ဆတ် တုန်ယင်နေ၏။

အလွန်ပြင်းထန်သော ဝေဒနာဆိုးကို ခံစားနေရကြောင်း ထင်ရှားလေသည်။ ရှောင်ချင်းက ...

"ရက်စက်လိုက်တာ"

ဟု ရေရွတ်လိုက်သည်။ သူမ ဒေါသထွက်လာပြီးလျှင် ...

"ဘာကြောင့် အကောက်ကြံရတာလဲ၊ သတ္တိရှိရင် ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့စမ်း"

ဟု အော်ပြောလိုက်လေသည်။ သူမ၏အသံသည် မိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ရှောင်အင်းက

"ညီမ သတိထား"

ဟု ကပျာကယာ သတိပေးလိုက်ရ၏။ ရှောင်ချင်းက ...

"ကျွန်မတော့ ဒီလူယုတ်မာကို ဖော်ထုတ်ပြီး ပြတ်ပြတ်သားသား ခုံးမရမှာပဲ"

"စိတ်ချ၊ ကျုပ်တို့လက်က ပြေးလို့မလွတ်ပါဘူး"

ထိုစဉ် ...

"ဟား ဟား ဟား"

ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရယ်သံသည် အိမ်အပြင်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ရှောင်အင်းနှင့်ရှောင်ချင်းတို့သည် တိုင်ပင်ထားစရာမလိုဘဲ အပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားကြလေတော့သည်။

✵



လမိုက်ညဖြစ်၍ အမှောင်ထုကြီးစိုးနေပါ၏။ ကြယ်ကလေးများ၏ အလင်းရောင်သည် အမှောင်ထုကိုမယှဉ်နိုင်ဘဲ ဖြစ်နေသည်။

သို့သော် အတွင်းအားကောင်းလှသည့် ရှောင်အင်းတို့ မောင်နှမမှာ ဝိုးတဝါးအလင်းရောင်ဖြင့် အိမ်အပြင်ဘက် မြေကွက်လပ်၌ ရပ်နေသူတစ်ယောက်အား တွေ့မြင်လိုက်ကြလေသည်။

"ဘယ်သူလဲ"

"မပြေးနဲ့"

ဟု အော်ငေါက်ကာ ပြိုင်တူ ခုန်ထွက်သွားကြလေသည်။

✵

ဝိုးတဝါးအလင်းရောင်အောက်တွင် ရှေ့မှ ပြေးသွားသူသည် တောအုပ်ထဲသို့ ဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။ ရှောင်အင်းနှင့်ရှောင်ချင်းတို့လည်း ပြေးလိုက်သွားကြပြီး တောအုပ်ထဲသို့ ရောက်ရှိသွားကြသောအခါ ရှောင်အင်းက ...

"ညီမ အပြင်ဘက်မှာ နေခဲ့"

ဟု ပြောလိုက်သည်။ ရှောင်ချင်းက ...

"လူယုတ်မာကို တွေ့ရပြီမဟုတ်လား၊ [illegible]ကြောင့် ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



(မ) အပြင်ဘက်မှာ နေခဲ့ရမှာလဲ"

"မဟုတ်ဘူးလေ၊ သူ့ကိုကြည့်ရတာ ကျုပ်တို့ကို မှားခေါ်သွားသလိုပဲ၊ သူ့ရဲ့ထောင်ချောက်ထဲကို မဝင်မိအောင် သတိထားရလိမ့်မယ်"

ရှောင်ချင်းက လက်မခံပါ။

"ကျွန်မတို့နှစ်ယောက် လူချင်းကွဲအောင် လုပ်နေတာဆိုရင်ကော"

ဟု စောဒကတက်လိုက်လေသည်။ ရှောင်အင်း အကျပ်ရိုက်သွားသည်။ မည်သို့ဆိုစေ ရှောင်ချင်းကို ခေါ်မသွားလိုသဖြင့် ...

"ကျုပ်တို့က အဆိပ်မိထားတာမှမဟုတ်ဘဲ၊ ဘာမှကြောက်စရာမလိုဘူး၊ သူ့ကို တစ်ယောက်ချင်း မယှဉ်နိုင်စရာ အကြောင်းမရှိဘူး၊ ကျုပ်က တောအုပ်ထဲ ဝင်ရှာမယ်၊ တကယ်လို့ သူက အပြင်ဘက်ကို ထွက်ပြေးလာရင် ညီမ တားဝန်ယူပါ"

ရှောင်ချင်း မငြင်းနိုင်အောင် တာဝန်ခွဲပေးလိုက်လေသည်။ ရှောင်ချင်းက ...

"ဒါဖြင့် အစ်ကို အပြင်ဘက်ကစောင့်ပါ၊ ကျွန်မ တောအုပ်ထဲကို ဝင်သွားမယ်"

ဟု ပြောပြန်သည်။ ရှောင်အင်းက ...

"ညီမ စကားကစ်ပြီး မပြောနဲ့၊ ဒါ ငြင်းခုံနေရမယ့်အချိန်



မဟုတ်ဘူး၊ အပြင်ဘက်ကသာစောင့်နေ"

စကားအဆုံးတွင် ရှောင်ချင်း၏အပြောကို နားမထောင်တော့ဘဲ တောအုပ်ထဲသို့ ပြေးဝင်သွားလေသည်။ ရှောင်ချင်း မကျေမနပ်ဖြစ်သွားလေသည်။

သူမသည် လိုက်သွားရန်ဟန်ပြင်ပြီးမှ စိတ်ပြောင်းသွားကာ တောအုပ်အပြင်ဘက်၌ နေရစ်ခဲ့လေတော့သည်။

✵

ရှောင်အင်းက တောအုပ်ထဲသို့ ဝင်သွားပြီဖြစ်လေသည်။ ရှန်သူသည် ရှောင်အင်းကိုရင်မဆိုင်ဝံ့ဘဲ တောအုပ်အပြင်ဘက်သို့ ထွက်ပြေးလာပါစေဟု ဆုတောင်းနေမိသည်။

သို့မှသာ သူမစိတ်တိုင်းကျ ဆုံးမခွင့်ရလိမ့်မည် မဟုတ်ပါသလား။ ရှောင်အင်းသည် တောအုပ်အတွင်းသို့ ဝင်သွားပြီး ပြန်လည်ထွက်လာခြင်း မရှိချေ။

ရှောင်ချင်းမှာ စောင့်ဆိုင်းရသည်ကို စိတ်မရှည်နိုင်အောင်ဖြစ်လာလေတော့သည်။ ထိုစဉ် ...

"ညီမ"

www.burmeseclassic.com

www.burmeseclassic.com



ခပ်အုပ်အုပ်ခေါ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ရှောင်ချင်း ကပျာကယာ လှမ်းကြည့်လိုက်သောအခါ တောအုပ်ထဲမှ လူရိပ်တစ်ခုက ဒယီးဒယိုင်ဖြင့် ထွက်လာသည်ကို တွေ့လိုက်ရလေသည်။ ရှောင်ချင်း ရင်ထိတ်သွားပြီး ...

“အစ်ကို”

ဟု ခေါ်လိုက်၏။

“ညီမ ကျုပ်တော့ အငိုက်မိသွားပြီ”

တောအုပ်ထဲမှ ထွက်လာသူမှာ ရှောင်အင်းဖြစ်နေပြီး ဒဏ်ရာရထားသည့်အလား ရင်ဝကို လက်နှစ်ဖက်ဖြင့် အုပ်ထား၏။ ရှောင်အင်းနှင့် မလှမ်းမကမ်းသို့ရောက်လျှင် မဟန်နိုင်တော့သည့်အလား မြေပေါ် ဒူးထောက်ကျသွားလေသည်။

“အစ်ကို”

ရှောင်ချင်း အထိတ်တလန့်ဖြင့် ပြေး၍ ပွေ့ထူရန် ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင် ရှောင်အင်းသည် ရုတ်တရက် ခုန်ထလာပြီး ရှောင်ချင်းအား တိုက်ခိုက်လိုက်လေသည်။

မမျှော်လင့်ဘဲ တိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့် ရှောင်ချင်း မရှောင်နိုင်တော့ဘဲ ...

‘ဝုန်း’

“အောင်မလေး”



ဗူးရှူးဗွာ အော်ဟစ်ကာ အဝေးသို့ လွင့်စဉ်သွားလေသည်။ မည်သို့ဆိုစေ သူမသည် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်ရကား ဒဏ်ရာရထားသည့်တိုင် ချက်ချင်း လူးလိမ့်ထလာသည်။

“လူယုတ်မာ သေပေတော့”

ရန်သူသည် ရှောင်အင်းအဖြစ် ဟန်ဆောင်ကာ အလစ်အငိုက်ဖမ်းပြီး တိုက်ခိုက်ခဲ့သည်ကို သဘောပေါက်ကာ ဒေါသတကြီး ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ရှောင်အင်းအဖြစ် ဟန်ဆောင်ထားသူက ခုခံခြင်းမပြုဘဲ တောအုပ်ထဲသို့ ပြေးဝင်သွားလေသည်။ ရှောင်ချင်းလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ တောအုပ်ထဲသို့ တစ်ဟုန်ထိုး လိုက်သွားလေတော့သည်။

❋

ကြယ်ကလေးများ၏ ဝိုးတဝါးအလင်းရောင်အောက်တွင် လေပွေ့ယမ်း တိုက်ခတ်လာသောအခါ ချုံပုတ်ကြီးများ တရှဲရှဲမြည်သံပေးကာ လှုပ်ယမ်းသွားကြလေသည်။

မကောင်းဆိုးဝါးများ လှုပ်ရှားနေကြသည်နှင့်ပင် တူနေ

www.burmeseclassic.com

www.burmeseclassic.com



သေးတော့၏။ ရှောင်အင်းသည် တောမှုပ်ထဲသို့ ရောက်လာမှ ပြေး သွားသူကို ရှာဖွေဖို့ မလွယ်မှန်း သတိပြုမိလိုက်လေသည်။

မှောင်မည်းနေသော တောအုပ်ထဲ၌ ရန်သူကို ဝင်ရောက် ရှာဖွေခြင်းသည် မိုက်မဲသော အလုပ်တစ်ခုဖြစ်ကြောင်းလည်း ဆင် ခြင်မိသည်။

ထို့ကြောင့် ပျောက်ဆုံးသွားပြီဖြစ်သော ရန်သူကို လိုက်လံ ရှာဖွေခြင်း မပြုတော့ဘဲ နောက်လှည့်ပြန်ရန် ဟန်ပြင်လိုက်လေ သည်။ ထိုစဉ် ...

"အောင်မလေး"

တောအုပ်အပြင်ဘက်မှ စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ရှောင်အင်း ထိတ် လန့်သွားလေသည်။

"ရှောင်ချင်းရဲ့ အသံပါလား"

ရှောင်ချင်းတစ်ယောက် ဒုက္ခရောက်နေပြီဖြစ်ကြောင်း ရိပ်မိ သွားကာ ...

"ညီမ"

ဟု အော်ဟစ်ခေါ်လိုက်ပြီး တောအုပ်ထဲမှ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့လေသည်။ တောအုပ်အပြင်ဘက်သို့ ရောက်လျှင် ကြယ်ရောင်အောက်တွင် မြေပေါ် လဲကျနေသော ရှောင်ချင်းကို တွေ့



လိုက်ရလေသည်။ ရှောင်အင်း စိုးရိမ်ပူပန်သွားပြီး ...

"ညီမ"

ရှောင်ချင်းကို ပြေး၍ ပွေ့ထူလိုက်လေသည်။ ဤတွင် ရှောင်ချင်းသည် လျှပ်တပြက် ခုန်ထလာပြီး ရှောင်အင်း၏ ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ရှောင်အင်းမှာ မမျှော်လင့်ဘဲ တိုက်ခိုက်ခံလိုက်ရခြင်း ကြောင့် ...

"ညီမ ဘာလုပ်တာလဲ"

ဟု အော်ပြောရင်း ကပျာကယာ နောက်ဆုတ်ရှောင်တိမ်း လိုက်၏။

သူ၏လှုပ်ရှားမှု အလွန်လျင်မြန်လှသော်လည်း တစ်ချက် လေး သတိလစ်သွားသဖြင့် ရှောင်ချင်းအဖြစ် ဟန်ဆောင်ထားသူ၏ လက်ဝါးရိုက်ချက် မိသွားလေသည်။

'ဗုန်း'

"အွန့်"

ရှောင်အင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။ သို့တိုင်...

"လူယုတ်မာ မင်း ပြေးလို့ လွတ်မယ်မထင်နဲ့"

ဟု ကြုံးဝါးကာ ရှောင်ချင်းအဖြစ် ဟန်ဆောင်ထားသူထံသို့ ပြေးဝင်လိုက်လေသည်။ ထိုလူသည် ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုဘဲ

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ထဲသို့ ပြေးဝင်သွားလေရာ ...

"မပြေးနဲ့"

ရှောင်အင်းလည်း တစ်ဟုန်ထိုးလိုက်သွားလေတော့သည်။

✵

တောအုပ်ထဲ၌ မှောင်နှင့်မည်းမည်းရှိနေ၏။ ရှောင်အင်းသည် တောအုပ်ထဲ ရောက်သွားပြီဖြစ်သည်။ ရှေ့မှ ပြေးသွားသော ရန်သူကို မတွေ့ရတော့ပါ။

ရှောင်အင်း ဒေါသထွက်သွားလေသည်။ ရန်သူ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရထားပြီ ဖြစ်သော်လည်း သူကမမှုပါ။ ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင်ကာ ပြတ်ပြတ်သားသား ဆုံးမရန် ဆုံးဖြတ်ထားလေသည်။

ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်ကာ ရှာဖွေနေစဉ် မလှမ်းမကမ်း၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှောင်အင်း အံကြိတ်လိုက်သည်။

"မင်း ဘယ်ပြေးမလဲ"



ဟု အော်ငေါက်ကာ တစ်ဟုန်ထိုး ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ သို့ဖြင့် ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင်မိလိုက်လေတော့သည်။

✵

ရှောင်ချင်းသည် တောအုပ်ထဲသို့ ရောက်သွားသောအခါ ရန်သူပျောက်ကွယ်သွားသဖြင့် ခံပြင်းသွားလေသည်။ သူမ အသက်ရှူလိုက်တိုင်း ရင်ဝ၌ အောင့်တက်လာသဖြင့် အတွင်းဒဏ်ရာ ရသွားပြီဖြစ်ကြောင်း နားလည်လိုက်၏။

သူမ ဒဏ်ရာရသွားအောင် အကောက်ကြံကာ တိုက်ခိုက်ခဲ့သည့် ရန်သူကိုလည်း အခဲမကျေနိုင်အောင် ဖြစ်နေရလေသည်။

"တွေ့ရင်တော့လား"

ဟု စိတ်ထဲ ကြုံးဝါးရင်း အပြင်းအထန် ရှာဖွေလိုက်၏။ ထိုစဉ် နောက်ကျောဘက်မှ လေတိုးသံများ ထွက်ပေါ်လာသည်ကို မမျှော်လင့်ဘဲ ကြားလိုက်ရလေသည်။

ရှောင်ချင်း လှည့်ကြည့်လိုက်သောအခါ လူရိပ်တစ်ခုက ခုန်ဝင်တိုက်ခိုက်လာသည်ကို တွေ့ရ၏။ သူမလည်း လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ အားကုန်ရိုက်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသောအခါ ဝိုး တဝါးလရောင်ဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် တွေ့မြင် လိုက်ကြရလေသည်။

"ရှောင်ချင်း"

"အစ်ကိုရှောင်အင်း"

နှစ်ယောက်သား လွှတ်ခနဲ ခေါ်လိုက်ကြ၏။ အမှန်တော့ သူတို့သည် တိုက်ကွက်များကို ရုပ်သိမ်းကာ အချိန်မီ နောက်ဆုတ် လိုက်ကြရမည် ဖြစ်လေသည်။

ယခုမူ နှစ်ယောက်စလုံး နောက်ဆုတ်ရန် စိတ်မကူးကြ သလို တိုက်ကွက်များကို ရုပ်သိမ်းဖို့လည်း စိတ်မကူးကြပါချေ။ သူ့ခွန်အားကိုပင် အကုန်ထုတ်ကာ အပြင်းအထန်ဆုံး တိုက်ခိုက် လိုက်ကြလေသည်။

'ဝုန်း … ဝုန်း'

ကျယ်လောင်သောအသံများထွက်ပေါ်လာပြီး နှစ်ယောက် စလုံး အဝေးသို့ လွင့်စဉ်သွားကြလေသည်။

✸



ရှောင်အင်းသည်လည်းကောင်း၊ ရှောင်ချင်းသည် လည်း ကောင်း မြေပေါ်တွင် လဲကျနေကြလေသည်။ နှစ်ယောက်စလုံး အသက်ကို ခဲယဉ်းစွာ ရှူရှိုက်နေရှာ၏။

ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြပြီ မဟုတ်ပါလား။ ဒေါသ ကြီးသော ရှောင်ချင်းက သူမခံလိုက်ရသည်ကိုပင် အမှုမထားဘဲ …

"ခုတော့ ဘယ့်နှယ်ရှိစ"

ဟု လှမ်းပြောလိုက်လေသည်။ ထိုအခါ ရှောင်အင်းက —

"မင်းက ငါ့ရဲ့ညီမအဖြစ် ရုပ်ဖျက်ပြီး အကောက်ကြံခဲ့ပေ မယ့် မင်းလည်း ခံလိုက်ရတာပဲ မဟုတ်လား၊ ကျုပ်ရဲ့လက်ဝါးရိုက် ချက်ကို ခံရပြီးရင် ဘယ်သူမှ အသက်မရှင်နိုင်တော့ဘူး"

ဟု အားကျမခံ ပြန်ပြောလေသည်။ ရှောင်ချင်းက —

"ရှင် ရှင်က အစ်ကိုရှောင်အင်း … ဟုတ်လား"

ရှောင်အင်းက …

"ဘာလဲ … သေလုမျောပါး ဖြစ်နေတာတောင် မင်းက အကောက်ကြံချင်သေးလို့လား"

"မဟုတ်ဘူး … ကျွန်မက ရှောင်ချင်းအစစ်ပဲ"

"ဘာ"

"အစ်ကိုကကော"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ရှောင်အင်း"

"ဒါဆို ကျွန်မတို့ လူမှားပြီး အချင်းချင်း တိုက်ခိုက်မိကြပြီ"

"ဟင်"

မောင်နှမနှစ်ယောက်စလုံး ထိတ်လန့်သွားကြလေသည်။ သို့သော် လက်လွန်ခြေလွန် တိုက်ခိုက်ခဲ့ကြပြီးဖြစ်ရာ ဘာမှ မတတ်နိုင်ကြပါတော့ချေ။ ထိုစဉ် ...

"ဟား ဟား ဟား"

ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်။ မလှမ်းမကမ်း၌ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။ ရှောင်အင်းနှင့်ရှောင်ချင်းတို့သည် တကယ့်ရန်သူအစစ်ကို တွေ့မြင်လိုက်ရပြီ ဖြစ်သော်လည်း ဘာမှ မတတ်နိုင်ကြပါတော့ချေ။

သူတို့အနီးသို့ ရောက်လာသူမှာ ချင်းသက်မဲ့ဖြစ်လေသည်။ ချင်းသက်မဲ့က ...

"ခင်ဗျားတို့မောင်နှမ ဟစ်ယောက်ကိုတစ်ယောက် မညှာမတာကြဘဲကိုးဗျ"

ဟု မခံချင်အောင် ပြောလိုက်လေသည်။

"မင်း"

ရှောင်ချင်း ဒေါပွနေသော်လည်း မလှုပ်နိုင်တော့ပါ။ ရှောင်အင်းက ...



"မင်းရဲ့လှည့်ကွက်က မဆိုးပါဘူး၊ ကျုပ်တို့ တစ်ချက်လေး သတိလစ်လိုက်တာနဲ့ ခုလို ခံလိုက်ရတာပဲ၊ ဒါထက် မင်း ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်တို့ကို ဒုက္ခပေးချင်ရတာလဲ"

ဟု မေးလိုက်လေသည်။ ချင်းသက်မဲ့က ...

"ကျုပ်က အကြောင်းမရှိဘဲ ခင်ဗျားတို့ကို ဒုက္ခပေးပါ့မလား ဗျာ၊ ဘာကြောင့်လဲဆိုတာ သိချင်ရင် ကျုပ်ပြောပြပါ့မယ်၊ မျက်နှာ တစ်ထောင်ဘီလူးကိုတော့ ခင်ဗျားတို့ မှတ်မိကြမယ် ထင်ပါတယ်"

"လက်စသတ်တော့ မင်းက သူနဲ့ပတ်သက်နေတာကိုး"

"ဟုတ်ပါတယ်ဗျာ၊ သူဟာ ကျုပ်ရဲ့ ကျေးဇူးရှင်ဆိုရင်တော့လည်း မမှားဘူး"

ရှောင်အင်းနှင့် ရှောင်ချင်းတို့မောင်နှမတစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြန်သည်။ ချင်းသက်မဲ့က သူတို့အား ဒုက္ခပေးရသည့်အကြောင်းရင်းကို ပြောပြနေရာ နှစ်ယောက်သား အတိတ်ကာလဆီသို့ ရောက်ရှိသွားသည်ဟု ခံစားနေကြရတော့သည်။

✸

လမ်းဘေး၌ ဇရပ်ပျက်တစ်ခု ရှိနေ၏။ ဇရပ်ပျက်၏ လှေ

www.burmeseclassic.com

www.burmeseclassic.com



ကားထဲစ်ပေါ်တွင် အဘိုးအို တစ်ယောက်က အကျအနထိုင်ကာ ကြက်ကင်တစ်ကောင်ကို ကိုက်ဖွဲ့စားသောက်နေ၏။

သူ၏နံဘေး၌ အရက်အိုးတစ်အိုး ချထားသည်။ အဘိုးအိုသည် အရက်တစ်ငုံသောက်လိုက်၊ ကြက်ကင်တစ်ဖွဲ့စားလိုက်ဖြင့် ဇိမ်ကျနေ၏။

သူ၏ဆံပင်များသည် ကျိုးကန်းသိုက်ပမာ ရှုပ်ထွေးနေသည်။ အဝတ်အစားများသည်လည်း ညစ်ပတ်ပေကျံကာ ဖာထေးရာ ဗလပွ ရှိနေ၏။

ရုတ်တရက်ဆိုလျှင် အခြေအနေမဲ့ သူတောင်းစားကြီး တစ်ယောက်ဟု ထင်ရမည်ဖြစ်လေသည်။ သို့သော် သူ၏ အရောင်တဖိတ်ဖိတ် တောက်ပနေသော မျက်လုံးကမူ သူတောင်းစား တစ်ယောက် မဟုတ်ကြောင်း ဖော်ပြနေသည်ကို သတိပြုကြည့်မှ တွေ့မြင်နိုင်မည် ဖြစ်လေသည်။

ထိုအဘိုးအိုနှင့် မလှမ်းမကမ်းရှိ မြေပေါ်တွင် ခွေးဝဲစားတစ်ကောင်က ဆောင့်ကြောင့်ထိုင်ကာ အဘိုးအိုစားသောက်နေသည်ကို ကြည့်နေ၏။

ထို့အတူ ခွေးဝဲစားနှင့် မလှမ်းမကမ်းတွင် ညစ်ပတ်ပေကျံနေသော ကောင်လေးတစ်ယောက်က ရပ်နေ၏။ ထိုကောင်လေးမှာ ချင်းသက်မှဲ့ဖြစ်လေသည်။



ချင်းသက်မှဲ့သည်လည်း ခွေးဝဲစားနည်းတူ အဘိုးအို စားသောက်နေသည်ကို မျက်တောင်မခတ် ကြည့်နေ၏။ အဘိုးအိုကလည်း စားသောက်ရင်း ခွေးဝဲစားကိုတစ်လှည့် ချင်းသက်မှဲ့ကိုတစ်လှည့် အကဲခတ်နေသည်။

တစ်ခဏအကြာတွင် ကြက်ရိုးတစ်ချောင်းကို မြေပေါ်ပစ်ချလိုက်သည်။ ခွေးဝဲစားက ဆတ်ခနဲ ပြေးဟပ်ကာ တကျွတ်ကျွတ်မြည်အောင် ဝါးစားပစ်လိုက်၏။

ချင်းသက်မှဲ့က ခွေးဝဲစားကိုကြည့်ကာ သက်ပြင်းချလိုက်သည်။ အဘိုးအိုက ...

"ရော့"

နောက်ထပ် ကြက်ရိုးတစ်ချောင်းကို ပစ်ချလိုက်ပြန်သည်။ ခွေးဝဲစားကပင် ဦးအောင် ပြေးဟပ်ကာ ဝါးစားပစ်လိုက်ပြန်သည်။ ချင်းသက်မှဲ့သည် အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသော်လည်း ပြန်လည်ငြိမ်သက်သွားသည်။

ခွေးဝဲစားသည်လည်းကောင်း၊ ချင်းသက်မှဲ့သည် လည်းကောင်း အဘိုးအိုစားသည်ကို သွားရည်တမြားမြားဖြင့် မျှော်နေကြသည့်သဘော ဖြစ်လေသည်။

အဘိုးအိုက အရက်အိုးကို မယူကာ မော့သောက်လိုက်၏။ ပြီးလျှင် လက်ကျန်ကြက်ကင်တစ်ပိုင်းကိုယူကာ ခွေးဝဲစားကို တစ်

www.burmeseclassic.com



လှည့် ချင်းသက်မဲ့ကို တစ်လှည့်ကြည့်ပြီး အလယ်တည့်တည့်သို့ ပစ်ချပေးလိုက်လေသည်။

ယခုတစ်ကြိမ် ခွေးဝဲစားကော ချင်းသက်မဲ့ပါ ပြေး၍ လုလိုက်ကြလေသည်။ သို့တိုင် ကြက်ကင်တစ်ခြမ်းသည် ခွေးဝဲစား၏ ပါးစပ်ထဲသို့ ပါသွား၏။

အဘိုးအိုသည် ချင်းသက်မဲ့ လက်လျှော့သွားမည်ဟု ယူဆမိလေသည်။ ချင်းသက်မဲ့ လက်မလျှော့ပါ။ ခွေးဝဲစားပါးစပ်ထဲမှ ကြက်ကင်ကို အတင်းဆွဲယူရာ ခွေးဝဲစားက မလွှတ်သဖြင့် သူတစ်ပြန်ကိုယ်တစ်ပြန် ဆွဲနေရပြီး ချင်းသက်မဲ့က စိတ်မရှည်တော့သည့်နောက်ဆုံး ...

"ကဲကွာ"

ခွေးဝဲစား၏ ဦးခေါင်းကို လက်သီးဖြင့် ထိုးလိုက်လေသည်။

"ကိန်"

ခွေးဝဲစားသည် ကိန်ခနဲအော်ကာ ကြက်ကင်ကို လွှတ်လိုက်၏။ ချင်းသက်မဲ့ ကြက်ကင်ရသွားသောအခါ ခွေးဝဲစားက မာန်ဖီကာ လှမ်းကိုက်လိုက်လေသည်။

ချင်းသက်မဲ့မှာ လက်ကို အကိုက်ခံလိုက်ရသဖြင့် နာကျင်သွားပြီး ကြက်ကင်ကို လွှတ်ချလိုက်သည်။ ခွေးဝဲစားက ကြက်ကင်ကို ချီ၍ ပြေးလေသည်။



ချင်းသက်မဲ့သည် နာကျင်နေသောလက်ကို ကျန်လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း တွေဝေနေပြီးမှ ...

"ဟေး"

အာခေါင်ခြစ်ကာ အော်လိုက်ပြီး တစ်ဟုန်ထိုး ပြေးလိုက်သွား၏။ ခွေးဝဲစားကို မီသွားလျှင် ခြေထောက်နှစ်ချောင်းကို ဆောင့်ဆွဲလိုက်ပြီး မြေကြီးဖြင့် ကိုင်ရိုက်ပစ်လိုက်၏။ ခွေးအော်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

✸

ခွေးဝဲစားသည် သွေးခြင်းခြင်းနီရဲကာ မြေပေါ်လဲကျနေ၏။ ချင်းသက်မဲ့၏လက်နှစ်ဖက်လည်း သွေးများဖြင့် နီရဲနေ၏။ သို့သော် ချင်းသက်မဲ့သည် ဘာကိုမှ အမှုမထားဘဲ မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်သို့ သွားကာ ထိုင်ချပြီး ကြက်ကင်ကို အငမ်းမရ စားသောက်နေလိုက်လေသည်။

အဘိုးအိုက ထိုင်ရာမှထကာ ချင်းသက်မဲ့အနီးသို့ လှမ်း ချင်းသက်မဲ့ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ...

"မင်းက ခွေးနဲ့လုစားတာ မရှက်ဘူးလား

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။ ချင်းသက်မှဲက မျက်စောင်းထိုးကာကြည့်ပြီး ဘာမှ ပြန်မပြောချေ။ အဘိုးအိုက ...

"မင်း ထမင်းမစားရတာ ဘယ်နှစ်ရက်ရှိပြီလဲ"

"ငါးရက်"

ချင်းသက်မှဲက ပလုတ်ပလောင်း စားရင်းပြောသည်။ အဘိုးအိုက ...

"မင်း အိမ်မပြန်ဘူးလား"

"ဟင့်အင်း"

"မင်းရဲ့မိဘတွေရော"

"သေကုန်ပြီ"

"ဪ"

ချင်းသက်မှဲသည် လေလွင့်နေသော ကောင်လေး တစ်ယောက်ဖြစ်ကြောင်း အဘိုးအို သဘောပေါက်သွားလေသည်။ ချင်းသက်မှဲအား ထပ်မံ၍ ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး ...

"မင်းက ခွေးနဲ့လုစားရတာ မရှက်ဘူးလား"

ဟု ထပ်မေးလိုက်သည်။ ချင်းသက်မှဲက ...

"ဦးက လွှင့်ပစ်လိုက်ပြီပဲ၊ ဘယ်သူရရပေါ့၊ ရတဲ့လူစားတာ ဘာမှ ရှက်စရာမလိုပါဘူး"

ဟု ပြန်ပြောလေသည်။ အဘိုးအိုက ...



"ကြက်ကင်မှာ သဲတွေ ပေကျံနေတယ်၊ ခွေးပါးစပ်ထဲလည်း ရောက်ပြီးပြီ၊ ဒါကို စားရလို မင်း မရွံဘူးလား"

"ဟင့်အင်း၊ ကျွန်တော် တစ်ခုခုစားရမှဖြစ်မယ်၊ ကျွန်တော် အသက်ရှင်နေမှ ဖြစ်မယ်"

"ဪ ... မင်း အသက်ရှင်နေချင်လို့ကိုး"

"ဟုတ်တယ်၊ ကျွန်တော်အသက်ရှင်နေမှ ကျွန်တော်မုန်းတီးနေတဲ့သူတွေကို တစ်နေ့လက်တုံ့ပြန်နိုင်မှာ"

အရွယ်မရောက်သေးသည့် ကောင်လေးတစ်ယောက်၏ ရင်ထဲမှ အာဃာတတရား ကြီးမားလှပုံကို ကြောက်စရာကောင်းလှပေသည်။

အဘိုးအို မျက်မှောင်ကြုတ်သွားပြီး ...

"လက်စသတ်တော့ မင်းမှာ နာကြည်းစရာတွေ ရှိနေတာကိုး၊ ကဲ ... ဘာတွေများလဲဆိုတာ ငါ့ကိုပြောပြစမ်းပါဦး"

ချင်းသက်မှဲသည် အဘိုးဘို မည်သူမည်ဝါဖြစ်သည်ကို အမှုမထားဘဲ ရင်ထဲမှ နာကြည်းချက်များကို ဖွင့်ချလိုက်လေတော့သည်။

www.burmeseclassic.com



ယခု ချင်းသက်မှဲသည် ဇရပ်ပျက်ပေါ် ရောက်ရှိနေပြီ ဖြစ်သည်။ အဘိုးအိုက သူ့အား နောက်ထပ်စားသောက်စရာများ ကျွေးမွေးသလို ခွေးကိုက်ခံရသည့်ဒဏ်ရာကို ဆေးထည့်ကာ ပတ်တီးစည်းပေးထားလေသည်။

ချင်းသက်မှဲလည်း ဗိုက်ပြည့်အောင် စားလိုက်ရသဖြင့် ကျေနပ်သွား၏။ အဘိုးအိုကိုလည်း အလွန်ကျေးဇူးတင်သွားသည်။ တစ်ခဏအတွင်းမှာပင် သူတို့နှစ်ယောက် ရင်းရင်းနှီးနှီး ဖြစ်သွားကြလေသည်။ အဘိုးအိုက ...

"မင်းရဲ့မိဘတွေ သေဆုံးသွားရတယ်၊ မင်းတို့ မောင်နှမလည်း ဒုက္ခရောက်ခဲ့ရတယ်၊ ဒါတွေဟာ မင်းတို့ ဖန်တီးခဲ့ကြတာ မဟုတ်ဘူး၊ မင်းတို့မကောင်းတာ မဟုတ်ဘူး၊ ဒါပေမဲ့ ဒုက္ခရောက်ရတယ်၊ ကောင်းတယ်ဆိုတဲ့လူတွေရဲ့ လက်ချက်ကြောင့်ပေါ့။ ဒါကြောင့် ဘယ်သူ့အပေါ်မှ ကောင်းစရာမလိုဘူးဆိုတာ မင်း မြဲမြဲမှတ်ထားရမယ်၊ မင်းက ခွေးကို မရိုက်ဘူးဆိုရင် ကြက်ကင်ကို မင်းစားရမှာ မဟုတ်ဘူး၊ ဒီသဘောပဲပေါ့၊ မင်းက သူများအပေါ် မကောင်းတာ လုပ်ပေးမယ့် မင်းအတွက်တော့ ကောင်းတာဖြစ်လိမ့်မယ်"

ဟု သူ၏ အဆိုးမြင်သဘောတရားကို သွန်သင်ပေးလေသည်။ ထိုအဘိုးအိုမှာ သိုင်းလောကအား အမျိုးမျိုး ဒုက္ခပေးနေသည့် မျက်နှာတစ်ထောင်ဘီလူး အိဝမ့် ဖြစ်ပါသည်။



သိုင်းလောကသားများသည် လူဆိုးကြီးအိဝမ့်ကို ဆုံးမနှိမ်နင်းရန် လိုက်လံရှာဖွေနေကြသည်။ အိဝမ့်သည် ပုံသဏ္ဍာန်အမျိုးမျိုး ရုပ်ဖျက်ကာ ရှောင်တိမ်းနေခဲ့ရာမှ ချင်းသက်မှဲနှင့် မမျှော်လင့်ဘဲ တွေ့ဆုံမိကြခြင်း ဖြစ်လေသည်။

နဂိုကပင် ဒဏ်ရာဒဏ်ချက်များ ရထားသော ချင်းသက်မှဲ၏ နုနယ်သော နှလုံးသားမှာ အနက်ရောင်ဆိုးခြင်း ခံလိုက်ရတော့သည်။ ချင်းသက်မှဲ၏ ဦးနှောက်အတွင်းဝယ် အယူဝါဒဆိုးများ ကိန်းအောင်းသွားတော့သည်။

"ဒါထက် သမားတော်က ဆေးကုမပေးဖို့ လက်မခံတော့ မျက်စိကွယ်သွားတဲ့ မင်းရဲ့အစ်မကော ဘယ်လိုဖြစ်သွားသလဲ"

ဟု မေးလေသည်။ ချင်းသက်မှဲက ...

"သမားတော်ကြီးက လက်မခံဘဲ မောင်းထုတ်လိုက်တော့ မမကို ဆေးကုဖို့ တခြားသမားတော်တွေဆီကို သွားပါတယ်၊ သူတို့က ဆေးကုပေးဖို့ ငွေတောင်းတယ်၊ ကျွန်တော် မပေးနိုင်ဘူး၊ ဒါနဲ့ မမကို တစ်နေရာမှာထားပြီး အိမ်တစ်အိမ်ကို ဖောက်ထွင်းခိုးယူမိတယ်၊ ကျွန်တော် ငွေတွေ အများကြီး ရလာပေမယ့် မမဆီကို မရောက်လိုက်ပါဘူး၊ ကျိသန်းဆိုတဲ့လူကြီးတစ်ယောက်က ကျွန်တော့်ကို ဖမ်းပြီး မြို့တော်ဝန်ဆီကို ပို့လိုက်တယ်"

အိဝမ့်က ...

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မင်း အကျဉ်းချခံလိုက်ရတယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကို ကလေးဆိုပြီး ချုပ်နှောင်မထားကြပါဘူး၊ မြို့တော်ဝန်ဂေဟာမှာ သန့်ရှင်းရေးလေးဘာလေး လုပ်ခိုင်းပြီး လွှတ်လွှတ်လပ်လပ်ထားပါတယ်၊ ဒါနဲ့ အခွင့်သာတဲ့တစ်နေ့မှာ ကျွန်တော် ထွက်ပြေးလာခဲ့တာပါပဲ"

"ဒါဖြင့် မင်းရဲ့အစ်မကော"

ချင်းသက်မဲ့ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် လိုက်ရှာပြီးပြီ၊ မတွေ့ရတော့ဘူး"

အိဝမ့်က ...

"မျက်မမြင် မိန်းကလေးတစ်ယောက်ကို အသက်ရှင်သန်ဖို့ ဘယ်လွယ်ပါ့မလဲ"

ချင်းသက်မဲ့ အံကြိတ်ထားလိုက်လေသည်။ အိဝမ့်က ...

"ကောင်းပြီလေ၊ မင်း သဘောတူမယ်ဆိုရင် မင်းကို ငါ့ရဲ့ တပည့်အဖြစ် လက်ခံမယ်၊ ငါတတ်တဲ့ပညာတွေ သင်ပေးမယ်၊ ဘယ့်နှယ်လဲ"

ချင်းသက်မဲ့က ...

"ဦးက ဘယ်လိုပညာမျိုး သင်ပေးနိုင်မှာမို့လဲ"

အိဝမ့် ပြုံးလိုက်သည်။

"မင်း ဒုက္ခရောက်အောင် လုပ်သွားတဲ့ လူတွေကို ပြန်ပြီး



ဆုံးမနိုင်မယ့် ပညာမျိုး သင်ပေးမှာပေါ့"

ချင်းသက်မဲ့ သဘောကျသွားလေသည်။

"ကျွန်တော် ဦးဆီမှာ တပည့်ခံမယ်"

ဟု ချက်ချင်းပြောလိုက်လေသည်။

✸

အိဝမ့်သည် သူနှင့်အတူ ချင်းသက်မဲ့ကို ခေါ်သွားလေသည်။ သူ၏ ရုပ်ဖျက်ပညာ အဆိပ်ပညာများနှင့် သိုင်းပညာများကို သင်ပေးသည်။

ချင်းသက်မဲ့က ကြိုးစားသင်ယူသည်။ အိဝမ့်မှာ အဖြူရောင်သိုင်းသမားများကို ရှောင်တိမ်းနေရသဖြင့် တစ်နေရာထဲ၌ ကြာကြာမနေနိုင်ဘဲ မကြာခဏ နေရာမှ ရွှေ့ပြောင်းနေရသဖြင့် ချင်းသက်မဲ့အား သိုင်းပညာ ဖိဖိစီးစီး သင်ကြားပေးနိုင်ခြင်း မရှိပေ။

ထို့ကြောင့် အချိန်ရတိုင်း ရုပ်ဖျက်ပညာနှင့် အဆိပ်ပညာကို ဖိ၍ သင်ကြားပေးခဲ့လေသည်။ သို့ဖြင့် တစ်နေ့တွင် မလှမ်းမကမ်း တစ်နေရာတွင် စည်ကားသိုက်မြိုက်သော မြို့ကလေးတစ်မြို့ ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းသက်မှဲသည် တောင်ကုန်းလေးပေါ်၌ ထိုင်ကာ မြို့ကလေးဆီသို့ ငေးမောကြည့်နေလေသည်။ အိဝမ့်သည် သူ့အား တောင်ကုန်းလေးပေါ်၌ စောင့်နေရန်မှာကြားပြီး မြို့ကလေးဆီသို့ ထွက်သွားသည် မဟုတ်ပါလား။

အကယ်၍ သူ့၏ရန်သူများ ရှိနေပါက ချင်းသက်မှဲပါလျှင် နှောင့်တိမ်းဖို့ ခက်ခဲခြင်းကြောင့် ထားရစ်ခဲ့ခြင်း ဖြစ်လေသည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

အိဝမ့်ပြန်ရောက်မလာသေးပါ။ ချင်းသက်မှဲ ပျင်းရိလာလေသည်။ သူက သစ်ပင်တစ်ပင်ကို ကျောမှီကာ ငိုက်မျဉ်းရန် ဟန်ပြင်လိုက်၏။ ထိုစဉ်မှာပင် ...

"ချင်းသက်မှဲ"

ခေါ်သံနှင့်အတူ ဒရောသောပါး ပြေးလာနေသည့် အိဝမ့်ကို တွေ့လိုက်ရလေသည်။ အိဝမ့်တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေသည်။

ဒဏ်ရာပြင်းထန်စွာ ရထားသည်ဖြစ်ရကား ချင်းသက်မှဲနှင့် မလှမ်းကမ်းသို့ရောက်လျှင် မြေပေါ် ဝုန်းခနဲ လဲကျသွားလေသည်။

"ဆရာ"

ချင်းသက်မှဲ အထိတ်တလန့်ခေါ်ကာ ပြေး၍ ဖေးမလိုက်လေသည်။ အိဝမ့်က ...



"ချင်းသက်မှဲ ငါ အခိုက်မိသွားပြီ၊ ရန်သူတွေ ငါ့နောက်လိုက်လာနေကြတယ်၊ မင်း ပြေးပေတော့"

ဟု အားယူကာ ပြောရှာသည်။ ချင်းသက်မှဲ ထွက်မပြေးပါ။

"ဆရာ ဆရာ့ကို သမားတော်ဆီကို ရောက်အောင်ပို့ပေးမယ်"

အိဝမ့်က ...

"ဘယ်သမားတော်က ငါ့ကို ကုသပေးမှာလဲ"

ချင်းသက်မှဲ ငိုင်ကျသွားလေသည်။ အိဝမ့်က ...

"ငါ့တစ်သက်မှာ ဘယ်သူ့ကိုမှ သံယောဇဉ်မထားခဲ့ဘူး၊ မင်းနဲ့ကျမှ သားတစ်ယောက်လို သံယောဇဉ်ဖြစ်မိတယ်၊ ဒါပေမဲ့ မင်းကို ငါ စောင့်ရှောက်နိုင်မှာမဟုတ်တော့ဘူး၊ ပြေးပေတော့"

ထိုစဉ် ...

"မင်း ဘယ်ပြေးမလဲ"

အော်ငေါက်သံနှင့်အတူ လူနှစ်ယောက် ပြေးလွှားရောက်ရှိလာကြလေသည်။ ထိုလူနှစ်ယောက်မှာ ရှောင်အင်းနှင့် ရှောင်ချင်းတို့ မောင်နှမနှစ်ယောက် ဖြစ်လေသည်။ သူတို့သည် အိဝမ့်၏ အခြေအနေကို မြင်သည်နှင့် တိုက်ခိုက်စရာမလိုတော့မှန်း သဘောပေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိဝမ့်သည် ချင်းသက်မှဲအား ပြေးဖို့ တတွတ်တွတ်ပြောရင်း ခေါင်းငိုက်စိုက်ချကာ သေဆုံးသွားလေသည်။

✵

ရှောင်အင်းနှ်င့်ရှောင်ချင်းတို့ မြေပေါ်တွင် လဲကျနေကြဆဲ။ သူဟို့၏ အသက်ရှူသံကိုပါ ပို၍ ပြင်းထန်လာသည်။ အခြေအနေက တစ်စထက်တစ်စ ဆိုးဝါးလာနေပြီ ဖြစ်ကြောင်း ထင်ရှားလေသည်။ ချင်းသက်မှဲက ...

"ကျုပ်ဆရာဟာ ကျုပ်ရဲ့ မွေးစားအဖေလို့ ပြောရင် ရပါတယ်ဗျာ၊ သူဟာ ခင်ဗျားတို့နှစ်ယောက်ရဲ့ လက်ချက်ကြောင့် သေဆုံးသွားခဲ့ရတယ်၊ ခင်ဗျားတို့ကို မဆုံးမရဘဲ ကျုပ် ဘယ်တော့မှ ကျေနပ်နိုင်မှာ မဟုတ်ပါဘူး"

ဟု ပြောလိုက်သည်။ ရှောင်အင်းနှင့်ရှောင်ချင်းတို့က ချင်းသက်မှဲအား မျက်တောင်မခတ် ကြည့်နေကြသည်။ သူတို့၏အကြည့်သည် အိဝမ့်သေဆုံးသွားစဉ်က သူတို့အပေါ် မိမိကြည့်ခဲ့သောအကြည့်နှင့် တူနေသည်ဟု ချင်းသက်မှဲ ခံစားလိုက်ရလေသည်။

သက်ပြင်းတစ်ချက် ချလိုက်ပြီး ...



"ခင်ဗျားတို့က ကျုပ်ကို အခွင့်အရေးပေးခဲ့ပေမယ့် ကျုပ်ကတော့ ခင်ဗျားတို့ကို အခွင့်အရေးပေးမှာ မဟုတ်ပါဘူး"

ဟု ပြောကာ ရှေ့သို့တိုးသွားလိုက်သည်။ ရှောင်အင်းနှင့်ရှောင်ချင်းတို့သည် အိဝမ့်နှင့် ချင်းသက်မှဲတို့ ပတ်သက်နေကြမှန်း သိသော်လည်း ချင်းသက်မှဲနှင့် မဆိုင်ဟု သဘောထားကာ အိဝမ့်သေဆုံးသွားလျှင် လျစ်လျူရှုကာ ထွက်သွားခဲ့ကြလေသည်။

ထို့ကြောင့်လည်း ချင်းသက်မှဲ အသက်ရှင်နေခြင်း ဖြစ်လေသည်။ သူ အသက်ရှင်နေခြင်းက ရှောင်အင်းတို့ မောင်နှမ ကံဆိုးဖို့အကြောင်းဖန်လာတော့သည်။ ချင်းသက်မှဲ၏ လက်ဝါးနှစ်ဖက် မြောက်တက်သွား၏။

'ဖုတ် ဖုတ်'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်။ ရှောင်အင်းနှင့်ရှောင်ချင်းတို့ မောင်နှမ လောကကြီးကို မျက်ကွယ်ပြုသွားကြလေတော့သည်။

✵✵✵

www.burmeseclassic.com

www.burmeseclassic.com



## မြှုပ်ကွက်

မိုးလင်းတော့မည် ဖြစ်သည်။ အရှေ့ဘက်တွင် အရုဏ်ဦး၏ ရောင်နီများ ထွက်ပေါ်လာ၏။ ကျေးငှက်ကလေးများသည်သာ သဘာဝတေးကို သီကြွေးကာ နံနက်ခင်းကို ကြိုဆိုနေကြ၏။

ထိုအချိန်ဝယ် ဂျပ်ကလက်ပိုင်ရှင် ကိုသန်းနှင့် မြေးဖြစ်သူ ကိုချင်းတို့သည် ငှက်မျောချောင်းနံဘေးသို့ ရောက်ရှိလာကြလေသည်။

ကိုချင်းသည် သာယာလှပနေသော ပတ်ဝန်းကျင်ကို ငေးမောကြည့်ရှုရင်း ...

"ဒီလို သာယာလှပတဲ့နေရာမျိုးမှာ အရုပ်ဆိုးအကျည်းတန်အောင် လုပ်ချင်နေကြတဲ့သူတွေ ရှိနေတာ အံ့သြစရာပါပဲ"

ဟု ညည်းတွားလိုက်လေသည်။ ကိုသန်း ပြုံးလိုက်သည်။ သို့သော် ...

"ငါ့မြေး အန္တရာယ်ရှိတဲ့နယ်မြေကို ရောက်လာပြီ၊ ဒါကြောင့် သတိလက်မလွှတ်စေနဲ့"



ဟု သတိပေးထားလိုက်လေသည်။

"စိတ်ချပါ ဘိုးဘိုးရယ်"

မြေးအဘိုးနှစ်ယောက် ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ရင်း တောအုပ်ထဲမှ ဖြတ်သန်းလာခဲ့ကြရာ မကြာပါချေ။ သတင်းဆိုးခြင်း ကျော်ကြားနေသော ထူးဆန်းသည့် အိမ်ကြီးကို ဘွားခနဲ တွေ့လိုက်ကြလေသည်။

ကိုသန်းက ခြေလှမ်းရပ်လိုက်သည်။ ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် အကဲခတ်ပြီးမှ ...

"ငါ့မြေး ဒီနေရာမှ စောင့်နေပါ၊ ဘိုးဘိုးအိမ်ထဲဝင်ပြီး အခြေအနေကြည့်မယ်"

ကိုချင်းအား မှာကြားလိုက်လေသည်။ ကိုချင်းသည် အတူလိုက်သွားလိုသော်လည်း ကိုသန်းအတွက် အနှောင့်အယှက် ဖြစ်နိုင်သည်ကို ရိပ်မိသည်။

"ကောင်းပါပြီ ဘိုးဘိုး"

နေခဲ့ရန် သဘောတူလိုက်လေသည်။ ကိုသန်းက ...

"တစ်စုံတစ်ခု ထူးခြားမှုတွေ့ရင် လှမ်းခေါ်လိုက်၊ ဘိုးဘိုး ချက်ချင်း ပြန်ထွက်လာခဲ့မယ် ဟုတ်ပြီလား"

"ကောင်းပါပြီ ဘိုးဘိုး"

ကိုသန်းက ထူးခြားသော အိမ်ကြီးဆီသို့ ဦးတည်ကာ လှမ်း

www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်လေသည်။ ကိုချင်းသည် သစ်ပင်တစ်ပင်နောက်ကွယ်မှ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

✵

အိမ်ကြီးအတွင်း၌ တိတ်ဆိတ်နေ၏။ ကိုသန်းက အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် အစီအရီရှိနေသော ခေါင်းခုနစ်လုံးအား တွေ့မြင်လိုက်ရလေသည်။

ကိုသန်း သက်ပြင်းချလိုက်သည်။ သတိကြီးစွာထားရင်း အခေါင်းများအနီးသို့ ချဉ်းကပ်သွားကာ စစ်ဆေးကြည့်ရှုလိုက်လေသည်။

အခေါင်းတိုင်း အခေါင်းတိုင်း အဖုံးဖွင့်ထားသော်လည်း ကိုသန်းဟု အမည်တပ်ထားသော အခေါင်းအား အဖုံးပိတ်ထားလျက် ရှိနေ၏။ အဖုံးဖွင့်ထားသော အခေါင်းများအတွင်း အလောင်းတစ်လောင်းစီ ရှိနေ၏။

"ရွှေစားချန်ခွန်း"၊ "မိုးကြိုးလက်ဝါးကွမ်းကြိုလု"၊ "ဖျိုင်းဖြူကျောက်ဖုံး"၊ "ခြသေ့်ကြီးထိချူး"၊ "ရေမိုးမောင်နှမ"။

ကိုသန်း သက်ပြင်းချလိုက်သည်။ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော သိုင်းသမားကြီး ခြောက်ယောက်မှာ ရန်သူလက်ချက်မိကာ သေဆုံးသွားခဲ့ကြပြီ ဖြစ်လေသည်။



သို့သော် လုပ်ကြံသူ မည်သူမည်ဝါဖြစ်ကြောင်း မသိရသေးပါ။ ထိုလူသည် အလွန်ကြောက်စရာကောင်းသူဖြစ်ကြောင်း ထင်ရှားနေ၏။

ကိုသန်းက သူ၏အမည်ကပ်ထားသော အခေါင်းအနီးသို့ ချဉ်းကပ်သွားလိုက်ပြီး အခေါင်းကို စစ်ဆေးကြည့်လိုက်သည်။

"အင်း ... အခေါင်းကတော့ အကောင်းစား အသစ်စက်စက်ပဲ၊ အခေါင်းတော့ရှိပြီး ကျုပ်လည်းရောက်လာပြီ၊ ကျုပ်ကို အခေါင်းထဲ ထည့်ဖို့ ဘာကြောင့်မကြိုးစားသေးတာလဲ"

ဟု ပြောလိုက်လေသည်။ သူ၏အသံ ကြည်လင်ပြတ်သားစွာ ထွက်ပေါ်လာသည်။ သို့သော် တုံ့ပြန်သံ ထွက်ပေါ်လာခြင်း မရှိချေ။ ကိုသန်းက ...

"ဒီအခေါင်းဟာ ကျုပ်အတွက် မဟုတ်ဘူးဆိုရင်တော့ မင်းအတွက်ပဲ ဖြစ်သွားလိမ့်မယ်"

မမြင်ရသော ရန်သူကို 'မှန်းဆကာ ပြောလိုက်သည်။ ထို့နောက် အခေါင်းပေါ်တွင် ကပ်ထားသော အမည်စာရွက်ကို ခွာချလိုက်လေသည်။ အိမ်ထဲ၌ တိတ်ဆိတ်ငြိမ်သက်နေပြီး ကိုသန်း၏ ထွပ်ရှားသံသာလျှင် ထွက်ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ၏ အရိပ်အယောင် မတွေ့ရပေ။ ကျိုသန်းသည် စာရွက်ကို လွှင့်ပစ်လိုက်ပြီး အခေါင်းကို ကြည့်လိုက်ပြန်သည်။

"အခေါင်းက လူထည့်ဖို့ဆိုတော့ အဖုံးပိတ်ထားလို့ ဘယ်ဖြစ်ပါ့မလဲလေ"

ဟု ပြောကာ အခေ  းအဖုံးကို ဖယ်ရှားလိုက်၏။ ဤတွင် မမျှော်လင့်သော အဖြစ်အပ  က်ခု ဖြစ်ပေါ်လာလေတော့သည်။

✸

အခေါင်းအဖုံး ပွင့်သွ  ပြီဖြစ်သည်။ အခေါင်းအတွင်း၌ လူတစ်ယောက်ရှိနေ၏။ ထိုလူမှာ ကျိုသန်းဖြစ်သည်။ ကျိုသန်းသည် မိမိနှင့် ချွတ်စွပ်တူသော လူတ ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရခြင်းကြောင့် ကြောင်အ  အမ်း ဖြစ်သွား၏။

ထိုတဒင်္ဂအချိန်တွင်းမှာ ာင် အခေါင်းထဲမှ ကျိုသန်းသည် လှုပ်ရှားလာပြီး ...

"ဖူး"

ပါးစပ်ထဲမှ အခိုးအငွေ့များဖြင့် ကျိုသန်းအစစ်၏ မျက်နှာကို မှုတ်လိုက်လေသည်။



တစ်ခဏလေး သတိလစ်သွားသည်နှင့် မိမိခံလိုက်ရပြီဖြစ်ကြောင်း ကျိုသန်း သဘောပေါက်လိုက်လေသည်။

ကပျာကယာ နောက်ဆုတ် ရှောင်တိမ်းလိုက်သော်လည်း နောက်ကျနေပြီဖြစ်သည်။ မျက်နှာဆီသို့တိုးဝင်လာသော အခိုးအငွေ့အချို့ကို ရှူရှိုက်မိလိုက်သည်နှင့် ...

'ဝုန်း'

ကျိုသန်းအစစ်မှာ ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ်လဲကျသွားလေတော့သည်။

✸

ကျိုသန်းအစစ်က ကြမ်းပြင်ပေါ်၌ လဲကျနေ၏။ ကျိုသန်းအတုက ပြုံးလိုက်သည်။

"နောက်ဆုံးတော့လည်း ခင်ဗျားရောက်လာခဲ့တာပဲ မဟုတ် လား၊ ခင်ဗျားသာ ရောက်မလာဘူးဆိုရင်လည်း ကျုပ်က ခင်ဗျားဆီ ကို လိုက်လာမှာပါပဲဗျာ"

ကျိုသန်းအစစ်က ...

"မင်း မင်း ဘယ်သူလဲ"

အားယူ၍ မေးရင်း လူးလိမ့်ထရန် ကြိုးစားလိုက်၏။ သို့

www.burmeseclassic.com

www.burmeseclassic.com



သော် အလွန်ပြင်းထန်သော အဆိပ်ကို ရှူရှိုက်မိလိုက်သဖြင့် ခန္ဓာကိုယ်ထဲ၌ ချက်ချင်း ပျံ့နှံ့သွားပြီး အဆိပ်တန်ခိုးပြလာကာ မလှုပ်မရှားနိုင်အောင် ဖြစ်သွား၏။

မျက်လုံးများ ပြာဝေလာသလို ဦးခေါင်းထဲမှ မူးနောက်ရီဝေလာသည်။ ရန်သူကို လုံးဝမယုံနိုင်တော့မှန်း သဘောပေါက်လိုက်မိသည်၊ ကိုသန်းအတုက ...

"ကျုပ်က ချင်းသက်မဲ့ပါ"

ကိုသန်းအစစ်က ...

"မင်းကို ကျုပ် မသိရပါလား"

ကိုသန်းအတု (ဝါ) ချင်းသက်မဲ့က ...

"ဘာလဲ ... ကျုပ်ကိုမသိဘူး၊ ကျုပ်တို့ ရန်ငြိုးမရှိဘူး၊ ဘာကြောင့် ဒုက္ခပေးချင်ရသလဲလို့ ပြောမလို့မဟုတ်လား၊ ခင်ဗျားက ကျုပ်ကို မေ့သွားပေမယ့် ကျုပ်ကတော့ ခင်ဗျားကို ဘယ်တော့မှ မမေ့နိုင်ပါဘူးဗျာ၊ ခင်ဗျားသိအောင် ပြောရရင်တော့ ကျုပ်ဟာ သူခိုးလေး တစ်ယောက်ပေါ့၊ ခင်ဗျားက ကျုပ်ကိုဖမ်းပြီး မြို့တော်ဝန်ရဲ့ လက်ထဲ အပ်လိုက်လို့ ကျုပ် အကျဉ်းချခံခဲ့ရတယ်၊ ဒုက္ခရောက်နေတဲ့ ကျုပ်ရဲ့အစ်မနဲ့ ကွဲခဲ့ရတယ်၊ ဒီအတွက် ခင်ဗျားရဲ့အသက်ကို လျော်ကြေးပေးရလိမ့်မယ်"

"မင်း မင်း"



ကိုသန်း၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်လာပြီး တစ်စုံတစ်ခုပြောရန် အားယူလိုက်သော်လည်း ဘာမှမပြောနိုင်ဘဲ ဖြစ်နေ၏။ ချင်းသက်မဲ့က ...

"ဒီလောကကြီးပေါ်မှာ ကျုပ် သုတ်သင်ပစ်ရမယ့်လူတွေရဲ့ စာရင်းမှာ ခင်ဗျားဟာ နောက်ဆုံးပါပဲ၊ ကျုပ်ရွေးထားတဲ့ အခေါင်းကို ခင်ဗျား ကြိုက်တယ်မဟုတ်လား၊ အခေါင်းထဲကို ညင်ညင်သာသာလေးရောက်သွားဖို့ ကျုပ် ကူညီပါရစေ"

ပြောရင်း ရှေ့တိုးလာ၏။ ထိုစဉ် ...

"ဘိုးဘိုး"

အပြင်ဘက်မှ ခေါ်သံသဲ့သဲ့ ထွက်ပေါ်လာ၏။ ကျောက်လှေကားထစ်များအတိုင်း တက်လာသောခြေသံများကိုလည်း ကြားလိုက်ရ၏။

ချင်းသက်မဲ့ မျက်နှာကွက်ခနဲ ပျက်သွားပြီး အခန်းထောင့်သို့ လျှပ်တစ်ပြက်ခုန်ဝင်ကာ ပုန်းအောင်းနေလိုက်၏။

ချင်းသက်မဲ့ ပျောက်ကွယ်သွားပြီး မကြာမီ မိန်းကလေးတစ်ယောက်က အိမ်ထဲသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ကျိုချင်း ...။

ကျိုချင်းသည် အိမ်ထဲသို့ရောက်လာလျှင် အစီအရီရှိနေသော အခေါင်းများကိုလည်းကောင်း၊ ကြမ်းပြင်ပေါ်တွင် လဲကျနေသော ကျိုသန်းကိုလည်းကောင်း တွေ့မြင်သွားပြီး အထိတ်တလန့်ဖြစ်သွားလေသည်။

"ဘိုးဘိုး"

သူမသည် ကျိုသန်းအား ပြေး၍ ပွေ့ထူဖေးမလိုက်လေသည်။ ကျိုသန်းမှာ အဆိပ်တက်ကာ သတိလစ်မေ့မြောနေပြီ ဖြစ်လေသည်။

"ဘိုးဘိုး ဘိုးဘိုး"

ကျိုချင်း စိုးရိမ်တကြီးခေါ်လိုက်၏။ ကျိုသန်း ရန်သူလက်ချက်ထိကာ ဒုက္ခရောက်သွားပြီဖြစ်ကြောင်း သိလိုက်ရလျှင် ...

"ဖြစ်ရလေ ဘိုးဘိုးရယ်"

ဝမ်းနည်းစွာ ရေရွတ်ရင်း မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေတော့သည်။ ထိုစဉ် ...

"မင်း အဆိပ်မိနေပြီ"

အေးတိအေးစက် စကားသံတစ်ချက် ထွက်ပေါ်လာသည်



ကို ကြားလိုက်ရလေသည်။

✱

ချင်းသက်မှဲ ...။

ချင်းသက်မှဲသည် ခြေသံကြားသဖြင့် အခန်းထောင့် တစ်နေရာသို့ လှစ်ခနဲ ခုန်ဝင်ကာ ပုန်းကွယ်လိုက်ပြီး ချောင်းမြောင်းကြည့်လိုက်လေသည်။

ထိုအခါ ကျိုချင်းဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရ၏။ အမှန်ဆိုလျှင် ကျိုချင်းကိုပါ သုတ်သင်ရှင်းလင်းပစ်ရမည်ဖြစ်သည်။ သို့သော် ချင်းသက်မှဲသည် ကျိုချင်းအား တွေ့မြင်လိုက်ရသည်နှင့် ရင်ထဲ ဖော်မပြနိုင်အောင် ခံစားချက်များ ဖြစ်ပေါ်လာ၏။

သူမအား သတ်ပစ်ဖို့ မဆိုထားနှင့် ကျိုသန်းအား ထိတွေ့ကိုင်တွယ်ခြင်းကြောင့် သူမပါ အဆိပ်မိသွားပြီဖြစ်ရာ သူမကို ကယ်တင်ရန်ပင် စိတ်ကူးပေါ်လာလေသည်။

ချင်းသက်မှဲသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ပုန်းကွယ်ရာမှ ခုန်ထွက်ကာ ကျိုချင်းအား လှမ်းပြောလိုက်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုချင်းသည် အမှတ်မထင် လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် အံ့သြသွား၏။ ထိုလူသည် ကျိုသန်းအသွင် ရုပ်ဖျက်ထားသည်ကို တွေ့ရလျှင် ပို၍ အံ့သြသွားလေသည်။

"ရှင် ရှင် ဘယ်သူလဲ"

ဟု မေးလိုက်သည်။ ချင်းသက်မွဲက ...

"ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ သူ့ကို တိုက်ခိုက်နိုင်ဖို့ ကျုပ်က အပြင်းထန်ဆုံး အဆိပ်ကို အသုံးပြုထားတာ၊ မင်းက သူ့ကို ကိုင်တွယ်ထိတွေ့လိုက်တော့ မင်းပါ အဆိပ်မိနေပြီ၊ ကျုပ်က မဆိုင်တဲ့လူကို မသတ်ချင်ဘူး၊ ရော့ အဆိပ်ဖြေဆေး"

ပြောပြော်ဆိုဆို ရွှေရောင်ဆေးလုံးလေးတစ်လုံးအား ပစ်ပေးလိုက်လေသည်။

ချင်းသက်မွဲသည် ကျိုသန်းအသွင်ဆောင်ကာ ကျိုသန်းအစစ်အား လုပ်ကြံခဲ့ခြင်းဖြစ်ကြောင်း ကျိုချင်းရိပ်မိသွားသဖြင့် ဒေါသထွက်သွားလေသည်။

"ရှင်ဟာ လူယုတ်မာပဲ"

အော်ငေါက်ရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ ချင်းသက်မွဲက ...

"ကျုပ်က မင်းကို သတ်ပစ်ချင်စိတ်မရှိတာ မင်းကံကောင်းသွားတယ်"



စကားဆုံးလျှင် အိမ်အပြင်ဘက်သို့ ခုန်ထွက်သွားလေသည်။

✵

ချင်းသက်မွဲသည် စိတ်ထဲတွင် တေးမှတ်ထားခဲ့သော မဟာရန်သူတော်ကြီးခုနစ်ယောက်အား သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီ ဖြစ်၍ ဝမ်းသာနေ၏။

အိမ်အပြင်ဘက်သို့ရောက်လျှင် ခြေလှမ်းရပ်ကာ လှည့်ကြည့်လိုက်၏။

"အခေါင်းခုနစ်လုံး၊ လူခုနစ်ယောက်"

သူ၏လုပ်ငန်း ပြီးဆုံးသွားပြီဖြစ်သည်။ ဤနေရာကို စွန့်ခွာပြီး ထွက်သွားတော့မည် ဖြစ်လေသည်။ ရန်သူများကို ရှင်းလင်းနိုင်ခဲ့ပြီဖြစ်သော်လည်း ပျောက်ဆုံးသွားသော သူ၏အစ်မဖြစ်သူကို မတွေ့ရသေးပါ။

သူ၏အစ်မ ချင်းချင်းသည် မည်သည့်နေရာ ရောက်ရှိနေပါသနည်း။ ချင်းသက်မွဲ တွေခနဲ ဖြစ်သွားသည်။ မည်သို့ဆိုစေ မိုးအဆုံး မြေအဆုံး သူက လိုက်ရှာမည်သာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းသက်မွှဲသည် အတွေးစကို ဖြတ်တောက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်"

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာ၏။ ချင်းသက်မွှဲ ရင်ထိတ်သွားပြီး ချာခနဲ လှည့်ကြည့်လိုက်၏။ ထိုအခါ ကျိုသန်းက သူ့ထံသို့ တစ်ဟုန်ထိုး ခုန်ဝင်ကာ တိုက်ခိုက်လာသည်ကို တွေ့လိုက်ရ၏။

မမျှော်လင့်သောအဖြစ်ကြောင့် ချင်းသက်မွှဲ မယုံနိုင်အောင် ဖြစ်သွား၏။ ကျိုသန်းသည် မုချမသွေ သေဆုံးသွားရမည်ဟု သူယုံကြည်ထားသည်။

ခုတော့ သေဆုံးသွားခြင်းမရှိသည့်အပြင် သူ့အား တရကြမ်းတိုက်ခိုက်လာ၏။

အဘယ်ကြောင့်ပါနည်း။

ကျိုချင်းသည် သူမ အတွက်ပေးသော အဆိပ်ဖြေဆေးကို မသောက်ဘဲ ကျိုသန်းအား တိုက်ကျွေးလိုက်ခြင်း ဖြစ်သည်ဟု သဘောပေါက်လာလျှင် ချက်ချင်း ရှောင်တိမ်းရန် ကြိုးစားလိုက်၏။

သို့သော် သူနောက်ကျနေပြီ ဖြစ်ပါသည်။

ကျိုသန်း၏ ပြင်းထန်သောလက်ဝါးရိုက်ချက် ထိုးဝင်လာလေလျှင် ...

'ဝုန်း'



"အား"

ရူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာကာ ချင်းသက်မွှဲ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

✸

ကျိုသန်းက ထပ်မံတိုက်ခိုက်ခြင်း မပြုပါချေ။ သူ၏လက်ဝါးရိုက်ချက်ကို ယုံကြည်စိတ်ချထားသည် မဟုတ်ပါလား။

"ဝေါ့"

ချင်းသက်မွှဲသည် သွေးများအန်ထုတ်ကာ မြေပေါ်မှ လူးလိမ့်ထလိုက်လေသည်။

သူသည် ကိုယ့်ကိုယ်ကိုယ်ပင် စိတ်မပူနိုင်သေးဘဲ ကျိုသန်း၏အနောက်ဘက်၌ ရပ်နေသော ကျိုချင်းထံသို့ ရွှေရောင်ဆေးလုံးလေးတစ်လုံး ပစ်ပေးလိုက်လေသည်။

"အဆိပ်ဖြေဆေး မြန်မြန်သောက်လိုက်"

ဟုလည်း အော်ပြောလိုက်သည်။ ထိုရွှေရောင်ဆေးလုံးလေး၏ အစွမ်းကြောင့် ကျိုသန်း လူကောင်းပြန်ဖြစ်လာသည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ရာ ကျိုချင်း ကောက်ယူလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းသက်မဲ့လည်း ကျေနပ်သွားလေသည်။ ထိုအဖြစ်အပျက်ကို မြင်လျှင် ကိုသန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။ ကိုချင်းကို ကြည့်ကာ ...

"ငါမြေးတိုက်ခဲ့တဲ့ အဆိပ်ဖြေဆေးက"

"သူပေးတာပါ ဘိုးဘိုး"

"သူက ဘာကြောင့် အဆိပ်ဖြေဆေးပေးရတာလဲ"

"ဒါတော့ ကျွန်မလည်း မသိဘူး"

ကိုသန်းက ချင်းသက်မဲ့ကို လှမ်းကြည့်လိုက်၏။ ထိုစဉ် ...

'ဝုန်း'

ချင်းသက်မဲ့သည် မြေပေါ်သို့ ပြန်လည်လဲကျသွားလေသည်။

✵

ချင်းသက်မဲ့သည် မြေပေါ်၌ လဲကျနေပြီး လူးလွန့်နေ၏။ မိမိ၏ လက်ဝါးရိုက်ချက်ကြောင့် ချင်းသက်မဲ့သည် အသက်ရှင်နိုင်တော့မည် မဟုတ်ကြောင်း ကိုသန်း ရိပ်မိလေသည်။

ချင်းသက်မဲ့အနီးသို့ လှမ်းသွားလိုက်သောအခါ ...



"ဖေဖေနဲ့မေမေရယ်၊ ကျွန်တော် လိုက်လာခဲ့ပါတော့မယ်၊ မမကို မစောင့်ရှောက်နိုင်ခဲ့လို့ ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ"

ချင်းသက်မဲ့ အသုံးပြုခဲ့သော အဆိပ်သည် တုံယင်ပရဆေးဆိုင်မှ ဖောက်ထွင်းခိုးယူသွားသော ပရဆေးများဖြင့် ဖော်စပ်ထားခြင်း ဖြစ်ကြောင်း ကိုသန်းနားလည်လိုက်သည်။

သူနားမလည်နိုင်သည်မှာ ကိုချင်းအတွက် အဆိပ်ဖြေဆေး အဘယ်ကြောင့်ပေးရသည်ဆိုခြင်းပင်။

ကိုသန်း ကြည့်နေစဉ်မှာပင် ချင်းသက်မဲ့ ငြိမ်ကျသွားလေသည်။

ကိုသန်းက သက်ပြင်းချကာ ချင်းသက်မဲ့၏မျက်နှာပေါ်မှ မျက်နှာဖုံးတုကို ဆွဲချွတ်လိုက်လေသည်။ ချင်းသက်မဲ့၏မျက်နှာကို မြင်ရသည်။

"ဟင်"

ကိုသန်း အထိတ်တလန့် ရေရွတ်မိလိုက်လေသည်။ အကြောင်းမှာ ချင်းသက်မဲ့ရုပ်သွင်ကိုကြည့်ပြီး

တစ်ချိန်က သူခိုးလေးတစ်ယောက်အား သူဖမ်းဆီးကာ မြို့တော်ဝန်ထံ အပ်နှံခဲ့သည့်အဖြစ်ကို သတိရလာခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းသက်မွဲ ပြောပြစဉ်က ရုတ်တရက် မမှတ်မိဘဲ ချင်းသက်မွဲ၏ ရုပ်သွင်ကိုမြင်ရမှ အမှတ်ရလာခြင်း ဖြစ်လေသည်။ ထိုစဉ်က ချင်းသက်မွဲအား သူက ဖမ်းဆီးပြီးမှ ကမ်းဘေး၌ တရှုပ်ရှုပ်ဒိုကြွေးနေသော ချင်းချင်းကို တွေ့ခဲ့ရလေသည်။

ချင်းချင်းကို အကူအညီပေးရင်း ချင်းသက်မွဲနှင့် မောင်နှမဖြစ်ကြောင်း သိလိုက်ရ၏။

ချင်းချင်း၏ ပြောပြချက်အရ သူမ၏မောင်သည် သူမ၏မျက်လုံး ပြန်မြင်လာစေဖို့ ဆေးကုရန် ငွေသွားရှာကြောင်း သိရ၏။

ချင်းသက်မွဲက အဘယ်ကြောင့် ခိုးမှုကျူးလွန်ခဲ့သည်ကို သိလိုက်ရသော်လည်း ဘာမှမတတ်နိုင်တော့ပါ။ ချင်းချင်းကိုသာ ခေါ်သွားပြီး ဆေးကုပေးခဲ့သည်။

ချင်းချင်း မျက်စိပြန်မြင်လာသောအခါ ရဟတ်ရဲတိုက်၌ပင် နေထိုင်စေခဲ့ပြီး မြေးအဖြစ် မွေးစားထားလိုက်သည်။ ချင်းသက်မွဲ ခံရသော ပြစ်ဒဏ် စေ့လောက်သောအချိန်တွင် မြို့တော်ဝန်နှင့် သွားရောက် တွေ့ဆုံသောအခါ ချင်းသက်မွဲက ပြစ်ဒဏ်မစေ့မီ ထွက်ပြေးသွားကြောင်း သိရလေသည်။

သို့ဖြင့် ချင်းသက်မွဲတစ်ယောက် လုံးဝ ပျောက်ဆုံးသွားခဲ့ပြီး ယခုလိုပြန်တွေ့ရသောအခါ ချင်းသက်မွဲက ကျိုချင်း (ဝါ) ချင်းချင်းအတွက် အဆိပ်ဖြေဆေး အဘယ်ကြောင့် ပေးခဲ့ရသည်ဟူသော



အဖြေကို ကျိုသန်း သိရှိလိုက်ပြီဖြစ်ပါသည်။

"သွေးက စကားပြောတာပဲ"

သူ၏ တီးတိုးရေရွတ်သံအဆုံးတွင် ...

"ဘာဘ သူသေသွားပြီလားဟင်"

ကျိုချင်း (ဝါ) ချင်းချင်း၏ အသံ ထွက်ပေါ်လာ၏။ ကျိုသန်းက အနီးသို့ရောက်လာသော ကျိုချင်းကို ကြည့်ကာ ...

"ဟုတ်တယ် ... သူသေသွားပါပြီ"

ကျိုချင်းက ချင်းသက်မွဲအား သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

"သူဟာ ယယ်ယယ်ရွယ်ရွယ်နဲ့ ဘာကြောင့်များ လူဆိုးကြီးလုံးလုံး ဖြစ်နေရတာပါလိမ့်၊ ကျွန်မရဲ့ မောင်လေးအရွယ်လောက်ပဲ ရှိသေးတယ်၊ သနားစရာကောင်းလိုက်တာ"

သူမ၏ ရေရွတ်သံကြားလျှင် ကျိုသန်းရင်ထဲ နင့်သွားလေသည်။ သူတို့နှစ်ယောက် မောင်နှမများ ဖြစ်ကြသည်ကိုသာ ကျိုချင်း သိနိုင်မည်ဆိုပါလျှင်။

ကျိုသန်းကမူ မည်သည့်အခါမှ ဖွင့်ပြောလိမ့်မည် မဟုတ်ချေ။

ချင်းသက်မွဲသည် ခါးသီးသော ဘဝအတွေ့အကြုံကြောင့် သူ၏ဘဝကို အပြောင်းအလဲ ဖြစ်စေခဲ့သူများအပေါ် အမုန်းပွား ရန်

www.burmeseclassic.com

www.burmeseclassic.com



ငြိုးသိုခဲ့သည်။

ထိုအမုန်းတရားသည် မီးကဲ့သို့ သူ၏တစ်ကိုယ်လုံး လောင်မြိုက်ခဲ့သည်။

အမုန်း၏ နိဂုံးကား ….။

ပြီးပါပြီ။

တက္ကသိုလ်ဝင်းကြွယ်

www.burmeseclassic.com